၇ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၁၇) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက် ၊ ကြာသပတေး၊ (ဇူလိုင် ၁၄ ၊ ၂၀၁၁)

ပင်စင်လစာတိုးသော်လည်း ကုန်ဈေးနှုန်း မတက် သတင်း - စာမျက်နှာ ၂

တန် ၁၂၀အောက် ပဲပို့ကုန်လိုင်စင်ရရန် ပိုမိုလွယ်ကူလာ သတင်း - စာမျက်နှာ ၃

ရန်ကုန်မြို့ရှိ ဒေးကလပ်များ ပိတ်ထား သတင်း - စာမျက်နှာ ၃

သမ္မတဦးသိန်းစိန်အစိုးရ၏ ပထမဆုံး ရက်ပေါင်း၁၀၀ အထူးသတင်းပေးပို့ချက်များ





ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

AGDဘဏ်၏ ရန်ကုန်ဘဏ်ခွဲ ဖွင့်ပွဲနေ့တွင် ငွေအပ်နှံနေသော ပြည်သူများနှင့်ဘဏ်ဝန်ထမ်းများ ယူနိုက်တက်အမရာဘဏ်၏ လသာဘဏ်ခွဲဖွင့်ပွဲနေ့တွင် ငွေအပ်နှံနေသည်ကို လက်ခံဝန်ဆောင်မှုပေးနေသော ဘဏ်ဝန်ထမ်းအချို့

# ဘဏ်တိုးကြောင့် ပြည်ပလုပ်ငန်းရှင်အချို့ မြန်မာဘဏ်များတွင် ငွေအပ်နေ

**အားမာန်၊ ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် - ၇**

ဘဏ်တိုးနှုန်းမြင့်မားမှုကြောင့် ပြည်ပနိုင်ငံအချို့မှ လုပ်ငန်းရှင်များ ပြည်တွင်းဘဏ်များ၌ ငွေအပ်နှံထားမှုများရှိနေကြောင်း ပုဂ္ဂလိကဘဏ်အချို့မှ သတင်းရရှိသည်။

မြန်မာ့အိမ်နီးချင်းနိုင်ငံများ၌ ဘဏ်တိုးနှုန်းသည် တစ်နှစ်လျှင် ချေးငွေအပေါ် ၅ ရာခိုင်နှုန်းရှိပြီး၊ အပ်ငွေတွင် ၃ရာခိုင်နှုန်းသာရှိသည်။ ပြည်တွင်းဘဏ်တိုးနှုန်းမှာ တစ်နှစ်လျှင် အပ်ငွေအပေါ် ၁၂ ရာခိုင်နှုန်းပေးသည်။ ပြည်ပနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ၇ ရာခိုင်နှုန်း ပိုများနေကြောင်း ဘဏ်လုပ်ငန်းကျွမ်းကျင်သူတစ်ဦးကဆိုသည်။

စာ(၁၂)သို့

## ပုဂ္ဂလိကဘဏ်များ ဈေးဝယ်ကတ် အသုံးပြုတော့မည်



**ပြည်ပနိုင်ငံတစ်နိုင်ငံတွင် အကြွေးဝယ်ကတ် အသုံးပြုနေစဉ်**

**အောင်သူရ၊ ပြည်သိမ်း**

**ရန်ကုန်၊ ဇူလိုင် - ၇**

ပြည်တွင်းပုဂ္ဂလိကဘဏ်များအား ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည့် (Debit Card )ကိုယ့်ငွေကိုယ်ပေးချေရသည့်ကတ်စနစ်ကို မကြာခင် ဝန်ဆောင်မှုပေးခွင့်ရတော့မည်ဖြစ်ကြောင်း မြန်မာ့ရှေ့ဆောင်ဘဏ်ဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြောကြားသည်။

ထိုစနစ်ကို ဆောင်ရွက်ရာ၌ ပြည်တွင်းရှိနိုင်ငံသားပိုင်ပုဂ္ဂလိကဘဏ်အားလုံးကို ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်းကိုလည်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

“ပြည်တွင်းပုဂ္ဂလိကဘဏ်တွေက လက်ရှိမှာ ဝန်ဆောင်မှုလုပ်ငန်းက အရမ်းနည်းတယ်။

စာ(၁၂)သို့

လူမှုရေး လူကုန်ကူးမှု

## တိုင်းရင်းဆေးဆရာမ ဆေးကုရင်း တ ုတ်သို့ရောင်းစားခံရ

**အိဖြူလွင်**

**ရန်ကုန်၊**

**ဇူလိုင် - ၉**

ဆေးကုပေးရန် လိုက်သွားရာမှ လူနာရှင်က ဆေးကုပေးသူအား ဆေးတိုက်၍ တရုတ်ငွေဖြင့် ရောင်းစားခဲ့သည့်ဖြစ်မှုတစ်ခုကို ကာယကံရှင်တရားလို၏ပူးပေါင်းဆောင်ရွက်ချက်ဖြင့် ဖော်ထုတ်နိုင်ခဲ့သည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

အမှုဖြစ်ပွားပုံမှာ ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်နေ တိုင်းရင်းဆေးကုဆရာ မ. . . သည် ယခုနှစ်ဖေဖော်ဝါရီလ ၁၄ ရက်က တရုတ်နိုင်ငံ၊ ရွှေလီမြို့ရှိ ရှမ်းမိသားစုတစ်စုနေအိမ်၌ ကလေးငယ်အား ဆေးကုပေးပြီး လိုင်ချီးသီးဖျော်ရည်သောက်ရာမှ မူးဝေသွားခဲ့သည်။ ထိုသို့ သူမမူးဝေစဉ်အဆိုပါ လူနာနေအိမ်မှ ရှမ်းလင်မယားက တရုတ်နိုင်ငံ ပေါင်းစမ်းမြို့၊ တောက်ကိုင်ရွာနေ လောက်စန်းဆိုသူထံ တရုတ်ယွမ်ငွေ ၁,၃၆၀၀ ဖြင့် ရောင်းစားခံခဲ့ရသည်ဟု သိရသည်။

မ. . . . . သည် ၃ ရက်ခန့်ကြာမှ သတိကောင်းစွာ ပြန်လည်ရရှိခဲ့ပြီး မိမိအား လောက်စန်းဆိုသူက သားမယားအဖြစ် ပေါင်းသင်းရန် ဝယ်ယူလာကြောင်းသိရှိခဲ့ရသည်ဟုဆိုသည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

## ရာသီဥတုကြောင့် ဖျားနာသူများနေ

**ဝတ်ရည်**

**ရန်ကုန်၊ ဇူလိုင်-၅**

ရာသီဥတု အပြောင်းအလဲများကြောင့် ယခုရက်ပိုင်းတွင် ဖျားနာသူ များလာကြောင်း အထွေထွေရောဂါကုဆရာဝန်များက ပြောသည်။

"အရင်ကဆိုရင် ရာသီအပြောင်းအလဲတွေဖြစ်တဲ့ ဆောင်းဝင်ခါစတို့၊ မိုးစရွာတဲ့အချိန်တွေမှာ ရာသီဥတု ချက်ချင်းပြောင်းလဲသွားတော့ တုပ်ကွေးဖြစ်တာများကြတယ်။ အခုကတော့ ရာသီဥတုက မိုးတွေရွာလိုက်၊ နေတွေပူလိုက်နဲ့ တစ်ချိန်လုံးဖြစ်နေကြတော့ တုပ်ကွေးဖြစ်တဲ့အချိန်လည်း အမြဲမပြတ်ဖြစ်နေတယ်"ဟုအထွေထွေရောဂါကုဆရာဝန် ဒေါက်တာထွန်းသိန်းကပြောသည်။

ယခုရက်ပိုင်းအတွင်း ဆေးခန်းများတွင် တုပ်ကွေးရောဂါဖြင့် ရောက်ရှိလာသည့် လူနာအနည်းငယ်ပြန်များလာပြီး ဖြစ်ပွားသည့် ပုံစံမှာလည်း ယခင်ဖြစ်ပွားနေကျ ပုံစံမျိုးဖြစ်ပြီး ရက်ပိုင်းအတွင်းပြန်လည်သက်သာသွားလေ့ရှိကြောင်း သိရသည်။

အအေးမိသည့်အချိန်တွင် ဖျားနာခြင်းအပြင် အဆုတ်ပွခြင်း၊ အဆုတ်ရောင်ရောဂါများအပြင် အခြားနောက်ဆက်တွဲရောဂါများပါဖြစ်ပွားနိုင်သဖြင့် လွယ်လွယ်ကူကူဖျားနာခြင်း မဖြစ်စေရန် ဂရုပြုနေထိုင်သင့်ကြောင်း သိရသည်။

ထို့ပြင်ကူးစက်နိုင်သည့်ရောဂါများ ယခုနောက်ပိုင်း ပိုမိုဖြစ်ပွားလာခြင်းမှာ လူအများ၌ တုပ်ကွေးမကြာခဏဖြစ်ပွား၍ ကိုယ်ခံအားနည်းနေခြင်းများကြောင့် ဖြစ်ကြောင်း အထူးကုဆရာဝန်ကြီးတစ်ဦးကပြောသည်။

# ပင်စင်လစာတိုးသော်လည်း ကုန်ဈေးနှုန်းမတက်

**သတင်းအဖွဲ့**

**ရန်ကုန်၊ ဇူလိုင် - ၁၁**

အစိုးရဝန်ထမ်းလစာများ တိုးမြှင့်သည့် အခါတိုင်း၌ အခြေခံစားသောက်ကုန်ဈေးနှုန်းများ တက်လေ့ရှိခဲ့သော်လည်း နိုင်ငံ့ဝန်ထမ်းပင်စင်လစာငွေများ တိုးမြှင့်ပေးလိုက်သည့် ယခုအကြိမ်တွင်မူ ပင်စင်လစာစတင်တိုးမြှင့်လိုက်သည့်နေ့မှ ဆယ်ရက်ကျော်ကာလအထိ အခြေခံစားသောက်ကုန်ဈေးကွက်တွင် ဈေးနှုန်းများ ပြောင်းလဲခြင်းမရှိကြောင်း စားသောက်ကုန်စည်ဈေးကွက်မှသတင်းရရှိသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ပင်စင်လစာများကို ဇူလိုင်လမှစတင်၍ တိုးမြှင့်ခံစားခွင့်ပြုမည်ဟု ဇွန်လကုန်တွင် ကြေညာခဲ့သော်လည်း ကုန်ဈေးနှုန်းများ တည်ငြိမ်နေသည်။ ရန်ကုန်မြို့တွင် ဈေးဝယ်သူကို ရောင်းချပေးနေသော ကုန်စုံဆိုင်တစ်ဆိုင်အား ဇူလိုင် ၁၁ရက်ကတွေ့ရစဉ်။**

"ခါတိုင်းလိုဆိုရင်တော့ ဝန်ထမ်းလစာတိုးတယ်ကြားတာနဲ့ သူ့အလိုလို ဈေးတွေက လိုက်တက်တယ်။ ဒါပေမဲ့ အခုကျတော့ ဈေးကွက်မှာ အရောင်းအဝယ်တွေက မကောင်းကြဘူး။ ငွေဈေးတွေကလည်းကျတော့ ပို့ကုန်သမားတွေလည်း မဟန်ဘူး။ ဒါကြောင့် ဈေးကွက်မှာလည်းတက်ဖို့နေနေသာသာ အရောင်းအဝယ်မကောင်းတော့ ဈေးတွေကကျနေတယ်"ဟု ဘုရင့်နောင်ပွဲရုံတန်းရှိ ဆန်ကုန်သည်တစ်ဦးကပြောသည်။ ထိုသို့ စားသောက်ကုန်နှင့် လူသုံးကုန်ဈေးနှုန်းများ မတက်ခြင်းမှာ မြန်မာငွေမာနေခြင်းနှင့် ဝယ်လိုအားလျော့ကျနေခြင်းကြောင့်ဖြစ်နိုင်ကြောင်းစီးပွားရေးလုပ်ငန်းရှင်အချို့ကသုံးသပ်သည်။ သို့သော် လုပ်ငန်းရှင်တစ်ဦးကမူ ပင်စင်လစာတိုးသည်ကို သိသည်မှာ ရက်ပိုင်းသာရှိသေး၍ စောင့်ကြည့်ရန်လိုကြောင်း သူ၏အမြင်ကိုပြောသည်။

ဆန်ပို့ကုန်သမားများက ဆန်များကိုထိန်း၍ ဝယ်ယူသောကြောင့် အရောင်းအဝယ်အေးနေပြီး ဈေးနှုန်းများ အပြောင်းအလဲမရှိသည်မှာ နှစ်လအထိရှိပြီဖြစ်သည်။ ဆန်ကြမ်းဈေးနှုန်းမှာ တစ်အိတ်လျှင် ကျပ်၁၃,၀၀၀ မှ ကျပ် ၁၅,၅၀၀ ကြားရှိပြီး ဆန်ဈေးမှာ ကျပ် ၂၄,၀၀၀မှကျပ် ၂၇,၀၀၀ကြားရှိသည်။

ပင်စင်လစာဝန်ထမ်းဦးရေမှာ လူနည်းစုဖြစ်သောကြောင့် ဈေးကွက်တွင် ပြောင်းလဲမှုမရှိကြောင်း လမ်းမတော် မော်တင်မှ ဆန်ကုန်သည်တစ်ဦးကလည်း သုံးသပ်ပြောသည်။


"ပင်စင်တိုးပြီးမှ ကြက်သွန်နီက ဈေးနည်းနည်းကျသွားတယ်။ တစ်ပိဿာကို လက်ကားဈေးကျပ် ၅၀ နဲ့ ၂၅ ကျပ်ကြားမှာ ဈေးကျသွားတယ်။ လက်ရှိ ကြက်သွန်နီကို တစ်ပိဿာ ကျပ် ၄၀၀နဲ့ ၅၀၀ ကြားမှာရောင်းနေကြတယ်။ အရောင်းအဝယ်ကအေးတယ်။ ပင်စင်တိုးတာကလည်း ဒီလကုန်မှ ငွေက လက်ထဲရောက်မှာ။ ပြီးတော့ ပင်စင်စားဦးရေက မများဘူး။ ဒေါ်လာဈေးကျ၊ ပို့ကုန်ဈေးကျချိန်မှာ ဈေးက ပြောင်းလဲမယ် မထင်ပါဘူး" ဟု ကြက်သွန်လုပ်ငန်းရှင်တစ်ဦးကလည်းပြောသည်။

ထို့အပြင် စားသုံးဆီဈေးကွက်၌လည်းပြီးခဲ့သည့်လမှယနေ့အထိပဲဆီရှယ်တစ်ပိဿာဈေးနှုန်းမှာ ကျပ်၃,၈၀၀ စွန်းစွန်းသာရှိပြီး စားအုန်းဆီမှာ ကျပ်၁,၉၀၀ဖြင့် ဈေးငြိမ်နေကြောင်းသိရသည်။

ကုန်စိမ်းဈေးကွက်ဖြစ်သော ဟင်းသီးဟင်းရွက်သီးနှံ ဈေးနှုန်းများမှာလည်း ထူးခြားစွာ ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ဝါဆိုလပြည့်နေ့ နီးကပ်လာသည့်အတွက်သာ ယခင်ကထက် အဝယ်ပိုလိုက်လာကြောင်း သီရိမင်္ဂလာဈေးမှ သိရသည်။

စားသောက်ကုန်စည်များနည်းတူ လူသုံးကုန်ပစ္စည်း ဈေးနှုန်းများမှာလည်း ထူးခြားစွာ ပြောင်းလဲမှုမရှိကြောင်း ဈေးကွက်မှသတင်းရရှိသည်။ **စာ(၁၂)သို့**

## နေပြည်တော် တိရစ္ဆာန်ဥယျာဉ်တွင် မြင်းကျားငယ်တစ်ကောင်မွေးဖွား



**မြင်းကျားပေါက်လေးအား မိခင်မြင်းကျားနှင့်အတူ တွေ့ရစဉ်** ဓာတ်ပုံ - ထူးဖောင်ဒေးရှင်း

ရန်ကုန်၊ ဇူလိုင်-၁၀

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) မြင်းကျားပြကွက်တွင် မွေးမြူပြသထားသော မြင်းကျား ငါးကောင်အနက်မှ မြင်းကျားအမ(မြန်မာမလေး)သည် ဇွန် ၁၈ရက်က မြင်းကျားငယ်တစ်ကောင်ပေါက်ဖွားခဲ့ကြောင်း နေပြည်တော်တိရစ္ဆာန်ဥယျာဉ်မှ သတင်းရရှိသည်။ အဆိုပါ မြင်းကျားငယ်လေးမှာ မိခင်နို့သောက်စို့နေကြောင်း တွေ့ရှိရပြီး၊ တာဝန်ရှိသူများက မိခင်မြင်းကျားမအား ဖြည့်စွက်အားဆေးနှင့် အစာများကျွေးမွေး၍ အနီးကပ်ပြုစုစောင့်ရှောက်လျက်ရှိကြောင်း တရားဝင်သတင်းထုတ်ပြန်သည်။

ထို့ပြင် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွားသွားပြကွက်တွင် ဇွန် ၂၅ ရက်က စပါးအုံးအကောင်ငယ် လေးကောင်နှင့် ဇွန် ၆ရက်တွင် အကောင်ငယ်နှစ်ကောင် စုစုပေါင်း ခြောက်ကောင် ထပ်မံပေါက်ဖွားခဲ့ကြောင်း သိရှိရသည်။ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် လက်ရှိစပါးအုံးမွေ သုံးကောင် မွေးမြူပြသထားရာမှ ယခုအခါ အကောင်ငယ်ခြောက်ကောင် ထပ်မံပေါက်ဖွားခဲ့သဖြင့် စုစုပေါင်း ကိုးကောင် ပြသထားလျက်ရှိကြောင်း သိရသည်။

# ပဲခူးတိုင်းဒေသကြီးရှိ စပါးစိုက်ဧကများ ရေလွှမ်းမိုးမှုမှကာကွယ်ရန် ရေတံခါးပေါက်များမှ အမှိုက်များရှင်းလင်း

**အေးမြကျော်**

**ရန်ကုန်၊ ဇူလိုင် - ၁၀**

**ပဲခူးတိုင်းဒေသကြီးတွင် ဇွန်လကုန်ပိုင်းက မိုးအဆက်အပြတ်ရွာသွန်းမှုများကြောင့် စပါးစိုက်ဧကများ ရေလွှမ်းခဲ့ရာ ထိုရေလွှမ်းနေသော လယ်ဧကများမှ ရေများ မြစ်ချောင်းများအတွင်း လွယ်ကူစွာစီးဝင်သွားစေရန် ရေတံခါးပေါက်များမှ ဒိုက်များ၊ မှော်များကို ဇူလိုင်လဆန်းက ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သတင်းရရှိသည်။**

ဇွန်လ ၂၆ ရက်မှ ဇူလိုင် ၂ ရက်အထိ ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ်များတွင် မိုးများ အဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် ပဲခူးတိုင်းဒေသကြီးရှိ စပါးစိုက်ဧကများစွာရှိသော ကဝ၊ သနပ်ပင်၊ ဝေါ၊ ညောင်လေးပင်မြို့နယ်များမှ စပါးစိုက်ဧကနှင့် ပျိုးစပါးစိုက်ဧကပေါင်း ၁၀၉,၈၂၆ ဧကမှာရေလွှမ်းမိုးခံခဲ့ရကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ သိရသည်။

မြို့နယ် ၄ မြို့နယ်တွင် ရေလွှမ်းမိုးသော စပါးစိုက်ဧကပမာဏမှာ ထိုဒေသအားလုံးတွင်ရှိသော စိုက်ဧက၏ ၁၅ ဒသမ ၇၅ ရာခိုင်နှုန်းဖြစ်ပြီး ၄ မြို့နယ်၏ ယခုနှစ် စိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသောမိုးစပါးစိုက်ဧကမှာ ခုနစ်သိန်းနီးပါးရှိပြီး ရေနစ်မြုပ်ခဲ့သောဧကမှာ တစ်သိန်းကျော်သည်ဟု သက်ဆိုင်ရာဌာနထုတ်ပြန်သည်။

ရေလွှမ်းမိုးခဲ့သော စိုက်ပျိုးမြေများကာကွယ်ရေးနှင့် စိုက်ပျိုးမြေပြန်လည်ဖော်ထုတ်ရေးအတွက် သမ္မတ၏ လမ်းညွှန်ချက်ဖြင့် ကော်မတီတစ်ရပ်ဖွဲ့စည်းကာ လုပ်ငန်းများ အမြန်ဆုံးစတင်ရန် သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၁ဖြင့် ဇွန်လကုန်ပိုင်းက ထုတ်ပြန်ခဲ့သည်။ အဆိုပါကော်မတီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ပါဝင်သည်။

ပဲခူး-စစ်တောင်းတူးမြောင်းဘေးတွင်တည်ရှိသော ကဝ၊ ဝေါ၊ သနပ်ပင်မြို့နယ် ၃ခုမှာ မိုးရွာသွန်းမှုများခြင်းကြောင့် ပဲခူးမြစ်နှင့် စစ်တောင်းမြစ်များ မြစ်ကမ်းပါး ရေလျှံကာ စပါးစိုက်ဧကများ ရေလွှမ်းခဲ့ခြင်းဖြစ်ပြီး ညောင်လေးပင်မြို့နယ်သည်လည်း ယခုနှစ်တွင် မိုးရေချိန်ပိုမိုရွာသွန်းခဲ့သဖြင့် ရေလျှံခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှသိရသည်။

မြို့နယ် ၄ မြို့နယ်တွင် မိုးစပါးစိုက်ဧကများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် ထို ၄ မြို့နယ်အတွင်းရှိ ရွှေလှေရေထိန်းတံခါးပေါက်ပေါင်း ၄၀ ကို ဖွင့်ထုတ်ကာ ဒိုက်များ၊ မှော်များ ရှင်းလင်းခဲ့ပြီး အလားတူကျိုက်ပဒိုင်ရေတံခါးနှင့် ပိုင်ကျုံရေတံခါးပေါက် ၃၇ ခုတို့ကို ဖွင့်ကာဒိုက်များမှော်များ ရှင်းလင်းခြင်းများကိုဆောင်ရွက်ခဲ့ကြောင်းသက်ဆိုင်ရာ ဌာနမှ သိရသည်။

ယခုအခါ ရေလွှမ်းမိုးမှုကြောင့် ပျက်စီးသွားသော စပါးစိုက်ဧကများကို အစားထိုးစိုက်ပျိုးနိုင်ရန် ပျက်စီးသည့် လယ်ဧကများကို စာရင်းကောက်ယူခြင်း၊ မျိုးစပါး စုဆောင်းခြင်းများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးလုပ်ငန်းများက လုပ်ဆောင်နေပြီး တောင်သူများကို အကူအညီပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းလည်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှသိရသည်။

7 DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

# ပဲမျိုးစုံပြည်ပတင်ပို့ရန် တန် ၁၂၀ အောက် လိုင်စင်လျှောက်ထားပါက ပစ္စည်းရှိ၊ မရှိ စစ်ဆေးမခံရတော့

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင် – ၁၁**

**ပဲပြည်ပတင်ပို့သူများအနေဖြင့် တန် ၁၂၀(ကွန်တိန်နာ ၅ ပုံး)အောက် တင်ပို့ရန် လိုင်စင်လျှောက်ပါက ပစ္စည်းလက်ဝယ်ရှိ၊မရှိကို ဇွန်လ ၇ ရက်မှစ၍ သက်ဆိုင်ရာဌာနများမှ လိုက်လံစစ်ဆေးခြင်း မပြုတော့ကြောင်း သတင်းရရှိသည်။**



မန္တလေးကုန်စည်ဒိုင်အတွင်း ပဲမျိုးစုံရောင်းဝယ်နေသည်ကို တွေ့ရစဉ် ဓာတ်ပုံ – စိုင်းသာအောင်

"ပဲကုန်သည်တွေက ဒီလို တောင်းဆိုနေတာကြာပြီ။ အခု အသင်းကပါ တောင်းဆိုလာလို့ ပြီးခဲ့တဲ့လကမှ စပြီးပြောင်းလိုက်တာ။ ကုန်သည်တွေ ရောင်းဝယ်တာကို အသင်းက တာဝန်ယူလုပ်ဆောင်ပေးတဲ့ သဘောပေါ့" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခင်က ပဲအရောင်းအဝယ်ပြုလုပ်ရာတွင် ပစ္စည်းလက်ဝယ်မရှိဘဲ အရောင်းအဝယ်လုပ်ကာ လိုင်စင်လျှောက်ထားပြီးမှ ပစ္စည်းမတင်ပို့နိုင်ခြင်းများရှိခဲ့သောကြောင့် ကုန်သွယ်ဖက်နိုင်ငံများနှင့် ဆက်ဆံရာတွင် မိမိနိုင်ငံ နာမည်ပျက်မည် စိုးရိမ်ခြင်းကြောင့် ပို့ကုန်လိုင်စင်လျှောက်ထားပါက လိုက်လံစစ်ဆေးခြင်းဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူက ပြောသည်။

"အရင်ကလည်း ပစ္စည်းလက်ဝယ်မရှိဘဲ အရောင်းအဝယ်လုပ်လို့ ကုန်သည်အချင်းချင်း ပြဿနာတက်တာတွေ၊ အိတ်စ်ပို့မပို့နိုင်တာတွေရှိတယ်။ အခုဒီလို ပြောင်းပေးထားပေမယ့်ပြန်ပြောင်းမပြောင်းတော့ စောင့်ကြည့်ရဦးမယ်"ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

ပဲပြည်ပတင်ပို့ရန် လိုင်စင်လျှောက်ထားပါက ယခင်နှစ်များက ကုန်စည်ဒိုင်နှင့် ပဲအသင်းတို့ လိုက်လံစစ်ဆေးခြင်းမရှိခဲ့သော်လည်းပြီးခဲ့သည့်နှစ်ကုန်ပိုင်းမှစ၍ ၎င်းတို့မှလိုက်လံစစ်ဆေးခဲ့ရသည်ဟုဆိုသည်။ လက်ရှိပုံစံပြောင်းလဲခြင်းအတွက် ကုန်စည်ဒိုင်အနေဖြင့် ကုန်သည်များ၏ လိုအပ်ချက်ကို ထောက်ခံပေးခဲ့ခြင်းသာ ဖြစ်ကြောင်း ကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ပဲအသင်းအနေနဲ့က သက်ဆိုင်ရာကို ကုန်သည်တွေရဲ့ အခက်အခဲကို တင်ပြပေးလိုက်တာပါ" ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ အသင်းဥက္ကဋ္ဌဦးထွန်းလွင်ကပြောသည်။

ယခုကဲ့သို့ပဲပမာဏအနည်းငယ်ဖြင့် ပြည်ပတင်ပို့နိုင်ရန် လိုင်စင်လျှောက်ထားပါကပစ္စည်းလက်ဝယ်ရှိ၊မရှိကို ဌာနများမှ လိုက်လံစစ်ဆေးခြင်းမပြုတော့၍ ပဲကုန်သည်အတွက် ပိုမိုအဆင်ပြေရကြောင်း အိတ်စ်ပို့လုပ်ငန်းရှင်များကပြောသည်။

"အခုလို ပစ္စည်းလာမစစ်တော့ အရောင်းအဝယ်လုပ်ရတာ မြန်တယ်။ ပစ္စည်းစစ်ရင်ကုန်သည်တွေက အရောင်းအဝယ် လုပ်ဖို့ ပစ္စည်း အရင်ဝယ်ထည့်ရတယ်။ ပြီးမှ လိုင်စင်လျှောက်တော့ အချိန်တွေကြာတယ်။ အခု ကိုယ်ကအရောင်းအဝယ်လုပ်လိုင်စင်လျှောက်ပြီးမှ နယ်ကိုလှမ်းဝယ်လည်း ရမယ်ဆိုတော့ အချိန်ကုန်သက်သာတယ်။ ကုန်သွယ်မှုတွေ မြန်လာတာပေါ့" ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိကာလ ပဲအရောင်းအဝယ်ဈေးကွက်တွင် ပဲဈေးနှုန်းများမှာ အတက်အကျမြန်ဆန်စွာဖြစ်ပေါ်နေကြောင်း ပဲကုန်သည်များကပြောသည်။ ယခု ဇူလိုင် ၁၁ရက်နေ့ ပဲပေါက်ဈေးများမှာ မတ်ပဲ(RC)တစ်တန်လျှင် ကျပ် ၅၅၇,၀၀၀၊ မတ်ပဲ(SQRC) မှာ တစ်တန်လျှင် ကျပ်၆၁၂,၀၀၀ ရှိပြီး ပဲစင်းငုံမှာ တစ်တန်လျှင် ကျပ်၄၃၈,၀၀၀နှင့် ခရမ်းရွှေဝါ ပဲတီစိမ်းမှာ တစ်တန်လျှင် ကျပ် ၇၀၀,၀၀၀ ရှိသည်။

---

## ရန်ကုန်မြို့ရှိ ဒေးကလပ်များ ပိတ်ထား

**အားမာန်**

**ရန်ကုန်၊ ဇူလိုင် – ၉**

ရန်ကုန်မြို့တွင် နေ့ခင်းပိုင်း၌ ဖွင့်လှစ်သောကလပ်(ဒေးကလပ်)များမှာ ယခုလပိုင်းအတွင်း ပိတ်ထားကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့ရှိဒေးကလပ်များမှာ ၂၀၁၀ မတိုင်ခင်က ပုံမှန်ဖွင့်လှစ်လုပ်ကိုင်ခဲ့ကြရာမှ သတင်းဂျာနယ်အချို့၌ ဖော်ပြခဲ့ပြီးနောက် သက်ဆိုင်ရာက အရေးယူခဲ့သည့်အတွက်ခေတ္တပိတ်သိမ်းသွားခဲ့ကြသည်။ သို့သော် ၂၀၁၀နှစ်ကုန်ပိုင်းနှင့် ၂၀၁၁ နှစ်ဆန်းပိုင်းများတွင် ရန်ကုန်မြို့ရှိ အချို့နေရာများ၌ ဒေးကလပ်များ ပြန်လည်ပေါ်ပေါက်လာကြောင်း အဆိုပါကလပ်များသို့သွားရောက်ခဲ့ဖူးသူများနှင့် ခရီးသည်များကို လိုက်ပါပို့ဆောင်ဖူးသော တက္ကစီယာဉ်မောင်းများကပြောသည်။

ပြန်လည်ဖွင့်လှစ်လာသော ဒေးကလပ်များမှာလည်း ယခုလပိုင်းအတွင်း ပိတ်ထားကြကြောင်း အဆိုပါကလပ်များ၌ လုပ်ကိုင်နေသော ဝန်ထမ်းအချို့ပြောသည်။

ယခုနှစ်ပိုင်းအတွင်း ဒေးကလပ်များမှာ ဈေးကွက်ရရှိရေးအတွက် တက္ကသိုလ်အချို့ရှိ ကျောင်းသူ၊ ကျောင်းသားများကို ပစ်မှတ်ထား၍ ဈေးကွက်ရှာဖွေနေကြောင်းလည်း သတင်းရရှိသည်။ ဒေးကလပ်များမှာ ကလပ်ဟု မကြေညာဘဲ နေ့ခင်းပိုင်းတွင် ကျင်းပမည့် ပါတီပွဲဟု ခေါင်းစဉ်မျိုးစုံဖြင့် ကြော်ငြာကာ တက္ကသိုလ်အထိ လာရောက်၍ လက်ကမ်းစာစောင်များဝေခြင်း၊ ဖုန်းဖြင့်သတင်းတိုပေးပို့ခြင်း၊ အီးမေးလ်မှ အကြောင်းကြားခြင်းတို့ဖြင့် ဆွဲဆောင်လာကြောင်း ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော နည်းပညာတက္ကသိုလ်၌ တက်ရောက်နေသောကျောင်းသား၊ကျောင်းသူအချို့ကပြောသည်။

"ကျောင်းကို ခဏခဏလာ တယ်။ သမီးသိတာပဲ ငါးခါ၊ ခြောက်ခါ ရှိပြီ။ တစ်လကို တစ်ခါလောက်တော့ ရှိတယ်။ တစ်ခါကလည်း သမီးတို့အဖွဲ့သွားနေတုန်း အသက်ကြီးကြီး အစ်ကိုကြီးတွေက မနက်ဖြန် နာမည်ကြီးအဆိုတော်တွေ ကလပ်ရှိတယ်။

စာ(၈)သို့

---

## လိုင်စင်မဲ့ယာဉ်နှင့် ပတ်သက်၍ တရားဝင်ညွှန်ကြားချက် တစ်စုံတစ်ရာ မရှိသေး

**သိမ့်သိမ့်စိုး၊ ဇာဇာနီ၊ မေဝင်းမွန်**

**ရန်ကုန်၊ ဇူလိုင် – ၉**

လိုင်စင်မဲ့ကားများကို သတ်မှတ်အခွန် ပေးဆောင်စေပြီး တရားဝင်လိုင်စင်ထုတ်ပေးမည်ဟု သတင်းထွက်ပေါ်နေသော်လည်း လက်ရှိကာလအထိ သက်ဆိုင်ရာမှ ယင်းကိစ္စနှင့်ပတ်သက်၍ တရားဝင်ညွှန်ကြားခြင်း တစ်စုံတစ်ရာမရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ကားအခွန်ကိစ္စက အပြင်မှာကားသမားတွေလျှောက်ပြောနေတာပဲရှိတယ်။ ဦးတို့ဌာနကိုတော့ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှပြောတာမရှိဘူး။ တရားဝင် သတင်းထုတ်ပြန်တာ၊ အကြောင်းကြားတာမျိုး တစ်ခုမှမရှိသေးဘူး" ဟု ၎င်းကပြောသည်။

"လိုင်စင်မဲ့ကားတွေကို တရားဝင်လိုင်စင်ပေးဖို့ကိစ္စ ညွှန်ကြားထားတာမျိုး မရှိသေးပါဘူး"ဟု ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံးချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြီးခဲ့သည့်နှစ် ဇူလိုင် ၂၂ရက်မှစ၍ လိုင်စင်မဲ့ကားများကို ၈၅ရာခိုင်နှုန်း အခွန်ပေးဆောင်စေ၍ တရားဝင်လိုင်စင်များ ထုတ်ပေးခဲ့သည်။

လက်ရှိကားဈေးကွက်တွင်း၌ အဆိုပါအခွန် ၈၅ ရာခိုင်နှုန်းအစား ၆၅ရာခိုင်နှုန်းအထိလျှော့ချပြီး အခွန်ပေးဆောင်စေကာ လိုင်စင်မဲ့ကားများကို တရားဝင်လိုင်စင်ပြုလုပ်ပေးမည်ဟူသောသတင်းများ ထွက်ပေါ်နေကြောင်း ကားအရောင်းအဝယ်ပွဲစားများကပြောသည်။

အဆိုပါသတင်းထွက်ပေါ်နေခြင်းကြောင့် ကားအရောင်းအဝယ်ဈေးကွက်တွင် အရောင်းအဝယ်အေးနေကြောင်း ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းမှ ကားပွဲစားများကပြောသည်။

"လိုင်စင်မဲ့တွေကို အခွန်ဆောင်ပြီး တရားဝင်လိုင်စင်တွေ အရင်လိုပြန်ပေးမယ်လို့ကြားရတော့ ကားအရောင်းအဝယ်က တစ်လလောက်ရှိပြီ လုံးဝအေးနေတာ။ ဈေးကတော့ အကျလည်း မရှိသလို၊ အတက်လည်း မရှိဘူး"ဟုဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းမှ ကားပွဲစားတစ်ဦးက 7Day News သို့ပြောသည်။

ယင်းကဲ့သို့ ကားများကို တရားဝင်အခွန်ဆောင်ပြီး လိုင်စင် ထုတ်ပေးခြင်းကို ကားပွဲစားအများစု မျှော်လင့်နေကြကြောင်း ကားပွဲစားများကပြောသည်။

ထို့အပြင် ကားဈေးကွက်အတွင်း စက်မှုဇုန်ထုတ်ကားများ ထုတ်လုပ်ခွင့်ကို အင်ဂျင်မှလွဲ၍ အခြားပစ္စည်းများကို ပြည်တွင်း၌ ပမာဏများစွာ ထုတ်လုပ်ရမည်ဆိုသောသတင်းကြောင့် လတ်တလောတွင် လိုက်ထရပ်ကားများ ဈေးကွက်၌ ကျပ်သိန်း ၃၀ခန့် တက်လာကြောင်းသိရသည်။

ယခင်က တောင်းအေ့စ်လိုက်ထရပ်(ပုစဉ်းခေါင်း) မော်ဒယ် ၂၀၀၀ အက္ခရာ ၈၉ မှာ ကျပ်သိန်း ၁၆၀မှ ကျပ်သိန်း ၂၀၀ အထိဖြစ်လာသည်။



7 DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

CRIME CORNER

## ခဲအိုက အရွယ်မရောက်သေးသည့် ခယ်မအား သားမယားပြုကျင့်

ကျော်ဇေယျ

နေပြည်တော်၊ ဇူလိုင် – ၈

ခဲအိုက အိမ်ပေါ်မှ စိတ်ဆိုးပြီးဆင်းသွားသော ဇနီးသည်အား လိုက်လံခေါ်ယူလိုကြောင်း အကြောင်းပြကာ ခယ်မအား အိမ်မှ လာခေါ်သွားပြီးသားမယားအဖြစ် ပြုကျင့်ခဲ့၍ အမှုဖွင့်တိုင်ကြားခဲ့သော ဖြစ်စဉ်တစ်ခု နေပြည်တော်ပျဉ်းမနား၌ ဇူလိုင်လ ၃ရက်က ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်ပျဉ်းမနားရှိ ကျေးရွာတစ်ရွာတွင်နေထိုင်သော ညိုအေး(၃၂နှစ်)ဆိုသူသည် ဇူလိုင် ၂ရက် ညပိုင်းက ယောက္ခမတော်စပ်သူအိမ်ကိုလာကာ ၎င်း၏ ဇနီးသည်မှာ စကားများပြီး လယ်ဝေးမြို့နယ် မှန်တောရွာသို့ ဆင်းသွားပြီဖြစ်၍ ပြန်လည်ခေါ်ယူရန် ခယ်မဖြစ်သူ မ. . (၁၄) နှစ်(၅)လအား အဖော်ခေါ်သွားလိုကြောင်းခွင့်တောင်းလာ၍ ယောက္ခမက မ. . . အား အဖော်အဖြစ်ထည့်ပေးလိုက်သည်ဟုဆို၏။

ထိုနေ့ည ၈း၃၀ အချိန် ကြို့ပင်အနောက်ရွာအနီးရှိ မြေသားလမ်းအသစ်သို့ ရောက်ရှိစဉ် ညိုအေးက မ. . . (၁၄)နှစ်(၅)လအား လယ်ကွင်းထဲသို့ ဆွဲခေါ်သွားပြီး "နင့်ကိုငါခိုးပြေးလာတာ"ဟုပြောကာ သားမယားအဖြစ်ပြုကျင့်ခဲ့သည်ဟုဆို၏။ မ. . (၁၄)နှစ်(၅)လက အိမ်သို့ပြန် ပို့ရန်တောင်းဆိုရာတွင် ညိုအေးက ပြန်မပို့ပေးဘဲ နာရီဝက်ခန့်အကြာတွင် ဒုတိယအကြိမ်အဖြစ် ထပ်မံကျင့်ကြံခဲ့ကြောင်းသည်ဟုဆိုသည်။ ထို့ကြောင့် ညိုအေးအား မ. . (၁၄)နှစ်(၅)လကလည်း ရုန်းကန်အော်ဟစ်ပြီး တောင်းပန်မှသာ ညိုအေးကအိမ်သို့ ပြန်ပို့ပေးခဲ့ကြောင်း ပြောဆိုလာပြီး ဥပဒေအရ အရေးယူပေးပါရန် မ. . . ကတိုင်ကြားလာ၍ နေပြည်တော်ပျဉ်းမနား ရဲစခန်း(ပ)၄၁၁/၂၀၁၁ ဥပဒေပုဒ်မ၃၇၆ အရအမှုဖွင့်အရေးယူထားကြောင်းရဲမှတ်တမ်းများအရသိရသည်။

"သွေးမတော်သားမစပ်သူ နှစ်ယောက်ကို ဒီလိုခရီးမျိုး၊ ဒီလိုအချိန်မျိုးကို အတူစိတ်ချယုံကြည်စွာထည့်ပေးလိုက်တော့ မဖြစ်သင့်တာတွေ ဖြစ်သွားတာပေါ့။ မိန်းကလေးမိဘတွေအတွက် ဒါမျိုးက သတိချပ်စရာပါပဲ"ဟု အမှုစစ်အရာရှိက ပြောသည်။

## ၂၀၁၁ နှစ်ကုန်ပိုင်းတွင် အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်နိုင်

အောင်သူရ

ရန်ကုန်၊ ဇူလိုင်–၄

ပူပြင်းခြောက်သွေ့မှုကို ဖြစ်စေသော အယ်လ်နီညိုရာသီဥတုမှာ ၂၀၁၁ခုနှစ် နိုဝင်ဘာလမှစ၍ ဖြစ်နိုင်သည့် အခြေအနေတွေ ရှိနေကြောင်း မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်ကပြောသည်။

"ပစိဖိတ် သမုဒ္ဒရာထဲက အယ်လ်နီညိုစောင့်ကြပ်ကြည့်ရှုတဲ့အဖွဲ့တွေရဲ့ ထုတ်ပြန်ချက်မှာ ဩဂုတ်မှာ လာနီညာဖြစ်ဖို့က ၀ ရာခိုင်နှုန်း၊ ကြားနေဖြစ်ဖို့က ၅၀ ရာခိုင်နှုန်း အယ်လ်နီညိုဖြစ်ဖို့က ၅၀ ရာခိုင်နှုန်း၊ နိုဝင်ဘာလအတွက် ထုတ်ပြန်ချက်မှာ လာနီညာဖြစ်ဖို့က ၀ ရာခိုင်နှုန်း၊ ကြားနေဖြစ်ဖို့က ၄၀ ရာခိုင်နှုန်း အယ်လ်နီညိုဖြစ်ဖို့က ၆၀ရာခိုင်နှုန်း ဒီဇင်ဘာလမှာ အယ်နီညိုဖြစ်ဖို့ ၆၃ရာခိုင်နှုန်းရှိတယ်လို့ ထုတ်ပြန်ထားတယ်" ဟု မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကဆိုသည်။



၂၀၁၀ နွေကာလက အယ်နီညိုရာသီဥတုကြောင့် စံချိန်တင်ပူပြင်းခဲ့၍ ရေအခက်အခဲကြုံတွေ့ရသော ဒလမြို့နေပြည်သူများသို့ ရေပေးဝေရန် ရေအလှူရှင်များက သမ္ဗန်ဖြင့် သယ်လာသောရေများကို ထော်လာဂျီများပေါ်သို့ တင်နေစဉ် ဓာတ်ပုံ-အားမာန်

အဆိုပါထုတ်ပြန်ချက်ကြောင့် အယ်လ်နီညိုရာသီဥတုမှာ ၂၀၁၁ ခုနှစ် နိုဝင်ဘာမှစ၍ ဖြစ်နိုင်ခြေများနေပြီး စောင့်ကြည့်ရမည့်အခြေအနေဖြစ်ကာ ထိုရာသီဥတု၏ အကျိုးဆက်မှာ ၂၀၁၂ခုနှစ်တွင် ကြုံတွေ့လိမ့်မည်ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၀၉ ခုနှစ် ဇွန်မှ ၂၀၁၀ မတ်လ အထိ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်ခဲ့သဖြင့် ၂၀၁၀ပြည့်နှစ် ဧပြီနှင့် မေလများတွင် စံချိန်တင် ပူပြင်းခဲ့ကာ အသက်ကြီးသူများနှင့် ကလေးငယ်များ အသက်ဆုံးရှုံးခဲ့သည်။

မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုမှာ ၂၀၀၆ ခုနှစ်မှ စတင်၍ ဖြစ်ပေါ်ခဲ့ပြီး ယခင်က ခြောက်နှစ်မှ ခုနစ်နှစ်ကြာမှ အစွန်းရောက် ရာသီဥတုများဖြစ်သော အယ်နီညိုနှင့် လာနီညာရာသီဥတုများ ဖြစ်ပေါ်လေ့ရှိသော်လည်း ၂၀၀၆ခုနှစ်နောက်ပိုင်းမှစ၍ နှစ်စဉ် သို့မဟုတ် တစ်နှစ်ခြား ဖြစ်ပေါ်နေခဲ့သည်။

၂၀၀၉ ခုနှစ် ဇွန်လမှ ၂၀၁၀ မတ်လအထိ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်ခဲ့ပြီး ၂၀၁၀ အောက်တိုဘာမှ ၂၀၁၁ မေလကုန်ထိ လာနီညိုရာသီဥတု ဖြစ်ပေါ်ခဲ့သည်။

## နိုင်ငံတစ်ဝန်း လောင်းကစားမှုများ ပပျောက်ရန် အရှိန်မြှင့်ဆောင်ရွက်

သန်းဌေး၊ ကျော်သီဟ

ရန်ကုန်၊ ဇူလိုင် – ၃

လောင်းကစားလုပ်ငန်းအား တစ်နိုင်ငံလုံးတွင် ပပျောက်စေရန် ဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကပြောကြားသည်။

"လောင်းကစားလုပ်ငန်းကို တစ်နိုင်ငံလုံးပပျောက်အောင် ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ အမှတ်–၁၈ ရပ်ကွက်တွင်လည်း လောင်းကစားကင်းစင်နယ်မြေဖြစ်ရမည်ဆိုသော ဆိုင်းဘုတ်များ စိုက်ထူထားသည်ကိုတွေ့ရသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တိုင်းတွင် ပါ အဆိုပါဆိုင်းဘုတ်များ တပ်ဆင်နေကြောင်းသတင်းရရှိသည်။

"လောင်းကစားကြောင့် လယ်သမားတွေ လယ်လုပ်ဖို့ သိပ်စိတ်မဝင်စားကြဘဲ သူဌေးဖြစ်နည်းဖြတ်လမ်းတွေလိုက်နေလို့လယ်ယာလုပ်ငန်းခွင်မှာ အလုပ်သမားရှားလာတယ်"ဟု ဖျာပုံမြို့နယ်မှ လယ်သမားကြီးတစ်ဦးက ပြောသည်။ မြန်မာပြည်အနှံ့တွင် လောင်းကစားနည်းမျိုးစုံ လုပ်ငန်းများ ကျယ်ပြန့်လျက်ရှိနေသောကြောင့် ပြည်သူများ၏ ဘဝတိုးတက်ရာ တိုးတက်ကြောင်းများတွင်ပါ တစ်စထက်တစ်စ ထိခိုက်လာကြောင်း ၎င်းက ပြောသည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လောင်းကစားမှုများပပျောက်ရေးသည် အဓိကပါဝင်နေ၍ ဆက်လက်နှိမ်နင်းသွားရန်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဆန်အထူးပြုကုမ္ပဏီအချို့ မိုးစပါးအတွက် ချေးငွေပေးရန် တုံ့ဆိုင်းနေ

အောင်သူရ၊ သန်းငွေး

ရန်ကုန်၊ ဇူလိုင် – ၆

တောင်သူလယ်သမားများအား သွင်းအားစုနှင့် ငွေကြေးထောက်ပံ့ပေးနေသော ဆန်အထူးပြုကုမ္ပဏီအချို့ ယခုနှစ်မိုးစပါးအတွက် ထောက်ပံ့မှုပေးရန် တွေဝေတုံ့ဆိုင်းနေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြောသည်။

မအူပင်မြို့နယ် အုပ်ချုပ်ရေးမှူးအဆိုအရ ထိုဒေသရှိ အထူးပြုကုမ္ပဏီများသည် ယခုနှစ် မိုးစပါးအတွက် ချေးငွေပေး မပေး စဉ်းစားနေကြကြောင်း ဦးချစ်ခိုင်ကဆိုသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ရာခိုင်နှုန်း မည်မျှလက်တွန့်သွားနိုင်သနည်းဟု မေးသောအခါ "တော်တော်များများ လက်တွန့်သွားမယ်"ဟု ဦးချစ်ခိုင်က ပြောသည်။

ဦးချစ်ခိုင်နှင့် လုပ်ငန်းရှင်များ ပူးပေါင်းတည်ထောင်ထားသော Gold Delta အထူးပြုကုမ္ပဏီက နွေစပါးအတွက် ချေးထားသောငွေမှ ၄၀ ရာခိုင်နှုန်းသာ ပြန်လည်ရရှိထားပြီး ကုမ္ပဏီအများစုမှာ အပြည့်အဝမရရှိသေးကြောင်းသိရသည်။



Gold Delta ဆန်အထူးပြုကုမ္ပဏီက နေပြည်တော်မြို့နယ်ရှိ တောင်သူများထံ မိုးစပါးစိုက်ပျိုးရေး ချေးငွေများ ပေးအပ်နေစဉ် ဓာတ်ပုံ – အောင်သူရ

အထူးပြုကုမ္ပဏီ ၃၉ခုရှိသည့်အထဲမှ ၂၃ ခုသာ လက်တွေ့ငွေထုတ်ချေးသေးကြောင်း ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်က ပြောကြားသည်။

ပြီးခဲ့သည့်နှစ် မိုးစပါး၊ ဆောင်းပဲနှင့် နွေစပါး ရိတ်သိမ်းချိန်တွင်မိုးရွာသွန်းခဲ့သဖြင့်တောင်သူများ အပျက်အစီးများခဲ့ပြီး စပါးနှင့် ပဲဝယ်ထားသော ကုမ္ပဏီများမှာလည်း ဈေးနှုန်းကျဆင်းနေသဖြင့် သိန်းရာချီအရှုံးပေါ်နေကြကြောင်းသိရသည်။

ထပ်မံရရှိသောသတင်းအရ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အပါအဝင် ဆန်စပါးနှင့် ပဲ အထူးပြုကုမ္ပဏီကိုးခု ထပ်တိုးလာသည်။

ထို အထူးပြုကုမ္ပဏီကိုးခုမှ ဆန်စပါးအထူးပြုကုမ္ပဏီသုံးခုနှင့် ပဲအထူးပြုကုမ္ပဏီခြောက်ခုတို့ဖြစ်ကြသည်။

လက်ရှိတွင် ဆန်စပါးအထူးပြုကုမ္ပဏီ ၃၉ခုနှင့်ပဲအထူးပြုကုမ္ပဏီ ၂၂ခုရှိကာ ဆန်စပါးအထူးပြုကုမ္ပဏီက ကျပ်ငွေ၈၅ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံထားသည်။

# အခွန်နှင့်သက်ဆိုင်သော စည်းမျဉ်း၊စည်းကမ်းများ ပြင်ဆင်ရန်ဆွေးနွေး

ပြည့်သိမ်း

ရန်ကုန်၊ ဇူလိုင် – ၇

အခွန်ဥပဒေစည်းမျဉ်း၊ စည်းကမ်းများကိုပြောင်းလဲပြင်ဆင်နိုင်ရန် စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်တွင်းအခွန်ဦးစီးဌာနတို့ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း အဆိုပါတွေ့ဆုံပွဲတက်ရောက်ခဲ့သော လုပ်ငန်းရှင်အချို့ကပြောသည်။

ထိုတွေ့ဆုံပွဲသို့ပြည်တွင်းကုမ္ပဏီအုပ်စုကြီး ၁၀ ခု၊ ကုန်သည်/စက်မှုအသင်းချုပ် အသင်းဝင် ကုမ္ပဏီငါးခုနှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တို့ တက်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။

"အခုလိုမျိုး ပြင်ဆင်ဖို့အတွက် ညှိနှိုင်းအကြံညာဏ်တောင်းတာ အရင်တုန်းက မရှိခဲ့ဖူးဘူး"ဟု အဆိုပါတွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည့် လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များက ပို့ကုန်အပေါ် အခွန်ကောက်ခံမှုအား သုံးရာခိုင်နှုန်းလျှော့ပေးခြင်းကိုလည်း ကြိုဆိုကြောင်း ထိုတွေ့ဆုံဆွေးနွေးပွဲ၌ပြောကြားခဲ့သည်ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ပြည်ပပို့ကုန်များအပေါ် အခွန်ကောက်ခံမှုအား ယခုလမှစတင်၍ ပို့ကုန်ရငွေမှ ကုန်သွယ်ခွန်ကို သုံးရာခိုင်နှုန်းလျှော့ချခဲ့သည်။ ပြည်ပပို့ကုန်ရငွေတန်ဖိုးနှင့်ဒေါ်လာတန်ဖိုး ကျဆင်းနေချိန်တွင် ယခုကဲ့သို့ အခွန်လျှော့ပေါ့ပေးသည့်အတွက် ကြိုဆိုကြောင်းကိုလည်း ပြည်ပသို့ ပဲတင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးကဆိုသည်။ ထို့အပြင် တန်ဖိုးမြင့် ပြည်ပပို့ကုန်များအပေါ်၌ အခွန်ကောက်ခံနေမှုကိုပယ်ဖျက်ရန်လည်း အကြံပြုတင်ပြခဲ့သည်ဟုဆိုသည်။ ကမ္ဘာ့နိုင်ငံအများစုသည် မိမိနိုင်ငံမှ ပို့ကုန်များ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုမြင့်မားလာစေရန် ပို့ကုန်တင်ပို့မှုအပေါ် အခွန်ကောက်ခံခြင်းများ မပြုလုပ်ကြပေ။ ကမ္ဘာ့စီးပွားရေးကျဆင်းနေချိန် တရုတ်နိုင်ငံသည် ပို့ကုန်လုပ်ငန်းများအပေါ် ပံ့ပိုးမှုများပင် ဆောင်ရွက်ပေးခဲ့သည်။



7DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

# နို့ဆီကို နို့အဖြစ် ဖျော်မသောက်သင့်ဟု တာဝန်ရှိသူပြောကြား

**သန်းဌေး**

ရန်ကုန်၊ ဇူလိုင် – ၄

နို့ဆီကို အဆီမပါသော နို့မှုန့်များအဖြစ်ထုတ်လုပ်ထားသောကြောင့် နို့အဖြစ်ဖျော်၍မသောက်သုံးကြရန် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာန (FDA) မှညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်းက ပြောသည်။

"ယခင်က နို့ဆီကို နွားနို့မှသာ ထုတ်လုပ်ခဲ့သော်လည်း နို့ဆီစားသုံးမှုတွင်ကျယ်လာသည်နှင့် အမျှ နို့ဆီထုတ်လုပ်သည့် နည်းစဉ်များ ပြောင်းလဲထုတ်လုပ်လာပါသည်။ ယခုအခါ နို့ဆီကို အဆီမပါနို့မှုန့် (Skimmed Milk Power)သကြားနှင့် ဟင်းရွက်ဆီများအသုံးပြု၍ ထုတ်လုပ်ပြီး အစားအသောက်သုံးစွဲခွင့်ပြုသော ထပ်ဖြည့်ပစ္စည်းများကို အချိုးအဆမှန်ကန်စွာ ထည့်သွင်းခြင်းဖြင့် ပိုမိုကောင်းမွန်အထားခံသော ဘူးသွင်းနို့ဆီများအဖြစ် နိုင်ငံတကာ ကုန်သွယ်မှုတွင် ဝင်ဆံ့ခဲ့ပါသည်" ဟု ၎င်းက 7Day News သို့ ဖက်စ်ဖြင့် ဖြေကြားသည်။

ထို့ကြောင့် နို့ဆီအဖြစ် ကြော်ငြာရောင်းချနေသော အမှတ်တံဆိပ်မျိုးစုံမှာ နို့မှ ထုတ်လုပ်ထားခြင်း မဟုတ်၍ နို့ဆီဟု မခေါ်သင့်ကြောင်း နို့စားနွားမွေးမြူသူများနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရောင်းချသူများအသင်း ဥက္ကဋ္ဌဒေါက်တာခင်လှိုင်ကပြောသည်။

နွားနို့ဆိုသည်မှာရေ၈၇ ဒသမ ၂ရာခိုင်နှုန်းနှင့် အဆီ၊ သကြား၊ အသားနှင့် ဆားဓာတ် များပါဝင်သည်။ ရေကိုဖယ်ထုတ် ပြီး ပမာဏအားလုံး၏ ၂၅ ရာခိုင်နှုန်းသာ ကျန်ရှိအောင် ပြုလုပ်ရယူထားမှသာ နို့ထွက်ပစ္စည်း(နို့ဆီ)ဟု ခေါ်ဆိုသင့်ကြောင်း ၎င်းကပြောသည်။



"နို့ဆီလို့ ပြည်သူတွေက ထင်ပေမယ့် အဲဒါတွေက ပြုပြင်ထားတဲ့ ထုတ်ကုန်တစ်မျိုးပဲ။ နို့ကထုတ်လုပ်ထားတာမဟုတ်လို့ နို့ထွက်ပစ္စည်း(နို့ဆီ)လို့ ကြော်ငြာရောင်းချနေတာကို သက်ဆိုင်ရာက တားဆီးပေးသင့်တယ်"ဟု ၎င်းကပြောသည်။

နို့ဆီ(Sweetened Condensed Milk)သည် ရောဂါဖြစ်စေသော အဏုဇီဝပိုးမွှားကင်းစင်ပြီး သတ်မှတ်ထားသော အဆီဓာတ် ပါဝင်သည့် သန့်ရှင်းလတ်ဆတ်သော နွားနို့မှ ရေဓာတ် ၆၀ရာခိုင်နှုန်းကို ဖယ်ထုတ်ပြီး သကြားဓာတ် ၄၀-၄၅ ရာခိုင်နှုန်းအထိ ထည့်ထားသော နို့ထွက်ပစ္စည်းဖြစ်ပါသည်။ နိုင်ငံတကာအစားအသောက်စံချိန်စံညွှန်းသတ်မှတ်သည့်ကော်မရှင် (Codex Commission)သည် နို့ဆီ (Sweetened Condensed Milk) တွင် နို့မှရရှိသော အဆီဓာတ် ၈ရာခိုင်နှုန်း၊ အစိုင်အခဲပါဝင်မှုအနည်းဆုံး ၂၈ ရာခိုင်နှုန်းနှင့် ပရိုတင်းဓာတ် ၃၄ ရာခိုင်နှုန်းပါရှိရမည်ဖြစ်ကြောင်း FDA က ဖက်စ်မှဖြေကြားသည်။

"နွားက ထုတ်တာ မဟုတ်ဘူး။ ပြည်ပက သွင်းလာတဲ့ နို့မှုန့်တွေကို ပြန်ပြုပြင်ပြီး တခြားအရာတွေနဲ့ ပေါင်းလိုက်တော့ နို့ကို အဆီပြန်ချက်လိုက်လို့နို့ဆီလို့ပဲ ခေါ်တာပေါ့"ဟုပြည်တွင်းတွင် နို့ဆီထုတ်လုပ်ရောင်းချနေသော လုပ်ငန်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ကြောင့် ၎င်းတို့ ထုတ်ကုန်တွင် သကြား၊ ရေ၊ နို့မှုန့်နှင့် စားအုန်းဆီများပါဝင်သောကြောင့် Sweetened Beverage Creamer ဟူ၍ခေါ်ဆိုကြောင်း ၎င်းကပြောသည်။

"ပဲဆီ၊ နှမ်းဆီစားပြီး လက်ဖက်ရည်ရှယ်သောက်လိုက်တာနဲ့ ဒါစားအုန်းဆီတွေကို မော့ချလိုက်တာပဲ" ဟု ဒေါက်တာခင်လှိုင်က ပြောသည်။

ထို့ကြောင့် နို့စားနွားမွေးမြူသူများနှင့် နို့ထုတ်လုပ်သူများအား ကာကွယ်ပေးရန် နို့ဆီဥပဒေနှင့် ကန့်သတ်ပေးရမည်ဖြစ်ကြောင်း ငွေစင်ပုလဲနို့စားနွားမွေးမြူရေး ခြံပိုင်ရှင်ဦးတင်ဝင်းကလည်း ပြောသည်။

မြန်မာနိုင်ငံအတွင်း ရောင်းချနေသော နို့ဆီများမှာ အဆီမပါနို့မှုန့်နှင့် ဟင်းရွက်ဆီအစားထိုး ထုတ်လုပ်ထားသောကြောင့် နို့အဖြစ် ဖျော်၍ သောက်သုံးရန်မဟုတ်ဘဲ လက်ဖက်ရည်ကော်ဖီဖျော်ရာတွင်သာ အသုံးပြုသင့်ကြောင်း FDA မှညွှန်ကြားမှူး ဒေါက်တာကျော်လင်းက ပြောကြားသည်။ နိုင်ငံတကာမှ ပညာရှင်များလည်း နွားနို့တွင် ပါဝင်သော အဆီဓာတ်နှင့် ကိုလက်စထရောဓာတ်များမှာ လေဖြတ်ခြင်းနှင့် အခြားသေစေသည့်ရောဂါများအန္တရာယ်မှကာကွယ်ပြီး နှလုံးရောဂါဖြစ်ပွားရန် အလားအလာမရှိကြောင်း ပြောကြားသည်။

## ပုဂ္ဂလိက ဆေးရုံအချို့တွင် လူနာအား ပစ်မှတ်ထားသော ခါးပိုက်နှိုက်များ ကျက်စား

**သားငယ်**

ရန်ကုန်၊ ဇူလိုင်- ၇

ရန်ကုန်မြို့တွင်းရှိပုဂ္ဂလိက အထူး ကုဆေးရုံအချို့တွင် ဆေးကုလာသူများထံမှ ခါးပိုက်နှိုက်သူများရှိနေပြီး ယင်းတို့ကို ဖမ်းဆီးရမိရေးအတွက် ဓာတ်ပုံနှင့် ကြေညာချက်များထုတ်ပြန်ထားကြောင်းစုံစမ်း သိရသည်။

ယင်းသို့ခါးပိုက်နှိုက်ကျူးလွန်မှုများတွင် အမျိုးသမီးများ ပါဝင်နေပြီး စမ်းချောင်းမြို့နယ်ရှိ ဆေးရုံတွင်မူ လုံခြုံရေးကင်မရာ CCTV မှ ရိုက်ကူးရရှိထားသည့် အမျိုးသမီးခါးပိုက်နှိုက်တစ်ဦး၏ဓာတ်ပုံများကို ကြေညာထားသည်ကိုတွေ့ရှိရကြောင်း ဇူလိုင်လဆန်းတွင် ဆေးရုံသွားရောက်ခဲ့သူတစ်ဦးကပြန်လည်ပြောသည်။

အချို့သော ခါးပိုက်နှိုက်များမှာ သာမန်ဆေးရုံလာရောက်ပြသသည့် လူနာနှင့် လူနာရှင်များကဲ့သို့ ဝင်ရောက်လာပြီး ရယူသွားကြခြင်းဖြစ်ကြောင်း သတင်းရရှိ သည်။

"ကျွန်မတို့သွားတဲ့ဆေးရုံမှာဆို အဲဒီအမျိုးသမီးပိုက်ဆံအိတ်ကိုင်ပြီး ထွက်သွားတဲ့ပုံတွေ၊ ဝင်လာတဲ့ပုံတွေ၊ လူနာတွေနား လျှောက်ကြည့်နေတဲ့ပုံတွေကို ထုတ်ပြီးကပ်ထားတယ်။ သတိထားဖို့ကြေညာထားတယ်။ မမိသေးတော့တခြားဆေးရုံတွေသွားရင်လည်း ဒါမျိုးက သတိထားရမှာ ပေါ့"ဟု လူနာရှင်အမျိုးသမီးတစ်ဦးကပြောသည်။

လူဝင်လူထွက်များသည့် ဆေးရုံများတွင် လုံခြုံရေးနှင့် ပတ်သက်၍ CCTV ကင်မရာနှင့် လုံခြုံရေးဝန်ထမ်းများထားရှိသော်လည်း တစ်ဦးချင်းစီစစ်ရန် ခက်ခဲသည့်အတွက် ခါးပိုက်နှိုက်များ အခွင့်အရေးရနေခြင်းဖြစ်ကြောင်း ပုဂ္ဂလိကဆေးခန်းများတွင် အချိန်ပိုင်းတာဝန်ထမ်းဆောင်သည့် သူနာပြုတစ်ဦးကလည်းပြောသည်။

## မော်လမြိုင်ကျွန်းမြို့ရှိ ဗလီမီးလောင်

**သိမ့်သိမ့်စိုး၊ အိဖြူလွင်**

ရန်ကုန်၊

ဇူလိုင် – ၉

မော်လမြိုင်ကျွန်းမြို့တွင် တစ်ခုတည်းရှိသော အစ္စလာမ်ဘာသာဝင်များ ဝတ်ပြုရာ ကိုးခန်းတွဲဗလီ တန်းလျားတစ်ခုလုံး ဇူလိုင်လ ၈ ရက် ညက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနမှသိရသည်။

မော်လမြိုင်ကျွန်းမြို့ ၅ ရပ်ကွက်၊ ဗန္ဓုလ ၁၃ လမ်းရှိယင်း ဗလီကိုးခန်းတွဲအတွင်း နေထိုင်သူ ဦးချစ်စိန်၏နေအိမ်ရှိမီးအားမြှင့်စက်အပူလွန်ကဲရာမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်ဟု မီးသတ်ဌာနတာဝန်ရှိသူတစ်ဦးက ပြောသည်။

မီးလောင်မှုကြောင့် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းကိုးခန်းတွဲ အဆောက်အအုံတစ်ခုလုံး မီးလောင်၍ ဆုံးရှုံးမှုတန်ဖိုး ကျပ် ၃၆ သိန်းဖိုးရှိခဲ့ကြောင်းသိရသည်။

ယင်းမီးမှာ ဇူလိုင်လ ၈ ရက် ည ၈နာရီ ၃၅ မိနစ်အချိန်ခန့်က စတင်လောင်ကျွမ်းပြီးမီးလောင်ရာသို့ မီးသတ်ယာဉ်သုံးစီး၊ မီးသတ်တပ်ဖွဲ့ဝင်ခုနစ်ဦးနှင့် အရန် ၇၁ဦး သွားရောက်ငြိမ်းသတ်ခဲ့ပြီး ည ၁၀ နာရီ၁၅မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် အိမ်ထောင်စုလေးစုမှ ကျား၁၄ဦးနှင့်မ ၁၄ ဦး စုစုပေါင်း ၂၈ ဦး မီးဘေးဒုက္ခနှင့် ကြုံတွေ့ခဲ့ရပြီး ယင်း မီးလောင်မှုကို ပ-၆၆/ ၂၀၁၁ ပုဒ်မ-၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

## ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပွဲစားခန့်အပ်သည့် ပုံစံပြောင်းလဲ

**သိမ့်သိမ့်စိုး**

ရန်ကုန်၊

ဇူလိုင် – ၆

ဘုရင့်နောင် ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ပွဲစားခန့်အပ်မှုကို ရာသက်ပန်စနစ်ဖြင့် ကျင့်သုံးလာရာမှ ဇူလိုင် ၁ ရက်မှစ၍ သုံးလခန့်စနစ်သို့ ပြောင်းလဲလိုက်ပြီဖြစ်ကြောင်း အဆိုပါ ကုန်စည်ဒိုင် မှ ဦးမြတ်စိုးကပြောသည်။

ထို့အပြင် ယခင်က ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ပွဲစား ငါးဦးသာ ထားရှိခဲ့ပြီး ယခုနောက်ထပ် လေးဦးထပ်မံ ခန့်အပ်လိုက်သောကြောင့် လက်ရှိကုန်စည်ဒိုင်၌ပွဲစားကိုးဦးခန့်အပ်ထားကြောင်း သိရသည်။

"သုံးလခန့်စနစ်က ပွဲစားကိုးဦးသတ်မှတ်လိုက်တာပါ။ အဓိကကတော့ ပွဲစားတွေရဲ့ လုပ်ရည်ကိုင်ရည် တိုးတက်အောင် သတ်မှတ်ပေးလိုက်တဲ့သဘောပဲ။ ပွဲစားထပ်တိုးတာက လိုအပ်ချက်ထက် လုပ်ချင်တဲ့သူများနေလို့ ထပ်တိုးလိုက်တဲ့သဘောပါ" ဟု ဦးမြတ်စိုးကပြောသည်။

ကုန်စည်ဒိုင်တွင် ပွဲစားအဖြစ်လုပ်ကိုင်ရန်အတွက် ငွေကြေးထပ်မံပေးရန် မလိုဘဲ အသင်းဝင်အဖြစ် ၁၃၁,၅၀၀ ကျပ်ဖြင့် အသင်းဝင်ထားသူများထဲမှ ပွဲစားလုပ်လိုသူများကို ရွေးချယ်ခန့်အပ်ခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ ပွဲစားများကို လစာဖြင့် ခန့်အပ်ခြင်းမဟုတ်ဘဲ ၎င်းတို့၏ လုပ်ရည်ကိုင်ရည်အလိုက် အရောင်းအဝယ်ဖြစ်အောင် လုပ်ပေးသည့်ပေါ် မူတည်၍ အကျိုးခံစားခွင့်ရရှိခြင်းဖြစ်သည်။

လက်ရှိ ခန့်အပ်ထားသော ပွဲစားကိုးဦးမှာ လာမည့် စက်တင်ဘာလ ၃၀ရက်တွင် သက်တမ်းပြည့်မည်ဖြစ်ပြီး ၎င်းတို့၏ လုပ်ဆောင်ချက်ပေါ် မူတည်၍ ဆက်လက်ခန့်အပ်ရန် သင့်၊ မသင့်ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

## ဆန်အထူးပြုကုမ္ပဏီများ လယ်ယာမြေများအား အတင်းအဓမ္မသိမ်းယူပါက တိုင်ကြားရန် ဦးချစ်ခိုင်ပြောကြား

စိုင်းသာအောင်

ဧလွန်၊ ဇူလိုင် – ၉


အထူးပြုကုမ္ပဏီများက လယ်သမားများ၏စိုက်ကေများကို အတင်းအဓမ္မသိမ်းယူခြင်းရှိပါက သက်ဆိုင်ရာဒေသကြီး၊ပြည်နယ်ဝန်ကြီးချုပ်များနှင့်မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းသို့ လိပ်မူ၍ တိုင်ကြားနိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြောကြားသည်။

ဧလွန်ရောကုမ္ပဏီလီမိတက်၏ ဇူလိုင် ၈ရက်က ဧလွန်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သော ဧလွန်ရောအထူးပြုကုမ္ပဏီလီမိတက်၏ စိုက်ပျိုးရေးစရိတ်နှင့် သွင်းအားစုများပေးအပ်ပွဲအခမ်းအနားတွင် ဦးချစ်ခိုင်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး၌ အထူးပြုကုမ္ပဏီလိမိတက်များက တောင်သူလယ်သမားများ၏စိုက်ကေများကို အတင်းအဓမ္မသိမ်းယူခြင်းများ ရှိနေကြောင်း ထွက်ပေါ်လာသော ကောလာဟလသတင်းများနှင့်ပတ်သက်၍ သတင်းထောက်တစ်ဦး၏ မေးမြန်းမှုကိုတရားဝင်ဖြေကြားခဲ့ခြင်းဖြစ်သည်။

၎င်းကဆက်လက်၍မြန်မာနိုင်ငံတစ်ဝန်းလုံး၌မည်သည့်ဒေသမဆို တောင်သူလယ်သမားများ၏ စိုက်ကေများကို လူပုဂ္ဂိုလ်(သို့) လူတစ်စု အထူးပြုကုမ္ပဏီများက သိမ်းယူမှုများရှိပါက လယ်သမားများဘက်မှ ရပ်တည်၍ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းက ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

# မလေးရှားတွင် တရားမဝင်လုပ်သားများ၏ မှတ်ပုံတင် စရိတ်ကြီး



မလေးရှားနိုင်ငံတွင် လုပ်ငန်းခွင်ဝင်နေသော ပြည်ပအလုပ်သမားတစ်ဦးကို ဇူလိုင်လဆန်းပိုင်းက တွေ့ရစဉ် ဓာတ်ပုံ - Daylife

အောင်သူရ

ရန်ကုန်၊ ဇူလိုင် – ၉

မလေးရှားနိုင်ငံအစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်အစီအစဉ်က သတ်မှတ်ထားသော တရားမဝင်လုပ်သားတစ်ဦး၏ မှတ်ပုံတင်ကြေးမှာ အနိမ့်ဆုံး ရင်းဂစ် ၂,၅၀၀ (ကျပ်ခုနစ်သိန်းခန့်)ဖြစ်ကြောင်း သတင်းရရှိသည်။

မလေးရှားအစိုးရက သတ်မှတ်ထားသော ဈေးနှုန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရင်း ဂစ် ၂,၅၀၀ မှ ၂,၇၀၀၊ ဝန်ဆောင်မှုလုပ်ငန်းအတွက်ရင်းဂစ်၄,၂၀၀၊စက်ရုံနှင့်ဆောက်လုပ်ရေးလုပ်ငန်းတို့အတွက် ရင်းဂစ်၃,၄၀၀ ဖြစ်ကြောင်းပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများကပြောသည်။ အဆိုပါ သတ်မှတ်ထားသောနှုန်းထားမှာ မလေးရှားအစိုးရတစ်ခုတည်းသို့ ပေးချေရမည့်နှုန်းထားဖြစ်သည်။ မြန်မာသံရုံးတွင် ပြုလုပ်ရမည့် လုပ်ငန်းဆောင်တာ များအတွက် ကုန်ကျစရိတ်မပါဝင်သေးကြောင်း အေဂျင်စီများက ဆိုသည်။

“ဒီနှုန်းထားနဲ့ဆို ထွက်မလုပ်မယ့်သူနဲ့ ပြန်လာမယ့်သူပဲများလိမ့်မယ်ထင်တယ်”ဟု မလေးရှား နိုင်ငံသို့ အလုပ်သမားစေလွှတ်နေသူ အေဂျင်စီမှ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးက ဆိုသည်။

မြန်မာလုပ်သားအများစုမှာ စက်ရုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်သာ လုပ်ကိုင်ကြသဖြင့် ကုန်ကျစရိတ်မှာ ကျပ် ၁၀ သိန်းဝန်းကျင်ကုန်ကျနိုင်သဖြင့်ပြန်လာပြီးပြန်ထွက်ပါကလည်း ထိုပမာဏသာ ကုန်ကျမည်ဖြစ်သည်။

မလေးရှားနိုင်ငံအစိုးရသည် လွတ်ငြိမ်းချမ်းသာခွင့်အစီအစဉ်အား ဇူလိုင်လ ၁၁ ရက်တွင် စီစဉ်ထားသော်လည်း ၁၈ ရက်သို့ပြောင်းလဲလိုက်ကြောင်း နိုင်ငံတကာသတင်းများအရသိရသည်။



7 DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

## ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၃ ရက်မှ ၁၉ ရက်အထိ
## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော်မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်ပေါ်နိုင်ခြေမရှိပါ။

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

တနင်္သာရီကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်းအသင့်အတင့်(၅ပေမှ၇ပေခန့်)နဲ့ ကျန်မြန်မာ့ပင်လယ်ပြင်မှာလှိုင်းအနည်းငယ်(၃ပေမှ၄ပေခန့်)ရှိနိုင်ပါတယ်။ လေတိုက်နှုန်း တစ်နာရီ ၂၅-၃၀ မိုင်ခန့်ရှိနိုင်ပါတယ်။

**မုတ်သုံလေအခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနဲ့ ကပ္ပလီပင်လယ်ပြင်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနိုင်ပြီး ကျန်ဒေသတွေမှာ အားအနည်းငယ်သာရှိနိုင်ပါတယ်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်နဲ့ မွန်-တနင်္သာရီကမ်းရိုးတန်းဒေသများနှင့် မြောက်ပိုင်းဒေသများမှာ မိုးအသင့်အတင့်ရွာနိုင်ပြီး ကျန်ဒေသတွေမှာ မိုးလျော့နည်းနေနိုင်ပါတယ်။ မြေလတ်ပိုင်းနဲ့မြစ်ဝကျွန်းပေါ်ဒေသတွေမှာ မွန်းလွဲညနေပိုင်းတွေမှာ မိုးတိမ်တောင်တွေဖြစ်ထွန်းနိုင်ပြီး၊ မိုးထစ်ချုန်းရွာသွန်းနိုင်ပါတယ်။ မိုးရွာသွန်းမှုအနေနဲ့ကတော့ တနင်္သာရီတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်မှာ ၅ ရက်ခန့်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းဒေသကြီးတွေမှာ ၄ရက်ခန့်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ချင်းပြည်နယ်တွေမှာ (၃)ရက်ခန့်၊ အလယ်ပိုင်းဒေသမှာ ၁ရက်ခန့်၊ ကျန်ဒေသများမှာ ၂ ရက်ခန့်မိုးရွာသွန်းနိုင်ပါတယ်။

**နေ့အပူချိန်များ**

နေ့အပူချိန်များအနေနဲ့ကတော့ တစ်ပြည်လုံးမှာနေ့အပူချိန်များတိုးလာနိုင်ပါတယ်။ အထူးသဖြင့် စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတွေမှာ နေ့အပူချိန်များအသင့်အတင့်တိုးလာနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများရှိ ငဝန်မြစ်၊ ပဲခူးမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်တွေမှာမြစ်ရေများဟာ အမြင့်ပိုင်းမှာ ဆက်လက်ရှိနေပြီး ကျန်မြစ်များမှာတော့ စိုးရိမ်ရေအမှတ်များကိုရောက်ရှိနိုင်ဖွယ်ရာမရှိပါ။

**တောင်တရုတ်ပင်လယ်အခြေအနေ**

မုန်တိုင်းဖြစ်နိုင်ခြေရှိသော်လည်း မြန်မာနိုင်ငံသို့ အကျိုးသက်ရောက်နိုင်ခြင်းမရှိပါ။

- MCCW

# ကုန်တင်ယာဉ်များ တန်ပိုတင်၊ မတင် ပြန်လည်စစ်ဆေး

**မေဝင်းမွန်၊ သိမ့်သိမ့်စိုး၊ အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် -၁၁**

ကုန်တင်ယာဉ်များအား တန်ပိုတင်ဆောင်ခြင်း ရှိ၊ မရှိကို ဂိတ်များမှတစ်ဆင့် စစ်ဆေးမှုများ ပြုလုပ်နေကြပြီဖြစ်ကြောင်း သတင်းရရှိသည်။

"လောလောဆယ်တော့ တာဝန်ရှိတဲ့သူတွေက ဂိတ်တွေအနေနဲ့ ဆင်းပြီးစစ်တာလုံးဝ မရှိသေးဘူး။ ဘီအိုတီနဲ့ ငှားထားတဲ့ လမ်းပိုင်းကဂိတ်တွေက တန်ပိုမတင်ဖို့ပြောတယ်။ ပိုတင်ရင် လက်မှတ်ထိုးခိုင်းတာ၊ ဓာတ်ပုံရိုက်ခိုင်းတာတွေပဲ ရှိတယ်။ တရားဝင် အရေးမယူတော့ဘူး" ဟု အဝေးပြေးကုန်စည်ပို့ဆောင်ရေးအသင်းမှ အမှုဆောင်တစ်ဦးဖြစ်သော ကားဂိတ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

"လဆန်းရက်ကစပြီး နေပြည်တော်ရယ်၊ရမည်းသင်း ဂိတ်တွေရယ်မှာ စစ်ဆေးနေတာပါ" ဟု ရှမ်းပြည်နယ်မှ ကုန်တင်ကားပိုင်ရှင်တစ်ဦးကပြောသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတွင်းရှိ ကားဂိတ်များမှလည်း စစ်ဆေးမှုများပြုလုပ်နေကြောင်း သတင်းရရှိသည်။

ကုန်စည်သယ်ယူပို့ဆောင်ရာတွင် လက်ရှိသတ်မှတ်ထားသော အာဆီယံစံနှုန်းနှင့်အညီ ကုန်တင်ဆောင်ရန် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ ဇွန်လကုန်ပိုင်းနှင့် ဇူလိုင် ၅ ရက်တွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနရုံး၌ အစည်းအဝေး ပြုလုပ်ခဲ့သည်။

ရန်ကုန်မြို့တွင်လည်း အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များ အသင်းက အသင်းဝင်များကို သတ်မှတ်စံနှုန်းများအတိုင်း ကုန်တင်ရန် အစည်းအဝေးခေါ် အသိပေးခဲ့သည်။ "အဓိက ကတော့ အာဆီယံသတ်မှတ်ချက် မပယ်ဖျက်ဘူးဆိုတာရယ်၊ အခုသတ်မှတ်ထားတဲ့နှုန်းထက် ပိုမတင်ဖို့ရယ် သတိပေးတဲ့ သဘောပါ"ဟု အစည်းအဝေးတက်ရောက်ခဲ့သော အဆိုပါအသင်းမှ အမှုဆောင်တစ်ဦးက ပြောသည်။ ထိုအစည်းအဝေးများအပြီး ကုန်တင်ယာဉ်များကို လမ်းတစ်လျှောက်ရှိဂိတ်များက တန်ပိုတင်ဆောင်ခြင်း ရှိ၊ မရှိ စစ်ဆေးလာခြင်းဖြစ်သည်။


မန္တလေးမြို့တစ်နေရာ ကုန်စည်သယ်ဆောင်လာသော ခြောက်ဘီးယာဉ်တစ်စီးအား တွေ့ရစဉ်
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အာဆီယံသတ်မှတ်ချက်မှာ ၆ ဘီးတစ်စီးလျှင် ၁၆ တန်၊ ၁၀ ဘီးကားမှာ ၂၁ တန်နှင့် ၁၂ ဘီးမှာ ၂၅ တန်သတ်မှတ်ထားသော်လည်း တန်ဆာခများ လျော့ကျရန် ၂၀၁၁ ဧပြီလမှစ၍ ၆ ဘီး တစ်စီးလျှင် ၁၈ တန်၊ ၁၀ ဘီးကားမှာ ၂၅ တန်နှင့် ၁၂ ဘီးကားမှာ တန် ၃၀ ထိ တင်ဆောင်ခွင့်ပြုထားသည်။

သို့သော် လတ်တလောတွင် လမ်းကြောင်းအချို့၌ ကားသမားများမှာ ၎င်းသတ်မှတ်ချက်ထက် ပိုတင်ဆောင်နေကြောင်း ကားဂိတ်လုပ်ငန်းရှင်များကပြောသည်။

ကားဂိတ်များအနေဖြင့်လည်း ယခင်ကဲ့သို့တန်များစွာ ပိုတင်ခြင်းမပြုတော့သော်လည်း လက်ရှိသတ်မှတ်ထားသော တန်များထက် ၃-၄ တန်ထိ ပိုတင်ဆောင်မှုများရှိနေသေးကြောင်း သိရသည်။

ယခုကဲ့သို့ တန်သတ်မှတ်ချက်ဖြင့် တင်ဆောင်ရန်ပြန်လည်ကြပ်မတ်ခြင်းကြောင်း လမ်းကြောင်းအချို့၌ တန်ဆာခများမှာ တစ်ပိဿာပေါ်တွင် ၂၀-၃၀ ကျပ်ဝန်းကျင်မြင့်တက်သွားသော်လည်းကုန်ရှားသောလမ်းကြောင်းအချို့၌ တန်ဆာခများ ဆက်လက်ကျဆင်းနေကြောင်း ကားဂိတ်လုပ်ငန်းရှင်နှင့် ကားပိုင်ရှင်များက ပြောသည်။

"အခု လတ်တလောကတော့ ဘယ်သူကိုမှ အရေးယူတာ မတွေ့ရသေးဘူး။ လက်မှတ်ထိုးတဲ့အဆင့်ပဲရှိတယ်။ နောက်ဆိုရင်တော့ အရေးယူလာနိုင်တယ်။ အရေးယူရင် တန်ဆာခတွေလည်း တက်လာနိုင်တယ်" ဟု ကားဂိတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကုန်တင်ယာဉ်ကြီးများ အာဆီယံစံနှုန်းနှင့်အညီ သွားလာနိုင်ရေးအတွက် နေပြည်တော်၌ ပြုလုပ်သော အစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကုန်စည်ပို့ဆောင်ရေးအသင်း အဖွဲ့၊ ကုန်တင်ယာဉ်ကြီးများ အသင်းအဖွဲ့တို့ပါဝင်ကြောင်း သိရသည်။

"လက်ရှိမှာ ဆန်ဈေးမတက်ပါဘူး။ အောက်ခြေမှာ မတက်ပါဘူး။ မြို့တွေမှာ တက်လာနိုင်တဲ့ အလားအလာရှိပါတယ်။ အခုအခါမှာ အာဆီယံစံနှုန်းနဲ့ လမ်းတံတားခတွေ ပြန်လည်ကောက်ခံလာတဲ့အတွက်ကြောင့်ပါ" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းမှ တာဝန်ရှိသူက ဇူလိုင်လဆန်းပိုင်းတွင် ပြောကြားခဲ့သည်။

## စာ-၃၊ ရန်ကုန်မြို့ရှိ ဒေးကလပ်များ ပိတ်ထား မှ

လာခဲ့ပါလားလို့ ခေါ်တယ်။ သမီးတို့က အဲဒါမျိုးတွေ မသွားဘူးလို့ ပြောတော့ မသွားရင်လည်း သူငယ်ချင်းတွေကို ပြန်ပြောပေးပါလို့ ပြောသွားတယ်။ တက္ကသိုလ်ကိုလာတဲ့သူတွေက ကျောင်းသားဝတ်စုံတွေနဲ့ပဲ။ တကယ်ကျောင်းသားဟုတ်၊ မဟုတ်တော့ မသိဘူး" ဟု ရန်ကုန်ရှိ နည်းပညာတက္ကသိုလ်တစ်ခုတွင် တက်ရောက်နေသော ကျောင်းသူတစ်ဦးက ပြောသည်။

ထိုကဲ့သို့ ဒေးကလပ်များက ကျောင်းအထိ လာရောက်ကာ ဈေးကွက်ရှာဖွေနေခြင်းကြောင့် ကျောင်းသားမိဘအချို့မှာလည်း စိတ်ပူပန်နေသည်။ "ဒါက ကျောင်းသားတွေကိုပစ်မှတ်ထားတဲ့သဘောပဲ။ သူတို့က ကျောင်းသူ၊ ကျောင်းသားတွေလာလို့ရအောင် နေ့ဘက်မှာပဲပါတီဆိုပြီးတော့လုပ်ကြတာ။ ကိုယ့်သားသမီးတွေကလည်း ခပ်ငယ်ငယ်၊ စဉ်းစားဆင်ခြင်သုံးသပ်နိုင်စွမ်းသိပ်မရှိဘဲ သူငယ်ချင်းတွေနဲ့ အဖော်ကောင်းလို့ရောက်သွားမှာမျိုးကိုစိတ်ပူတယ်။ တချို့မိဘတွေဆိုရင် ကိုယ့်သားသမီးက ကျောင်းသွားတယ်၊ ကျူရှင်သွားတယ်ပဲထင်ပြီး ကလပ်သွားနေရင်လည်း သိမှာမဟုတ်ဘူး။ ကျောင်းတွေမှာဒီလိုဖြစ်လာတာကိုကျောင်းသားမိဘတွေနဲ့ သက်ဆိုင်ရာလူကြီးတွေသိစေချင်တယ်" ဟု တက္ကသိုလ်ကျောင်းသားမိဘ တစ်ဦးက သူ၏အမြင်ကိုပြောသည်။

"ကလပ်ကြော်ငြာတွေမှာ နာမည်ကြီးအဆိုတော် ဘယ်သူတွေပါတယ်၊ ဒီဂျေတွေပါတယ်ဆိုပြီး ကြော်ငြာတော့ ကိုယ့်သားသမီးတွေက ခပ်ငယ်ငယ်၊ မင်းသား၊ မင်းသမီးတွေ၊ အဆိုတော်တွေလာမယ်ဆိုပြီး ရောက်သွားနိုင်တယ်"ဟု အထက်ပါကျောင်းသားမိဘကဆက်လက်ပြောသည်။

ဇူလိုင် ၉ ရက်နေ့တွင် ကျင်းပမည်ဆိုသော ဒေးကလပ်တစ်ခုက အကြိုလက်မှတ်ဝယ်လျှင် တစ်ဦးလျှင် ကျပ် ၄,၀၀၀၊ ကလပ်ရောက်မှဝယ်လျှင် ဝင်ကြေး ကျပ် ၅,၀၀၀၊ လက်မှတ်ဝယ်သူငါးဦးရှိလျှင် တစ်ဦး အခမဲ့ရမည်ဟုကြေညာခဲ့သည်ကို တွေ့ရသည်။ သို့သော် အဆိုပါ ပါတီပွဲအမည်ခံ ဒေးကလပ်မှာ ကလပ်များပိတ်ထားသည့်နည်းတူ ဇူလိုင် ၉ ရက်တွင် မကျင်းပဖြစ်တော့ကြောင်းလည်း သတင်းရရှိသည်။

ထိုသို့ ဒေးကလပ်များ ယခုရက်ပိုင်းအတွင်းပိတ်ထားကြခြင်းမှာ သက်ဆိုင်ရာက ကလပ်များကို ပါ အရေးယူတော့မည်ဟု သတင်းများ ထွက်ပေါ်လာခြင်းကြောင့် ဖြစ်သည်။

ရန်ကုန်မြို့ရှိ နိုက်ကလပ်များကို သက်ဆိုင်ရာက အရေးယူရန် စီစဉ်နေသည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးတစ်ဦးကလည်း ဇွန်လကုန်ပိုင်းက ပြည်တွင်းမီဒီယာများသို့ ပြောကြားခဲ့သည်။ သို့သော် နိုက်ကလပ်အများစုမှာ ဇူလိုင်လဒုတိယပတ်ထိ ပုံမှန်အတိုင်း ဖွင့်လှစ်နေသေးကြောင်း ကလပ်သွားသည့် ဧည့်သည်များကိုလိုက်ပို့ပေးလေ့ရှိသည့် တက္ကစီယာဉ်မောင်းများကပြောသည်။

Life
7 DAY NEWS JOURNAL
Vol.10, No.17 · JULY 14, 2011



## ကဗျာဆန်တဲ့ ကဗျာပန်းချီ

ဥက္ကာကိုကို

စာ(၁၁)

# မျှော်လင့်ချက်ရောင်ခြည်



ခင်ပြုံး(မြန်မာစာ)


အငြိမ်းစားဝန်ထမ်း ပင်စင်စားတို့ကို တစ်လုံးတစ်ခဲတည်း ငွေ ထုတ်ပေးမည်ဟုကြားနေသည်မှာတော့ မကြာခဏပင်ဖြစ်ပါသည်။ ကြားပါများပြီး ဘာမှ ဖြစ်မလာတော့ မယုံချင်၊ ကောလာဟလဟူ၍သာ သဘောထားလိုက်ပါသည်။ ပင်စင်သွားထုတ်ရန် ကားငှားစီးတိုင်း ကားဆရာက "အန်တီတို့ ပင်စင်စားတွေ ငွေတစ်လုံး တစ်ခဲတည်းရတော့မှာနော်"ဟူ၍ ပြောလေ့ရှိပါသည်။ ကျွန်မကလည်း အဲဒီလိုကြားတာကြာပြီပေါ့၊ လက်ထဲရောက်မှပဲ ယုံကြည်တော့မယ်ဟုပြန်ပြောမိပါသည်။ ဟော၊ ခုတော့ တကယ်ဖြစ်လာပြီ။ မယုံကြည်၍မရတော့ပြီ။ ပင်စင် စာအုပ်နှစ်အုပ်ပိုင်ရှင်ဖြစ်သော ကျွန်မသည် မြို့နယ်ပညာရေးမှူးရုံးသို့ ဖုန်းဆက်စုံစမ်းမေးမြန်းပြီး ပုံစံစာရွက်လျှောက်လွှာကိုတင်ပြီးပါပြီ။ ဒါမျိုးဆို အန်တီဆရာမတို့များ လျှင်သလားမမေးနှင့်။ မိမိက ဆရာကြီးလုပ်ပြီး အခြားသူများကို ပင် ရှင်းပြနေရပါသည်။

တကယ်တော့ သက်ဆိုင်ရာ လူကြီးများက ပင်စင်စားများကို တစ်လုံးတစ်ခဲတည်း ထုတ်မပေးဘဲ လစဉ်ထုတ်ယူရန် လစာငွေ တိုးမြှင့်ပေးခြင်းသည် မှန်ကန်သောဆုံးဖြတ်ချက်ဖြစ်ပါသည်။ နှိမ့်ပြီးပြောခြင်းမဟုတ်ပေ၊ ငွေများများစားစား တစ်လုံးတစ်ခဲတည်းသာ ပေးလိုက်လျှင် ချက်ချင်း လက်ငင်းပင် ပလုံကနဲပင် မမြည်နိုင်ဘဲ ကုန်သွားပါလိမ့်မည်။ အကြောင်းမဲ့ဆိုခြင်းမဟုတ်ပါ။ တစ်ချိန်တုန်းက ဒဂုံမြို့သစ်များ မြေကွက်များကို အိမ်ပိုင်မရှိသော ဝန်ထမ်းများအား ချထားပေးပြီး အိမ်ဆောက်လုပ်ရန် ချေးငွေများ ထုတ်ချေးပေးခဲ့ပါသည်။

ဘာပြောကောင်းမလဲ၊ ထိုအချိန်က လေဟာပြင်ဈေးကြီးကလည်း လိုချင်စရာပစ္စည်းများအစုံအလင်နှင့် အစည်ကားဆုံးဖြစ်နေပါသည်။ ချေးငွေရရှိသော ဝန်ထမ်းတို့မှာ ရှေ့ရေး၊ နောင်ရေး၊ ဘာအရေးမှ မစဉ်းစားဘဲ လေဟာပြင်ဈေးထဲမှာပစ္စည်းများကို တိုးဝှေ့ဝယ်နေကြသည်မှာ ပွဲတော်ကြီးတမျှ ကြိတ်ကြိတ်တိုး စည်ကားနေပါတော့သည်။ ဇနီးမယား၊ သမီးသား တို့အတွက်ပူဆာသမျှအကုန်ဝယ်၊ မိသားစု တစ်ခဏ အပျော်ကြီး ပျော်ခဲ့ကြပါသည်။ အမှန်တကယ် မိမိရရှိထားသော မြေကွက်တွင် အိမ်ဆောက်ကြရမည်ဟုဆိုသော အခါ လက်ထဲတွင် ငွေမရှိတော့ပေ။ အခြားရပ်ကွက်များအကြောင်းတော့မသိပေ။ ပညာရေးရပ်ကွက်ဖြစ်သော၄၂/၄၃တို့တွင် အိမ်ကိုအပြီးသတ်မဆောက်လုပ်နိုင်ကြဘဲ ဆောက်လက်စတန်းလန်းတို့သာ အများအပြားဖြစ်ကုန်ပါတော့သည်။ အမှန်တကယ်ဆောက်လုပ်ပြီးစီးသွားသည့် အိမ်ကြီးအိမ်ကောင်းများလည်း ရှိပါသည်။ သို့သော် အနည်းငယ်မျှသာဖြစ်ပါသည်။ ကျွန်မတို့၏ မိတ်ဆွေများကို ကျွန်မတို့၏ ဒဂုံမြို့သစ်ရှိ ဆောက်လက်စအိမ်သို့ အလည်အပတ်ခေါ်သွားရာ လမ်းတွင်ရောက်ပြီလားဟု မကြာခဏမေးကြပါသည်။ ကျွန်မက နေပါဦး၊ မရောက်သေးဘူး၊ အခုလမ်းမှာတွေ့ရတဲ့ အိမ်ကြီးအိမ်ကောင်းတွေကပညာရေးရပ်ကွက်မဟုတ်ဘူး။ အိမ်တွေ ကျိုးတိုးကျဲတဲနဲ့ မခိုင့်တခိုင် ယိုင်နေတဲ့အိမ်ကလေးတွေကို တွေ့ပြီဆိုရင် ပညာရေးဟူ၍သိလိုက်တော့ဟု ဖြေလိုက်ပါသည်။

တစ်ချိန်တုန်းက ဒဂုံမြို့သစ်ပေါ်ခါစ အခြေအနေကိုသာ ဆိုလိုခြင်းဖြစ်ပါသည်။ ယခုတော့ သီးပင်စားပင်များလည်းကြီးပြီဆိုတော့ စိမ်းလန်းဝေဆာပြီး စည်စည်ကားကားနှင့် မြေဈေး၊ အိမ်ဈေးတို့လည်း ကောင်းနေပါပြီ။ အငြိမ်းစားတို့အား ပင်စင်လစာငွေတိုးမြှင့်ပေးခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်ပါသည်။ မိမိ-တို့ တစ်သက်တာရမည့် ပိုက်ဆံ၊ လတိုင်း သုံးစွဲနိုင်သဖြင့် ယခင်ကထက် အဆပေါင်းများစွာ စားဝတ်နေရေးတွင် အဆင်ပြေလာနိုင်ပါသည်။ သမက်လုပ်စာ၊ ချွေးမလုပ်စာကို ကပ်စားနေရသည့် အိုမင်းမစွမ်း ပင်စင်စားကြီးများလည်း မိမိဝင်ငွေ တိုးမြှင့်လာပြီဖြစ်၍ ခေါင်းမော့ပြီး နေထိုင်နိုင်ကြပါစေ။ မိဘကျေးဇူးမသိတတ်သော၊ မလိမ္မာသောသားသမီးများနှင့် အတူနေရပြီး အိုဆင်းရဲ ဆင်းရဲနေကြသူများကိုမြင်ရတိုင်း အိုဇာတာမကောင်းကြပါလားဆိုပြီး စိတ်မကောင်းဖြစ်မိပါသည်။ မိမိတတ်စွမ်းသမျှလည်း ကူညီပါသည်။

ပင်စင်လစာ တိုးမြှင့်ပေးကြောင်း သတင်းကိုစတင်ကြေညာသည့် မြန်မာ့ရုပ်မြင်သံကြားညနေ ၆နာရီသတင်းကို စတင်ကြားပြီး အပေါင်းအသင်းများထံ ဖုန်းဆက်၍ ည၈နာရီသတင်းကို နားထောင်ကြရန် သတင်းပေးလိုက်ပါသည်။ သတင်းစာထဲတွင် သတင်းအပြည့်အစုံပါလာသောအခါ ပင်စင်လစာ၊ စာအုပ်နှင့် ယခင် ပင်စင်လစာခွင့်ပြုခဲ့သည့် အမိန့်စာများယူ၍ သက်ဆိုင်ရာရုံးဌာနများသို့ ကိုယ်တိုင်အမြန်ဆုံး ဆက်သွယ် သတင်းပို့ဆောင်ရွက်သွားကြရန်နှိုးဆော်ထားပါသည်။ သတင်းစာဖတ်ပြီး ရင်ထိတ်သွားပါသည်။ စာ(၁၁)သို့



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ဈေးဝယ်ထွက်မယ်


## ဖိနပ်လှလှဒီဇိုင်းစုံရှိတဲ့နေရာ

အိဖြူလွင်

လူလတ်ပိုင်းအမျိုးသမီးတွေနဲ့ ဆယ်ကျော်သက်မိန်းကလေးငယ်တွေအတွက် အဓိကရည်ရွယ်ပြီး ဖဝါးတော်နုနု သွေးခြေမဥစေဖို့နဲ့ အမြင်တင့်တယ်ဒီဇိုင်းဆန်းတဲ့ ဖိနပ်တွေရှိတဲ့နေရာကို ဈေးဝယ်ထွက်ကြည့်ကြရအောင်ပါ။

ဖိနပ်ပုံစံတွေက နေ့စဉ်နေ့တိုင်း ပေါ့ပေါ့ပါးပါးစီးချင်သူတွေအတွက် ဒီဇိုင်းဆန်းနဲ့ အပါးလေးတွေရှိသလို၊ အခုခေတ်စားနေတဲ့ ကြိုးသိုင်းပုံစံနောက်ဇစ်ပုံစံလေးတွေနဲ့အမျိုးစုံရှိနေတာပါ။

ခြေထောက်နာမှာ လုံးဝမစိုးရိမ်ရတဲ့ သားရေပျော့သားလေးတွေနဲ့ ရှူးဖိနပ်အပါးလေးတွေကလည်း အရောင်းစုံဒီဇိုင်းစုံရှိပြီး ကျောက်တွေ ပန်းပွင့်လေးတွေနဲ့ စီထားတဲ့ပုံစံလေးတွေလည်း ရှိပါတယ်။



ဖိနပ်အပါးဆိုလုံးဝမကြိုက်တဲ့ ဖိနပ်အမြင့်နဲ့မှ ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိတယ်ဆိုတဲ့ လူတွေအတွက်တော့ တစ်ပြေးတည်းခုံထူနဲ့ အမြင့်ဖိနပ်တွေရော ဒေါက်ချွန်ချွန်နဲ့ဖိနပ်တွေရော ပုံစံတွေက အမျိုးစုံရှိတာပါ။ စင်ကာပူနိုင်ငံက ထုတ်လုပ်တာကြောင့် အရည်အသွေးနဲ့ သက်သောင့်သက်သာရှိမှုကိုတော့ စိုးရိမ်စရာ လုံးဝမရှိပါဘူး။

ပုံစံတွေကလည်း အလန်းတွေနဲ့ သူများဆီမှာ မရှိတာကိုမှ စီးချင်သူတွေအတွက်စိတ်ကျေနပ်ရမှာသေချာပါတယ်။

ဖိနပ်တံဆိပ်တစ်မျိုးတည်းကိုပဲ စီးတတ်သူတွေအတွက် ဒီတံဆိပ်က ဒီဇိုင်းသစ်တွေကိုလည်း နှစ်လတစ်ခါ ထုတ်လုပ်တာကြောင့်ပုံစံဟောင်းကြီးတွေကို အကြာကြီးစီးနေရမှာလည်း စိတ်ပူစရာမလိုပါဘူး။

ဖိနပ်တွေရဲ့ ဈေးနှုန်းက အနိမ့်ဆုံး ကျပ်နှစ်သောင်းကျော်ကနေ အမြင့်ဆုံးခြောက်သောင်းထိရှိလို့ ဖိနပ်တစ်ရန်ကို ဈေးကောင်းကောင်းလေးပေးပြီး စီးချင်သူတွေအတွက်တော့ အဆင်ပြေမှာ သေချာပါတယ်။

Preety Fit ဆိုတဲ့အမည်နဲ့ ဖိနပ်တံဆိပ်ကိုသာ အမှတ်တရလေးထားပြီး စီးချင်သူတွေအတွက် လမ်းညွှန်ပေးချင်တဲ့ဆိုင်နေရာက တော်ဝင်စင်တာမြေညီထပ်မှာပဲဖြစ်ပါတယ်။



ဒီလိုလေး

## ချက်ကြရအောင်

ဝိုက်ဇီ

### ကြက်ကညွတ်ဟင်းလျာ



ဒီကဏ္ဍလေးကနေ ဝိုက်ဇီက မြန်မာဆန်ဆန်ဒေသအစားအစာတွေကိုပဲ ချက်ပြုတ်တင်ဆက်လေ့ရှိပေမယ့် ဒီတစ်ပတ်တော့ တရုတ်စတိုင်ဖြစ်ပေမယ့် မြန်မာဆန်ဆန် ချက်ပြုတ်ထားတဲ့ ဟင်းလျာလေးတစ်ခွက်နဲ့ မိတ်ဆက်ပေးပါရစေ။

ကြက်ကညွတ်ဟင်းလျာပဲဖြစ်ပါတယ်။ ကြက်ကညွတ်ဟင်းလျာဟာတရုတ်ပဲငံပြာရည်အရသာကိုလည်း အလေးပေးပြီးထည့်ထားတာဖြစ်လို့အရသာသုံးမျိုးပေါင်းစပ်ခံစားနိုင်မှာဖြစ်ပါတယ်။

ဒီဟင်းလျာချက်ဖို့ ကြက်သား(အသား)၁၀ကျပ်သား၊ တရုတ်ပဲငံပြာရည်(ယိုးဒယားမှဝင်သောပုလင်းနှင့်ပဲငံပြာရည်)ထမင်းစားဇွန်း၃ဇွန်း၊ စိမ်းပြီးနုနေတဲ့ ကညွတ်ဆယ်ချောင်းစည်းတစ်စည်းလောက်နဲ့ ကြက်သွန်နီ လေးလုံးလောက်ပဲ လိုပါတယ်။

ကြက်သားအသားလေးတွေကိုပဲ ခပ်ပါးပါးလှီးပြီး ဟင်းခတ်မှုန့် ဆား၊ နနွင်းတို့နဲ့နယ်ပြီးနှပ်ထားပါ။ ကညွတ်အချောင်းလေးတွေကိုတော့ ရေစင်အောင်ဆေးပြီး အရင်းပိုင်းကခပ်ရင့်ရင့်အပိုင်းတွေကို လှီးဖြတ်လိုက်ပါ။ ပြီးရင်တော့ အနေတော် သုံးပိုင်းပိုင်းပြီးကညွတ်ချောင်းလေးတွေကို ခပ်ဖွဖွလေး ခါးပြားရိုက်ရပါမယ်။ အချောင်းလေးတွေ ပုံမပျက်စေဖို့ အရေးကြီးပါတယ်။ နောက်ဆုံးပြင်ရမှာကတော့ ကြက်သွန်ဥနီပဲဖြစ်ပါတယ်။ ကြက်သွန်နီကို အလုံးလိုက်အကွင်းလေးတွေ ကွင်းပြီး လှီးထားရပါမယ်။

စချက်ပြီဆိုရင်တော့ ဆီအနည်းငယ်ထဲကိုကြက်သွန်နီကိုအရင်ထည့်ပြီး အကွင်းလိုက်လေးတွေ ထွက်သွားတဲ့အထိမွှေပေးပါ။ ပြီးရင် ကြက်သား ထည့်ပြီး ဆီနဲ့လုံးသွားအောင် မွှေပေးရပါမယ်။ ပြီးရင်တော့ ကြက်သားနူးသွားအောင် ရေနည်းနည်းထည့်ပြီးအုပ်ပေးပါ။ ရေခန်းသွားပြီး ဆီသံ ညံလာပြီဆိုရင်တော့ ခါးပြားရိုက်ထားတဲ့ ကညွတ်ကို မီးပြင်းပြင်းမှာထည့်ပြီးမွှေပေးပါ။ မီးအားကောင်းမှ ကညွတ်က အစိမ်းရောင်မပျက်ဘဲ နူးညံ့သွားမှာပါ။ အသီးအရွက်ကို ကျက်မှ၊ နူးမှ ကြိုက်တဲ့သူတွေကတော့ ရေလေးနည်းနည်း ဖျန်းပေးပြီး မွှေပေးရပါမယ်။ ကညွတ်ချောင်းလေးတွေ စိမ်းပြီး နူးလောက်ပြီဆိုရင်တော့ ပုလင်းထဲက တရုတ်ပဲငံပြာရည်ကို သုံးဇွန်းလောက်ခပ်ထည့်ပါ။ ပဲငံပြာရည်က အလေးဘက်သွားတာကြောင့်ခပ်ပေါ့ပေါ့စားချင်သူတွေ အရည်ကိုစစ်ပြီး ပဲအစေ့လေးတွေကိုပဲ ထည့်သင့်ပါတယ်။

စာ(၁၁)သို့

7 DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

# ဈေးနှင့်ကျောင်းများတွင် မသန်စွမ်းသူများအတွက် ဝင်ပေါက်များ စီစဉ်ပေးတော့မည်

အိဖြူမွန်၊ အိဖြူလွင်

ရန်ကုန်၊ ဇူလိုင် – ၂

ဈေးများ၊ ကျောင်းများနှင့် အများပြည်သူများသွားလာသောနေရာများတွင် မသန်စွမ်းများ သွားလာနိုင်ရေးအတွက် သီးသန့်ဝင်ပေါက်များကို သုံးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီး ဌာနမှ အကြီးတန်းတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

သုံးနှစ်စီမံကိန်းနှင့် ပတ်သက်၍ နေပြည်တော်တွင် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့်တရုတ်နိုင်ငံတို့မှ လူမှုဝန်ထမ်းဦးစီးဌာန ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့မဟုတ်သော အိုင်အင်န်ဂျီအိုများ တက်ရောက်ခဲ့ကြသည်။

"ကျွန်တော်တို့နိုင်ငံမှာ မသန်စွမ်းနဲ့ပတ်သက်ပြီး ဆောင်ရွက်နေတဲ့အကြောင်းတွေကို ဗဟုသုတယူတာပါ။ သုတေသနမလုပ်ရသေးတဲ့အတွက် အကြံမပေးနိုင်သေးဘူး။ မြန်မာနိုင်ငံမှာလည်း နဂိုကတည်းက မသန်စွမ်းနဲ့ ပတ်သက်တဲ့ ၁၉၅၉ အက်ဥပဒေရှိပြီးသားပါ" ဟု ကိုယ်တိုင်တက်ရောက်ခဲ့သူ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မသန်စွမ်း အိုင်အင်န်ဂျီအိုမှ ကိုယ်စားလှယ်တစ်ဦးကပြောသည်။









7Day News Journal
Vol.10, No.17 · JULY 14, 2011

## စာ-၉၊ မျှော်လင့်ချက်ရောင်ခြည် မှ

အဲဒါမှ ဒုက္ခပဲ၊ ထီပေါက်ပြီး ထီလက်မှတ်ပျောက်ကိန်းတော့ ကြုံနေပြီ။ ဆယ်လ တစ်ကြိမ် ပင်စင်ထုတ်နေ၍ ပင်စင်စာအုပ်တော့ရှိပြီ။

'ပင်စင်လစာခံစားခွင့်ပြုသည့်အမိန့်စာ'တဲ့။ အဲဒါကြီးက ဘယ်နားရောက်နေသည်မသိပါ။ ပင်စင်ယူတာကလည်း ၁၅ နှစ်ရှိပြီ။ အိမ်ကို ကန်ထရိုက်တိုက်ပြင်ဆင်ဆောက်လုပ်သောအခါ ဟိုပြောင်းဒီပြောင်းလုပ်ရ၍ စာရွက်စာတမ်းတို့ ပြောင်းဆန်ကုန်ပြီ။ စိတ်ပူပြီး ချက်ချင်း ထရှာလိုက်သည်မှာ တစ်အိမ်လုံး ရှုပ်ပွကုန်သော်လည်း ထိုအမိန့်စာကို ရှာမတွေ့တော့ပေ။ နောက်တစ်နေ့တွင် ဘဝတူ ပင်စင်စားများအား မေးမြန်းကြည့်ရာ သူတို့မှာလည်း မရှိတော့၊ နှစ်ပေါင်းကြာပြီလေဟု ဆိုကြ၍ အဖော်ရှိပြီဆိုကာ စိတ်သက်သာရာရမိပါသည်။

ပင်စင်စားအချင်းချင်းစကားပြောကြည့်တော့မှ မိမိထက်အခြေအနေဆိုးသူများကို တွေ့ရသည်။ သူတို့လုပ်ခဲ့သောရုံးကား ဘယ်နားပြောင်းသွားသလဲမသိတဲ့၊ လုပ်ဖော်ကိုင်ဖက်တွေကလည်း ကွယ်လွန်သွားကြပြီဖြစ်၍ ထိုကိစ္စကို စုံစမ်းမေးမြန်းရဦးမည်။

မိမိက အများကြီးကံကောင်းပါသည်။ မိမိနှင့်သက်ဆိုင်သော မြို့နယ်ပညာရေးမှူးရုံးသို့ ပင်စင်အမိန့်စာရွက်မရှိတော့ကြောင်း ဖုန်းဆက်၍ပြောရာ ပင်စင်စာအုပ်ယူပြီး လူကိုယ်တိုင်သာလာခဲ့ပါ။ အခြားဘာမျှမလိုပါ။ အဲဒီစာရွက်က ဘယ်သူ့မှာမှမရှိတော့ပါတဲ့။ အမယ်လေး တော်ပါသေးရဲ့။ (စည်းကမ်းရှိတဲ့သူ၊ သေချာတဲ့သူဆီမှာတော့ရှိနိုင်ပါသည်)။

7Day News ဂျာနယ်ကို ကျေးဇူးတင်စကားမပြောရလျှင် ပြည့်စုံမည်မဟုတ်ပေ။ ဂျာနယ်တွင် ပါရှိသောပုံစံထဲမှ အချက်အလက်များကို စာရွက်ကြမ်းတစ်ရွက်တွင် ကြိုတင်ဖြည့်စွက်ရေးသားထားလိုက်ပါသည်။ မြို့နယ်ရုံးသို့ ရောက်သောအခါ ပုံစံစာရွက်သုံးစုံတောင်းပြီး အဆင်သင့်ရေးကူးလိုက်ရုံသာရှိတော့သည်။ မည်သူ့ကိုမျှမမေးမြန်းရတော့ပေ။ ပုံစံစာရွက်အောက်ပိုင်းတွင် 'ပြစ်ဒဏ်ကျခံနေရသူများ' ဆိုသည့်စကားလုံးများပါသော မှတ်ချက်ပါရှိ၍ အချို့ဌာနများက ရဲစခန်းထောက်ခံစာယူလာရန် တောင်းနေကြပါသည်တဲ့။ မိမိဓာတ်ပုံပါရှိသော ပင်စင်စာအုပ်ကိုကိုင်ပြီး လူကိုယ်တိုင် လာရောက်အကြောင်းကြားမှတော့ မည်သည့်ထောက်ခံများ လိုအပ်နေသေးလို့လဲ၊ လွယ်တာကိုခက်အောင်လုပ်နေကြပြန်ပြီဟု တွေးမိပါသည်၊ ရေးမိပါသတည်း။

## ဥပုသ်သီလဆောက်တည်ခြင်းသည် စိတ်စင်ကြယ်အောင် စောင့်စည်းနေထိုင်မှုဖြစ်သည်။ . .

**စမှု**

**အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏**

ဥပုသ်စောင့်သောအခါ ငါးပါးသီလထက် ကာမေသုမိစ္ဆာစာရအရာ၌ အဗြဟ္မစရိယကိုသွင်း၍တည်ဆောက်ရ၏။ ထို့နောက် ဝိကာလဘောဇနာ၊ နစ္စ၊ ဂီတ၊ ဥစ္စာသယနသိက္ခာပုဒ်များကိုဆောက်တည်ရ၏။ ဤသိက္ခာပုဒ်လေးပါးကိုခြုံ၍ စဉ်းစားလျှင် ဥပုသ်စောင့်သောအခါ မဖြစ်အောင်ထိန်းရမည့် အကုသိုလ်စိတ်များ ထင်ရှားစွာပေါ်လာသည်။ ထိုစိတ်များကား ကာမဂုဏ်စိတ် (ကိလေသာတဏှာစိတ်)ဖြစ်သည်။ ထင်ရှားစွာဆိုရလျှင် ခမ်းနားသောအိမ်ရာနေရာ၌ အိပ်စက်နေထိုင်ခြင်း၊ ဖြီးလိမ်းပန်ဆင်ခြင်း၊ ကပြသီဆိုတီးမှုတ်ခြင်း၊ ညစာထမင်းစားခြင်းတို့သည် ကိလေသာ(တဏှာလောဘ) စိတ်ကို ဆောင်၍ ခေါ်ယူသောအပြုအမူများဖြစ်သည်။

ထို့ကြောင့် တဏှာလောဘကိလေသာကာမစိတ်ကို ဆို့ပိတ်ရာ ဥစ္စာသယနသိက္ခာပုဒ်ဖြင့် ခမ်းနားသော အိပ်ရာနေရာတို့၌ အိပ်စက်နေထိုင်ခြင်းကိုတားမြစ်၏။ နစ္စဂီတသိက္ခာပုဒ်ဖြင့် ကပြသီဆိုတီးမှုတ်မှုနှင့်တကွ ဖြီးလိမ်းပန်ဆင်မှုများကိုတားမြစ်၏။ ဝိကာလဘောဇနာသိက္ခာပုဒ်ဖြင့် ညစာထမင်းစားမှုကိုတားမြစ်၏။ ထိုသိက္ခာပုဒ် ၃ ရပ်ဖြင့် ကာမစိတ်ကို တွန်းလှန်ပိတ်ဆို့မှသာ အဗြဟ္မစရိယသိက္ခာပုဒ်အရ မေထုန်အမှုမှ ကျကျနနရှောင်ကြဉ်နိုင်မည်။ ထို့ကြောင့် ဥပုသ်စောင့်သောအခါ အဗြဟ္မစရိယစသော (သိက္ခာပုဒ်တော်များကိုငါးပါးသီလထက်ပို၍) စောင့်ထိန်းခြင်းသည် အဖုံးအပိတ်ညီညွတ်သောအကျင့်ကောင်းဖြစ်ပေသည်။

ရည်ညွှန်း - "ရတနာ့ဂုဏ်ရည်" အရှင်ဇနကာဘိဝံသ

## စာ-၉၊ ကြက်က ဝတ် ဟင်းလျာ မှ

အရသာ ပေါ်ကြည့်ပြီး အရည်ကို ချိန်ဆပြီး ထပ်ထည့်လို့လည်း ရပါတယ်။ ပဲငါးပိထည့်ပြီးသွားရင်တော့ ၃၊ ၄ ခါလောက်မွှေပေးပြီးချလိုက်လို့ရပါပြီ။

ဝိုက်ဖီပရိသတ်ကြီး ကြက်သားနဲ့ ကြက်သွန်နီကထွက်တဲ့အချိုနဲ့ ပဲငါးပိကအဆိမ့်အရသာတို့ စိမ့်ဝင်နေတဲ့ ကညွတ်ချောင်းလေးတွေအရသာခံရင်း ကျေနပ်နှစ်သက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။



# ကဗျာဆန်တဲ့ ကဗျာပန်းချီ

ဥက္ကာကိုကို

ကောင်းတယ်ဗျာ
ကြည့်ရတာအေးတယ်
ဓာတ်ပုံကြည့်ရတဲ့အတိုင်းပဲ
အရောင်လေးတွေစပ်ထားတာ
အရမ်းကောင်းတယ်။
အကြည်ဖျော့ဖျော့လေးတွေ။

ပန်းချီကားချပ်တွေ ရှေ့မှာရပ်ကြည့်နေကြသူတို့နှုတ်ဖျားမှ လွတ်ခနဲပွင့်အန်ကျလာသည့် ချီးကျူးစကားများဖြစ်သည်။ ပန်းချီကားတွေကို ကြည့်ရှုသူတိုင်း၏ မျက်နှာတွင် ကျေနပ်မှုတစ်ခုခုကိုရရှိသွားကြဟန်က အထင်းသားပေါ်နေသည်။ ပြခန်းလေးက လူသူပရိသတ်တွေဝင်လိုက်ထွက်လိုက်ဖြစ်နေ၏။

ပြပွဲ၏ ထူးခြားချက်တစ်ခုမှာ သာမန်ပရိသတ် လူကြီးလူငယ်များသာမကပဲ ပန်းချီဆရာအချင်းချင်းကပါ ပြပွဲတင်ပန်းချီလက်ရာများအား နှစ်ခြိုက်လက်ခံချီးကျူးမိကြခြင်းပင်ဖြစ်သည်။

ထိုပြပွဲလေးကိုယခုလ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိယဉ်ကျေးမှုဝန်ကြီးဌာနပန်းချီပြခန်းတွင် ကျင်းပပြုလုပ်ခြင်းဖြစ်သည်။ ပြပွဲတင်ပန်းချီကားအားလုံးကို ရေဆေးဖြင့်ရေးဆွဲထားပြီးလက်ရာရှင်မှာ ပန်းချီမိုးညိုဖြစ်ပါသည်။

ယခုရေဆေးပန်းချီပြပွဲမှာပန်းချီမိုးညို၏ ငါးကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲဖြစ်ပြီး ကားပေါင်း ၅၅ ကားကိုချိတ်ဆွဲပြသခဲ့ရာ ၉ ရက်နေ့ဖွင့်ပွဲတစ်ရက်တည်းမှာပင် ၂၂ကားရောင်းချခဲ့ရသဖြင့်လက်ရှိပန်းချီလောကအတွင်းအောင်မြင်သော ပန်းချီပြပွဲတစ်ခုအဖြစ် သတ်မှတ်ရမည်ဖြစ်သည်။

"ကိုယ်ရေးတတ်သလိုရေးတာပါပဲ။ ရိုးရိုးသားသားနဲ့ ကိုယ်တတ်သလောက်လေးကို ချပြတာမို့ သူများတွေက အသိအမှတ်ပြုကြတယ်လို့ပဲ ထင်ပါတယ်"ဟုပြောသည့်ပန်းချီမိုးညို၏မျက်နှာတွင် ပလွှားမှုကင်းသောပကတိသဘောထားကိုတွေ့မြင်နေရသည်။

"ပြပွဲတင် ပန်းချီကားများက ရုပ်ဝတ္ထုတွေပုံသေပါနေသည့်အတွက် သရုပ်မှန်ပန်းချီများဟုအကြမ်းဖျင်းသတ်မှတ်နိုင်သော်လည်း တစ်ခါတစ်ခါ ဆာရီရယ်လစ်ဇင်တွေ၊ အိတ်ဇ်ပရက်ဇင်တွေပါတယ်"ဟု ကိုမိုးညိုကပြောလာသည်။

ပန်းချီကား ၅၅ ကားစလုံးမှာရှုမျှော်ခင်းပုံများဖြစ်သည်။ အဖြူရောင်ကို Subjectပြုကာရေဆေးဖြင့်ကျွမ်းကျင်ပိုင်နိုင်စွာရေးဆွဲထားသည်။ တင်ပြချင်သော subjectကိုဦးစားပေး focusဖြတ်ကာနောက်ခံအချက်အလက်များကိုလည်းစနစ်တကျရေးဆွဲထားသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံအပူပိုင်းဒေသရှုခင်းများကို ဖမ်းဆုပ်ရေးဆွဲတင်ပြထားသောပန်းချီကားချပ်များပင်ဖြစ်လေသည်။

သူ့ပန်းချီကားများတွင် အဓိကမြင်တွေ့ရသည်က အကြမ်းဖျင်းအားဖြင့် သစ်ကိုင်းခြောက်များ၊ စေတီပုထိုးအစိတ်အပိုင်းများ၊ နေရောင်ခြည်သက်ရောက်မှုများဖြစ်သည်။ အများဆုံးနှင့် အထင်ရှားဆုံး Subject ဖြစ်သောသစ်ကိုင်းခြောက်များကိုသေသပ်သော Line များဖြင့် အာရုံစူးနစ်ကာအလေးပေးရေးဆွဲထားသည်။ ပျော့ပျောင်းနူးညံ့သော မျဉ်းများဖြင့် သရုပ်ဖော်ထားသော ရှုမျှော်ခင်း ပန်းချီလက်ရာများကိုလှပကြည်နူးစွာခံစားရသည်။ အပူပိုင်းဒေသကိုရေးဆွဲထားသောပန်းချီကားများဖြစ်လင့်ကစား ကြည့်လိုက်သည်နှင့် အမြင်အေးသွားစေခြင်းက ပန်းချီမိုးညို၏ ထူးခြားမှုပင် ဖြစ်ပေမည်။

ပြပွဲကိုအမည်တစ်ခုအနေနှင့် မသတ်မှတ်သကဲ့သို့ ပန်းချီကားများကိုလည်း တစ်ကားချင်းအမည်မပေးထားဘဲ အားလုံးကိုခြုံငုံကာ ကဗျာဆန်တဲ့ ကဗျာ (Poetic Poem) ဟု သုံးစွဲထားသည်ကိုတွေ့ရသည်။ "ခေါင်းစဉ်တစ်ခုအောက်မှာမဖြစ်ချင်ဘူး။ ကိုယ်ကအလွမ်းလို့နာမည်ပေးလိုက်ပေမယ့် ကြည့်တဲ့သူက ပျော်ချင်ပျော်နေမှာ။ အဲဒါကြောင့်ကဗျာတစ်ပုဒ်အသွင်ပဲကိုယ်သန်ရာစိတ်ကူးပေါ်ရာ လွတ်လွတ်လပ်လပ်ခံစားလို့ရအောင် ကဗျာဆန်တဲ့ကဗျာလို့ပေးလိုက်တာ" ဟု ကိုမိုးညိုကရှင်းပြသည်။

ကိုမိုးညိုက သူပြသချင်သော အကြောင်းအရာတစ်ခုကို focus ဖြတ်သည့်သဘောဖြင့် အသေးစိတ်ရေးဆွဲထားသည်။ ပြပွဲတွင်တွေ့ရသောပန်းချီကားအားလုံးက အပူပိုင်းဒေသရှိစေတီပုထိုးများနှင့် ရှုမျှော်ခင်းအချို့ဖြစ်သည်။ စေတီပုထိုးပုံ ဆိုသော်လည်း ရိုးရိုးမြင်တွေ့ရသော ရှုထောင့်မှမဟုတ်ဘဲ သစ်ခြောက်ပင်တစ်ပင်ကြားမှ မြင်တွေ့ရသောသဘောမျိုး၊ အပင်ရိပ်အောက်မှ လှမ်းမြင်ရသော မြင်ကွင်းမျိုးတို့ကိုတွေ့ရသည်။ "အပူပိုင်းဒေသကိုအဓိကရေးဖြစ်တယ်။ သစ်ပင်ဆိုရင်လည်း အကိုင်း အခက်တွေကိုစိတ်ဝင်စားတယ်။ တစ်ပင်နဲ့တစ်ပင် ကြည့်ရတာမတူဘူး။ အဆင်ပြေတယ်။ သစ်ကိုင်းတွေချည်းပဲ ဆွဲမယ်လို့တော့ ရည်ရွယ်တာမဟုတ်ပါဘူး" ဟုကိုမိုးညိုကဆိုသည်။

ကိုမိုးညိုကို ၁၉၇၆ ခုနှစ်တွင် အဘဦးလှမိုး၊ အမိဒေါ်ခင်ညိုညိုတို့က မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့တွင် မွေးဖွားခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်သို့ စတက်ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင်ကျောင်းဆင်းခဲ့သည်။ ကျောင်းပြီးစတွင် သူငယ်ချင်းများစုစည်းပြီး ရန်ကုန်မြို့၊ ၃၉ လမ်းတွင် ဂယ်လာရီတစ်ခု ဖွင့်လှစ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ကိုမိုးညိုမှာ စုတ်တံနှင့်လက်နှင့် မပြတ်ခဲ့ပေ။ ယဉ်ကျေးမှုတက္ကသိုလ်တွင်လည်းရေဆေးပန်းချီအား ပြန်လည်သင်ကြားပို့ချပေးနေရသည်။ ကျောင်းပြင်ပတွင်လည်း ပန်းချီပြပွဲများ၌ ဆက်တိုက်ဝင်ရောက်ပြသခဲ့သည်။

မန္တလေးသိန်းဇော်၏အဇ္ဈာပန်းချီပြခန်းဖွင့်လှစ်ပြီးမကြာမီ ပြုလုပ်သောအထူးပန်းချီပြပွဲတစ်ခုတွင် ပန်းချီနေမျိုးဆေး၊ မြတ်ကျော်၊ ငြိမ်းချမ်းဆု၊ မင်းဇော်တို့လေးဦးနှင့်အတူပန်းချီမိုးညိုလည်း တွဲဖက်ပြသခဲ့သည်။ ထိုပွဲအပြီး နောက်တစ်ပွဲတွင်တော့ အဇ္ဈာပန်းချီပြခန်းတွင်ကိုမိုးညို၏ပထမဆုံးတစ်ကိုယ်တော်ပန်းချီပြပွဲကို ၂၀၀၃ခုနှစ်မှာ ကျင်းပခဲ့လေသည်။ ပန်းချီကားများကိုလည်း ၆ တာက်လျှောက် ရေးဖြစ်ပြီး နောက်တစ်နှစ်ဖြစ်သော ၂၀၀၄ ခုနှစ်တွင်လည်းအဇ္ဈာပန်းချီပြခန်း၌ပင်ဒုတိယမြောက်တစ်ကိုယ်တော်ပန်းချီပြပွဲကို ကျင်းပပြုလုပ်ခဲ့သည်။

ကြားထဲတွင် အုပ်စုပန်းချီပြပွဲများ၌ ဝင်ရောက်ပြသဖြစ်ခဲ့ပြီး ၂၀၀၅ ခုနှစ်တွင်တော့ သူ၏တစ်ကိုယ်တော်ပြပွဲကို ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ရှိ Writer Club ၌ ပြုလုပ်ခဲ့ကာ ၂၀၁၀ အထိလေးနှစ်တိတိတစ်ကိုယ်တော်ပြပွဲများအဆက်ပြတ်နေခဲ့သည်။

ယမန်နှစ် ၂၀၁၀၊ မတ်လ ၂၇ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ရှိ သုဝဏ္ဏဘူမိပန်းချီပြခန်းတွင် လေးကြိမ်မြောက်တစ်ကိုယ်တော်ပန်းချီပြပွဲကိုပုဂံရှုခင်းရေဆေးပန်းချီ ၃၆ကားဖြင့် တင်ဆက်ပြသခဲ့လေသည်။ ကိုမိုးညိုမှာယခုကျင်းပသောတစ်ကိုယ်တော်ပြပွဲနှင့် ဆိုလျှင် တစ်ကိုယ်တော်ပြပွဲ ငါးပွဲရှိပြီဖြစ်ပြီးအုပ်စုပွဲပေါင်း ၇၀ ကျော်တွင်လည်း ဝင်ရောက်ပြသခဲ့ပြီးဖြစ်သည်။

သူကရေဆေးကိုသာစွဲစွဲမြဲမြဲရေးဖြစ်သူဖြစ်သည်။ သူ့ရဲ့ရေဆေးလက်ရာတစ်ခုကိုကြည့်လိုက်သည်နှင့် 'ဒါ. . မိုးညိုဆွဲတာပဲ"ဟုချက်ချင်းသိစေနိုင်သည့် ကိုယ်ပိုင်ဟန်လည်းရှိလေသည်။

စာ(၁၂)သို့

7 DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

## စာ – ၂၊ ပင်စင်လစာတိုးသော်လည်း ကုန်ဈေးနှုန်းမတက် မှ

ဆောက်လုပ်ရေးပစ္စည်းဈေးနှုန်းများမှာ ပင်စင်လစာများ မတိုးမြှင့်မီအချိန်ကပင် အရောင်းအဝယ်မကောင်းသဖြင့် ဈေးနှုန်းများ ကျဆင်းနေပြီး ယခုအခါ ၅၀ ရာခိုင်နှုန်းအထိ ဈေးနှုန်းကျဆင်းလာကြောင်း ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်များမှသိရသည်။

ရေထွက်ကုန်ပစ္စည်းများမှာမူ ပင်စင်လစာတိုးမြှင့်မှုကြောင့်မဟုတ်ဘဲ ယခုလတွင် ဈေးနှုန်းများ အနည်းငယ်မြင့်တက်လာခဲ့ကြောင်း ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးပုစွန်ဆတ်ထုပ်နေ့စဉ် ငါး၊ ပုစွန်ဝယ်သူတစ်ဦးကပြောသည်။

“ငါးရံ့ကြီးတွေကို အရင်က တစ်ပိဿာ ကျပ်၄,၈၀၀ ဈေးပေးရတာ၊ အခုတစ်ပိဿာကျပ်၅,၅၀၀ ဈေးပေးဝယ်ရတယ်။ ပုစွန်ဆတ်ကြီးကလည်း တစ်ပိဿာ ကျပ် ၈,၅၀၀ကနေ ကျပ် ၁၀,၀၀၀ ဖြစ်သွားတယ်”ဟု ၎င်းကပြောသည်။



ပင်စင်လျှောက်လွှာ လာရောက်လျှောက်ထားနေကြသူများကို ဇူလိုင်၁ရက်ကတွေ့ရစဉ်

ငါးဈေးနှုန်းမြင့်လာရခြင်းမှာ ပင်လယ်ပြင်မှ ဖမ်းဆီးရရှိမှုနှင့် သဘာဝအင်းအိုင်များမှ ဖမ်းဆီးထွက်ရှိမှုကျဆင်းခြင်းနှင့်လည်း သက်ဆိုင်ကြောင်း ရေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ထို့အတူ အသားဈေးနှုန်းတွင် ကြက်သားနှင့် အမဲသားများမှာပြောင်းလဲမှုမသိသာသော်လည်း ဝက်သားဈေးနှုန်းမှာ စားသုံးမှုနှုန်း ပြန်များလာသောကြောင့် မွေးမြူရေးဝက်အရှင် ကတ္တားချိန်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၂,၇၀၀ သို့ ပြန်လည်ရောက်ရှိခဲ့သည်။ ထို့ကြောင့် လက်လီရောင်းချနေသော ဈေးများတွင် သုံးထပ်သား တစ်ပိဿာလျှင် ကျပ် ၅,၀၀၀ သို့ပြန်လည်ရောက်ရှိနေ ကြောင်း အိမ်ရှင်မတစ်ဦးကပြောသည်။

“ဝက်နားရွက်ပြာဖြစ်နေတုန်းက မစားရဲပေမယ့် အခုတော့ ပြန်ဝယ်စားတာ၊ အရင်ဈေးအတိုင်းဝယ်ရတယ်”ဟု ၎င်းကပြောသည်။

ပင်စင်လစာများ တိုးမြှင့်ကြောင်း စတင်ကြေညာသည့် ဇွန် ၃၀ ရက်လကုန်မှစ၍ ဇူလိုင်လဒုတိယပတ်အထိ အခြေခံစားသောက်ကုန်ဈေးနှုန်းများ သိသာစွာ မြင့်တက်လာခြင်းမရှိကြောင်းလေ့လာတွေ့ရှိရသည်။

## မျက်နှာဖုံး – တိုင်းရင်းဆေးဆရာမ ဆေးကုရင်း တရုတ်သို့ရောင်းစားခံရ မှ

ထို့ကြောင့်မ. . . . ကသူမ လွတ်မြောက်ရန်အတွက်ရွှေလီမြို့နေ မောင်ဝမ်းကွဲတော်သူနှင့် ဆက်သွယ်၍ လောက်စန်းအား မ. . . . ၏ သီပေါမြို့နေမိခင်ဖြစ်သူသေဆုံးကြောင်း လိမ်လည်ပြောခိုင်းကာ အိမ်ပြန်လာနိုင်ရန်စီစဉ်ခဲ့သည်။ စီစဉ်ထားသည့်အတိုင်း သီပေါမြို့သို့ လောက်စန်းနှင့် ၎င်းအားကူညီသူ နှစ်ဦး၊ မ. . . . နှင့်မောင်ဝမ်းကွဲတော်သူစုစုပေါင်း ငါးဦး သီပေါသို့ ကားဖြင့်ပြန်လာခဲ့ကြသည်။

မ. . . . နှင့်သူမ၏မောင်ဖြစ်သူတို့က လမ်းတွင် သီပေါမြို့နေ ဦးစိုင်းလုံဆိုသူထံ ဖုန်းဖြင့်ဆက်သွယ်၍ ၎င်းတို့စီးလာသော ကားနံပါတ်အား သတင်းပေးပို့ခဲ့သဖြင့် သီပေါရဲစခန်းမှ သတင်းရရှိပြီး မြို့အဝင်တံတားမှစောင့်ဆိုင်းဖမ်းဆီးနိုင်ခဲ့သည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောသည်။ မ. . . . အား ငွေဖြင့်ဝယ်ယူပေါင်းသင့်သည့် လောက်စန်းအား သီပေါရဲစခန်းမှ (ပ)၃၁/ ၂၀၁၁ ဖြင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄အရလည်းကောင်း၊ အားပေးကူညီသူများကိုလည်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မများနှင့် လူဝင်မှုကြီးကြပ်ရေးဥပဒေပုဒ်မများအရလည်းကောင်း အရေးယူထားသည်ဟုသိရသည်။

## မျက်နှာဖုံး – ပုဂ္ဂလိကဘဏ်များ ဈေးဝယ်ကတ် အသုံးပြုတော့မည် မှ

ဒီစနစ်တွေ လုပ်ခွင့်ရရင်တော့ ဘဏ်လုပ်ငန်းတွေ ပိုပြီးဖွံ့ဖြိုးလာ မှာပါ”ဟု ကမ္ဘောဇဘဏ်ဒုဥက္ကဋ္ဌ ဦးသန်းလွင်ကရှင်းပြသည်။ လက်ရှိပုဂ္ဂလိကဘဏ်များသည် Debit Card အပြင် Smart Card စနစ်ကိုလည်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရန် ပြင်ဆင်ထားကြောင်း၊ ဗဟိုဘဏ်မှ လုပ်ကိုင်ခွင့်ကိုသာ မျှော်လင့်နေကြကြောင်း၊ သို့သော် Credit Card အကြွေးဝယ်ခွင့်ကတ်ကိုမူ လုပ်ဆောင်ရန် ဆန္ဒမရှိကြောင်းသိရသည်။

Debit Card စနစ်သည် ကိုယ်ပိုင်ငွေကိုပြန်သုံးသည့်စနစ်ဖြစ်ပြီး ဘဏ်ကဝန်ဆောင်မှုအတွက် စရိတ်အနည်းငယ်ကိုသာ ယူဆောင်သည့်စနစ်ဖြစ်သည်။ ယင်းကတ်စနစ်သည် current account ထဲတွင် ပါဝင်သဖြင့် ဘဏ်မှ အတိုးငွေပေးမည်မဟုတ်ကြောင်းနှင့် Debit Card ဖြင့် သုံးစွဲမည်ဆိုပါက လက်ရှိငွေအကြွေအခက်အခဲပြဿနာကိုလည်း ဖြေရှင်းနိုင်ကြောင်းသိရသည်။

## မျက်နှာဖုံး-ဘဏ်တိုးကြောင့် ပြည်ပလုပ်ငန်းရှင်အချို့ မြန်မာဘဏ်များတွင် ငွေအပ်နေ မှ

ထို့အပြင် အာရှ၏ စီးပွားရေးအင်အားကြီးနိုင်ငံများဖြစ်သော ဂျပန်နှင့်ဟောင်ကောင်တွင် အပ်ငွေအတွက် အတိုးမပေးပေ။ စင်ကာပူ၊ မလေးရှားစသောနိုင်ငံများ၏ အပ်ငွေအတွက် ဘဏ်အတိုးနှုန်းမှာ တစ်နှစ်လျှင် ၁ဒသမ၂ ရာခိုင်နှုန်းမှ ၂ရာခိုင်နှုန်းကြားရှိကြောင်းလည်း စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးကပြောသည်။

ထို့ကြောင့် ပြည်တွင်း၌ တစ်နှစ်လျှင် အပ်ငွေအတွက် ၁၂ရာခိုင်နှုန်းပေးနေခြင်းမှာ ငွေအပ်ထားပြီး အတိုးယူလိုသော ပြည်ပ စီးပွားရေးလုပ်ငန်းရှင်ကြီးအချို့အတွက်မက်မောစရာဖြစ်နေကြောင်း အထက်ပါပုဂ္ဂိုလ်များက ပြောသည်။

“လုပ်ငန်းရှင်က ဟိုကနေ ငွေချေး၊ ဟွန်ဒီနဲ့လွှဲပြီး ဒီက ဘဏ်တွေမှာ ထည့်ကြတယ်။ နှစ်နိုင်ငံ အတိုးနှုန်းကွာခြားမှုကို အခွင့် အရေးယူပြီး လုပ်နေကြတာ” ဟု အငြိမ်းစားဗဟိုဘဏ် ဒုဥက္ကဋ္ဌ တစ်ဦးက ရှင်းပြသည်။

“အစိုးရက ဘဏ်အတိုးနှုန်း မပြောင်းလို့ရှိရင် မြန်မာနိုင်ငံက ငွေတွေကို နိုင်ငံခြားက လုပ်ငန်းရှင်တွေက ယူသွားလိမ့်မယ်။ ဒါကို လေးလေးနက်နက် စဉ်းစားဖို့ လိုတယ်”ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်ကြီးတစ်ဦးကလည်း သူ၏ အမြင်ကို ပြောသည်။

ထို့အပြင် အချို့နိုင်ငံများမှ လုပ်ငန်းရှင်များကလည်း လက်ရှိလုပ်ကိုင်နေသည့် အလုပ်ကိုရပ်ကာ အတိုးနှုန်းကွာခြားမှုကြောင့် ပြည်တွင်းဘဏ်များတွင် ငွေကြေးအပ်နှံမှုများရှိကြောင်း ပြည်တွင်းလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံမှ ဘဏ်အတိုးနှုန်းကြောင့် ယခုနှစ်ပိုင်းအတွင်း ပြည်ပမှငွေများဖြင့်ပုဂ္ဂလိကဘဏ်များတွင် ငွေအပ်သော လုပ်ငန်းရှင်အမျိုးအစားသုံးမျိုးရှိကြောင်း သတင်းရရှိသည်။ ပထမတစ်မျိုးမှာ ပြည်ပဘဏ်များတွင် ငွေများစွာအပ်နှံထားသော မြန်မာနိုင်ငံသားများမှာ ပြည်ပမှအပ်ငွေများကို ပြန်ထုတ်ပြီး ပြည်တွင်းဘဏ်များ၌ အပ်နှံခြင်းဖြစ်သည်။ ဒုတိယတစ်မျိုးမှာ ပြည်ပနိုင်ငံများတွင် ဝင်ဆံ့သော မြန်မာလုပ်ငန်းရှင်များက ပြည်ပဘဏ်များမှ ငွေချေး၍ ပြည်တွင်းဘဏ်၌ ပြန်အပ်ကာ အတိုးကွာဟမှုပေါ်မှ အမြတ်ပြန်ယူခြင်းဖြစ်သည်။

တတိယအမျိုးအစားမှာ နိုင်ငံခြားသားကိုယ်တိုင်က ပြည်တွင်းရှိ ရင်းနှီးသော မြန်မာနိုင်ငံသားအမည်ခံ၍ ဘဏ်၌အမည်ပြောင်းဖြင့် ငွေစာရင်းဖွင့်ကာ အတိုးရယူခြင်းဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်ကြီးများကပြောသည်။

ယင်းကဲ့သို့ ပြည်ပမှ ပြည်တွင်းဘဏ်များသို့ ငွေကြေးဝင်ရောက်မှုများကြောင့် ပုဂ္ဂလိကဘဏ်များတွင် ငွေများနေပြီး အစိုးရငွေတိုက်စာချုပ်များကိုပင် ပြန်လည်ဝယ်ယူနေရသည်ဟုဆိုသည်။ သို့ဝယ်ယူရာတွင် ဘဏ်က အတိုးနှုန်း ၁၁ ဒသမ ၅ ရာခိုင်နှုန်းသာရပြီး အပ်ငွေအတိုးနှုန်း ၁၂ ရာခိုင်နှုန်းပြန်ပေးရသဖြင့် ၀ ဒသမ ၅ ရာခိုင်နှုန်း ဘဏ်က ဆုံးရှုံးနေကြောင်း ဗဟိုဘဏ် ဥက္ကဋ္ဌဟောင်းက ဆက်လက်ပြောသည်။

“ဘဏ်တွေက နိုင်ငံခြားသား အပ်ငွေကို အတိုးပေးရတာ နိုင်ငံတော်ဘတ်ဂျက်ထဲကပေးရသလိုပဲ။ ပြည်သူ့ငွေတွေက သူတို့ဆီကိုရောက်နေတယ်”ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ပြည်ပမှ ငွေများဟွန်ဒီစနစ်ဖြင့် ဝင်ရောက်မှုသည် ပြည်တွင်းငွေဈေးကွက်ကို များစွာရိုက်ခတ်မှုရှိခဲ့သည်။ ထိုရိုက်ခတ်မှုကြောင့် နိုင်ငံခြားငွေများနှင့် ပို့ကုန်ရငွေ တန်ဖိုးများ ကျဆင်းကာ ပြည်ပပို့ကုန်လုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ ထိခိုက်ခဲ့ရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်း အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၀ခုနှစ်မှစ၍ မြန်မာငွေတန်ဖိုး သိသိသာသာ မာလာခြင်းကြောင့်ပြည်တွင်းဘဏ်များ၌ အပ်၍ ဘဏ်အတိုးယူလျှင် အမြတ်ရသည့်အတွက်ထိုကဲ့သို့နိုင်ငံခြားသားနှင့် ပြည်တွင်းမှ လုပ်ငန်းရှင်များက နိုင်ငံခြားမှငွေများကိုထုတ်ယူ၍ ပြည်တွင်း၌ ပြန်အပ်ခြင်းများလာကြောင်း စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးကပြောသည်။ ထို့ကြောင့်ထိုနည်းအတိုင်းပြည်တွင်းဘဏ်များ၌ ငွေအပ်နှံမှုများလာခြင်းမှာ ၂နှစ်ခန့်သာ ရှိသေးကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။ ထိုမတိုင်မီက ပြည်တွင်းငွေဖောင်းပွမှုမှာ နှစ်စဉ်မြင့်မားခဲ့သည့်အတွက်ထိုနည်းအတိုင်း ဘဏ်၌လာအပ်ပါက အလုပ်မဖြစ်၍ လာရောက်ခြင်းမရှိခဲ့ကြောင်း စီးပွား ရေးလုပ်ငန်းရှင်ကြီးများက ပြောသည်။

## စာ – ၁၁၊ ကဗျာဆန်တဲ့ ကဗျာပန်းချီ မှ

“တခြားဟာတွေနဲ့ရေးဖို့ပြင်ပေမယ့်ရေဆေးကိုပဲရေးဖြစ်တယ်။ ရေဆေးရေးရတာပျော်တယ်ဟုသူကပြောပြသည်။ လောလောဆယ်တွင် ရေဆေးကိုသာရေးနေသော်လည်းအချို့အကြောင်းအရာများကိုဆီဆေးဖြင့်ရေးဆွဲဖြစ်လိမ့်ဦးမည်”ဟု သူက ရည်ရွယ်ထားသေးသည်။

“သင်ဆရာမြင်ဆရာတွေကတော့ အားလုံးပါပဲ။ ကျွန်တော်က တစ်လိုင်းတည်း ကြိုက်နေတာမဟုတ်ဘူး။ သူတို့လို ကိုယ်မလုပ်ဖြစ်ပေမယ့်သဘောကျနေတာပဲရှိပါတယ်”ဟု သူကပြောသည်။

သူ နှစ်သက်သောပန်းချီရေးဆွဲခြင်းအား ပါရမီဖြည့်ဆည်းပေးသည့်မိသားစုကြောင့်လည်း သူပန်းချီကားတွေအများကြီးရေးဖြစ်နေခဲ့သည်။ “ကျွန်တော့်ဟာ ကျွန်တော်လမ်းဖောက်လာတာမဟုတ်ပါဘူး။ အမေရယ်၊ အစ်မရယ်၊ အစ်ကိုရယ်က ပန်းချီနဲ့ပတ်သက်တဲ့ အလုပ်ကိုလုပ်သာလုပ်ဆိုပြီး ပံ့ပိုးပေးတော့ ပန်းချီကို ထဲထဲဝင်ဝင်လုပ်ဖြစ်တယ်။ အခုအချိန်ထိအမေနဲ့အစ်မကသုံးစရာမရှိရင်ပေးတုန်းပါပဲ”ဟု ပံ့ပိုးမှုပေးသောသူ၏မိသားစုကိုကိုမိုးညိုကမှတ်မှတ်ရရပြောပြသည်။

ကိုယ်လုပ်ချင်တာလုပ်လို့ရအောင် အသက်ဆက်ပေးသူတွေရှိသည့်အတွက် ပန်းချီနှင့်ရပ်တည်၍ရနေတာပင်ဖြစ်ကြောင်းသူကဆက်ပြောသည်။ “လုပ်ချင်ရာလုပ်တယ်ဆိုတာ ပေါ့ပေါ့တန်တန်ပြောတဲ့စကားမဟုတ်ပါဘူး။ ကိုယ့်စိတ်ဆန္ဒတွေကိုဦးတည်ပြီးလုပ်တာလို့ဆိုလိုတာပါ”ဟု သူကဆိုသည်။

ကိုမိုးညိုကရှုခင်းပုံတွေကိုသာ အများဆုံးဆွဲဖြစ်တာများသည်ဟုသိရသည်။ ရှုခင်းပုံတွေရဖို့အတွက် ခရီးဝေးတွေလည်းတစ်နှစ်လျှင် နှစ်ကြိမ်ခန့် ထွက်ဖြစ်သည်။ ကိုယ်တိုင်ခရီးထွက်ပြီးရေးဆွဲချင်သော ရှုခင်းများကို ကိုယ်တိုင်ဓာတ်ပုံရိုက်ယူခြင်းဖြစ်သည်။

လက်ရှိပန်းချီလောကနှင့် ပတ်သက်၍လည်း “ပြပွဲတွေအများကြီး၊ ရေးလာတဲ့လူတွေလည်းအများကြီးပဲဆိုတာ သတိထားမိတယ်။ အခုတချို့ပြပွဲတွေဆို ဘယ်သူတွေမှန်းမသိဘူး။ လူတွေအများကြီး ပန်းချီကို စိတ်ဝင်စားလာတယ်။ ဈေးကွက်မှာလည်း အရင်တုန်းက နိုင်ငံခြားသားတွေကိုပဲ အားကိုးနေရတာ။ အခု မြန်မာတွေအများကြီးဝယ်လာတယ်။ ဒီနှစ်ပိုင်းတော့ ဈေးကွက်အေးပါတယ်”ဟု သူ၏အမြင်ကိုကိုမိုးညိုကပြောပြသည်။

ပွဲဦးထွက်ကောင်းခဲ့သည့် ယခုလ ၉ ရက်၊ စနေနေ့ပန်းချီပြပွဲလေးသည် ပန်းချီချစ်သူများ၊ ဝါသနာရှင်လူငယ်များ၊ ပန်းချီလောကသားများစုံလင်စွာဖြင့် ပြခန်းလေးထဲ ဝင်ချည်ထွက်ချည်ဖြစ်နေကြသည်။ ပရိသတ်များကြားထဲမှာသွက်လက်စွာသွားလာလှုပ်ရှားနေသော ပန်းချီမိုးညို၏ မျက်နှာတွင်လည်းအားရကျေနပ်သည့်ဟန်များပြည့်ဝနေသလို ကြည့်ရှုပြီး ပြန်ထွက်လာကြသူတွေကလည်းအားရကျေနပ်နေကြသည့်သဏ္ဌာန်ပေါ် လွင်နေတာကို တွေ့မြင်ခဲ့ရသည်။

ပန်းချီကားဈေးနှုန်းများကို ကျပ်တစ်သိန်းခွဲမှ ငါးသိန်းအထိသတ်မှတ်ထားတာကိုလည်း တွေ့ရကာ ရောင်းချပြီးသောပန်းချီကား ၂၂ ချပ်၏ထောင့်စွန်းမှာလည်း အနီရောင်ကပ်ခွာစလေးများက ဝင့်ကြွားစွာနေရာယူထားကြသည်။

ပန်းချီမိုးညိုက ပညာဂုဏ်မောက်ခြင်းမရှိဘဲ ကိုယ့်ကိုယ်ကိုယ်နှိမ့်ချပြောဆိုတတ်သူဖြစ်သည်။ ဖြစ်သမျှအကြောင်းအကောင်းချည်းပဲဟုသဘောထားသည့်စိတ်ကိုလည်း သူ့စကားများထဲတွင် ဖမ်းယူမိခဲ့သည်။

“ကျွန်တော် အခုရေးနေတယ်ဆိုတာကလည်းတတ်လှတာကြောင့်မဟုတ်ပါဘူး။ ဒီလောက်အနေအထားလေးနဲ့ ဒါလေးလုပ်နိုင်တယ်ဆိုတာကိုပြတဲ့သဘောပါပဲ။ ထိုက်သင့်တဲ့လောဘလေးနဲ့ စိတ်ကိုထားတတ်ပြီးအလုပ်လုပ်မယ်ဆိုရင် အသိအမှတ်ပြုခံရမှာပါပဲ။ တတ်ထားသလောက်လေးနဲ့ပဲရေးပါတယ်။ လုပ်ချင်တာတစ်ခုကို မူတည်ပြီးလုပ်တာပါ။ အဲဒီဘက်မှာ ကျွန်တော်မတော်လောဘမရှိဘူး” ဟု သူက ပွင့်လင်းစွာပြောလေသည်။

## မျက်နှာဖုံး-နိုင်ငံတစ်ဝန်း လောင်းကစားမှုများ ပပျောက်ရန် အရှိန်မြှင့်ဆောင်ရွက် မှ

“ဒီနှစ်လုံး၊ သုံးလုံး၊ ဘောလုံးလောင်းကစားတွေကို စီမံချက်ကာလဆိုပြီး ဖမ်းနေတာမဟုတ်ဘူး။ အမြစ်ပြတ်သွားတဲ့အထိ ဆက်လက်လုပ်ဆောင်သွားဖို့ရှိတယ်”ဟု ၎င်းကဆက်ပြောသည်။

“အဓိက ဆင်းရဲမှုက နှစ်လုံး ထီ၊ သုံးလုံးထီနဲ့ ဘောလုံးလောင်းကစားမှုတွေကြောင့်ပဲ။ အခုနံပါတ်ရတာတောင် ထိုးစရာနေရာမရှိဘူး။ သွားထိုးလို့ ဝင်ဖမ်းရင် ကိုယ်ပါ ထောင်ကျနိုင်လို့ ကျွန်တော်တို့ဘက်မှာ အဲဒီနှစ်လုံး၊ သုံးလုံး အတော်လေး ငြိမ်းချမ်းသွားတယ်”ဟု ရန်ကုန်မြို့တွင် နေထိုင်သူတစ်ဦးကပြောသည်။

# Health

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

Vol.10, No.17 • JULY 14, 2011




## သတိထားရန်လိုသော နှင်းခြင်း၊ နှိပ်ခြင်း

ဝတ်ရည်

တဖြည်းဖြည်း အသက်အရွယ်ရလာသည်နှင့်အမျှ ဖွဲ့စည်းတည်ထောက်ထားသော လူတို့၏ အစိတ်အပိုင်းများသည်လည်း တဖြည်းဖြည်း ပျက်စီးလာလေ့ရှိသည်။

အသက်ကြီးလာသည်နှင့်အမျှ အိုခြင်း၊ နာခြင်းသဘောတရားတွင် ဖြစ်ပေါ်လေ့ရှိသည့် ညောင်းညာခြင်းများအတွက်နှင့် ခန္ဓာကိုယ်မလှုပ်ရှားနိုင်ခြင်းတို့အတွက် ရှေးယခင်ကတည်းက ပြင်ပလူ(အနှိပ်သည်)များ၏ အကူအညီများဖြင့် ကုသခြင်းများလည်း ရှိသည်။

အနှိပ်သည်များ အသုံးပြု၍ နှိပ်ခြင်းသည် အချို့သောရောဂါများအား သက်သာစေနိုင်သည်ဆိုသော်လည်း အချို့အခြေအနေများတွင် အာရုံကြောများ ထိခိုက်မိ၍ အောက်ပိုင်းသေ၊ အသက်သေဆုံးသည်အထိ ဖြစ်ပွားခြင်းများရှိသဖြင့် အနှိပ်သည်ဖြင့် နှိပ်ခြင်းအား အရိုး၊ အကြော၊ အဆစ်ဆိုင်ရာရောဂါများကုသခြင်းထက် အညောင်းပြေစေရန်အတွက်သာ သုံးသင့်ကြောင်း ကျွမ်းကျင်ပညာရှင်များကပြောသည်။

"ရောဂါတစ်ခုအတွက် ဆေးဝါးနဲ့ကုသခြင်းအပြင် ပြင်ပက ရူပဗေဒနည်းလမ်းတွေဖြစ်တဲ့ နှိပ်တာကလည်း ကောင်းပါတယ်။ ဒါပေမဲ့ ဖြစ်နေတဲ့ရောဂါပျောက်ကင်းအောင်ဆိုပြီး နှိပ်တာတွေကတော့ မကောင်းပါဘူး။ အဲလိုနှိပ်ခြင်းကလည်း တကယ့်ရောဂါကိုမပျောက်စေနိုင်ပါဘူး။ ခံစားနေရတဲ့ဝေဒနာကို သက်သာစေနိုင်တာပဲ ရှိတယ်"ဟု ရန်ကုန်ဆေးရုံကြီး အရိုး၊ အကြော၊အဆစ်ဌာနမှ ပါမောက္ခဒေါက်တာချစ်စိုးကပြောသည်။

အချို့သော အရိုးအဆစ်ဆိုင်ရာရောဂါများသည် ဥပမာအားဖြင့် လေဖြတ်ခြင်းများအတွက် ဆေးဝါးများအပြင် ခန္ဓာကိုယ်သွေးလည်ပတ်မှုကောင်းစေရန်အတွက် လက်ဝါး၊ လက်ဖနောင့် စသည်တို့အား အသုံးပြု၍ နှိပ်ခြင်းများကြောင့် သက်သာစေသည်များရှိသော်လည်း ခါးနာနေသည့်လူနာတွင် အရိုးပွရောဂါရှိနေပါက အနင်းအနှိပ်သည် အရိုးပွရောဂါကြောင့် ခါးရိုးပြားနေသည့်လူနာအား အရိုးကျိုးပြီး ခါးရိုးရှိ အာရုံကြောများထိခိုက်ကာ အောက်ပိုင်းသေခြင်းများအထိ ဖြစ်ပွားစေနိုင်ကြောင်း အဆိုပါဆရာဝန်ကပြောသည်။

"ကျွန်တော့်မိတ်ဆွေတစ်ယောက် နိုင်ငံခြားက ရောက်လာတုန်း အနှိပ်ခံချင်တယ်ဆိုလို့ နာမည်ကြီး နှိပ်တဲ့နေရာတစ်နေရာကိုသွားတာ။ နှိပ်ပြီးတဲ့အချိန်မှာ နောက်ပိုင်း မလှုပ်နိုင်တဲ့အထိဖြစ်သွားတာ။ သူ့နိုင်ငံကို သူ့အဲဒီ့အတိုင်း ပြန်သွားရတယ်"ဟု အရိုး၊ အကြော၊ အဆစ် ဆေးပညာ ရန်ပုံငွေ သတင်းစာရှင်းလင်းပွဲတွင် အမျိုးသားတစ်ဦးက သူ၏အတွေ့အကြုံကိုပြောသည်။ **စာ(၁၄)သို့**

စာ(၁၄)သို့

## အသည်းအစားထိုးကုသခြင်းမှ နိုင်ငံခြားဝင်ငွေရရှိနိုင်ဟု ပါမောက္ခတစ်ဦးပြောကြား

သီဟ

ရန်ကုန်၊ဇူလိုင် - ၇

မြန်မာနိုင်ငံအနေဖြင့် အသည်းအစားထိုးခွဲစိတ်ကုသမှုကို အောင်အောင်မြင်မြင်လုပ်နိုင်ပါက Medical Tourism ဟုခေါ်သည့် ဆေးကုသမှုမှ လာရောက်သည့်သူများထံမှ အမြတ်အစွန်းများ ရရှိနိုင်ဖွယ်ရှိသည်ဟု အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာခင်မောင်ဝင်းကပြောသည်။

မြန်မာနိုင်ငံသည် အသည်းအစားထိုးခွဲစိတ်ကုသမှုအား နှစ်ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ရာ နှစ်ကြိမ်စလုံးအောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့အသည်းအစားထိုးမှုက အကုန်လုပ်နိုင်ပြီ။ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကလည်း တစ်ခါလုပ်ပြီးပြီ၊ နှစ်နှစ်လောက်ကလည်း တစ်ခါလုပ်ပြီးပြီ၊ သေတဲ့သူရဲ့အသည်းကို အစားထိုးတာလည်းလုပ်ပြီးပြီ။ လူအရှင်ရဲ့အသည်းကို အစားထိုးတာလည်းလုပ်ပြီးပြီ အောင်မြင်တယ်"ဟု ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းကပြောသည်။ အဆိုပါ အသည်းအစားထိုးကုသမှုအောင်မြင်ပါက အိမ်နီးချင်းနိုင်ငံများမှ အများဆုံးလာရောက်ကုသဖွယ်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများဖြစ်သည့် လာအို၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့တွင် အသည်းအစားထိုးခွဲစိတ်မှုအောင်မြင်ခြင်းမရှိသေးကြောင်းသိရသည်။ အလားတူ ထိုင်းနိုင်ငံတွင်လည်း စမ်းသပ်နေဆဲဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံသည်လည်း အောင်မြင်မှုမရှိသေးကြောင်း ဒေါက်တာခင်မောင်ဝင်းကပြောသည်။ မြန်မာနိုင်ငံ၌ အသည်းအစားထိုးခွဲစိတ်မှုပြုလုပ်မည်ဆိုပါက နိုင်ငံသားများအတွက် ကျပ်သိန်းနှစ်ရာဝန်းကျင်၊ နိုင်ငံခြားသားများအတွက် ကျပ်သိန်းသုံးရာ့ငါးဆယ်ခန့် ကုန်ကျမည်ဖြစ်ကာ အခြားနိုင်ငံများတွင် ခွဲစိတ်ကုသခြင်းထက် များစွာသက်သာမှုရှိကြောင်းသိရသည်။

## အသည်း အစားထိုးကုသခြင်း

သီဟ

ဆေးပညာတစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်လာသည့်နှင့်အမျှ ကုထုံးသစ်များလည်း တဖြည်းဖြည်းများပြားလာခဲ့ရာ ကိုယ်တွင်းကလီစာများအား အစားထိုးလဲလှယ်နိုင်သည့် ကုထုံးများအထိပင် တိုးတက်ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

ထိုသို့ကိုယ်တွင်းအစိတ်အပိုင်းများအစားထိုးလဲလှယ်သည့်ကုထုံးတွင် အသည်းအစားထိုးခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ကမ္ဘာပေါ်တွင် အသည်းအစားထိုးကုသခြင်းအား ၁၉၆၀ ခုနှစ်ကတည်းက စတင်လုပ်ဆောင်ခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပြီဖြစ်ကြောင်း အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာခင်မောင်ဝင်းက ပြောသည်။

အသည်းအစားထိုးကုသခြင်းနည်းလမ်း နှစ်ခုရှိပြီး ယင်းတို့မှာ ဦးနှောက်သေဆုံးသွားသူထံမှ အသည်းကိုယူကာ အသည်းအစားထိုးမည့် ဝေဒနာရှင်သို့ အစားထိုး ကုသပေးခြင်းနှင့် အသက်ရှင်နေသည့် အသည်းအလှူရှင်ထံမှ အသည်းတစ်ခြမ်းကို ဖွဲ့ထုတ်ကာ အသည်းအစားထိုးမည့် ဝေဒနာရှင်အား ကုသပေးခြင်း စသည်များဖြစ်ကြောင်း သိရသည်။

ထို့အပြင် နောင်လာမည့် ဆယ်စုနှစ်အတွင်း အသည်းအစားထိုးကုသခြင်းနေရာတွင် အသည်းဆဲလ်များသာ အစားထိုးကုသနိုင်မည့် ကုထုံးသစ်တစ်ရပ်လည်း ထပ်မံထွက်ပေါ်လာနိုင်ဖွယ် ရှိပြီး လက်ရှိတွင် တိရစ္ဆာန်များ၌ စမ်းသပ်အောင်မြင်နေပြီဖြစ်ကြောင်း သိရသည်။


လက်ရှိအချိန်တွင် အသည်းအစားထိုးကုသခြင်းမှာ သာမန်ခွဲစိတ်မှုများကဲ့သို့ပင် အောင်မြင်စွာခွဲစိတ်ကုသမှုများ ပြုလုပ်နိုင်ပြီဟု ပါမောက္ခဒေါက်တာ ခင်မောင်ဝင်းက ပြောသည်။

အထက်ပါနည်းနှစ်နည်း တွင် ဦးနှောက်သေနေသည့် လူထံမှအသည်းကိုယူ၍ အစားထိုးကုသခြင်းကိုအမေရိကန်နိုင်ငံတွင် အများဆုံးပြုလုပ်လျက်ရှိပြီး အခြားနိုင်ငံများတွင် သက်ရှိအသည်းအလှူရှင်ထံမှ အသည်းအစားထိုး ကုသခြင်းနည်းလမ်းကို အသုံးများကြောင်းသိရသည်။

စာ(၁၄)သို့





7DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

# ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ လှုပ်ရှားဆောင်ရွက်မှုအထိမ်းအမှတ်ဆု မြန်မာ ရရှိ

**ရန်ကုန်၊**
**ဇူလိုင် – ၈**

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်အသင်းမှာ ၂၀၁၁ ခုနှစ်အတွက် 'ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ လှုပ်ရှားဆောင်ရွက်မှုအထိမ်းအမှတ်ဆု'ကို ရရှိခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါဆုကိုကမ္ဘာ့တိရစ္ဆာန်ဆေးကုဆရာဝန်အသင်းနှင့်ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအသင်းတို့ကရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ဧပြီ ၂၄ရက်မှ ၃၀ရက်အထိ ခွေးရူးရောဂါကာကွယ်ဆေးအဆ ၂,၀၀၀ ကို မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်အသင်းပိုင် ရန်ပုံငွေဖြင့် ဝယ်ယူပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ဖြန့်ဝေပေးခြင်း၊ ခွေးကောင်ရေ၇,၀၀၀ ကျော်ကို ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးပေးခြင်း၊ ခွေးရူးရောဂါနှင့်ပတ်သက်သည့်ပညာပေးဟောပြောပွဲများကို တစ်နိုင်ငံလုံး ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်



ခဲ့သည့်အတွက် အဆိုပါဆုကို လက်ခံရရှိခြင်းဖြစ်ကြောင်း ယင်းအသင်းမှဥက္ကဋ္ဌဒေါက်တာအောင်ကြီးကပြောသည်။

ထိုဆုကို အောက်တိုဘာလတွင်ကျင်းပမည့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ အထွေထွေညီလာခံ၌ ပေးအပ်မည်ဖြစ်သည်။ ယခုအခါအဆိုပါအသင်းဝင်နိုင်ငံပေါင်း ၈၀ ရှိပြီး၊ မြန်မာနိုင်ငံမှ ယခုနှစ်တွင်စတင် အသင်းဝင်ဖြစ်လာသည်။ မြန်မာနိုင်ငံမှ တိရစ္ဆာန်ဆေးကုဆရာဝန်အသင်းကို၁၉၇၄ မှစတင်၍ စတင်ဖွဲ့စည်းခဲ့ပြီးကြားကာလအချို့တွင် အသင်း လှုပ်ရှားမှုမရှိဘဲ ရပ်ဆိုင်းခဲ့ရာမှ ၁၉၉၈ မှစ၍ ပြန်လည်လှုပ်ရှားလာခဲ့သည်။

## စာ – ၁၃၊ သတိထားရန်လိုသော နင်းခြင်း၊ နှိပ်ခြင်း မှ

"ရွာတွေမှာကတော့ တစ်ခုခု ဖြစ်လာရင် အနှိပ်သည်ခေါ်ပြီး နှိပ်ကြတာများပါတယ်။ များသောအားဖြင့် လေဖြတ်တဲ့သူတွေက ဆေးအပြင် မိရိုးဖလာအနှိပ်သည်တွေနဲ့ နှိပ်ကြတာများတယ်။ သိသိသာသာလည်း သက်သာသွားကြတာတွေလည်းရှိတယ်"ဟု အသက် ၆၀အရွယ် အမျိုးသားတစ်ဦးကပြောသည်။

အသက်ကြီးလာသည့်သူအများစုသည် အရိုးပါးခြင်း၊ အရိုးပွရောဂါဝေဒနာများ ခံစားကြရလေ့ရှိပြီး နောင်ဆယ်စုနှစ်အတွင်းတွင် အရိုးပွရောဂါသည်လူ၁၀၀တွင်၅၀ဦးနှုန်းအထိဖြစ်ပွားနိုင်မည်ဖြစ်ကြောင်းသိရသည်။ အရိုးပွရောဂါသည်မိမိတွင်ဖြစ်ပွားနေကြောင်းမသိရှိနိုင်ဘဲမတော်တဆချော်လဲခြင်း၊ ထိုကဲ့သို့ နင်းခြင်း၊ နှိပ်ခြင်းတစ်ခုခုကြောင့် အရိုးများကျိုးသည့်အခါမှသာ အရိုးပွနေကြောင်း သိရှိလေ့ရှိကြောင်းသိရသည်။

"အရိုးပွရောဂါက များသောအားဖြင့် အမျိုးသမီးတွေမှာ ပိုဖြစ်ပွားလေ့ရှိကြတယ်။ အရိုးတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ ကယ်စီယမ်ဓာတ်ကတစ်နေ့ကို ၁,၀၀၀ လောက် လိုအပ်ပေမယ့် ဒီက သူတွေရဲ့ နေ့စဉ် စားတဲ့ အစားအသောက်တွေထဲမှာပါတဲ့ ဓာတ် က ၃၀၀ လောက်ပဲရှိတယ်။ ဒါကြောင့် အသက်ကြီးလာတဲ့အခါ အရိုးပွရောဂါတွေဖြစ်လာကြတာ" ဟု ရန်ကုန်ဆေးရုံကြီးမှ ဒေါက်တာဒေါ်ခင်မျိုးလှကပြောသည်။

နင်းခြင်း၊ နှိပ်ခြင်းများအား ယခင်က လူဖြင့်နင်းနှိပ်ကြသော်လည်း နောက်ပိုင်းတွင် စက်ပစ္စည်းများ အသုံးပြုလာခြင်းများရှိပြီး ထိုစက်ပစ္စည်းများမှာလည်း အညောင်းပြေရန်နှင့် ဝေဒနာကို သက်သာစေနိုင်ကြောင်းသိရသည်။

အရိုး၊ အကြော၊ အဆစ်များ နှင့်ဆိုင်သည့် ရောဂါများသည် ဖြစ်ပွားမှု တဖြည်းဖြည်း များပြားနေပြီး ဆေးရုံသို့ ရောက်လာသည့် လူနာသုံးပုံတစ်ပုံကအဆိုပါရောဂါရှင်များ ဖြစ်လာသည့်အပြင် အရိုး၊ အကြော၊ အဆစ်ဆိုင်ရာ ရောဂါများဖြစ်သည့် လေးဘက်နာရောဂါများအပြင် အခြားရောဂါများသည်နာကျင်ကိုက်ခဲသည့် ဝေဒနာခံစားကြရသဖြင့် နင်းခြင်း၊ နှိပ်ခြင်းများကို အများစုအသုံးပြု ကြလေ့ရှိသည်။

ထိုသို့ အသုံးပြုကြသည် ရောဂါဝေဒနာခံစားရမှု သက်သာစေနိုင်မည်မှန်သော်လည်း မိမိတွင် ဖြစ်ပွားနေမှန်းမသိသော အရိုးပွရောဂါ၊ အရိုးပါးရောဂါများရှိပါက နောက်ဆက်တွဲခံစားရမည့်အခြေအနေများမှာ အရိုးကျိုးသွားခြင်း၊ အောက်ပိုင်းသေခြင်းတို့မှအစ အသက်ပါ ဆုံးရှုံးစေနိုင်သည့်အတွက် သတိပြုဆင်ခြင်ကြရန် ကျွမ်းကျင်ဆရာဝန်များက ပြောကြားသည်။

## စာ – ၁၃၊ အသည်းအစားထိုးကုသခြင်း မှ

မြန်မာနိုင်ငံမှ အသည်းဝေဒနာရှင်များသည်လည်း အသည်းအစားထိုးကုသမှုခံယူခြင်းများ များပြားလာပြီဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာလည်း အသည်း အစားထိုးထားသူတွေ တစ်နေ့တခြား များလာပါပြီး သိသလောက်ဆိုရင် အိန္ဒိယမှာပဲ အစားထိုးထားတဲ့သူတွေ တစ်ရာလောက်ရှိနေပြီ"ဟု ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းကပြောသည်။

မြန်မာနိုင်ငံတွင်လည်း အသည်းအစားထိုးကုသခြင်း နှစ်ကြိမ် ပြုလုပ်အောင်မြင်ပြီးဖြစ်ပြီး ပထမအကြိမ်သည် ဦးနှောက်သေနေသည့်သူထံမှ အသည်းကိုယူ၍ အစားထိုးခြင်းဖြစ်ပြီး၊ ဒုတိယအကြိမ်တွင်မူ သက်ရှိအသည်းအလှူရှင်ထံမှ အသည်းကိုအလှူခံ၍ အစားထိုးကုသခြင်းဖြစ်သည်ဟု သိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ အသည်းအစားထိုးကုသပေးသည့် အထူးကုဆရာဝန်ကြီးများသည် နှစ်နည်းစလုံးအား အောင်မြင်စွာ ပြုလုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ဦးနှောက်သေသည့် လူ၏ အသည်းကိုယူ၍ အသည်းအစားထိုးကုသမှုပြုလုပ်ခြင်းသည် ပြုလုပ်ရသည့်ပညာရှင်အတွက်လွယ်ကူသော်လည်း အသက်ရှင်နေသည့် အသည်းအလှူရှင်ထံမှ အသည်းအစားထိုးကုသခြင်းသည် အချိန်ကိုက်လုပ်ရသည့် ခက်ခဲသည့်ပညာရပ်တစ်ခုဖြစ်သည်ဟု သိရသည်။

အသက်ရှင်နေသည့် အသည်းအလှူရှင်ထံမှ အသည်းကို အစားထိုးကုသခြင်းသည် အလှူရှင်နှင့် လှူဒါန်းသူနှစ်ဦးစလုံးအား ပညာရှင်များက အချိန်ကိုက်လုပ်ဆောင်ရပြီး ခွဲစိတ်ချိန် ရှစ်နာရီကျော်ခန့်ကြာမည်ဖြစ်ကြောင်း သိရသည်။

အသက်ရှင်နေသည့် အသည်းအလှူရှင်ထံမှ အသည်းအစားထိုးလှူဒါန်းခြင်းသည် အလှူရှင်၏ အသည်းအား ညာခြမ်း(သို့မဟုတ်)ဘယ်ခြမ်းအားလှီးဖြတ်၍ အစားထိုးခံရမည့်လူနာထံ ထည့်သွင်းပေးခြင်းဖြစ်သည်။

အလှူရှင်၏ ကိုယ်အလေးချိန် ခန္ဓာကိုယ်အရွယ်အစားနှင့် လက်ခံမည့်သူ၏ ကိုယ်အလေးချိန်၊ ခန္ဓာကိုယ်အရွယ်အစားတို့အပေါ်တွင်မူတည်၍ ခွဲစိတ်ကုသပေးမည့် ပညာရှင်များကဘယ်ခြမ်း(သို့မဟုတ်) ညာခြမ်းဖြင့် အစားထိုးကုသပေးရမည်ကိုဆုံးဖြတ်လေ့ရှိကြောင်းသိရသည်။

"လူနာရဲ့ အသည်းကို ဖြတ်နေတဲ့အချိန်နဲ့ အလှူရှင်ရဲ့ အသည်းကို ဖြတ်နေတဲ့အချိန်ကို အချိန်ကိုက်လုပ်ထားရမယ်" ဟု ပါမောက္ခဒေါက်တာခင်မောင်ဝင်းကပြောသည်။

အသည်း လှူဒါန်းနိုင်မည့် အလှူရှင်သည် အသက်နှစ်လမှ ခြောက်ဆယ်အတွင်း ရှိရမည်ဖြစ်ပြီး အသည်းလှူဒါန်းရာတွင် ကြုံတွေ့နိုင်မည့် အန္တရာယ်များကိုလည်း ကိုယ်တိုင် နားလည်သဘော ပေါက်သူဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အလှူခံမည့်သူနှင့်လည်း သွေးအုပ်စုတူရမည်ဖြစ်ပြီး အသည်းရောင် အသားဝါ ဘီ၊ စီ၊ အိတ်ချ်အိုင်ဗီအစရှိသည့်ရောဂါများလည်း ကင်းစင်ရမည်ဖြစ်သည်။ အဝမလွန်သူ၊ အသည်းအဆီမဖုံးသူ၊ အရက်မသောက်သူဖြစ်ရမည်ဖြစ်ကြောင်းလည်း သိရသည်။

အသည်းအစားထိုးကုသမှုခံယူရမည့် အသည်းဝေဒနာရှင်များမှာ အသည်း၏လုပ်ငန်းဆောင်တာများ ပုံမှန်လုပ်ဆောင်ခြင်းမရှိသောသူများ၊ အသည်းရောဂါကြောင့်သတိလစ်ဖူးသူများ အစရှိသည့်အသည်းရောဂါ နောက်ဆုံးအဆင့်လူနာများအစားထိုး ကုသနိုင်သည်။

ထို့အပြင် အသည်းခြောက်ရောဂါရှင်များ (မည်သည့်အကြောင်းကြောင့် မဆိုအသည်းခြောက်သူများ) အသည်းကင်ဆာရောဂါရှင်များလည်း အသည်းအစားထိုးကုသမှု ခံယူနိုင်ကြောင်း သိရသည်။

အသည်းအစားထိုးကုသခြင်းသည် လှူဒါန်းသူရော အစားထိုးသူပါ အန္တရာယ်အနည်းငယ်ရှိတတ်သော်လည်း များသောအားဖြင့်အောင်မြင်သည့် ခွဲစိတ်မှုများဖြင့်သာ အဆုံးသတ်လေ့ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ သူများအသည်းအစားထိုးကုသမှုပြုလုပ်မည်ဆိုပါက စင်ကာပူနိုင်ငံတွင် ပြုလုပ်လျှင် ကျပ်သိန်းတစ်ထောင့်ငါးရာခန့်ကုန်ကျနိုင်ပြီး အိန္ဒိယနိုင်ငံတွင်ပြုလုပ်မည်ဆိုပါက ကျပ်သိန်းငါးရာခန့်သာ ကုန်ကျနိုင်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင်လည်း အသည်းအစားထိုးကုသမှုနှစ်ကြိမ် ပြုလုပ်ပြီးဖြစ်ရာ အောင်မြင်မှုများ ရရှိသဖြင့် နောက်ပိုင်းတွင် ပြည်တွင်း၌ပင် အစားထိုးမှုပြုလုပ်နိုင်မည်ဆိုပါက ကုန်ကျစရိတ် ပိုမိုသက်သာသွားမည်ဖြစ်သည်ဟု ဒေါက်တာခင်မောင်ဝင်းကပြောသည်။

အောင်ချမ်းမြေ

Regional

7 DAY NEWS JOURNAL

Vol.10, No.17 · JULY 14, 2011

# လမ်းတံတားအသုံးပြုခပိုကောက်သောဂိတ်များအား ကောက်ခံခွင့်တစ်လပိတ်သိမ်း

မင်းဒင်၊ ဦးလွင်

**မန္တလေး၊ ဇူလိုင်-၉**

မန္တလေး-မိုးကုတ်လမ်းပိုင်းအတွင်း သတ်မှတ်နှုန်းထားများအတိုင်းကောက်ခံခြင်းမရှိသည့် လမ်းတံတားအသုံးပြုခကောက်ခံရေး ဂိတ်များကိုကောက်ခံခွင့်အား တစ်လပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဖော့တောလမ်းဂိတ်၊ လက်ပံလှလမ်းဂိတ်၊ လက်ပံလှတံတားဂိတ်နှင့် တံငါတံတားဂိတ်နှင့်ကြာနီကန်ဂိတ်စသော ဂိတ်စသည့်ဂိတ်များအား ဇူလိုင်လ ၇ ရက် မှစတင်ကာ လမ်းတံတား အသုံးပြုခကောက်ခံခွင့်အား တစ်လတိတိ ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးရာဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ပါရှိသည်။

"ကြာနီကန်လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်နဲ့ မတ္တရာ(ပန်းယျ) ဂိတ်တို့က သတ်မှတ်နှုန်းထားထက် ပိုမိုကောက်ခံနေကြောင်း တိုင်ကြားသူ ၅၂ ဦးအထိ ရှိပါတယ်။ အဲဒီတိုင်တန်းမှုအပေါ် တိုင်းဒေသကြီးအင်ဂျင်နီယာမှူးကြီးရုံးမှ စစ်ဆေးရေးအဖွဲ့ဝင်များဖြင့် သွားရောက်စစ်ဆေးတဲ့အခါ ပိုမိုကောက်ခံမှုမှန်ကန်မှုရှိတဲ့အတွက် ဝန်ကြီးက တစ်လရပ်ဆိုင်းရန် ညွှန်ကြားခြင်းဖြစ်ပါတယ်" ဟု ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုကဲ့သို့ပိတ်သိမ်းခံရသည့် ဂိတ်များအနေဖြင့် နောင်တွင်ထပ်မံ၍ ပိုမိုကောက်ခံပါက ကောက်ခံခွင့်အားအပြီးတိုင်ရုပ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါတစ်လပိတ်သိမ်းခံရသည့်ဂိတ်များတွင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ နှုန်းထားများအတိုင်းဌာနဝန်ထမ်းများက အစားထိုးကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။



ဆရာတော် ဦးမာနိတက အိပ်မက်အရတွေ့ရှိသည်ဆိုသော ကျောက်တုံး၊ ဆရာတော်နှင့် ဒါယိကာများအားတွေ့ရစဉ်

# အိပ်မက်အရ တွေ့ရသည်ဆိုသော ကျောက်တုံးကြီးပေါ်တွင် ဘုရားတည်မည်

ကျော်ဇေယျ

**နေပြည်တော်၊ ဇူလိုင်-၈**

ဆရာတော်တစ်ပါးကအိပ်မက်အရရှာဖွေရာမှ တွေ့ရသည်ဟုဆိုသော နေပြည်တော် ပျဉ်းမနား ဧရိယာအတွင်းရှိကျောက်ကမ်းပါးစွန်း၌ တည်ရှိနေသောကျောက်တုံးကြီးပေါ် တွင် စေတီတစ်ဆူတည်ရန်ဆောင်ရွက်နေသည်။

တရားအားထုတ်ရန်သွားသည်ဆိုသော ဆရာတော်ဦးမာနိတမှာဒေသခံသံဃာတော်တစ်ပါး၏ပြောကြားချက်အရ အဆိုပါကျောက်တုံးကြီးအား သိရပြီးကျောက်တုံးဆီသို့ သွားရမည့် လမ်းကြောင်းကို အိပ်မက်အရသိခဲ့ရပြီးသွားရောက်ရှာဖွေရာမှ တွေ့ရှိခဲ့ရာ ကျောက်တုံးကြီး၏ အနေအထားမှာလည်း ကျိုက်ထီးရိုးစေတီတော်မြတ်တည်ထားရာ ကျောက်တုံးကြီးကဲ့သို့ တည်ရှိနေပြီး ကျောက်တုံးအောက်ပိုင်းနှင့် ကျောက်စွန်းထိစပ်နယ်နိမိတ်မှာလည်း အလွန်ပင်နည်းပါးကြောင်း သိရသည်။ တည်နေရာမှာ နေပြည်တော်ပျဉ်းမနားအရှေ့ဘက် ၁၂ မိုင်ခန့်အကွာ ရွှေပြည်သာကျေးရွာအုပ်စုတောထဲတွင်ရှိကြောင်း၊ အနီးအနားရွာမှ မှျစ်ချိုး၊ ထင်းခုတ်သွားသူတို့က ယခင်ကာလများက အဆိုပါ ကျောက်တုံးကြီးကို တွန်းချကလော်ချသော်လည်း အောင်မြင်မှုမရရှိခဲ့ကြောင်း ရွာခံအချို့က ဆိုသည်။

စေတီတစ်ဆူတည်ရန် သာသနာ့အလံသွားထူသော အဖွဲ့မှ ဦးသိန်းဝင်းဆိုသူကလည်း "ကျောက်တုံးကြီးနဲ့ ကျောက်တောင်စွန်း ထိစပ်မှုဧရိယာကလည်း အရမ်းနည်းပါးတယ်ဗျ။ ထိစပ်မှုဧရိယာထဲကို လက်နှစ်လုံးလောက်ရှိတဲ့ ဝါးခြမ်းထိုးထည့်တာတောင် အထုတ်အသွင်းရတယ်။ ပြီးတော့ ကျွန်တော်လည်း အဲဒီကျောက်တုံးကြီးကို ပုခုံးနဲ့တွန်းကြည့်တော့လည်းရတယ်။ သိသိသာကြီးကို လှုပ်တယ်ဗျ" ဟုပြောသည်။ ၎င်းမှ "စေတီတည်မည့်ကာလကတော့မိုးကုန်ရင်စတည်မယ်လို့ လျာထားပါတယ်။ တစ်ဦးတည်းတစ်ယောက်တည်း ဒါယိကာ ပေါ်ပေါက်လာပေမယ့်လည်း အများကုသိုလ်ပါဝင်နိုင်အောင်လို့ဆရာတော်ဦးမာနိတရဲ့ အနီးကပ်လမ်းညွှန်ဦးဆောင်မှုနဲ့ လုပ်ဆောင်နေပါတယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။

# ခရီးသည်တင်ယာဉ်များ ကုန်သွယ်ခွန်ကို သက်ဆိုင်ရာမြို့နယ်အလိုက် ပေးဆောင်ရန်နှိုးဆော်

ရန်နိုင်ကျော်

**မုံရွာ၊ ဇူလိုင်-၅**

ခရီးသည်တင်မော်တော်ယာဉ်နှင့် ရေယာဉ်များအားလုံး ခရီးသွားကုန်သွယ်ခွန်အဖြစ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနရုံးတွင်ပေးဆောင်ရန် ဇူလိုင်လဆန်းပိုင်းက နှိုးဆော်ထားကြောင်း မုံရွာမြို့မှ ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင်မော်တော်ယာဉ်လိုင်းမှ တာဝန်ရှိသူများကပြောကြားသည်။

"အရင်တုန်းက မော်တော်ယာဉ်အသင်းဌာနချုပ်ကတစ်ဆင့် ယာဉ်လိုင်းအားလုံးအတွက် အခွန်ဦးစီးဌာနရုံးကို ပေးဆောင်ခဲ့ရတယ်။ အခုအစိုးရသစ်လက်ထက်မှာ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေဖွဲ့စည်းပြီးတဲ့နောက်ပိုင်းမှာ ခရီးသည်တင် ယာဉ်လိုင်းဌာနချုပ်က စုပေါင်းပေးဆောင်လို့မရတော့ဘဲ ခရီးစဉ်တွေထွက်ခွာတဲ့ယာဉ်လိုင်းဌာနခွဲတွေကတစ်ဆင့် မြို့နယ်အခွန်ဦးစီးရုံးကို ကုန်သွယ်ခွန်ပေးဆောင်ရတယ်။ ခရီးသည်တင်ယာဉ်တွေအနေနဲ့ ကုန်သွယ်ခွန် ၈ ရာခိုင်နှုန်းကို ယာဉ်စီးခနဲ့ ထည့်ပေါင်းကောက်ခံရမယ်ဆိုပေမယ့် ခရီးသည်တွေယာဉ်စီးခနှုန်းထား တိုးကောက်ခွင့်ကို သက်ဆိုင်ရာဌာနတွေက ခွင့်မပြုတဲ့အတွက် ခရီးသည်များအတွက်ကုန်သွယ်ခွန်ကို မော်တော်ယာဉ်လိုင်းဌာနခွဲတွေက စိုက်ထုတ်ပေးဆောင်နေရပါတယ်" ဟု မုံရွာ-ရန်ကုန်ခရီးသည်တင် ယာဉ်လိုင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။



ခရီးသွားလက်မှတ်တွင် ကုန်သွယ်ခွန် ၈ ရာခိုင်နှုန်းထည့်သွင်းထားသည်ကို အသိပေးထားစဉ်

ခရီးသည်တင် မော်တော်ယာဉ်နှင့် ရေယာဉ်အသင်းများအနေဖြင့် မော်တော်ယာဉ်၊ ရေယာဉ်လက်မှတ်များရောင်းချချိန်တွင် အသင်းမှ သတ်မှတ်ထားသည့် ယာဉ်စီးခအပြင် ကုန်သွယ်လုပ်ငန်းခွင် ၈ ရာခိုင်နှုန်းပါထည့်ပေါင်းလျှင် (ဥပမာ-ယာဉ်စီးခနှုန်း ကျပ် ၁၀,၀၀၀) ဆိုလျှင် ရှစ်ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွင့်ကျပ် ၈၀၀ ထည့်ပေါင်းလျက်ကျပ် ၁၀,၈၀၀ ဖြင့် ရောင်းချရန်) သတင်းထုတ်ပြန်ခဲ့သည်။ ထို့အပြင် အသင်းမှ တစ်လအတွင်း ရယူခဲ့သည့်ကုန်သွယ်လုပ်ငန်းခွင်များကို သက်ဆိုင်ရာလကုန်ဆုံးပြီး ဆယ်ရက်အတွင်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ ငွေစာရင်းဌာနသို့ ငွေသွင်းချလန်ဖြင့် ပေးသွင်းကြရန်စစ်ကိုင်းတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ကြေညာချက်ထုတ်ပြန်ကြေညာထားသည်။

မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်ခြင်းအပေါ် ကုန်သွယ်ခွန်ဖြတ်တောက်ပေးသွင်းရန်အတွက် ခရီးသည်ယာဉ်ပြေးဆွဲခြင်းလုပ်ငန်းမှ လက်ရှိ ၂၀၁၁-၁၂ဝင်ငွေနှစ်(၂၀၁၂-၁၃ စည်းကြပ်နှစ်အတွက်)ပုဒ်မ ၁၂(က)အရ ခရီးစဉ်တစ်ခေါက်ချင်းပြေးဆွဲခရငွေအပေါ် ကုန်သွယ်ခွန် ၈ရာခိုင်နှုန်းအားမော်တော်ယာဉ်အသင်းတည်ရှိရာ ဂိတ်မှဖြတ်တောက်ပေးသွင်းရမည်ဖြစ်သည်။ ခရီးသည်တင်ဝန်ဆောင်မှုစာရင်း Sitting Plan ကို အတည်ပြုလက်မှတ်ရေးထိုးစေပြီး သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ငွေသွင်း ချလန်ရယူ၍ ဘဏ်သို့ပေးသွင်းကြရန် ယခုနှစ် ဇူလိုင်လဆန်းက ခရီးသည်တင် ယာဉ်လိုင်းများသို့ နှိုးဆော်ထားသည်။

ဝန်ဆောင်မှုလုပ်ငန်းများတွင် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများ ရငွေစုစုပေါင်းအပေါ် ကုန်သွယ်ခွန် ၈ ရာခိုင်နှုန်း ဖျော်ဖြေရေးလုပ်ငန်းလုပ်ကိုင်သူများ ရုပ်ရှင်၊ ဗီဒီယိုပြသသူများရငွေအားလုံးအပေါ် ကုန်သွယ်ခွန် ၃၀ ရာခိုင်နှုန်း၊ ကျန်ဖျော်ဖြေမှုဆောင်ရွက်သူများရငွေအားလုံးအပေါ် ကုန်သွယ်ခွန် ၁၅ ရာခိုင်နှုန်း၊ ကုန်စည်ဝယ်ယူရောင်းချသူများရောင်းရငွေ စုစုပေါင်းအပေါ် ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်း ဟိုတယ်၊ တည်းခိုခန်းဖွင့်လှစ်သူများ ရငွေအားလုံးအပေါ် ကုန်သွယ်ခွန် ၁၀ ရာခိုင်နှုန်း ပေးဆောင်ရမည်ဟု သိရသည်။



7 DAY NEWS JOURNAL
Vol.10, No.17 · JULY 14, 2011

# ရန်ကုန် – ပြည် – မကွေးလမ်းပိုင်းတွင်တံတားသံပေါင်တစ်ခုအက်

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်-၇**

ရန်ကုန်-ပြည်-မကွေးလမ်းပေါ်ရှိ အောင်လံမြို့အနီးရှိတံတားတစ်ခုတွင်သံပေါင်တစ်ခုအက်နေသဖြင့် ကုန်ကားများ ဖြတ်၍မရကြောင်း ဒေသခံများက ပြောသည်။

"အခု တံတားက ၁၃ တန်ပဲ ပေးဖြတ်တော့ကုန်ကားတွေထော်လာဂျီနဲ့ သယ်နေရတယ်။ တော်တော်လေး အဆင်မပြေဘူး" ဟု ဘဏ်အဆောက်အအုံ ဆောက်လုပ်ရန်အတွက်ပစ္စည်းသွားရောက်ပို့သူ ကားသမားတစ်ဦးက ပြောသည်။ အဆိုပါတံတားမှာ ထိုလမ်းမ၏ မိုင်တိုင်အမှတ် ၁/၁၈၀ တွင်ရှိသည်။ ထို့ကဲ့သို့ ထော်လာဂျီနှင့် သယ်ယူသည့်အတွက်တစ်တန်လျှင် ကျပ်၆၀၀ ပေးချေရပြီး အချိန်များစွာကြာမြင့်ကြောင်း ကားသမားများကဆိုသည်။ အဆိုပါတံတားအား၁၉၄၆ခုနှစ်ကစတင်ဆောက်လုပ်ခဲ့ပြီး ယခုအခါ သံပေါင်တစ်ချောင်း အက်လာသဖြင့် ကုန်ကားများ ဖြတ်သန်းခြင်းကို ခွင့်မပြုတော့ကြောင်း သိရသည်။



*သံပေါင်တစ်ခုအက်နေသော အောင်လံမြို့အနီးရှိ တံတားအားတွေ့ရစဉ်*

# နွားထိုးကြီးမြို့တွင် ပုဂ္ဂလိကဘဏ်ခွဲဖွင့်ရန် မြို့လူထု မျှော်လင့်

**ခင်ဇာမွန်မြင့်**

**နွားထိုးကြီး၊ ဇူလိုင်- ၆**

နွားထိုးကြီးမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲတစ်ခုတည်းသာရှိ၍ မိုင် ၂၀ ဝေးသော မြင်းခြံပုဂ္ဂလိက ဘဏ်များသို့ငွေလွှဲငွေပို့လုပ်ငန်းများ သွားရောက်ဆောင်ရွက်နေကြရ၍ နွားထိုးကြီးမြို့၌ ပုဂ္ဂလိကဘဏ်ခွဲဖွင့်လှစ်ပေးရန်ဒေသခံများက လိုလားလျက်ရှိသည်။

နွားထိုးကြီးမြို့နယ်မှနိုင်ငံခြားသို့ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်နေသူ ၅,၀၀၀ ကျော်ရှိပြီး အခြားနည်းဖြင့် နိုင်ငံခြားရောက်နေသူများပြားကာ ငွေပို့ငွေယူကို ပုဂ္ဂလိကဘဏ်များနှင့် ဆက်သွယ်နေရသည်ဆိုသည်။

အင်ကြင်းကျောက်လုပ်ငန်း၊ ဒေသထွက်ပဲမျိုးစုံ၊ ထန်းလျက်၊ ဆီထွက်သီးနှံလုပ်ငန်းများလည်း ဘဏ်နှင့် ဆက်သွယ်၍ လုပ်ငန်းလုပ်ဆောင်နေကြသဖြင့် နွားထိုးကြီးတွင် ပုဂ္ဂလိက ဘဏ်ခွဲဖွင့်လှစ်ခြင်းကို လိုလားခြင်းဖြစ်ကြောင်း သိရသည်။

နွားထိုးကြီးမြို့သည် အော်တိုဖုန်း၊ ညလျှပ်စစ်မီး၊ ရန်ကုန်-မန္တလေး-နေပြည်တော် အမြန်လမ်း၊ ပုဂံ-မန္တလေးမီးရထားလမ်း၊ ခရိုင်ချင်းဆက်လမ်း၊ မြင်းခြံ-ရေဝန်း-မန္တလေးလမ်းများနှင့် အချိန်မရွေး ဆက်သွယ်ရသောမြို့ဖြစ်ပြီး ဒေသခံ ကျေးလက်တောင်သူများမှာ ကြက်သွန်၊ ငရုတ်၊ ဝါ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံလုပ်ငန်းများ လုပ်ကိုင်ကြသည်။

# ကျောင်းသားမိဘများအား ကျောင်းဝင်းထဲ မှတ်ပုံတင်ဖြင့် ဝင်ထွက်ရန် သတိပေး

**ထူးသန့်**


**နေပြည်တော်၊ ဇူလိုင်- ၉**

နေပြည်တော်ရှိ အခြေခံပညာ မူလတန်းကျောင်းအချို့တွင် ကျောင်းသားမိဘများအား မှတ်ပုံတင်ယူဆောင်လာ၍ ကျောင်းဝင်းထဲသို့ဝင်ထွက်ခြင်းပြုလုပ်ရန် သတိပေး မှုများရှိလာကြောင်း ဒေသခံကျောင်းသားမိဘအချို့ကပြောသည်။

"ကလေးတွေကို မိဘပါ၊ ဆွေမျိုးပါဆိုပြီး လိမ်ညာခေါ်ဆောင်တာတွေ၊ လက်ဝတ်ရတနာပစ္စည်းဖြုတ်ယူတာတွေရှိလာတာကြောင့်မိဘတွေကို မှတ်ပုံတင်ယူလာပြီးမှသာ ကျောင်းဝင်းထဲဝင်ထွက်ဖို့ ကျောင်းအုပ်ကြီးက ပြောလိုက်တယ်"ဟု နေပြည်တော်ပျဉ်းမနားမြို့မှ ကျောင်းသားမိဘတစ်ဦးကပြောသည်။

၎င်းအပြင် ကျောင်းသားများအား အဖိုးတန်လက်ဝတ်ရတနာပစ္စည်းများ ဝတ်ဆင်ပေးခြင်းမပြုရန်၊ အရောင်ပါအစားအစာနှင့် ကျန်းမာရေးနှင့်မညီညွတ်သော အစားအစာများ ကျွေးမွေးခြင်းမပြုရန်လည်း တားမြစ်မှုများရှိလာကြောင်းသိရသည်။

ယမန်နှစ်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ အထက်တန်းကျောင်းတစ်ကျောင်းမှ မူလတန်းကျောင်းသူလေးနှစ်ဦးအား လိမ်ညာခေါ်ဆောင်ကာ လက်ဝတ်ရတနာပစ္စည်းများ ဖြုတ်ယူသွားမှုကို ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ပြီး နေပြည်တော် ပျဉ်းမနားမြို့ရှိ မူလတန်းကျောင်းအချို့တွင်လည်း ထိုကဲ့သို့သောဖြစ်ရပ်များဖြစ်ပွားခဲ့ကြောင်း သိရသည်။






7 DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

# ကမ္ဘာကျော်စီးပွားရေးပညာရှင်၏ အကြံပြုချက်များကို မြန်မာအစိုးရက အကောင်အထည်ဖော်ရန် သုံးသပ်နေဟုဆို

ထူးသန့်

**နေပြည်တော်၊ ဇွန်- ၂၈**

နိုဘယ်ဆုရကမ္ဘာကျော်စီးပွားရေးပညာရှင် ပါမောက္ခဂျိုးဇက်စတစ်ဂလစ်၏ ကျေးလက်စီးပွားရေးဆိုင်ရာ အကြံပြုချက်များကို မြန်မာအစိုးရအနေဖြင့် ဆက်လက်ဆွေးနွေးအကောင်အထည်ဖော်ရန် သုံးသပ်နေသည်ကို ကြားသိရကြောင်း ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူး ဒေါက်တာနိုလင်ဟေဇာက ယမန်နေ့က ပြုလုပ်ခဲ့သော အခမ်းအနားတစ်ခုတွင်ပြောကြားခဲ့သည်။

နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က ESCAP နှင့် ယင်းဌာနတို့ ကြီးမှူးကျင်းပခဲ့သည့် ဒုတိယမြောက်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲတွင်စတစ်ဂလစ်ကမြန်မာနိုင်ငံ၏ ကျေးလက်စီးပွားရေးကဏ္ဍကိုပြန်လည်ဖော်ထုတ်နိုင်ရန် လမ်းပြမြေပုံတင်ပြခဲ့ကြောင်း၊ ထိုအကြံပြုချက်များကို အစိုးရအနေဖြင့် လက်ခံသုံးသပ်နေသည်ကို ကြားသိရ၍ ဝမ်းမြောက်ပါကြောင်း ၎င်းကပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် စီးပွားရေးဆိုင်ရာ မူဝါဒများနှင့် စပ်လျဉ်း၍ အာရှပစိဖိတ်ဒေသနှင့် အခြားဒေသမှ ရရှိသော သင်ခန်းစာများအပေါ် ပြည်တွင်းနှင့်ပြည်ပပညာရှင်များက အမြင်ခြင်းဖလှယ်ဆွေးနွေးခဲ့ကြောင်းလည်း ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားတွင် ပြောကြားသွားခဲ့သည်။

ယင်းစားပွဲဝိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် အသေးစားချေးငွေလမ်းပန်းဆက်သွယ်မှု မျိုးကောင်းမျိုးသန့်နှင့်နည်းပညာအထောက်အပံ့စသဖြင့်ပံ့ပိုးမှုများစွာလိုအပ်ကြောင်းစတစ်ဂလစ်က ဆွေးနွေးခဲ့သည်။ ယင်းဆွေးနွေးပွဲပြီးနောက် ချေးငွေနှင့် နည်းပညာမျိုးစေ့အထောက်အပံ့များ တိုးတက်လာသည်ကို မြင်တွေ့ရကြောင်း လယ်သမားနှင့် စားသုံးသူဈေးကွက်အကြားက အဆင့်များစွာကိုမူ လျှော့ချရန်လိုအပ်နေသေးကြောင်း သို့မှသာလျှင် လယ်ယာထွက်ကုန်ဈေးနှုန်းမတည်ငြိမ်မှုကို လယ်သမားများ ခုသာခံသာရှိမည်ဖြစ်ကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက အကြံပြုပြောကြားသည်။မြန်မာ့လယ်ယာကဏ္ဍအပြောင်းအလဲအတွက် ၂၀၀၃ခုနှစ်တွင် ဆန်စပါးမူဝါဒ ပြောင်းလဲပေးခဲ့ပြီး အစိုးရကို အစိုးရဈေးဖြင့် တစ်ဧကစပါး ၁၀ တင်း၊ ၁၂ တင်းနှုန်းစသည်ဖြင့် ပေးသွင်းရသည့် ဒိုင်စနစ်ကို ပယ်ဖျက်ခဲ့ကာ လွတ်လပ်စွာဝယ်ယူကြိတ်ခွဲ ရောင်းချခွင့်ပြုခဲ့ကြောင်း၊ အစိုးရ ဆန်စက်များကိုလည်း ပုဂ္ဂလိပိုင်ပြုလုပ်ပေးခဲ့ကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍ အထိုက်အလျောက် တိုးတက်လာခဲ့ကြောင်း သို့သော်လည်း ဆန်စပါးအရည်အသွေးနှင့်ထုတ်လုပ်နိုင်မှုများက ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို စိန်ခေါ်မှုဖြင့် တည်ရှိနေဆဲဖြစ်ကြောင်း တာဝန်ရှိသူ၏ ပြောကြားချက်အရသိရှိရသည်။

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ယမန်နေ့က ပြုလုပ်ခဲ့သော အမျိုးသားဆန်စပါး မူဝါဒများ တိုးတက်ကောင်းမွန်ပြီး ဒေသတွင်း စားနပ်ရိက္ခာလုံခြုံစိတ်ချရေးအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများဆိုင်ရာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး တတိယအကြိမ်မြောက်ဆွေးနွေးပွဲ၌ ဒေါက်တာနိုလင်ဟေဇာက စားနပ်ရိက္ခာအတွက်အခွင့်အလမ်းများတိုးတက်ရေး၊ ချေးငွေရရှိရေး၊ လယ်သမားများ လွတ်လပ်စွာ ဆုံးဖြတ်နိုင်ရေး၊ ရေရှည်တည်ငြိမ်သည့် ဆန်တန်ဖိုး မူဝါဒများ သတ်မှတ်ရေး၊ လယ်ယာစိုက်ပျိုးရေးနည်းပညာနည်းစနစ်များ တိုးမြှင့်ပေးရေး၊ အခြေခံအဆောက်အအုံနှင့် အခွင့်အလမ်းများ ဖန်တီးပေးရေးတို့ကိုတင်ပြဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံနှင့် အက်စက်တို့ ပူးပေါင်း၍ ဖွံ့ဖြိုးမှုဆိုင်ရာ ဆွေးနွေးပွဲများကို ပထမဆုံးအကြိမ်အဖြစ် ၂၀၀၉ ခုနှစ် ဇူလိုင်လက နေပြည်တော်တွင်ကျင်းပခဲ့သည်။

## မိုးညင်းသမ္မုဒ္ဒေတောရတည်ထောင်ခြင်း နှစ်တစ်ရာပြည့် အထိမ်းအမှတ်ကျင်းပမည်



မိုးညင်းသမ္မုဒ္ဒေစေတီတော်

မျိုးမင်းဦး

**မုံရွာ၊ ဇူလိုင်- ၅**

မုံရွာမြို့အနီးရှိ နာမည်ကျော်စေတီတစ်ဆူဖြစ်သည့် မိုးညင်းသမ္မုဒ္ဒေစေတီတော်ရှိ မိုးညင်းသမ္မုဒ္ဒေတောရကျောင်းတိုက်ကြီး နှစ်တစ်ရာပြည့်မြောက်ခဲ့ပြီဖြစ်သဖြင့် နှစ်တစ်ရာအထိမ်းအမှတ်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

"ကျေးဇူးတော်ရှင် မိုးညင်းဆရာတော်ကြီးဟာ မိုးညင်းတောရမှာ ၁၂၇၃ ခုနှစ်မှ စတင်ကာ သီတင်းသုံးခဲ့သဖြင့် ယခုနှစ်တွင် သက်တမ်းနှစ် ၁၀၀ ပြည့်ပြီဖြစ်ပါတယ်။ မြန်မာသက္ကရာဇ် ၁၂၇၃ ခုနှစ်မှာမိုးညင်းမိုးကောင်းစေတီတော်တည်ထားခဲ့ပြီး မိုးညင်းတောရ တည်ထားချိန်မှာ ဆရာတော်သုမနသည် သက်တော် ၃၉ နှစ် ဝါတော် ၁၉ ဝါရှိပြီး၊ မိုးညင်းတောရ တည်ထောင်ပြီး ၂၈ နှစ်အကြာ မြန်မာသက္ကရာဇ် ၁၃၀၃ ခုနှစ်မှာ မိုးညင်းသမ္မုဒ္ဒေစေတီတော်ကြီးကို တည်ထားကိုးကွယ်ခဲ့တာ နှစ်ပေါင်း ၂၀ အကြာ ၁၃၂၃ ခုနှစ်မှာ ပြီးစီးခဲ့ပါတယ်။ မြန်မာဝိသုကာမပါ အင်ဂျင်နီယာမပါ တည်ထားခဲ့ပြီး သဘာဝအလင်းအမှောင်စနစ်နဲ့ ထင်ရှားတဲ့ မိုးညင်းသမ္မုဒ္ဒေစေတီတော်တည်ရှိရာ ကျောင်းတိုက်တည်ထောင်ခြင်း နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ်ကျင်းပသွားမှာဖြစ်ပါတယ်"ဟုမိုးညင်းသမ္မုဒ္ဒေဂေါပကအဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောသည်။

မိုးညင်းသမ္မုဒ္ဒေစေတီတော်ကြီးတွင် ရုပ်ပွားဆင်းတုတော်ပေါင်း ၅၈၂,၃၆၃ ဆူ၊ စေတီတော်ပေါင်း ၈၆၄ ဆူ၊ ထိုင်တော်မူ ဆင်းတုပေါင်း ၆၈ ဆူ၊ ရပ်တော်မူ ရုပ်ပွားတော်ပေါင်း ၂၉၆ ဆူတည်ရှိပြီးစေတီတော်ကြီးဖိနပ်တော်အနံ ၁၁၁ တောင်၊ အလျား ၁၁၁ တောင်၊ ဉာဏ်တော်အမြင့် ၈၈ တောင်ရှိသည်။ စေတီတော်ကြီးတည်ထားချိန်မှာ နှစ်ပေါင်း ၂၀ ကြာမြင့်ခဲ့သည်။

နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဖြစ် ယခုနှစ် ဇူလိုင် ၁၈ ရက်မှ ၂၂ ရက်အထိ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဇူလိုင် ၂၂ ရက်မှ ၂၅ ရက်အထိ ၄ ညတိုင် နိုင်ငံကျော် ဓမ္မကထိကဆရာတော်ကြီးများ၏ ဓမ္မသဘင်တရားပွဲများ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ ဇူလိုင်လ ၂၅ ရက် နံနက်ပိုင်းတွင် မိုးညင်းသမ္မုဒ္ဒေပဋ္ဌာန်းအဓိပတိဓမ္မာရုံကြီး၌ပင့်သံဃာအပါး၁၀၀ကျော်အား သံဃာ့ဒါနဆွမ်းလောင်း လှူပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

## နွားထိုးကြီးတွင် ကျပ်သိန်းနှစ်ထောင်တန် အင်ကြင်းကျောက် အရောင်းအဝယ်ဖြစ်

ဌေးဌေးမောင်

**နွားထိုးကြီး၊ ဇူလိုင်- ၆**

နွားထိုးကြီးမြို့နယ် ဘုရားကြီးကွင်းမှထွက်သော လေးတောင်ခန့်အရှည်အရည်အသွေးကောင်းသည့် အင်ကြင်းကျောက်ကြီးကို ကျပ်သိန်း ၂,၀၀၀ကျော်နှင့် အရောင်းအဝယ်တည့်သွားကြောင်း သိရသည်။

အင်ကြင်းကျောက် ဈေး ကွက်တွင် နွားထိုးကြီး၌ ဈေးအများဆုံးဒေသထွက် ကျောက်ကြီး ဖြစ်ပြီး ယခင်က သိန်း ၆၀၀၊ ၇၀၀ အထိသာ အရောင်းအဝယ်ရှိခဲ့သော်လည်း ယခုအင်ကြင်းကျောက်ကိုထန်းဇင်ရွာသားဦးဆောင်သောအဖွဲ့က ဝယ်ယူသွားသည်ဟုသိရသည်။ အင်ကြင်းကျောက်မှာ စူးထောက်ရှာဖွေလေ၊ တွေ့ရှိလေဖြစ်သဖြင့် အင်ကြင်းကျောက်ဈေးကွက်၌ အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိပြီး နွားထိုးကြီးမှာပင် အချောကိုင်ဈေးကွက်ဖွင့်နေကြောင်း သိရသည်။ နွားထိုးကြီးမှာ အင်ကြင်းကျောက်အရောင်းဆိုင်များရှိလာပြီး အလှဆင်ကျောက်လူသုံးကုန်ပစ္စည်းထုတ်လုပ်ကာ ဈေးကွက်ရှာဖွေနေကြောင်း သိရသည်။

## ယာဉ်စည်းကမ်းဆိုင်ရာ နေပြည်တော်စည်ပင် ဥပဒေအသစ် ဇူလိုင် ၁ ရက်တွင် စတင်အသက်ဝင်

ထူးသန့်

**နေပြည်တော်၊ ဇူလိုင်- ၇**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ယာဉ်ပိုင်ရှင်များ ယာဉ်အသုံးပြုသူများအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်သော ဥပဒေအသစ်မှာ ဇူလိုင်လ တစ်ရက်မှ စတင်အသက်ဝင်ပြီဖြစ်ကြောင်း နေပြည်တော် ယာဉ်စည်းကမ်းကော်မတီဝင်တစ်ဦးကပြောသည်။

"ဥပဒေက ဒီလတစ်ရက်ကစပြီးအသက်ဝင်ပြီ။ အရင်လို စီမံခန့်ခွဲမှုဒဏ်ငွေမတပ်တော့ဘူး။ ပြစ်မှုကျူးလွန်တာစစ်ဆေးတွေ့ရှိရင် ဥပဒေအရပဲ တရားစွဲတာခံရမယ်"ဟု ၎င်းကပြောကြားခဲ့ခြင်းဖြစ်သည်။ ပြစ်မှုအလိုက် တရားရုံးပြစ်ဒဏ်များလည်း ခံယူသွားရမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်အတွင်း အသုံးပြုသွားလာလျက်ရှိသော နယ်ကျော်(တိုင်းဒေသကြီးကျော်)ဆိုင်ကယ်များအရေးနှင့် တရားမဝင်လုပ်ကိုင်နေသော ကယ်ရီဆိုင်ကယ်များအရေးနှင့် ပတ်သက်၍လည်းပြန်လည်ဆွေးနွေးသွားရန်ရှိကြောင်း ယနေ့ပြုလုပ်ခဲ့သော ယာဉ်စည်းကမ်း အစည်းအဝေးမှ သတင်းရရှိသည်။

ဥပဒေအသစ်အရ အရေးယူခံရသော ယာဉ်ပိုင်ရှင်များအနေဖြင့် နေပြည်တော်ပျဉ်းမနားမြို့နှင့် သီရိ ၅ မြို့နယ်အတွင်းမှ ဖြစ်ပါက ပျဉ်းမနားမြို့ရှိ တရားရုံးတွင် လာရောက်ဖြေရှင်းရမည်ဖြစ်ပြီး လယ်ဝေးနှင့် တပ်ကုန်းမြို့နယ်များတွင်မူ သက်ဆိုင်ရာတရားရုံးသို့ သွားရောက်ရမည်ဖြစ်ကြောင်းထပ်မံသိရှိရသည်။

ပြီးခဲ့သည့် ဇွန် ၂၄ ရက်က ထုတ်ပြန်ခဲ့ပြီး ယခုလ ၁ ရက်မှ စတင်အသက်ဝင်သည့် အဆိုပါ ဥပဒေသစ်အရစည်းကမ်းဖောက်ဖျက်ကျူးလွန်ခြင်း(သို့မဟုတ်) လိုက်နာရန်ပျက်ကွက်ပါက ၃ လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ငွေဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံရမည်ဖြစ်သည်။ ၎င်းအပြင် ယာဉ်မောင်းလိုင်စင်မပါရှိဘဲ မောင်းနှင်အသုံးပြုသူများကိုလည်း ယခုလ ၁ ရက်မှစ၍ အရေးယူလျက်ရှိကြောင်း သိရသည်။

## တရားမဝင်ပြေးဆွဲသော လိုက်ထရပ်ယာဉ်များကြောင့် ယာဉ်အန္တရာယ်စိုးရိမ်နေရဟုဆို

မျိုးမင်းဦး

**မုံရွာ၊ ဇူလိုင်- ၅**

မုံရွာ-မန္တလေး အဝေးပြေးလမ်းမကြီးတွင် တရားမဝင်ခရီးသည်တင်ဆောင်ပြေးဆွဲသော လိုက်ထရပ်ယာဉ်ငယ်အချို့သည် သတ်မှတ်ခရီးသည် အရေအတွက်မရှိဘဲ တင်ဆောင်ပြေးဆွဲလျက်ရှိသောကြောင့် ယာဉ်အန္တရာယ် စိုးရိမ်ဖွယ်ရာကြုံတွေ့နေရကြောင်း မြင်းမူမြို့နယ်ဒေသခံများ၏ပြောပြချက်အရ သိရှိရသည်။

"မုံရွာ-မန္တလေးခရီးသည်တင်ယာဉ်အဖြစ် လိုက်ထရပ်ယာဉ်ငယ်တွေပြေးဆွဲတဲ့နောက်ပိုင်း လမ်းတစ်လျှောက်ခရီးသည်အရေအတွက်သတ်မှတ်ချက်မရှိဘဲယာဉ်ခေါင်းမိုးပေါ်ပါတင်တာတွေရှိတယ်။ လိုက်ထရပ်ယာဉ်ငယ်တစ်စီးမှာ ခရီးသည် ၂၀က နေ ၃၀ အထိ ပြည့်ကျပ်နေအောင်တင်ပြီးပြေးတယ်။ ပြီးခဲ့တဲ့ဇွန်လအတွင်းတုန်းက တရားမဝင်ပြေးဆွဲတဲ့ လိုက်ထရပ်ယာဉ်တွေကို ရှောင်တခင်စစ်ဆေးအရေးယူတာတွေရှိလာတဲ့အတွက် မုံရွာ-မန္တလေးလမ်းမကြီးအတိုင်း မပြေးတော့ဘဲ ရှောင်ကွင်းမောင်းနှင်ရတဲ့အတွက် ယာဉ်တန်ပိုနဲ့ကျေးလက်လမ်းတွေကပါမောင်းနေပြီးခရီးသည်တွေရသလောက်တင်တော့လိုက်ထရပ်ကားတွေဘီးပေါက်လိုက်၊လေးကျိုးလိုက်နဲ့ သိပ်အန္တရာယ်များတယ်"ဟုမြင်းမူမြို့နယ်ဒေသခံယာဉ်ပိုင်ရှင်တစ်ဦးကပြောသည်။

ပြည်တွင်းစက်မှုဇုန်ထုတ်လိုက်ထရပ်ယာဉ်ငယ်များသည် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ တရားဝင်ယာဉ်လိုင်းမှတ်ပုံတင်ပြေးဆွဲခြင်းမဟုတ်ဘဲ မုံရွာ- မန္တလေးအမြန်လမ်းတစ်လျှောက်ခရီးသည်များ တင်ဆောင်ပြေးဆွဲခြင်းဖြစ်ပြီး သတ်မှတ်ယာဉ်စီးခနှုန်းထားများမရှိကြောင်းသိရှိရသည်။ တရားမဝင်ပြေးဆွဲသောလိုက်ထရပ်ယာဉ်များသည် ယာဉ်လိုင်စင်နံပါတ်အနက်ဖြင့် ပြေးဆွဲလျက်ရှိသဖြင့်တရားဝင်မှတ်ပုံတင်ထားသောမုံရွာ-မန္တလေးခရီးသည်တင်ယာဉ်လိုင်းများတွင် ခရီးသည်ရရှိမှု လျော့နည်းလာရာယာဉ်လိုင်းအချို့ရပ်နားခဲ့ရသည်အထိ ကြုံတွေ့ခဲ့ရကြောင်းသိရသည်။ ယခုနှစ် ဇွန်လအတွင်း မုံရွာ-မန္တလေးလမ်းမကြီးတစ်လျှောက်မြို့ကြီးများတွင်တရားမဝင်ပြေးဆွဲသော ခရီးသည်တင်လိုက်ထရပ်ယာဉ်များအားသက်ဆိုင်ရာမှ ရှောင်တခင်စစ်ဆေးအရေးယူမှုများဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မုံရွာမြို့တွင် ပြည်တွင်း စက်မှုဇုန်ထုတ်လိုက်ထရပ်ယာဉ်များဖြင့် တရားဝင်ခရီးသည်တင်ယာဉ်လိုင်းအဖြစ်ပြေးဆွဲလျက်ရှိသည့် မုံရွာ-ချောင်းဦး(ချင်းတွင်းလမင်း)နှင့် မုံရွာ-ကလေး(မွန်းလိုက်) ပုံမှန်ခရီးစဉ်များအဖြစ် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

# တရားမဝင်နံပါတ်ပြားတပ်ဆင်အသုံးပြုနေသည့်ယာဉ်များကိုစစ်ဆေးအရေးယူမည်

ထူးသန့်

**နေပြည်တော်၊ ဇူလိုင်-၇**

တရားမဝင် နံပါတ်ပြားများတပ်ဆင်၍ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင်မောင်းနှင်အသုံးပြုနေသည့် ယာဉ်များကိုလည်း စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း ယနေ့ကျင်းပခဲ့သော နေပြည်တော် ယာဉ်စည်းကမ်း၊ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအစည်းအဝေးမှ သတင်းရရှိသည်။



နေပြည်တော်နယ်နိမိတ်အတွင်း မောင်းနှင်သွားလာနေကြသော ယာဉ်များ

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နေပြည်တော် ကောင်စီနယ်မြေအတွင်း စက်မှုဇုန်ထုတ်ယာဉ်အချို့သက်တမ်းလွန် နံပါတ်ပြားများ အသုံးပြုသွားလာနေခြင်း၊ အင်္ဂလိပ်အက္ခရာ ၅ လုံးပါ တရားမဝင်နံပါတ်ပြားတပ်ဆင်အသုံးပြုမောင်းနှင်နေခြင်း၊ နံပါတ်ပြားတပ်ဆင်မှုမရှိဘဲ သွားလာနေခြင်းများ တွေ့ရှိနေရ၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ မေတ္တာရင်းခံမှုအရ စိစစ်ကြပ်မတ်အရေးယူသွားမည်ဟု တာဝန်ရှိသူများကဆိုသည်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် မော်တော်ယာဉ်ထုတ်လုပ်မှုနည်းပညာရရှိစေရေးအတွက် စက်မှုဇုန်များတွင်မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများအား ခွင့်ပြုပေးခဲ့သော်လည်း လုပ်ငန်းရှင်များအနေဖြင့် ကာလတို အမြတ်အစွန်းအတွက် တရားမဝင် တင်သွင်းလာသည့် ယာဉ်များကို စက်မှုဇုန်ထုတ်ယာဉ်အသွင်မျိုးဆောင်ရွက်နေသဖြင့် တိုးတက်သင့်သလောက်မတိုးတက်ဘဲ ဥပဒေကိုလက်တစ်လုံးခြားဆောင်ရွက်နေကြောင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီထံမှ သိရှိရသည်။

နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာနတွင် ပြီးခဲ့သည့် ဇွန် ၁၃ ရက်က မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ၌လည်း ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိမ်းက လုပ်ငန်းရှင်များအနေဖြင့် တရားဝင်မှန်ကန်သော လမ်းကြောင်းပေါ်မှ ထုတ်လုပ်မှုဆောင်ရွက်ကြရန်လည်းထည့်သွင်းပြောကြားခဲ့သည်။

ထိုကဲ့သို့သော တရားမဝင် နံပါတ်ပြားအသုံးပြုယာဉ်များ၊ သက်တမ်းလွန်ယာယီနံပါတ်ပြားအသုံးပြုယာဉ်များနှင့် လိုင်စင်မဲ့ယာဉ်များအသုံးပြုနေခြင်းနှင့် ပတ်သက်၍ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဦးစောလှက "ဝိုးတက်မပါတဲ့ကားမိရင် တစ်ခါတည်းသိမ်းဆည်းမယ်"ဟုယနေ့အစည်းအဝေးတွင်ပြောကြားခဲ့သည်။

# မနလေးတွင် ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းဝယ်လျှင် အပိုကြေးပေးရ

ညီညီဇော်

**မန္တလေး၊ ဇူလိုင် - ၇**

မန္တလေးမြို့တွင် ကျပ်ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းကို မိုဘိုင်းဖုန်းအရောင်းဆိုင်များ၌ နေ့ချင်းပြီး လျှောက်ထားရာတွင် အပိုကြေးပေးဆောင်နေရကြောင်း သတင်းရရှိသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းလျှောက်ထားရာတွင်မည်သည့်အပိုကြေးမှထပ်မံပေးရန်မလိုကြောင်း တရားဝင် သတင်းထုတ်ပြန်ထားသော်လည်း မန္တလေးမြို့ရှိမိုဘိုင်းဖုန်းအရောင်းဆိုင်များတွင်မူ အပိုကြေးကိုဝယ်ယူမည့် ဖုန်းနံပါတ်ပေါ်မူတည်၍ ကျပ်ငါးထောင်မှ နှစ်သောင်းငါးထောင်ကျပ်အထိပေးနေရကြောင်း ကိုယ်တိုင်ဝယ်ယူခဲ့သူများက ပြောသည်။

"ရန်ကုန်မှာ ၁၅မိနစ်အမြန်ငါးသိန်းတစ်ထောင့်ငါးရာဆိုပေမယ့် မန္တလေးမှာကျတော့ ငါးသိန်းငါးထောင်ကနေ ငါးသိန်းနှစ်သောင်း ငါးထောင်လောက်အထိပေါက်နေတယ်။ ဟန်းဆက်တွေရော ငွေဖြည့်ကတ်ရောဝယ်ရမှာဆိုတော့ ငွေချေတာတဲ့အနေနဲ့ ငါးသိန်းငါးထောင်တန်ပဲ ဝယ်လိုက်ရတယ်" ဟု မန္တလေးမြို့ရှိ မိုဘိုင်းဖုန်းအရောင်းဆိုင်တစ်ဆိုင်မှ ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းကိုဝယ်ယူခဲ့သူ အမျိုးသားတစ်ဦးကပြောသည်။

မိုဘိုင်းဖုန်း အရောင်းဆိုင်သို့ဆက်သွယ်မေးမြန်းရာတွင် တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့က မြန်မာ့ဆက်သွယ်ရေးနဲ့ ပေါင်းလုပ်တဲ့ကုမ္ပဏီကနေလုပ်ကိုင်ခွင့်ပြန်တောင်းပြီး ရောင်းပေးတာပါ။ဖုန်းတွေကတော့နံပါတ်ပေါ် မူတည်ပြီးဈေးကွဲတယ်၊ ငါးသိန်း ငါးထောင်ပေးရင် ဖုန်းကတ်ကိုငါးမိနစ်အတွင်း ချပေးမယ်"ဟု ပြန်လည်ဖြေကြားသည်။ မန္တလေးမြို့တွင် ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းကို မိုဘိုင်းဖုန်းအရောင်းဆိုင်များမှလျှောက်ထားဝယ်ယူသူများပြားနေပြီး နာမည်ကြီးမိုဘိုင်းဖုန်းဆိုင်များတွင်ပိုမိုဝယ်ယူကြသည်ဟုမန္တလေးမြို့ဒေသခံများကပြောကြားသည်။

# နေပြည်တော်တွင် နိုင်ငံသားစိစစ်ရေးကတ်များထုတ်ပေး

ထူးသန့်

**နေပြည်တော်၊ ဇူလိုင်-၉**

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အခြေခံအုပ်ချုပ်ရေးရုံးများတွင် အသက် ၁၀ နှစ်ပြည့်နှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်များထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်းသတင်းရရှိသည်။

"အသက်ဆယ်နှစ်ပြည့်နဲ့ ၁၈ နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးဖို့ ဆောင်ရွက်နေတာပါ။ အရင်နေ့က လူမကုန်သေးလို့ ဒီနေ့ထပ်ပြီး လုပ်ပေးနေတာ။ အစိုးရသစ်လက်ထက်မှာ ဒါပထမဆုံးပါပဲ"ဟု နေပြည်တော် ပျဉ်းမနားမြို့ရှိ အခြေခံအုပ်ချုပ်ရေးမှူးတစ်ဦးကပြောသည်။

ထိုကဲ့သို့ ဆောင်ရွက်ပေးရာတွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူနှင့် ဒေသခံ လုပ်အားပေးများဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးခြင်းဖြစ်ပြီး အခြားရပ်ကွက်နှင့် ကျေးရွာများတွင်လည်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ဆယ်နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးအတွက်သွားရောက်လုပ်ဆောင်ခဲ့သော မိဘတစ်ဦးကလည်း "ကိုယ့်အုပ်ချုပ်ရေးရုံးမှာလုပ်ရတာက ဟိုကိုသွားပြီးလုပ်ရတာထက် အရမ်းသက်သာတယ်"ဟုဆိုသည်။

# ပဲအချို့ ဈေးပြန်တက်



ဓာတ်ပုံ - စိုင်းသာအောင်

ညီညီဇော်

**မန္တလေး၊ ဇူလိုင် - ၉**

ပို့ကုန်အခွန် လျှော့ချပေးမှုကြောင့် ယခုတစ်ပတ် မန်းပဲဈေးကွက်တွင် ပဲမာအချို့ ဈေးတက်လာကာ အရောင်းအဝယ်သွက်နေကြောင်း သတင်းရရှိသည်။

ဇူလိုင်လ၁ရက်က၅၇ပိဿာ ၂၅ကျပ်သားပါဗီတူး(ကုလားပဲဖြူလုံးကြီး) တစ်အိတ်လျှင် ၅၅,၀၀၀ ကျပ်ရှိရာမှ ဇူလိုင်၉ရက်တွင် ကျပ် ၆၀,၀၀၀ နှုန်းပေါက်နေကာ ရန်ကုန်သမားများ အဝယ်လိုက်၍ အရောင်းအဝယ်သွက်ဆဲပင်ဖြစ်ကြောင်း ပဲကုန်သည်တစ်ဦးက ပြောသည်။ အညာပဲတီစိမ်းများ ယခုတစ်ပတ်အတွင်း ဈေးမငြိမ်ဘဲ အတက်အကျများခဲ့ပြီး အဝင်နည်းပါးကာ ယနေ့တွင် ၅၆ပိဿာပါ ထိပ်စ တစ်အိတ်လျှင် ကျပ် ၆၀,၀၀၀ ဝန်းကျင်၊ အညာပဲတီစိမ်း အလတ်စ ၅၅,၀၀၀ မှ ၅၇,၀၀၀ ကျပ်အတွင်း၊ အောက်စ ၄၅,၀၀၀ မှ ၄၈,၀၀၀ ကျပ်အတွင်း ပေါက်နေပြီး ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။

မတ်ပဲတစ်အိတ်လျှင် ၄၈,၀၀၀ ကျပ်နှုန်း ပေါက်နေကာ ပုံမှန်အရောင်းအဝယ် ဖြစ်နေသည်။ ပဲစင်းငုံမှာလည်း ဈေးငြိမ်နေကာ ပုံမှန် အရောင်းအဝယ်ဖြစ်နေပြီး တစ်အိတ်လျှင် ၃၉,၀၀၀ ကျပ်နှုန်း ပေါက်နေသည်။ ယခင်တစ်ပတ်က ပို့ကုန်ခွန်လျှော့ချပေးမှုကြောင့် ပဲဈေးမှာ အနည်းငယ် တက်ခဲ့သော်လည်း ယခုတစ်ပတ်တွင်မူ ပုံမှန်မလျှော့ခင်က အနေအထားအတိုင်း ပြန်ဖြစ်လာကြောင်း မန္တလေးမြို့ ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

# အိန္ဒိယလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကျပန်းစကားပြော၊ စာစီစာကုံးပြိုင်ပွဲများ ကျင်းမည်

ညီညီဇော်

**မန္တလေး၊ ဇူလိုင် - ၉**

မန္တလေးမြို့ရှိအိန္ဒိယကောင်စစ်ဝန်ချုပ်ရုံး၌ ဩဂုတ်လ ၁၅ ရက်တွင် ကျရောက်မည့် ၆၅ နှစ်မြောက် အိန္ဒိယသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ပန်းချီပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပဟေဠိပြိုင်ပွဲများ ကျင်းပမည်ဟုသတင်းရရှိသည်။

ပြိုင်ပွဲများကို ဇူလိုင်လ ၃၀ ရက်မှ စတင်ကျင်းပမည်ဖြစ်ကာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီးဆုများကို ထိုက်ထိုက်တန်တန်ချီးမြှင့်မည်ဟု အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ထို့အပြင် အခမဲ့အင်္ဂလိပ်စာသင်တန်းကို စနေ၊ တနင်္ဂနွေနေ့များတွင် ဇူလိုင်လ ၉ ရက်မှစတင်ကာ သင်ကြားပေးမည်ဖြစ်ပြီး အသက် ၂၀ ပြည့်ပြီးသူများ တက်ရောက်နိုင်မည်ဖြစ်ကာ လူဦးရေ ၃၀ ထိ လက်ခံသင်ကြားပေးမည်ဟု ၎င်းတာဝန်ရှိသူကပြောသည်။ မန္တလေးမြို့ရှိ အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးကို ၂၅၊ ၆၅ လမ်းနှင့် ၄၀လမ်းထောင့်ချမ်းမြသာစည်မြို့နယ်တွင် ဖွင့်လှစ်ထားသည်။

# ကသာခရိုင်ကျေးလက်ပြည်သူနှစ်ရာကျော်အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ထုတ်ပေး

နိုင်ကြီး

**ကသာ၊ ဇွန်- ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ကျေးလက်ဒေသနေပြည်သူစုစုပေါင်း ၂၆၀ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ထုတ်ဝေပေးခဲ့ကြောင်း သိရသည်။

ကသာခရိုင်၊ ကသာမြို့နယ်အတွင်းရှိနတ်ရေတွင်းကျေးရွာလမ်းခွစံပြကျေးရွာနှင့် ပင်းမလွတ်စံပြကျေးရွာတို့မှ အသက် ၁၀ နှစ် ပြည့်ပြီး ၁၈ နှစ်မပြည့်သေးသူကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းနေအရွယ်ကလေးငယ် စုစုပေါင်း ၂၆၀ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်-၃ (က)ကို နေ့ချင်းပြီး အခမဲ့ထုတ်ဝေပေးခဲ့သည်။ ကသာခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးအရာရှိဦးတင်ဝင်းနှင့် ကသာမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှူးဦးကျော်ဆွေဦးဆောင်သော ဝန်ထမ်းများက ကျေးလက်ဒေသနေပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်အလွယ်တကူရရှိနိုင်ရန်အတွက် ကသာမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့်အတူပူးပေါင်းဆောင်ရွက်ကာ အခမဲ့ထုတ်ပေးခြင်းအခမ်းအနားကိုဇွန်လ ၁၉ ရက်တွင် ကျင်းပခဲ့သည်။ အဆိုပါနေ့တွင် ကသာမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ပင်းမလွတ်စံပြကျေးရွာရှိဘုန်းတော်ကြီးကျောင်း တွင် စာပေဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပခဲ့ပြီး အခမ်းအနားတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများအခမဲ့ထုတ်ဝေပေးခဲ့ကြသည်။

## မြန်မာလူဦးရေ၏ ၆၀ ရာခိုင်နှုန်း အလုပ်လုပ်နေဟုဆို

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင်-၈**

မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော လုပ်သားအင်အားသည် နိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းခန့် ရှိပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အများဆုံး လုပ်ကိုင်နေလျက်ရှိကြောင်း မြန်မာ-ဗီယက်နမ် စက်မှုဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် စာတမ်းရှင်တစ်ဦးကဆိုသည်။

နိုင်ငံလူဦးရေ၃၅ သန်းခန့်သည် လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိကြပြီး လူဦးရေ ၂၃ သန်းသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင်လည်းကောင်း၊ လူဦးရေ ၇ ဒသမ ၅ သန်းခန့်သည် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်းကောင်း၊ လူဦးရေ ၅ သန်းခန့်သည် စက်မှုလုပ်ငန်းခွင်များတွင် လည်းကောင်း အသီးသီးလုပ်ကိုင်လျက်ရှိကြကြောင်း စာတမ်းရှင်တစ်ဦးဖြစ်သော မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးဝင်းခိုင်ကဆိုသည်။

၂၀၁၀ပြည့်နှစ်၊စက်မှုလုပ်ငန်းများပိုင်ဆိုင်မှုစာရင်းဇယားအရ ပြည်သူပိုင်လုပ်ငန်း ၇၉၁ ခုနှင့် ပုဂ္ဂလိကပိုင်လုပ်ငန်း ၁၀၁,၀၀၀ ရှိနေပြီး ပြည်သူပိုင် လုပ်ငန်းများမှာ ထုတ်လုပ်မှုပမာဏကြီးမား၍ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်တို့ကိုလည်း အများဆုံးပိုင်ဆိုင်ထားကြောင်း စာတမ်းရှင်ကဆိုသည်။

ကျေးလက်ဒေသများရှိ စက်မှုလုပ်ငန်းငယ်များ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် ကျေးလက်ဒေသစီးပွားရေးတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးခြင်းနှင့် ဝင်ငွေမြင့်မားလာခြင်းတို့ ဖြစ်ပေါ်လာမည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုကို တဖြည်းဖြည်းချင်းလျော့ကျစေနိုင်မည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ပြည်တွင်းရှိစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ထားဝယ်အထူးစီးပွားဇုန်၊ ကျောက်ဖြူစီးပွားရေးနှင့် နည်းပညာဇုန်၊ သီလဝါအထူးစီးပွားရေးဇုန်နှင့် ပြည်တွင်းစီးပွားရေးဒေသများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း မြန်မာနိုင်ငံတွင်စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် စိတ်ဝင်စားနေသော ဗီယက်နမ်လုပ်ငန်းရှင်များအား စာတမ်းရှင်က ပြောကြားခဲ့သည်။

## ပြည်ပအလုပ်နှင့် ပညာသင်ခွင့်အတွက် လိမ်လည်သူများလာ



ဓာတ်ပုံ-အင်တာနက်

*စင်ကာပူနိုင်ငံရှိ လုပ်ငန်းခွင်ဝင်သင်တန်းတစ်ခုမြင်ကွင်း*

**စိုင်းသာအောင်**

**မန္တလေး၊ ဇူလိုင်-၇**

စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် တိုးတက်လာသောနည်းပညာများကိုအသုံးပြုပြီး ကွန်ပျူတာ တက္ကသိုလ်ဘွဲ့လက်မှတ်အတုများ၊ လိမ်လည်မှုများရှိသဖြင့် သက်ဆိုင်ရာ ကွန်ပျူတာ တက္ကသိုလ်မှ ဖြေရှင်းပေးရခြင်းများရှိကြောင်း မန္တလေးကွန်ပျူတာတက္ကသိုလ်မှဘွဲ့ရတစ်ဦးကပြောသည်။

၎င်းက"ကျွန်တော်တို့မန္တလေးကွန်ပျူတာတက္ကသိုလ်မှ ဘွဲ့ရတစ်ဦးက ထိုင်းနိုင်ငံ A.I.T တက္ကသိုလ်ဆက်တက်ဖို့လုပ်တယ်။ ဘွဲ့ရတာအမှန်ဖြစ်ပါတယ်။ ဒါပေမဲ့ ဘာသာရပ်ဆိုင်ရာ အမှတ်တွေကို ပြင်ထားတယ်။ အဲဒါကို ထိုင်းနိုင်ငံ A.I.T တက္ကသိုလ်က မသင်္ကာလို့ မေးမြန်းတော့ ဘွဲ့ရတာမှန်ပေမယ့် အမှတ်စာရင်းကို ပြင်ထားတော့ ကျောင်းတက်ခွင့်ပယ်လိုက်တယ်လို့ သိရတယ်။ အမှန်ကတော့ မိမိရတဲ့ အမှတ်အတိုင်း အမှန်တင်ပြပြီး လျှောက်ထားတာက အကောင်းဆုံးပါ" ဟု ပြောသည်။ မန္တလေးကွန်ပျူတာ တက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးက "ကွန်ပျူတာတက္ကသိုလ်ဘွဲ့ရတွေဟာ စင်ကာပူ၊ ထိုင်း၊ မလေးရှားတို့မှာ အလုပ်ဝင်လုပ်ရင် လစာကောင်းကောင်းရကြပါတယ်။ ဒီတက္ကသိုလ်တွေက အမှတ်ကောင်းရင် ထိုင်း၊ စင်ကာပူက အိုင်တီတက္ကသိုလ်တွေမှာ တက်ခွင့်ရတယ်။ ယခုဖြစ်စဉ်က ကျောင်းတက်တုန်းက ကြိုးစားအားထုတ်မှုမရှိဘဲ ကိုယ့်အမှတ်က မကောင်းဘူး။ ဒါပေမဲ့ အဆင့်မြင့် အိုင်တီတက္ကသိုလ်တက်ချင်တော့ ရမှတ်တွေပြင်လိုက်တယ်။ သက်ဆိုင်ရာတက္ကသိုလ်က စိစစ်တော့ လိမ်လည်မှုတွေပေါ်ပေါက်ပြီး တက္ကသိုလ်တက်ခွင့်ကိုပယ်လိုက်တာခံရပါတယ်။ ဒါကြောင့်မို့ ကျောင်းသားတွေဟာ နိုင်ငံတကာ တက္ကသိုလ်တွေမှာ အဆင့်မြင့်ပညာတွေ ဆက်သင်ချင်တယ်ဆိုရင် ကြိုးစားအားထုတ်မှုလိုအပ်ပါတယ်။ ကိုယ်က ကြိုးစားအားထုတ်မှုမရှိဘဲနဲ့ အဆင့်မြင့်တက္ကသိုလ်တွေတက်လို့မရပါဘူး" ဟု သူ၏အမြင်ကိုပြောသည်။

မန္တလေးကွန်ပျူတာ တက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးက "နောက်ဖြစ်စဉ်တစ်ခုက ဝမ်းနည်းစရာပါ။ ကျွန်တော်တို့ ကွန်ပျူတာတက္ကသိုလ်က တော်တဲ့ကျောင်းသားတစ်ဦးရဲ့ ဘွဲ့ရမှတ်ပုံတင် အမှတ်နဲ့အမည်ကို အခြားကျောင်းသားတစ်ဦးက တိုးတက်လာတဲ့ ကွန်ပျူတာနည်းပညာကို အသုံးပြုပြီး ပုံတူလုပ်သွားတယ်။ အဲဒီကျောင်းသားအမည်၊ ဘွဲ့ရမှတ်ပုံတင်အမှတ်နဲ့ စင်ကာပူ အိုင်တီ တက္ကသိုလ်တစ်ခုမှာ ပညာဆက်လက်သင်ကြားတယ်။ အမှန်တကယ်အောင်တဲ့ ထူးချွန်တဲ့သူက စင်ကာပူအဲဒီတက္ကသိုလ်ကိုပညာသွားသင်ဖို့ လျှောက်ထားတယ်။ တကယ်တော်တဲ့သူက အတုဖြစ်နေပြီး နာမည်ပျက်စာရင်း အမည်သွင်းခြင်းခံရပြီး ၂၀၁၁ မေလ စတုတ္ထပတ်အတွင်းကမြန်မာနိုင်ငံကိုပြန်လာရပါတယ်။ တော်တဲ့လူရဲ့နာမည်နဲ့ ဘွဲ့လက်မှတ်အတုတင်ပြတဲ့ကျောင်းသားက အစစ်ဖြစ်နေပြီး ဒီကိစ္စတွေ ဘယ်လိုဖြေရှင်းရမလဲ။ အတုကအစစ်၊ အစစ်က အတုဖြစ်နေတာ မကောင်းဘူးဆိုပေမယ့် တိုးတက်လာတဲ့ ကွန်ပျူတာနည်းပညာကိုပဲ အပြစ်လို့မြင်ရမလားမသိဘူး"ဟု ၎င်း၏အမြင်ကိုပြောသည်။

စင်ကာပူ၊ ထိုင်း၊ မလေးရှားနိုင်ငံတို့တွင် ရိုးရိုးဘွဲ့ရများထက် ကွန်ပျူတာတက္ကသိုလ်ဘွဲ့ရများ ကလစာပိုမိုကောင်းမွန်သဖြင့် အဆင့်မြင့်ကွန်ပျူတာဘွဲ့များရရှိရေးအတွက် အမှတ်စာရင်းလိမ်လည်မှုများ၊ တော်သောသူများ၏ ဘွဲ့လက်မှတ်အတုများ ၂၀၀၅ ခုနှစ်နောက်ပိုင်း ပိုမိုများပြားလာကြောင်း စင်ကာပူနိုင်ငံတွင် ရိုးရိုးကျွမ်းကျင်ကွန်ပျူတာဘွဲ့ရတစ်ဦးသည် အနိမ့်ဆုံးစင်ကာပူဒေါ်လာ ၁,၈၀၀ မှ ၂,၄၀၀ အတွင်းနှင့် ကွန်ပျူတာ မဟာဘွဲ့ရတစ်ဦးသည် တစ်လ စင်ကာပူဒေါ်လာ အနည်းဆုံး ၂,၅၀၀ မှ အများဆုံး ၃,၈၀၀ အထိ ရရှိနိုင်ကြောင်းသိရသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

Golden Dragon Co.,Ltd
Marketing Manager 3- ဦး
Admin " 3-ဦး
Finance ' 2-ဦး
Ph:09-43030422, 09 73007264

-------------------------

ယာဉ်မောင်းအလိုရှိသည်
ဖုန်း-၀၉ ၄၃၀ ၂၄၄၈၄

-------------------------

ရွှေမိသားစုအထည်ဆိုင်မှ
စာရင်းကိုင် မ- ၁ ဦး၊ ဖုန်း-၀၉ ၅၁၅၅၂၆၀၊ ၀၉၇၃၁၄၈၀၀၅

-------------------------

ယာဉ်မောင်း ကျား-၂ဦး
ရုံးဝန်ထမ်း ကျား-၃ ဦး
အထွေထွေဝန်ထမ်း ကျား-၅ ဦး
ဖုန်း-၀၉ -၇၃၀ ၂၇၇၃၃

-------------------------

အရောင်းစာရေး ကျား-၁ ဦး
စတိုထိန်း မ-၁ ဦး
ဖုန်း-၀၁ ၆၆၇၀၀၇၊ ၉၆၉၀၄၄၃

-------------------------

ယာဉ်မောင်း ကျား-၁ ဦး
လစာ-တစ်သိန်းကျပ်၊ ဖုန်း-၀၉ ၇၃၀၅၉၃၄၈

-------------------------

F&B မန်နေဂျာ ကျား-၁ ဦး
ထမင်းချက် မ - ၁ ဦး
သန့်ရှင်းရေး မ - ၁ ဦး
ဖုန်း-၀၉ ၈၆၁၃၄၀၀၊ ၇၃၀၃၇၇၉၉

-------------------------

ဒဂုံမြို့နယ်(အရှေ့ပိုင်း)တွင် ဆေးခန်းဖွင့်ရန်အတွက် အထွေထွေဆရာဝန် ၂- ဦး
သွားနှင့်ခံတွင်းဆရာဝန် ၂ - ဦး
ဖုန်း-၀၉၅၁၈၁၄၀၉

-------------------------

Better Life Acty Co.,Ltd
Japanese Language Instructor---1-Post, ဖုန်း-၃၈၂၅၂၉၊ ၃၇၀၈၃၆၊ Ext:၅၀၇

-------------------------

Blue Ocean Travels & Tours Co.,Ltd
Tour Operation Manager M/F ---2-Post, Sales Manager M/F ---2-Post, Tour Operation Staff M/F ---3-Post.Ph: 951370847, Ext:805

-------------------------

Pacific Trading Co.,Ltd
(Buyer side)
Simple ချုပ်ကျွမ်းကျင် ၅- ဦး
အထည်စစ်ကျွမ်းကျင် ၁၀-ဦး
ဖုန်း-၅၅၇၄၄၈၊ Ext:၃၁၂

-------------------------

PHP Webdeloper -4 F
Flash Developer -3 M/F
Web Designer -4 M/F
OJT Web Designer -4 M/F
Network & Hardware -3 M
Office Staff - 2 F
**Ph: 218195**

-------------------------

Shwe Pyi Khit International Co.,Ltd.
Office Staff ကျား - ၂ဦး
မ - ၂ဦး
ဖုန်း-၅၇၁၁၉၂

-------------------------

ရွှေမိသားစု အထည်ဆိုင်(ယုဇနပလာဇာ) မြေညီ(အေ-၄)
စာရင်းကိုင် -- မ-၁ ဦး၊
ဖုန်း-၀၉၅၁၅၅၂၆၀၊ ၀၉ ၇၃၁၄၈၀၀၅

-------------------------

1. Sales Supervisor ကျား-(၃) ဦး၊ အသက်(၂၀)နှစ်မှ ၂၈ နှစ်အတွင်း၊ လုပ်ငန်းအတွေ့အကြုံရှိပြီး နယ်ခရီးသွားနိုင်သူဖြစ်ရမည်။ 2. Sales Promoter မ(၃)ဦး၊အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း၊ ရုပ်ရည်ချောမော၍ စကားပြောပြေပြစ်ရမည်။ 3. လျှပ်စစ်ကျွမ်းကျင် ကျား (၂)ဦး၊ အသက်(၂၅)နှစ်မှ ၃၅ နှစ်အတွင်း၊ လျှပ်စစ်နှင့်စက်ပိုင်းနားလည်တတ်ကျွမ်းရမည်။ အမှတ်(၉၇၂/ခ)၊ သံသုမာလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပ။

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


အရသာရှိသောဟင်းလျာတိုင်းအတွက်
ခနောကြက်သားမှုန့်
ကြက်သားစစ်စစ်မှ ပြုလုပ်ထားသည်

# Education

7DAY NEWS JOURNAL

Vol.10, No.17 • JULY 14, 2011



၂၀၁၀ - ၁၁ ပညာသင်နှစ်
တက္ကသိုလ်ဝင်တန်းစာမေးပွဲ
အောင်စာရင်းကြည့်ရှုနေသူများ

## ကွက်လပ်ဖြည့်နေသူများ

**နေလင်းထွန်း**

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ထားသော ကျောင်းသားများ အနေဖြင့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများအား ဇူလိုင်လ ၂၄ ရက်မှ ဩဂုတ်လ ၁၃ ရက်ထိ လျှောက်ထားနိုင်ကြောင်း အဆင့်မြင့်ပညာဦးစီးဌာနက ကြေညာထားသည်။

ကျောင်းသားများအနေဖြင့် အဆင့်မြင့်ပညာများ သင်ယူရန် မိမိရရှိထားသော ရမှတ်ပေါင်းပေါ် မူတည်၍ သက်ဆိုင်ရာဘာသာရပ်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ တက္ကသိုလ်များကို တက်ရောက်ခွင့်ရရှိကြမည်ဖြစ်သည်။ ၎င်းတို့တွင် ပညာရည်ထူးချွန်၍ စာမေးပွဲရလဒ်ကောင်းမွန်ခဲ့သော ကျောင်းသားအချို့သည် မိဘမှ ပံ့ပိုးရန် အဆင်မပြေသောကြောင့် တက္ကသိုလ်ပညာ ဆက်လက်သင်ယူရန် အခက်အခဲဖြစ်ပေါ်နေကြသည်။

လက်ရှိ တက္ကသိုလ်ပညာသင်ဆုအတွက် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းတို့၏ ကူညီဆောင်ရွက်နေမှုများသည် ကျောင်းသားများ လိုအပ်ချက်နှင့်နှိုင်းယှဉ်ပါက ကွာဟချက်ကြီးမားလျက်ရှိသည်။

"နှစ်စဉ် လျှောက်ထားတဲ့ ကျောင်းသား ၅၀၀ ကနေ ၆၀၀ ကြားရှိတယ်။ ဆေးတက္ကသိုလ်ဆို မနှစ်က လျှောက်တာ ၁၉၀ ကျော်တယ်။ မကွေးဆေးတက္ကသိုလ်က ပိုများတယ်။ တစ်နှစ်ကို ကျောင်းသား ၄၈ ယောက် ပညာသင်ဆု ရွေးချယ်ပေးအပ်နေပါတယ်"ဟု ထွန်းဖောင်ဒေးရှင်းဘဏ်ပညာသင်ဆုအစီအစဉ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထွန်းဖောင်ဒေးရှင်းဘဏ် ပညာသင်ဆုအစီအစဉ်သည် တက္ကသိုလ်ဝင်ခွင့် အမှတ်လိုအပ်ချက်မြင့်မားသော ဆေးတက္ကသိုလ်တက်ရောက်ကြမည့်ကျောင်းသားများသာမက ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်ဆိုင်ရာ တက္ကသိုလ်များတွင်ပညာသင်ယူမည့်ကျောင်းသားများအတွက်ပါ ပညာသင်ထောက်ပံ့ကြေးပေးအပ်နေသော ပုဂ္ဂလိက အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ပညာသင်ဆု ပေးအပ်ခဲ့သော ငါးနှစ်တာကာလအတွင်း ကျောင်းသား ၂၄၈ယောက်အား ငွေကြေးထောက်ပံ့မှုအတွက်ကျပ်သိန်း ၈၁၀ ကျော် သုံးစွဲခဲ့ပြီးဖြစ်ကြောင်းသိရသည်။ ဆေးတက္ကသိုလ်၊သွားဘက်ဆိုင်ရာတက္ကသိုလ်၊ အစိုးရနည်းပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်သင် တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ယူမည့် ကျောင်းသားများအား ပြည်သူပိုင်သတင်းစာများမှတစ်ဆင့် ပညာသင်ဆုလျှောက်လွှာများ ခေါ်ယူလျက်ရှိသည်။ ပညာသင်ဆုအတွက် သက်ဆိုင်ရာတက္ကသိုလ်အလိုက် လစဉ်ကျပ်သုံးသောင်းမှ ကျပ်ငါးသောင်းထိ ငွေကြေးထောက်ပံ့လျက်ရှိသည်။

စာ(၂၂)သို့

**ပညာရေးသတင်းတိုများ**

## နိုင်ငံတကာဘွဲ့လွန်သုတေသနပညာသင်ဆု လျှောက်ထားနိုင်

**ရန်ကုန်၊ ဇူလိုင် - ၇**

ဩစတြေးလျတက္ကသိုလ်များတွင် နိုင်ငံတကာဘွဲ့လွန်သုတေသနပညာသင်ဆု(IPRS)အတွက် လျှောက်ထားနိုင်ကြောင်းသိရသည်။ပညာသင်ဆု နောက်ဆုံးလျှောက်ထားနိုင်သောအချိန်မှာ နှစ်စဉ် ဇူလိုင်-ဩဂုတ်ကာလများဖြစ်ပြီး ပညာသင်ဆုလျှောက်ထားရန် လိုအပ်ချက်များကို သက်ဆိုင်ရာ တက္ကသိုလ်များ၏ တရားဝင်ဝက်ဘ်ဆိုက်များတွင် ဝင်ရောက်ကြည့်ရှုရမည်ဖြစ်သည်။ ပညာသင်ဆုနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို www.innovation.gov.au တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။

## ခရီးသွားလုပ်ငန်းပညာအကြောင်း ဟောပြောမည်

**ရန်ကုန်၊ ဇူလိုင် - ၇**

ခရီးသွားလုပ်ငန်းပညာနှင့်ပတ်သက်သော အခြေခံအသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ ခရီးသွားလုပ်ငန်းပညာပေါ် ပေါက်လာရခြင်း၏ သမိုင်းကြောင်း အထောက်အထားများကို ဆွေးနွေးမည်ဖြစ်ကြောင်း ရွှေဂုံတိုင်လမ်းဆုံ၊ ယုဇနတာဝါရှိ WISE သင်တန်းကျောင်းမှသိရသည်။ဒေါ်သီတာဟန်က ဆွေးနွေးမည့် ဟောပြောပွဲအား ဇူလိုင်လ ၁၇ ရက်၊ နေ့လယ် ၁နာရီမှစတင်၍ အထက်ပါသင်တန်းကျောင်းတွင် ပြုလုပ်သွားမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်သည်။

## စင်ကာပူနှင့်ထိုင်း ကျောင်းအချို့ ပါဝင်မည့် ပညာရေးပြပွဲကျင်းပမည်

**ရန်ကုန်၊ ဇူလိုင် - ၇**

စင်ကာပူနှင့် ထိုင်းနိုင်ငံမှ ကျောင်းအချို့ပါဝင်မည့် MSI ပညာရေးပြပွဲကို ပဲ့ခ်ရှိုင်ရယ်ဟိုတယ်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ဇူလိုင်လ၁၅ရက်တွင် နေ့လယ် ၁၁ နာရီမှစတင်၍ ပညာရေးအကြံပေးဆွေးနွေးခြင်းများကို ဆောင်ရွက်မည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်းသိရသည်။

## စင်ကာပူအစိုးရကျောင်းနှစ်ကျောင်းတွင် မြန်မာကျောင်းသားများ သူနာပြုဒီပလိုမာသင်တန်း ပညာသင်ဆု လျှောက်နိုင်ပြီ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင် - ၇**

စင်ကာပူနိုင်ငံရှိ အစိုးရကျောင်းများဖြစ်သော နန်ယန်းနှင့် နီအန်းပိုလီကျောင်းများတွင် သူနာပြုဒီပလိုမာသင်တန်း တက်ရောက်ရန် မြန်မာကျောင်းသားများအား ပညာသင်ဆုလျှောက်လွှာ လက်ခံနေပြီဖြစ်ကြောင်းသိရသည်။


သူနာပြုဒီပလိုမာသင်တန်း ပညာသင်ဆု လျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် သင်္ချာရမှတ် ၈၀ နှင့် အခြားဘာသာရပ်များ ပျမ်းမျှရမှတ် ၇၅ မှတ်ရရှိထားရမည်ဖြစ်ပြီး မွေးစာရင်း၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ၈၊ ၉၊ ၁၀ တန်းအမှတ်စာရင်းများနှင့်အတူ သုခစုစံပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီမှတစ်ဆင့်လျှောက်ထားရမည်ဖြစ်သည်။

ပညာသင်ဆု လျှောက်ထားချိန်တွင် စရန်ငွေ ကျပ်တစ်သိန်း ပေးသွင်းရမည်ဖြစ်ပြီး ယခင်နှစ်ပညာသင်ဆုအတွက် ရွေးချယ်ခံရသောကျောင်းသားများသည် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁,၁၀၀ ပေးသွင်းခဲ့ရကြောင်းသိရသည်။ နှစ်စဉ် ပေးအပ်လျက်ရှိသော အထက်ပါပညာသင်ဆုအ



တွက် ကျောင်းသားနှစ်ရာကျော် လျှောက်ထားလျက်ရှိပြီး ကျောင်းသား ၅၀ကျော် ရွေးချယ်လေ့ရှိကြောင်း ယခင်နှစ် မှတ်တမ်းများ အရသိရသည်။

ပညာသင်ဆုအတွက် ဇူလိုင်လမှစတင်၍ လျှောက်လွှာလက်ခံလေ့ရှိပြီးရွေးချယ်ခံရသောကျောင်းသားများသည် ကျောင်းလခနှင့် နေထိုင်စားသောက်စရိတ်များကို ထောက်ပံ့မှုရရှိမည်ဖြစ်ကာ ကျောင်းပြီးဆုံးပါက စာချုပ်ပါသဘောတူညီချက်အရယင်းနိုင်ငံတွင်ပြန်လည်အလုပ်လုပ်ကိုင်ပေးရန် လိုအပ်ကြောင်း သိရသည်။


VACANCY

The Embassy of Malaysia is looking to appoint a motivated and committed person of the highest integrity as a Clerk on a contract basis.


Requirements:

a. Loyal, cooperative, responsible and trustworthy person.
b. Able to communicate in English language.
c. Previous working experience would be an advantage.

Please send your application with an updated Curriculum Vitae (CV), recent photo, academic certificates and references to the Head of Chancery, Embassy of Malaysia, 82, Pyidaungsu Yeiktha Road, Yangon before 21 July 2011.

Applicants can send their applications via email to [illegible]

Only those candidates, whose qualifications and experience are of interest to the Embassy, will be contacted for subsequent interview.



7DAY NEWS JOURNAL
Vol.10, No.17 · JULY 14, 2011

## ပိုလီကျောင်းဝင်ခွင့်ဆိုင်ရာများ ဟောပြောပွဲပြုလုပ်မည်

သီဟ

ရန်ကုန်၊ဇူလိုင် - ၇

မြန်မာကျောင်းသား အများစုစိတ် ဝင်စားကြသည့် စင်ကာပူနိုင်ငံ၏ အစိုးရ အသက်မွေးဝမ်းကျောင်း ကျောင်းများဖြစ်သည့် ပိုလီ ကျောင်းများ၏ ဝင်ခွင့်နှင့်ပတ်သက်သည့် အချက်အလက်များအကြောင်း ဟောပြောပွဲကို လာမည့် ဇူလိုင် ၁၄ရက်တွင် Summit Park View ဟိုတယ်၌ Crown Education က ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

ပိုလီကျောင်းများ၏ နှစ်စဉ် ဝင်ခွင့်ခေါ်ယူမှုပုံစံမှာ ကျောင်းအလိုက်ကွဲပြားလေ့ရှိကြောင်း သိရသည်။ ကျောင်းလျှောက်ထားသူသည် ပမာဏရွေးချယ်ခံရသည်ဆိုပါက အင်္ဂလိပ်စာ၊သင်္ချာနှင့် သိပ္ပံဘာသာရပ်များကို ဖြေဆိုရလေ့ရှိပြီး အချို့သောဘာသာရပ်များအတွက် သက်ဆိုင်ရာဘာသာရပ်များကိုပါ ဖြေဆိုရလေ့ရှိကြောင်း သိရသည်။ ပိုလီကျောင်းများအား မြန်မာကျောင်းသားအများစု စိတ်ဝင်စားကြသည့်အကြောင်းအရင်းမှာ စင်ကာပူအစိုးရမှ အဆိုပါကျောင်းများတွင် တက်ရောက်သည့် နိုင်ငံတကာကျောင်းသားများအတွက် ပညာသင်ချေးငွေ ၈၅ ရာခိုင်နှုန်းပေးခြင်း၊ တရားဝင်အလုပ်လုပ်ခွင့်ရှိခြင်း၊ ကျောင်းပြီးပါက အမြဲတမ်းနေထိုင်ခွင့် လျှောက်ထားနိုင်ခြင်းတို့အတွက်ဖြစ်ကြောင်း သိရသည်။

သို့သော် ပိုလီကျောင်းများ၏ ပညာရေးသည် အသက်မွေးဝမ်းကျောင်းဘက်သို့ ဦးတည်သည့် ပညာရေးဖြစ်သဖြင့် အကယ်ဒမစ်ပညာရေးကို ဦးစားပေးလိုသူများနှင့် ကမ္ဘာ့တက္ကသိုလ်များသို့ ဝင်ခွင့်ရလိုသောကျောင်းသားများအတွက် အခြားပညာရေးလမ်းကြောင်းအား စဉ်းစားစေချင်ကြောင်း ပညာရေးအတိုင်ပင်ခံတစ်ဦးကပြောသည်။

## ဂြိုဟ်တုပုံရိပ်အသုံးချအခြေခံ သင်တန်းဖွင့်မည်

ရန်ကုန်၊ဇူလိုင် - ၈

ဂြိုဟ်တုအမျိုးမျိုးမှရိုက်ကူး ထားသည့် ပုံရိပ်များကို အသုံးပြုကာ နယ်ပယ်အသီးသီးတွင် အသုံးပြုနိုင်မည့် Basic Remote Sensing Styem သင်တန်းကို Myanmar Credent Technology ကုမ္ပဏီမှ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။

Remote Sensing နည်းပညာဖြင့် ကောင်းကင်၊ မြေပြင်ပေါ်ရှိ ပထဝီဆိုင်ရာအချက်အလက်များ၊ ဂြိုဟ်တုအမျိုးမျိုးမှ ရိုက်ကူးထားသည့် ပုံရိပ်များအစရှိသည့် နည်းပညာများကို အသုံးပြုကာ စိုက်ပျိုးရေး၊ သတ္တုတူးဖော်ခြင်းနှင့် ဘူမိဗေဒဆိုင်ရာသဘာဝပတ်ဝန်းကျင်ကာကွယ် စောင့်ရှောက်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးအစရှိသည့် ကဏ္ဍပေါင်းစုံတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါသင်တန်းကို တက်ရောက်ခြင်းဖြင့် ကိုယ်တိုင်မြေပုံများကို ဂြိုဟ်တုဓာတ်ပုံများကို အခြေခံကာ ရေးဆွဲထုတ်လုပ်နိုင်မည်ဖြစ်သည်ဟုသိရသည်။

သင်တန်းကာလလေးရက်ကြာဖွင့်လှစ်မည့်အဆိုပါသင်တန်းကို ယခုလ ၁၆၊ ၁၇၊ ၂၃၊ ၂၄ ရက်တို့တွင် ရန်ကုန်မြို့၊ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာအင်ဖိုတက်ခ်တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။



## မြန်မာနိုင်ငံမှကျောင်းသူတစ်ဦး သြစတြေးလျတက္ကသိုလ်၏ အမြင့်ဆုံး ဘာသာရပ်ကင်းလွတ်ခွင့်ရရှိ

သီဟ

ရန်ကုန်၊ ဇူလိုင် - ၇

သြစတေးလျနိုင်ငံမှချီးမြှင့်သည့် Bachelor of Commerce (Finance) ဘာသာရပ်အား မြန်မာနိုင်ငံမှ Bachelor of Business Management ဘွဲ့ရကျောင်းသူတစ်ဦးလျှောက်ထားရာ ဘာသာရပ် ၂၀ ကင်းလွတ်ခွင့်ရရှိပြီး နောက်ဆုံးနှစ်သို့ တိုက်ရိုက်တက်ရောက်ခွင့်ရရှိသွားကြောင်း သိရသည်။

ယခုတစ်ကြိမ် ဘာသာရပ်ကင်းလွတ်ခွင့်ရရှိခြင်းသည်မြန်မာနိုင်ငံမှ ကျောင်းသားများအတွက် ပထမဆုံးအကြိမ် ဘာသာရပ်အများဆုံးကင်းလွတ်ခွင့်ရရှိခြင်းဖြစ်ကြောင်း သိရသည်။

ယခင်က လျှောက်ထားသူများသည် အခြေခံအတန်းကင်းလွတ်ခွင့်ကိုသာရရှိခဲ့ကြသော်လည်း ယခုတစ်ကြိမ်သည် အခြေခံအတန်းအပါအဝင်ဘာသာရပ်ပေါင်း ၂၀ ကင်းလွတ်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

“အခုလို သြစတြေးလျနာမည်ကြီးတက္ကသိုလ်တစ်ခုက ချီးမြှင့်မယ့်ဘွဲ့ကိုအချိန်တိုတိုအတွင်း သင်ယူနိုင်မယ်ဆိုတော့ မိဘတွေလည်းငွေကုန်ကြေးကျသက်သာပြီး နောင်လေ့လာသင်ယူမယ့်သူတွေအတွက်လည်း ပြည်တွင်းနဲ့ ဆက်စပ်တဲ့ ပညာရေးလမ်းကြောင်းအသစ်တစ်ခု ရှိလာတဲ့အတွက် အကျိုးရှိနိုင်ပါတယ်”ဟု အဆိုပါကျောင်းသူအား ကျောင်းလျှောက်ထားပေးခဲ့သူ Crown Education မှ ကိုအောင်ကျော်ဆန်းကပြောသည်။

ထို့အပြင် ဘာသာရပ်ကင်းလွတ်ခွင့်ရရှိသဖြင့် ကျောင်းသူဘက်မှလည်း ပညာသင်ကြေးကျပ်သိန်း ၁၈၀ ခန့်သက်သာခဲ့ကြောင်းသိရသည်။

## စာ - ၂၁၊ ကွက်လပ်ဖြည့်နေသူများမှ

“ကျောင်းသားတွေကို နှုန်းထားအတိုင်း ဆယ်လစာထုတ်ပေးတယ်။ ကျောင်းပြီးတဲ့အခါ တစ်စုံတစ်ရာ ပြန်လုပ်ပေးရမယ်ဆိုတဲ့ သဘောတူညီချက်မရှိဘူး။ ပညာတော်ပြီး မိဘစီးပွားရေးချို့တဲ့သူတွေကိုဦးစားပေးရွေးချယ်ပါတယ်”ဟု အထက်ပါတာဝန်ရှိသူကဆိုသည်။

ပြည်တွင်းရှိ ကျောင်းသားများအတွက် မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ကြေညာ၍ လျှောက်လွှာခေါ်ယူသော တက္ကသိုလ်ပညာသင်ဆု အစီအစဉ်အရေအတွက်သည် ငါးခုခန့်သာရှိနေပြီး အများစုသည် ဆေးတက္ကသိုလ်ကဲ့သို့ တက္ကသိုလ်ဝင်ခွင့်အမှတ်မြင့်မားစွာရရှိထားသော ကျောင်းသားများကို ဦးစားပေးရွေးချယ်လျက်ရှိကြသည်။ ကျောင်းပြီးဆုံးချိန်တွင် တစ်စုံတစ်ခု သဘောတူညီမှုရယူ၍ ပညာသင်ဆုဆောင်ရွက်သောအဖွဲ့အစည်းများကိုမြင်တွေ့ရလေ့မရှိဘဲ ကျောင်းသားများ၏ အခက်အခဲပြေလည်သွားစေရန် ကူညီပံ့ပိုးနေသောဆောင်ရွက်မှုများကိုသာတွေ့ရှိရသည်။ ကျောင်းသားများအနေဖြင့် ပညာသင်ကြားချိန်တွင် စာမေးပွဲ ပုံမှန်အောင်မြင်ရမည်ဖြစ်ပြီး ရည်မှန်းချက်၊ ဦးတည်ချက်တို့ ခိုင်မာနေရန် လိုအပ်ကြောင်း နှစ်စဉ်ကျောင်းသားနှစ်ဆယ်ကျော်ကို ပညာသင်ချေးငွေ ထောက်ပံ့နေသူတစ်ဦးကဆိုသည်။

“ကျောင်းသားတွေဘက်က အားနည်းချက်ကို သိပ်မတွေ့ရဘူး။ စာမေးပွဲကျရင်တော့ ဆက်မပေးဘူး။ လောလောဆယ် ကျတာမရှိသေးပါဘူး။ ကျောင်းပြောင်းချင်တဲ့ ကျောင်းသား၊ ကျောင်းသူတွေတော့ တွေ့ဖူးတယ်။ အဲ့ဒါဆို ဆက်မပေးတော့ဘူး”ဟု မန္တလေးတိုင်းဒေသကြီးရှိ ကျောင်းသားများအတွက် ပညာသင်ဆုအစီအစဉ် ဆောင်ရွက်နေသော ကိုမင်းမင်းထွန်းက ပြောသည်။

ထူးချွန်ထက်မြက်ပြီး ငွေကြေး လိုအပ်ချက်ရှိနေသော ကျောင်းသားများအား ပညာသင်ထောက်ပံ့မှုအစီအစဉ်များအား နာမည်ကြီးမင်းသားအချို့က ယခုနှစ်ပိုင်းအတွင်း ဆောင်ရွက်လာမှုကိုလည်းတွေ့မြင်ရသည်။

တက္ကသိုလ်ပညာသင်ဆုအတွက် ကျောင်းသားလျှောက်ထားမှုသည် များပြားလာလျက်ရှိပြီး လျှောက်ထားသော ကျောင်းသားများသည်လည်း ငွေကြေးလိုအပ်ချက်မြင့်မားလျက်ရှိကြကြောင်း ဆေးတက္ကသိုလ်တက်ရောက်မည့် ကျောင်းသားများအား ပညာသင်ဆု ထောက်ပံ့နေသူတစ်ဦးကဆိုသည်။

“လျှောက်တဲ့သူအားလုံးကတော့ အခက်အခဲရှိတာပါပဲ။ လျှောက်တဲ့သူတိုင်း ပေးချင်စရာပါ။ ပညာသင်ဆုလိုအပ်မှုအတွက် ရေးထားတာတွေကလည်း စိတ်မကောင်းစရာပါ”ဟု ၎င်းကပြောသည်။

နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့် လျှောက်လွှာခေါ်ယူနေသည့် ရာဇာလင်းဆေးတက္ကသိုလ် ပညာသင်ဆုသည်လည်း ဆေးပညာသင်ယူမည့် ကျောင်းသားများကို ရွေးချယ်လျက်ရှိပြီး ကျောင်းသားရှစ်ဦးအတွက် လစဉ်ကျပ်ငါးသောင်း ထောက်ပံ့နေကြောင်းသိရသည်။


ကျောင်းသားများအနေဖြင့် တက္ကသိုလ်ပညာသင်ဆုနှင့်ပတ်သက်၍ ပညာသင်စရိတ်အပြည့်အဝရရှိခြင်းထက် ငွေကြေးအချို့ထောက်ပံ့မှုကိုသာ လက်ခံရရှိလျက်ရှိပြီး ပုဂ္ဂလိကစေတနာရှင်များ၏ ကူညီပံ့ပိုးမှုကို အဓိကမျှော်မှန်းနေရလျက်ရှိသည်။

ယခင်နှစ် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့၏ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် အခြေခံသိပ္ပံပညာထူးချွန်ဆု၊ စီးပွားရေးပညာချွန်ဆုနှင့်တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးဆုတို့ စိစစ်ရွေးချယ်ပေးအပ်ရန် ဖော်ပြထားပြီး ပညာသင်ဆုအတွက် ထောက်ပံ့ကြေးပမာဏအား ဖော်ပြထားခြင်းမရှိဘဲပညာသင်ထောက်ပံ့ကြေးဆုလျှောက်လွှာကို မိမိနေထိုင်သော မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ပေးပို့ရမည်ဟုရေးသားထားသည်။

မန္တလေးဆေးတက္ကသိုလ်တွင် ပညာသင်ထောက်ပံ့ကြေးဖြင့်လေးနှစ်တာပညာသင်ယူထားပြီးဖြစ်သော အသက် ၂၀ အရွယ်ကျောင်းသူတစ်ဦးက “စတက်တုန်းက ကျပ်ခုနစ်သောင်းကနေ အခု ကျပ်ရှစ်သောင်းယူတယ်။ သမီးက အတန်းကြီးလာတော့ ပိုက်ဆံပိုလိုလာတယ်။ ထောက်ပံ့ကြေးက လုံးဝတော့ ကာဗာ(ကာမိမှု)မဖြစ်ပါဘူး။ အိမ်က ငါးသောင်းထောက်ပံ့ပေးနေရတယ်။ ပထမနှစ်တုန်းကတော့ ဂိုက်(စာသင်)လုပ်သေးတယ်။ နောက်နှစ်တွေမှာ စာတွေများလာတော့ မသင်တော့ဘူး။ သမီးက ပိုက်ဆံကုန်မှာစိုးလို့ ကျူရှင်လည်း မတက်ဘူး။ ပညာသင် ထောက်ပံ့ကြေးမရရင်တော့ ဂိုက်(စာသင်)လုပ်ပြီး ကျောင်းတက်ရမှာပေါ့။ ကျောင်းပြီးရင် ဘာလုပ်ရမယ်ဆိုတာတော့ မစဉ်းစားရသေးဘူး။ အလုပ်တာဝန်ကျမှုတော့ မရှိဘူးလို့ကြားတယ်။ ဒီမှာတော့ ကျောင်းပြီးရင် အပြင်ဆေးရုံတွေမှာ လုပ်ကြတာရှိတယ်”ဟု သူမ၏အခြေအနေကိုပြောပြသည်။

လာမည့်နှစ်တွင် တက္ကသိုလ်ပညာသင်ဆုအစီအစဉ်များကို အစိုးရမှ စီစဉ်ဆောင်ရွက်သွားမည့်အလားအလာများကိုလည်း မြင်တွေ့ရလျက်ရှိသည်။ အစိုးရ၏ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်များကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်အကောင်အထည်ဖော်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ဆဲဖြစ်ကြောင်း ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပညာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် ပြောကြားခဲ့ကြောင်း မေလ ၂၅ရက်ထုတ်ပြည်သူပိုင်သတင်းစာများ၌ ဖော်ပြထားသည်။




Technology
7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

# နည်းပညာပိုင်းဆိုင်ရာချို့ယွင်းချက်များကြောင့် ဂျီအက်စ်အမ်ဖုန်းဖြင့် အင်တာနက်အသုံးပြုရန် လျှောက်ထားခွင့်ရပ်ဆိုင်း

ယုဇနကိုကို

**ရန်ကုန်၊ ဇူလိုင် – ၇**

ကျပ်ငါးသိန်းတန် ဂျီအက်စ်အမ် မိုဘိုင်းဖုန်းတွင် အင်တာနက်အသုံးပြုနိုင်သည့် GSM EDGE စနစ် ထပ်မံလျှောက်ထားခွင့်များကို ဆက်သွယ်ရေးလုပ်ငန်းက ပြန်လည်ရပ်ဆိုင်းလိုက်ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ – အေးမြကျော်

စတင်ချထားပေးခဲ့သည့် အချိန်မှ ယခုအချိန်ထိ ရက်သတ္တပတ်သုံးပတ်သာရှိသေးသည့် အဆိုပါ ဝန်ဆောင်မှုကို ယခုကဲ့သို့ လျှောက်ထားခွင့် ရုတ်တရက်ရပ်ဆိုင်းလိုက်ရခြင်းမှာ နည်းပညာပိုင်းဆိုင်ရာ ချို့ယွင်းချက်များ (Technical Error) ကြောင့်ဖြစ်ကြောင်း ယင်းလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုစနစ်မှာ အသုံးပြုနိုင်ခဲ့သည့်အချိန်ကပင်နည်းပညာပိုင်းဆိုင်ရာအားနည်းချက်များ၊ ချို့ယွင်းချက်များ၊ အင်တာနက်မြန်နှုန်းများအလွန်နှေးကွေးခြင်းစသည့် အချက်များကြောင့် ယခုကဲ့သို့ လျှောက်ထားခွင့် ရုတ်တရက် ရပ်ဆိုင်းလိုက်ရခြင်းဖြစ်ကြောင်း သိရသည်။

"အယ်ရာ (Error) ကခဏခဏ တက်နေတာ။ ပြီးတော့ ဖုန်းတိုင်းလည်းသုံးလို့မရပြန်ဘူး။ သုံးလို့ရတဲ့ ဖုန်းကျပြန်တော့လည်း အင်တာနက်ကွန်နက်ရှင်ကတော်တော်ကိုဆိုးတယ်။ အခုလို ရပ်လိုက်တဲ့အတွက် ပြန်လျှောက်လို့ရမယ့် အချိန်ကျရင် ဘာတွေပိုကောင်းလာမှာလည်းပဲ အရေးကြီးပါတယ်" ဟု အသက် ၃၀ နှစ်အရွယ်ရှိ အဆိုပါစနစ်ကို အသုံးပြုနေသူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။


သို့သော် ယခုကဲ့သို့ ရပ်ဆိုင်းလိုက်ရခြင်းသည် အသုံးပြုခွင့်ကို ရပ်တန့်လိုက်ခြင်းမဟုတ်ဘဲ ဆက်လက်လျှောက်ထားခွင့်ကိုသာပိတ်လိုက်ခြင်းဖြစ်သည်ဟု အထက်ပါ တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

ထို့ကြောင့် ယခင်လျှောက်ထားပြီး လက်ရှိအသုံးပြုနေသူများ အနေဖြင့် ဂျီအက်စ်အမ်ဖုန်းဖြင့် EDGE စနစ်ကို ဆက်လက်အသုံးပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။

ယခုလပထမပတ်အတွင်း လျှောက်ထားခွင့်များ ရပ်ဆိုင်းလိုက်သည့် အဆိုပါ EDGE စနစ်အား မည်သည့်အချိန်တွင် ပြန်လည်လျှောက်ထားနိုင်မည်ကို ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် သတင်းထုတ်ပြန်ထားခြင်း မရှိကြောင်းလည်းသတင်းရရှိသည်။

GSM EDGE စနစ်သည် နောက်ထပ်ကျပ်တစ်သောင်းပေးသွင်းရုံဖြင့် အသုံးပြုနိုင်သည့် အင်တာနက်စနစ်တစ်ခုဖြစ်သည်။ ယင်းစနစ်၏ရှေ့တွင် အသုံးပြုနိုင်ခဲ့သည့် CDMA EVDO စနစ်သည်လည်း အလားတူမြန်နှုန်းနှေးကွေးခြင်း၊ အားနည်းချက်ကိုကြုံတွေ့နေရသည့်အတွက် မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းများပေါ်တွင် အင်တာနက်အသုံးပြုနိုင်သည့် ဝန်ဆောင်မှုသည် အိမ်နီးချင်းနိုင်ငံများထက် အလွန်နိမ့်ကျနေသည့် အနေအထားတွင် ရှိနေကြောင်း ပြည်တွင်း ကွန်ပျူတာပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

## Facebook မှ သူငယ်ချင်းများကို မျက်မြင်ကိုယ်တွေ့ စကားပြောနိုင်တော့မည်



**ပါလိုအော်တို၊ ဇူလိုင် – ၈**

လူမှုရေးကွန်ရက် Facebook ပေါ်မှနေ၍ သူငယ်ချင်းများကို ဝက်ဘ်ကင်မရာမှတစ်ဆင့် စကားပြောနိုင်မည့် ဗီဒီယိုဖုန်းခေါ်ဆိုမှု (Video Calling)၊ အုပ်စုလိုက်စကားပြောနိုင်မည့် (Group Chatting) နှင့် ဒီဇိုင်းပုံစံသစ် ဝက်ဘ်စာမျက်နှာပုံစံများကို ဖေ့စ်ဘွတ်ခ်တည်ထောင်သူ မာ့ခ်ဇက်ကာဘာ့ဂ်က စတင်မိတ်ဆက်ခဲ့သည်။

ဖေ့စ်ဘွတ်ခ်ပေါ်မှ ဗီဒီယိုဖြင့် စကားပြောနိုင်ရန် အတွက် ဖေ့စ်ဘွတ်ခ်သည် ကမ္ဘာ့အကြီးဆုံးအင်တာနက်ဖုန်းခေါ်ဆိုရေးကုမ္ပဏီ Skype နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

## ကြိုးဖုန်းမည်မျှ ကျန်သည်ကို သတင်း နေ့စဉ် ထုတ်ပြန်ပေးမည်

**ယုဇနကိုကို**

**ရန်ကုန်၊ဇူလိုင် – ၇**

အထိုင်ဖုန်းများဖြစ်သည့် ကြိုးဖုန်းများအား သက်ဆိုင်ရာမြို့နယ်အလိုက် အလုံးရေအရေအတွက် မည်မျှကျန်ရှိသည်ကို နေ့စဉ်နှင့် အမျှ တရားဝင်ထုတ်ပြန်ချက်များပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ထိုကဲ့သို့ ကြိုးဖုန်းအရေအတွက် မည်မျှကျန်သည်ကို နေ့စဉ်ထုတ်ပြန်သွားရန် ဆောင်ရွက်ရခြင်းမှာ လျှောက်ထားလိုသူတိုင်း ရရှိစေရန်အတွက်နှင့် သက်ဆိုင်ရာဆက်သွယ်ရေးရုံးများမှမှန်ကန်စွာဆောင်ရွက်နိုင်ရန်အတွက်ဟု သိရသည်။

"အခုကြိုးဖုန်းတွေက ခြောက်သိန်းခွဲချပေးလိုက်တော့လျှောက်တဲ့ သူက အရမ်းများနေတယ်။ ဒါပေမဲ့ တချို့ရုံးတွေက မရှိတော့ဘူးဆိုပြီး လျှောက်တဲ့သူတွေကို ရစ်ကြတယ်။ အဲဒီတော့လိုချင်တဲ့ သူတွေကလည်း ခြောက်သိန်းခွဲ ထက်ပိုပေးပါမယ်ဆိုတာတွေက ဖြစ်လာရော။ အဲ့ဒီတော့သက်သာစေချင်လို့ချထားပေး တာတွေက အလကားဖြစ်သွားတာမျိုးဖြစ်နေလို့အခုလိုနေ့စဉ်ထုတ်ပြန်ဖို့ဆောင်ရွက်ရတာပါ" ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။






## မိုဘိုင်းဖုန်းအားလုံး ချထားပေးခြင်းဝန်ဆောင်မှု နေ့ချင်းပြီး ဆောင်ရွက်ပေးသွားရန်ရှိဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ဇူလိုင် - ၇**

မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းဝန်ဆောင်မှုများအားလုံးကိုယခုလက်ရှိတာဝန်ယူနေသည့်အစိုးရသစ်လက်ထက်တွင်နေ့ချင်းပြီးဆောင်ရွက်ပေးနိုင်မည့် One Stop Service စနစ်ဖြင့် ပြောင်းလဲသွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းဌာနမှ သတင်းရရှိသည်။

လျှောက်ထားသူများ အချိန်တိုအတွင်း မည်သည့်ဖုန်းအမျိုးအစားကိုမဆို ရရှိစေရန် ယခုကဲ့သို့ နေ့ချင်းပြီးဝန်ဆောင်မှုကို ပြောင်းလဲလိုက်ခြင်းဖြင့် လာဘ်ပေး လာဘ်ယူကိစ္စရပ်များ ပပျောက်စေရန် စီစဉ်နေရခြင်းဖြစ်ကြောင်း အဆိုပါဌာန၏ တာဝန်ရှိသူ တစ်ဦးကပြောသည်။

ထိုကဲ့သို့ ပြည်တွင်း၏ မိုဘိုင်းဖုန်းလျှောက်ထားမှုကို One Stop Service သို့ပြောင်းလဲလိုက်ခြင်းသည် နိုင်ငံ၏တယ်လီဖုန်းသုံးစွဲနိုင်မှုမြင့်တက်လာခြင်းကို အထောက်အပံ့ပေးလာနိုင်သည့် ဝန်ဆောင်မှုတစ်ခုဖြစ်လာနိုင်ကြောင်း ပြည်တွင်းရှိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းရောင်းဝယ်သည့်လုပ်ငန်းကို လုပ်ကိုင်နေသည့် စီးပွား ရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ် ပြောကြားသည်။

“တကယ်လို့ မိုဘိုင်းဖုန်းတွေအားလုံးကို နေ့ချင်းပြီး ဝန်ဆောင်မှုအဖြစ်ပြောင်းနိုင်မယ်ဆို အရမ်းကောင်းပါတယ်”ဟု ပြည်တွင်းရှိ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းရောင်းဝယ်သည့် လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

မိုဘိုင်းဖုန်းများကို နေ့ချင်းပြီး ဝန် ဆောင်မှုပေးမည့် အစီအစဉ်တွင် ပထမဆုံးအနေဖြင့် ကျပ်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းများကို ပုဂ္ဂလိက ကုမ္ပဏီသုံးခုနှင့်ပူးပေါင်းကာ ဆောင် ရွက်နေပြီဖြစ်သည်။

ယင်းကုမ္ပဏီများမှာ ထူးကုမ္ပဏီ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် E-Lite Tech၊ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်နှင့် Asia Mega Link ကုမ္ပဏီလီမိတက်တို့ဖြစ်ကြသည်။

### စာ(၂၃) - Facebook မှ သူငယ်ချင်းများကို မျက်မြင်ကိုယ်တွေ့ စကားပြောနိုင်တော့မည် မှ

အသုံးပြုသူများအနေဖြင့် ဝက်ဘ်ကင်မရာမှ စကားပြောနိုင်ရန် အထူးအစီအစဉ် Plug-in တစ်ခုတပ်ဆင်ရမည်ဖြစ်သော်လည်း စကားပြောသူများသည် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် မြင်တွေ့နိုင်မည်ဖြစ်သည်။

အဖွဲ့လိုက်စကားပြောခြင်းအတွက်မူ လောလောဆယ်တွင် အုပ်စုလိုက်စာရိုက်၍သာ စကားပြောနိုင်သေးသည်။

ယခုနောက်ဆုံးဖော်ထုတ်လိုက်သော အစီအစဉ်များသည် အလွန်တန်ဖိုးထားလိမ့်မည်ဟု ယူဆပါကြောင်း၊ ယင်းသို့အစီအစဉ်များဖော်ထုတ်ရန် လူအများအပြားက တောင်းဆိုခဲ့ကြပါကြောင်း ကယ်လီဖိုးနီးယားပြည်နယ်၊ ဖေ့စ်ဘွတ်ခ်ရုံးချုပ်၌ ယင်းအစီအစဉ်များစတင်မိတ်ဆက်ခြင်း အခမ်းအနားတွင် မာ့ခ်ဇက်ကာဘာ့ဂ်က ပြောကြားသည်။


ယင်းမတိုက်မီ တစ်ရက်ကလည်း ဂူးဂဲလ်ကုမ္ပဏီက လူမှုရေးကွန်ရက်ပုံစံဆက်သွယ်မှုများပြုလုပ်နိုင်သည့် Google+ အစီအစဉ်များကိုဖော်ထုတ်ကြေညာခဲ့ကြောင်း သိရသည်။

### စာ(၂၃) - ကြိုးဖုန်းမည်မျှကျန်သည်ကို သတင်းနေ့စဉ် ထုတ်ပြန်ပေးမည် မှ

ထို့ကြောင့်ကြိုးဖုန်းလိုင်းများ လျှောက်ထားလိုသည့် မည်သူမဆို နေ့စဉ်ထုတ်ပြန်သည့်တရားဝင် အချက်အလက်များကို ကြည့်ခြင်းဖြင့် ၄င်းတို့လိုချင်သည့် အရေအတွက်အတိုင်း ရရှိလာမည်ဖြစ်သည်။

မြို့နယ်တိုင်းအတွက် အထိုင်ဖုန်းလိုင်းအရေအတွက် မည်မျှကျန်ရှိသည်ဆိုသည့် သတင်းထုတ်ပြန်ချက်များအား နေ့စဉ်ထုတ် အစိုးရသတင်းစာများတွင် ဖော်ပြသွားမည်ဟုသိရသည်။



7DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

# မြန်မာနိုင်ငံ ဆန်စပါးအသင်းဥက္ကဋ္ဌဦးချစ်ခိုင်နှင့်တွေ့ဆုံခြင်း

"ဒါကိုရပ်ထားလိုက်ရင် တဖြည်းဖြည်းနဲ့ လယ်ယာမြေစိုက်ပျိုးရေးကပျက်သွားမယ်"

အောင်သူရ

***တစ်ကေလျှင် တင်း ၁၀၀ ထွက်အောင် စိုက်ပျိုးပါက ၄၆ ပေါင်ရှိသော စပါးတစ်တင်းအား အနိမ့်ဆုံးကျပ် ၄,၀၀၀ ဖြင့် ဝယ်ပေးမည်ဟု သူကဆိုသည်။ ထိုသူမှာ အခြားလူမဟုတ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်း ဥက္ကဋ္ဌဦးချစ်ခိုင်ပင်။ သူ ထူထောင်ပေးသော အထူးပြုကုမ္ပဏီက ထောက်ပံ့ပေးနေသည့် နေပြည်တော်ဖြူမြို့နယ်မှတောင်သူများအား အထက်ပါအတိုင်း ကတိကဝတ်ပြုခဲ့ခြင်းဖြစ်သည်။***

***ယခုနှစ် မိုးစပါးအတွက် နေဖြူဒေသမှ တောင်သူများအား ကျပ်သိန်းပေါင်း ၃၀,၀၀၀ ကျော်ပံ့ပိုးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါပံ့ပိုးပွဲတွင် သတင်းထောက်များနှင့်တွေ့ဆုံခဲ့ပါသည်။ ထိုတွေ့ဆုံပွဲ၌ ဦးချစ်ခိုင်၏ ဖြေကြားချက်များထဲမှ အချို့အား ကောက်နုတ်ဖော်ပြအပ်ပါသည်။***

**■ လက်ရှိပြည်ပ ဆန်တင်ပို့မှုအခြေအနေကို ရှင်းပြပေးစေလိုပါတယ်။**

Export အခြေအနေကတော့ မြန်မာနိုင်ငံ ဆန်စပါးအသင်း ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးမှာတော့ ဆန်တင်ပို့မှုကို အထူးပြုကုမ္ပဏီတွေကိုပဲ ဦးစားပေးပြီးတော့ ခွင့်ပြုဖို့ ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးက ဆုံးဖြတ်ထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ အထူးပြုကုမ္ပဏီတွေဟာ Supply Change Development အတွက်ကို အများကြီး Risk (စွန့်စားမှု)ယူပြီးတော့ လုပ်နေကြရတာ။ အခု အားလုံးမြင်တဲ့အတိုင်းပဲ။ အခု လယ်သမားကို ငွေကြေးပံ့ပိုးတယ်၊ သွင်းအားစုပံ့ပိုးတယ်။ ဆရာထွန်းလွင်ပြောတာ ရာသီဥတုအခြေအနေက အစိုးမရဘူး။ အစိုးမရလို့ ပျက်စီးသွားရင် လယ်သမားနဲ့ အထူးပြုကုမ္ပဏီကြားမှာ အလျော်အစားမရှိဘူး။ ယုံကြည်မှုနဲ့လုပ်နေကြရတာ။ အန်ကယ်တို့ ကုမ္ပဏီဆိုရင် တံဆိပ်ခေါင်းတောင် မကပ်တော့ဘူး။ စာရွက်ဖြူပေါ်မှာပဲ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုနဲ့ လက်မှတ်ထိုးပြီးလုပ်နေတာ။ ဆုံးရှုံးမှုက များနိုင်တယ်။ ဆုံးရှုံးမှုများနိုင်တာကို သိလျက်သားနဲ့ ဒီနယ်ပယ်ဖွံ့ဖြိုးတိုးတက်အောင်လုပ်လာတဲ့ အထူးပြုကုမ္ပဏီကို ဦးစားမပေးသင့်ရင် ဘယ်သူ့ကို ဦးစားပေးသင့်လဲ။ Exporter တွေက Export လုပ်ချင်တယ်ဆိုရင် ဒီလုပ်ငန်းစဉ်မှာ လာလုပ်။ အပင်စိုက်တာက တစ်ယောက်၊ အသီးခူးစားတာက တစ်ယောက်ဆိုတာတော့ မဖြစ်သင့်ဘူး။ အဲဒါကြောင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဆုံးဖြတ်တာက ဆန်စပါးကို Export လုပ်ဖို့ ဝန်ကြီးဌာနကို အသင်းက ထောက်ခံတင်ပြတဲ့အခါ အထူးပြုကုမ္ပဏီတွေကိုထောက်ခံတင်ပြတယ်။ ဒီနေရာမှာလည်း အထူးပြုကုမ္ပဏီရဲ့ လုပ်ဆောင်တဲ့ မှတ်တမ်းမှတ်ရာအရ ဘယ်လောက်သွင်းအားစု ပေးသလဲ၊ ဘယ်လောက်ပံ့ပိုးသလဲ၊ အဲဒီ့ အချိုးအစားအရ Export အနည်း၊ အများကလည်း အဲဒီ့အပေါ်မှာ မူတည်သွားမှာပါ။

**■ တစ်လကို ဘယ်လောက်တင်ပို့ဖို့လျာထားချက်ထားပါသလဲ။**

အခုက နိုင်ငံတော်ကလည်း ပို့စေချင်နေတယ်။ ဆန်စပါးကလည်း ဒီမှာ ဈေးလည်း မတက်ဘူး။ တက်တာက ပို့ဆောင်ရေးစရိတ်ကြောင့် တက်တာ။ ဆန်ကလည်း ရှိနေတယ်။ ဝန်ကြီးဌာနက ခွင့်ပြုမယ်ဆိုရင် ငါးသောင်းလည်း ပို့နိုင်တယ်၊ တစ်သိန်းလည်း ပို့နိုင်တယ်။

**■ ယခုလက်ရှိပို့ကုန်ရငွေဈေးနှုန်းနဲ့ ရောင်းရတဲ့ဈေးနဲ့ ဝယ်ထားတဲ့စပါးဈေးနဲ့တွက်ရင် ဆန်ပို့တဲ့လူတွေ တွက်ခြေကိုက်ရဲ့လား။**

အခု ၂၅ မတ် ဆန်တစ်တန်ကို FOB (သင်္ဘောတင်)ဈေးက ဒေါ်လာ ၃၉၀-၄၀၀ ရှိတယ်။ လက်ရှိကတော့ အရင်းလောက်ပဲ ရှိမယ်ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သိုလှောင်လာတဲ့ကာလကလည်းကြာတယ်။ နွေစပါးကလည်း သိတဲ့အတိုင်းပဲ မိုးမိထားတဲ့အခါကျတော့ ဆန်ဝါတွေများတယ်။ အဲဒါကြောင့်မို့ အကျိုးအကြေများတယ်။ ဒါကြောင့်မို့ နိုင်ငံတော်ဝန်ကြီးဌာနကလည်း အရင်တုန်းက ခွင့်မပြုခဲ့တဲ့ ဆန်ကွဲကို Export လုပ်ခွင့် စဉ်းစားလာတယ်။ ဒါကို ပို့ဖို့ကြိုးစားနေပြီ။ ဒါပေမဲ့ အန်ကယ်တို့တိုင်းပြည်က ဆန်ကွဲမပို့တာ နှစ်ပေါင်းဆယ်နဲ့ချီ ကြာနေပြီ။ ဒီက ဆန်ကွဲဆိုတာ ဟိုဘက်က ဝယ်တဲ့လူက ဘယ်လိုဟာမျိုးလဲဆိုတာမသိတော့ခက်နေတယ်။

**■ ဒီနှစ် ကမ္ဘာ့ဆန်ဈေးကွက်မှာရော ဆန်ဈေးတက်နိုင်ခြေရှိပါသေးလား။**

အခု အင်ဒိုနီးရှားရော ဖိလစ်ပိုင်ရော ဆန်နည်းနည်း ပြန်ဝယ်မယ်လို့ အသံထွက်နေတယ်ဆိုတော့ နည်းနည်း တက်လာနိုင်စရာရှိတယ်လို့ ခန့်မှန်းပါတယ်။

**■ ပို့ကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းကလည်း ပို့ကုန်ရငွေတန်ဖိုးအတက်အကျနဲ့ သက်ဆိုင်နေတော့ ရှေ့ဆက် ပို့ကုန်ရငွေတန်ဖိုးအခြေအနေ ဘယ်လိုဖြစ်လာနိုင်တယ်လို့ ခန့်မှန်းထားပါသလဲ။**



ငွေဈေးကွက်အခြေအနေကဂျာနယ်သမားတွေကို ပြန်ပြီး မေးချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဂျာနယ်တွေက ရေးနေတယ်လေ။ ပြည်တွင်းငွေဈေးကွက်ထဲကို နယ်စပ်က ကုန်သည်တွေကတစ်ဆင့် နိုင်ငံခြားငွေတွေဝင်နေတယ်လို့ရေးနေတယ်။ အဲဒီ့ Source ဟာ မှန်သလား၊ မှားသလားဆိုတာ ဂျာနယ်တွေကိုပြန်ပြီး မေးခွန်းထုတ်ချင်တယ်။ အဲဒါ အခုဖြစ်နေတယ်ဆိုရင် အန်ကယ်တို့ဖြေရမှာ တစ်မျိုးဖြစ်နေတယ်။ ပုံမှန်ဆိုတစ်မျိုးလေ။ အန်ကယ်က ငွေကြေးနဲ့ပတ်သက်လို့ သိပ်ကျွမ်းကျင်တဲ့လူမဟုတ်ဘူး။ အရှေ့တောင်အာရှတစ်ခုလုံးကိုတောင်မှ အနောက်နိုင်ငံကစီးပွားရေးသမား တစ်ယောက်တည်းက ငွေကြေးဈေးကွက်ကို လှုပ်သွားအောင်လုပ်နိုင်တာ။ ဒီလိုဟာမျိုးတွေရှိနေရင် ဘာလဲဆိုတဲ့အဖြေကိုအန်ကယ်တို့ရှာရခက်တယ်။

**■ ပို့ကုန်အပေါ် အခွန်ကောက်ခံခြင်းကို သုံးရာခိုင်နှုန်း လျှော့လိုက်ပြီဆိုတော့ ဒီအချိန်ကနေ စပါးပေါ်တဲ့အထိ ဒီကြားကာလမှာ စပါးဈေး တက်နိုင်ခြေရှိသေးလား။**

Export လေး တွန်းတွန်းတိုက်တိုက်ပို့လာနိုင်မယ်ဆိုရင်တော့ အနည်းငယ် တက်လာနိုင်စရာအကြောင်းရှိပါတယ်။

**■ တချို့နေရာတွေမှာ ရာသီဥတုမမှန်လို့ စပါးပျက်တာတွေ စိုက်ပြီးသား စပါးတွေပျက်တာတွေ ဒီနှစ်မှာတော်တော်လေးအသံထွက်လာတယ်။ ဆန်စပါး လုပ်ငန်း ဥက္ကဋ္ဌအနေနဲ့ အခု ပျက်စီးတာ ဆန်စပါးလုပ်ငန်းအပေါ်မှာဘယ်လောက်အတိုင်းအတာထိသက်ရောက်မှုရှိနိုင်ပါသလဲ။**

ပျက်စီးမှုအတိုင်းအတာအနေနဲ့ကတော့ အခု လက်ရှိအခြေအနေတော့ သက်ရောက်မှု ချက်ချင်း မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ ဒါကို အန်ကယ်တို့လို ကုမ္ပဏီတွေက တောင်သူတွေကို ပံ့ပိုးမှုဆိုတဲ့အပိုင်း၊ နိုင်ငံတော်ပဲဖြစ်ဖြစ်၊ သမဝါယမပဲဖြစ်ဖြစ်၊ ဘဏ်ကပဲဖြစ်ဖြစ်၊ အန်ကယ်တို့ကပဲဖြစ်ဖြစ် လက်တွန့်သွားမယ်ဆိုရင်တောင်သူတွေ အားယုတ်သွားပြီးတော့ နောက်ပိုင်းမှာ ဆိုးရွားတဲ့ သက်ရောက်မှုတွေဖြစ်လာနိုင်တယ်။ လုံလောက်တဲ့ စိုက်ပျိုးစရိတ်မရဘူး။ လုံလောက်တဲ့ သွင်းအားစုမထည့်နိုင်ဘူး၊ မစိုက်နိုင်ဘူးဆိုရင် သူတို့အနေနဲ့ဖြစ်သလိုစိုက်ကြမှာပဲ။ ဖြစ်သလိုစိုက်ရင် အထွက်ကလည်းကျသွားမှာပဲ။ နောက်အချိန်ကျလို့ရှိရင် အဲဒီလိုသာ ဆက်ဖြစ်သွားရင် သူတို့ကို အားပေးမှုမရှိဘူးဆိုရင် အန်ကယ်တို့ အခု စွန့်ပြီး အားပေးနေရတာ နွေစပါးကို ပြန်ဆပ်တာ ၄၀ ရာခိုင် နှုန်းပဲရှိတယ်။ အခု မိုးစပါးကိုပေးနေရပြီ။ ဒီလိုမှမပေးရင် ပကတိ လက်ရှိမှာ သူတို့ အခက်အခဲတွေရှိနေတယ်။ ဒါကို ရပ်ထားလိုက်ရင် တဖြည်းဖြည်းနဲ့ လယ်ယာမြေစိုက်ပျိုးရေးက ပျက်သွားမယ်။

**■ ယခုလက်ရှိရာသီဥတုအခြေအနေနဲ့ စပါးပေါ်တဲ့အချိန်ကျရင် အလေအလွင့်နဲ့ဆိုတော့ အထူးပြုကုမ္ပဏီတွေနဲ့တောင်သူတွေကို ဥက္ကဋ္ဌအနေနဲ့ ဘာများ အကြံပြုချင်ပါသလဲ။**

အခု ပြင်ဆင်ရတော့မယ်လေ။ ဒီနေ့ ဒေါက်တာထွန်းလွင်ကိုဖိတ်ကြားပြီး ဟောပြောပွဲလုပ်တယ်။ ဟောပြောလိုက်တဲ့နေရာမှာ ကိုတို့အသိတွေရလိုက်ပြီ။ ဘာဖြစ်လာနိုင်သလဲ။ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလတွေမှာ ဘာဖြစ်နိုင်လဲ ခန့်မှန်းလာတယ်ဆို ဒီစပါးမှည့်လာတဲ့အချိန် မြန်မြန်ရိတ်သိမ်းနိုင်အောင် အတတ်နိုင်ဆုံး ကိုယ်တို့ဘက်က ပြင်ဆင်ရမယ်။ ဝိုင်းပြီး လယ်သမားတွေအတွက် ပြင်ဆင်ပေးရမယ်။ အခြေအနေက အထူးပြုကုမ္ပဏီလုပ်ပြီဆိုရင် ရှေ့လျှောက်ကိုယ်တို့နိုင်ငံမှာ သဘာဝပတ်ဝန်းကျင်ရဲ့ ဖောက်ပြန်လာမှုကို ဘယ်လိုရင်ဆိုင်မလဲဆိုတာစဉ်းကိုစဉ်းစားရတော့မယ်။ အခုဒါကြောင့်မို့လို့ ကုန်ထုတ်လမ်းတွေ အတင်းတွန်းတွန်းတိုက်တိုက်လုပ်နေတာ။ မလုပ်ခဲ့တဲ့အတွက်ကြောင့် နွေစပါးမှာ မိုးရွာလာတဲ့အတွက်ကြောင့် လယ်သမားလက်ပိုက်ကြည့်နေတယ်။ အဲဒါကို ဝင်ဖြေရှင်းရမယ်လေ။ ။

## စာ(၂၆) မီဒီယာကြောင့်ပေါ်လာတဲ့ ပထမနိုင်ငံရဲ့အမှောင်တစ်ကွက်မှ

ပြည့်တန်ဆာ အခန်းထဲမှာ ပိတ်လှောင်ခံထားရလိမ့်မည်ဟု ထင်မထားခဲ့ကြဟုပြန်လည်ပြောပြကြသည်။

အချို့မိန်းကလေးများမှာ သူငယ်ချင်းများ(သို့)ဆွေမျိုးများက စင်ကာပူတွင် ဈေးဝယ်လိုက်ပို့မည်၊ လည်ပတ်ကြည့်ရှုကြမည် စသည့် ကတိစကားများကို ယုံကြည်၍ လာရောက်သူများလည်းရှိကြသည်ဟုသိရသည်။

စင်ကာပူနိုင်ငံတွင် အလုပ်လုပ်ကြသည့်နိုင်ငံခြားသားအလုပ်သမားများ ကြုံတွေ့ရသည့် ပြဿနာတစ်ရပ်သည် ကြွေးမြီနှောင်ဖွဲ့ခိုင်းစေခံရခြင်းဖြစ်သည်။ လိုင်လုပ်သူများလည်း ထိုပြဿနာတွေ့ကြုံကြရလေ့ရှိသည်။ အိမ်ဖော်များကဲ့သို့ စင်ကာပူနိုင်ငံသို့ စတင်ရောက်ပြီး အလုပ်စလုပ်ပြီဆိုကတည်းက အလုပ်သမားစုဆောင်းပေးခ၊ ခရီးလက်မှတ်ခနှင့် နေထိုင်ခ စသည့် စရိတ်အမျိုးမျိုးအတွက် အဖိုးအခကြီးစွာ ပြန်ပေးဆပ်ကြရတော့သည်။ သို့သော် ခရီးမထွက်ခွာမီကတည်းက ထိုသို့ ပေးဆပ်ရမည့်အကြောင်း အလုပ်သမားစုဆောင်းသူများ၊ လူပွဲစားများက ပြောပြထားခြင်းမရှိ၊ အထူးသဖြင့် လိမ်လည်ခေါ်ယူခဲ့သည့် အလုပ်မျိုးဆိုလျှင် အလုပ်၏ သဘောသဘာဝပါ အသိပေးထားခြင်းမရှိပေ။

အသက် ၂၄ နှစ်အရွယ် ဖိလစ်ပိုင်နိုင်ငံသူ Kn ၏ဖြစ်ရပ်တစ်ခုတွင် သူ၏ သူငယ်ချင်းတစ်ဦး၏ မိတ်ဆွေတစ်ဦးက စင်ကာပူနိုင်ငံ အရက်ဆိုင်တစ်ဆိုင်တွင် သီချင်းဆိုသည့်အလုပ်လုပ်ရမည်ဟု စည်းရုံးသဖြင့် လိုက်ပါလာခဲ့သည်။

စင်ကာပူနိုင်ငံသို့ ရောက်သည့်အခါ သူမအနေဖြင့် ထိုသို့ အလုပ်လုပ်ရန်လာရောက်ခ အကြွေး စင်ကာပူဒေါ်လာ ၄,၀၀၀ ပေးရမည်ဟု လူပွဲစားမှ အကြွေးတောင်းတော့သည်။ သူ့ကို ခေါ်လာစဉ်က ထိုဆိုင်တွင် သီချင်းဆိုရမည်၊ အရက်ငှဲ့ပေးရမည်၊ လာရောက်သူများနှင့် ဝိုင်းဖွဲ့စကားပြောပေးရမည် စသည်တို့သာ သိထားပေးသည်။ လိင်လုပ်ငန်းဖြေဖျော်မှုလုပ်ကိုင်ပေးရန်မပါရှိခဲ့။

ပထမဆုံးညမှာပင် အိမ်ပြန်ချင်ကြောင်းပြောတော့ ဆိုင်ရှင်က ပေးမပြန်ဘဲ အကြွေးအရင်ဆပ်ရန်သာ ပြောနေတော့သည်။ အချို့အမျိုးသမီးများဆိုလျှင် ထိုသို့သော လုပ်ငန်းရှင်များက ဒဏ်ကြေးပါ ပေးဆပ်ရန်တောင်းလေ့ရှိသည်။

၎င်းတို့ဆိုင်သို့ သတ်မှတ်ထားသည့် မျှော်မှန်းထားသည့် စားသုံးသူများ လာရောက်ရန်မမြှူဆွယ်နိုင်သည့် အကြောင်းပြချက်ဖြင့်လည်းကောင်း၊ ဆိုင်မှထုတ်ပေးသည့် အဝတ်အစားများဖြစ်သော မလုံ့တလုံအဝတ်အစားများမဝတ်ဘဲ အလုပ်ဆင်းလျှင်သော်လည်းကောင်း ပြစ်ဒဏ်ကြေးသတ်မှတ်ကာ အကြွေးဆပ်ကြရပြန်သည်။

ထို့ကြောင့် လိင်လုပ်သားအဖြစ် စင်ကာပူနိုင်ငံတွင် ၎င်းတို့ဆန္ဒအရ အလုပ်လုပ်လိုသော ပြည်ပမှ အမျိုးသမီးငယ်လေးများသည်ပင်လျှင် အလုပ်ရှင်၏ တောင်းခံမှု အကြွေးမတန်တဆများကြောင့် အံ့သြအထိတ်တလန့်ဖြစ်ကြရသည်။

သို့ကြောင့်လည်း ယနေ့ မီဒီယာများက စင်ကာပူနိုင်ငံရှိ ပြည်ပအလုပ်သမားများ၏ အလုပ်ခွင်တွင် ဖြစ်ပေါ်ကြုံတွေ့ရသော ဒုက္ခသုက္ခများ ကုန်းရုန်းခံစားနေကြရသည်များ ဖော်ပြလာနေပေတော့သည်။

Source: The Straits Times
(11.6.2011)

7DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

# မီဒီယာကြောင့်ပေါ်လာတဲ့ ပထမနိုင်ငံရဲ့အမှောင်တစ်ကွက်

ဝင်းနိုင်ထွန်း



ယခင်က စင်ကာပူနိုင်ငံတွင် နိုင်ငံခြားသား အလုပ်သမားများအပေါ် ခေါင်းပုံဖြတ်မှု၊ အမြတ်ထုတ်မှု(သို့)အပြည့်အ၀အသုံးချမှုများသည် တစ်လလျှင် အမှု ၁၀၀ ခန့်သာရှိခဲ့သော်လည်းယနေ့အခြေအနေတွင် ထိုအမှုမျိုး တစ်လလျှင်ပျမ်းမျှ၁၂၀မှ ၁၅၀ထိတိုးတက်ဖြစ်ပွားလျက်ရှိလာသည်။ ထိုဖြစ်ရပ်များထဲမှ လိင်လုပ်ငန်းလုပ်နေသူများ၏ အကြောင်းကို The Straits Times သတင်းစာက တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသူAbigail သည် အသက် ၂၂ နှစ်အရွယ် ကလေးတစ်ယောက်မိခင်ဖြစ်သည်။ သူ့၏ ကလေးမှာ ၂နှစ်အရွယ် သမီးငယ်လေးဖြစ်သည်။ သူသည် ၂၀၁၁ခုနှစ် မေလ ၂၁ ရက်နေ့က ဖိလစ်ပိုင်နိုင်ငံမှထွက်ကာ စင်ကာပူနိုင်ငံသို့ ရောက်လာခဲ့သည်။ လူပွဲစားမှ ၎င်းအား စင်ကာပူနိုင်ငံရှိစားသောက်ဆိုင်များတွင် သီချင်းငါးပုဒ်ဆိုတိုင်း စင်ကာပူဒေါ်လာ ၁၀၀ ရမည်ဟု ပြောသဖြင့် သီချင်းဆိုသည့်အလုပ် လုပ်ရန် ထွက်လာခဲ့သူဖြစ်သည်။ စင်ကာပူနိုင်ငံသို့ရောက်သည့်အခါ လူပွဲစားပြောသည့်အတိုင်း သီချင်းမဆိုရ အခကြေးငွေရယူသည့် လိင်လုပ်ငန်းလုပ်ရတော့သည်။ သူ့အနေဖြင့်လည်း အကြွေးဖြင့်လာရသည်ဖြစ်သဖြင့် စင်ကာပူဒေါ်လာ ၃,၀၀၀ အကြွေးဆပ်ရန် အလုပ်လုပ်ရလေသည်။ နောက်ဆုံးထိုအလုပ်ကိုမလုပ်လိုသည့်အဆုံးစင်ကာပူနိုင်ငံရှိဖိလစ်ပိုင်သံရုံးသို့ ထွက်ပြေးကာ ငိုယိုပြီး သူ့အကြောင်းစုံကို တာဝန်ရှိသူများထံရှင်းပြခဲ့သည်။ ထိုနောက်မှာ သံရုံးအစီအစဉ်ဖြင့်မိခင်ဖိလစ်ပိုင်နိုင်ငံသို့ လေယာဉ်ဖြင့် ပြန်လာခဲ့ရသည်။ စင်ကာပူနိုင်ငံမှ မပြန်ခင် The Straits Times သတင်းစာသို့ သူမ၏ဖြစ်ရပ်ကို ပြောပြသွားခဲ့သည်။

နှစ်စဉ်နှစ်တိုင်း ဒေသတွင်းနိုင်ငံများမှ ငယ်ရွယ်သော မိန်းကလေးများသည် အန္တရာယ်နှင့်ကြုံတွေ့နိုင်သည်ကို မသိလိုက်မသိဘာသာဖြင့် အစုလိုက်အပြုံလိုက် စင်ကာပူနိုင်ငံသို့ရောက်ရှိလာကြသည်။ ထိုနိုင်ငံမှ ရှင်သန်လျက်ရှိသည့် လိင်လုပ်ငန်းများတွင် အကြပ်ကိုင်စေခိုင်းခံရခြင်းနှင့် လှည့်ဖြားခံရခြင်းတို့နည်းလမ်းများဖြင့် လိင်ကျွန်များ ဖြစ်နေကြရသည်။ အချို့မိန်းကလေးများသည် သိက္ခာရှိသည့်အလုပ်မျိုးရမည်ဟု လိမ်ညာသည့် ကတိစကားများကြောင့်ရောက်လာကြသူများဖြစ်သည်။ အချို့မှာ လိုလိုလားလားဖြင့် လိင်လုပ်သားလုပ်ရန် လာကြသူများလည်းရှိကြသည်။ ထိုသူတို့သည် ထိုလုပ်ငန်း၏ လုပ်ငန်းခွင်အခြေအနေနှင့် အခကြေးငွေရရှိမှုတို့တွင် လှည့်ဖြားခံရမှုများနှင့်ကြုံကြရသည်။

ထိုအမျိုးသမီးငယ်လေးများသည် စင်ကာပူနိုင်ငံတွင် တရားမဝင် အလုပ်လုပ်ရသည်။ အခကြေးငွေရယူ၍ လိင်လုပ်ငန်းလုပ်ရခြင်းသည် ထိုနိုင်ငံ၏ တည်ဆဲဥပဒေကို ချိုးဖောက်သည်ဟု ယုံကြည်ထားကြသည်။ ထို့ကြောင့် နိုင်ငံခြားမှ လာရောက်၍ ထိုလုပ်ငန်း လုပ်ကြသည့် ဖိလစ်ပိုင်နိုင်ငံသူ Abigail ကဲ့သို့ပင် တိတ်တိတ်ကလေးမိခင်နိုင်ငံသို့ပြန်လေ့ရှိကြသည်။ သူတို့၏ လုပ်ခကို အတင်းအကြပ်တောင်းဆိုရယူကြခြင်းမရှိကြ။ ထို့ကြောင့် ထိုလိင်ကုန်ကူးသန်းရောင်းဝယ်မှုလုပ်ငန်းသည် အလွန်အလွန့်ကို လူမသိသူမသိဖြစ်နေသည်။ သုတေသနပြုသူများက ထိုမိန်းကလေးများသည် လျှို့ဝှက်ပုန်းအောင်းနေသည့် လူတန်းစားအရေအတွက်များဖြစ်သည်ဟုခေါ်ဆိုကြသည်။ သူတို့၏ သတင်းစကားကို တိုးတိုးတိတ်တိတ်သာ ပြောဆိုမှုများဖြင့်သာ ကြားကြရသည်။ သို့သော် မည်သည့်အခါမျှ သူတို့အသိုင်းအဝိုင်းမှ အသံထွက်လေ့မရှိကြ။

ယခု ဖိလစ်ပိုင်သူလေး၏ အဖြစ်အပျက်ကိုပထမဆုံးအကြိမ်အဖြစ် The Straits Times သတင်းစာမှ သုတေသနပြုမှုဖြင့် ထိုပြဿနာကို မီးမောင်းထိုးပြခဲ့လေပြီ။ သုတေသနပြုချက်က လိင်လုပ်ငန်းတွင် လုပ်ကိုင်နေကြရသည့် အမျိုးသမီးများနှင့် အနီးကပ် ရှုမြင်ခဲ့ရသည်။ မည်သို့လာလုပ်ကိုင်နေကြရသည်၊ မည်သို့ဖြစ်ကြရသည်၊မည်သည့်အချိန်ခါကတည်းက ရောက်လာနေကြရသည်စသဖြင့် အချက်အလက်များ စုဆောင်းရရှိခဲ့ကြသည်။ အသေးစိတ်မေးမြန်းမှုပြုလုပ်ခဲ့သူများသည် ဖိလစ်ပိုင်နိုင်ငံသူ ၅၁ ဦး၊ အင်ဒိုနီးရှားနိုင်ငံသူ ၅၀ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသူ ငါးဦးနှင့် တရုတ်နိုင်ငံသူ ငါးဦးတို့ဖြစ်ကြသည်။ စုစုပေါင်း ၁၁၁ ဦးသည် လှည့်စားခံရကာ လိင်ကျွန်အဖြစ်သို့ရောက်ခဲ့ရသူများဖြစ်ကြသည်။ အချိန်ကာလအားဖြင့် ၂၀၀၉ ခုနှစ် ဩဂုတ်လမှ ၂၀၁၀ခုနှစ် ဧပြီလထိ သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့အသက်အရွယ်အပိုင်းအခြားများသည်အများစုမှာ လူမမယ်အရွယ် ၁၈ နှစ်အောက်များဖြစ်ကြပြီးကျန်သုံးပုံတစ်ပုံသည် အသက် ၂၁ နှစ်အောက် အရွယ်များဖြစ်သည်။

သုတေသနပြု မှတ်တမ်းများအရ စင်ကာပူနိုင်ငံ၏ လိင်လုပ်ငန်းတွင် အထင်အရှားတွေ့ရသည့် အချက်သုံးချက်တွေ့ရှိကြသည်။ ပထမဆုံး တွေ့ရှိရသည့်အချက်မှာ လူကုန်ကူးခံရသည့်သားကောင်များကို အခြားနိုင်ငံများနှင့် တရားမဝင်ခေါ်ဆောင်ကြပုံနှင့် မတူပေ၊ပြည်ဝင်ခွင့်ဗီဇာ ( Social Visa )ဖြင့် အသုံးပြုကာ စင်ကာပူသို့ဝင်လာကြသူများဖြစ်ကြသည်။ သို့သော် ခေါ်လာသည့်ပုံစံမှာ အမျိုးမျိုးသော လှည့်ဖြားမှုများဖြင့်ခေါ်ဆောင်လာကြခြင်းဖြစ်သည်ဟု ထိုစာတမ်းကဆိုသည်။

ဒုတိယတွေ့ရှိချက်သည် ထိုလူကုန်ကူးခံရသည့် သားကောင်အားလုံးနီးပါးသည် လွတ်လပ်စွာသွားလာနေထိုင်ခွင့်မရ၊ အဟန့်အတား အချုပ်အနှောင်များနှင့် နေထိုင်ရသည်ကို တွေ့ရသည်။ ပြည့်တန်ဆာ အိမ်ခန်းများတွင် သော့ခတ်ပိတ်လှောင်ခံနေရသည်။ သို့မဟုတ်ပါက သူတို့နေထိုင်သည့် တိုက်ခန်းများတွင် အလုပ်ချိန်မဟုတ်ပါက သော့ခတ်ထိန်းသိမ်းခံကြရသည်။တတိယတွေ့ရှိချက်မှာ ကြွေးမြီနှောင်ဖွဲ့ ခိုင်းစေခံနေရခြင်းဖြစ်သည်။ ၎င်းတို့ကိုယ်တိုင် လုပ်အားခစင်ကာပူဒေါ်လာ တစ်ဆင့်နှုန်းမရခင်စင်ကာပူဒေါ်လာ၃,၀၀၀ ကိုလူပွဲစားထံ(သို့) အလုပ်ရှင်ထံ အကြွေးဆပ် အလုပ်အကျွေးပြုစုရသေးသည်ဟုဆိုကြသည်။

အများစုသည် စင်ကာပူသို့ ရောက်လာသည့်အခါ သူတို့၏ အကြွေးများကို မည်သို့ ပြန်ဆပ်ရမည်ဆိုသည့် စိတ်ကူးမရှိကြ။ ထိုသို့အလုပ်ထဲရောက်မှသာပြန်ဆပ်ကြရတော့သည်။ ထိုအလေ့အကျင့်သည် တစ်ကမ္ဘာလုံး ကျင့်သုံးနေသော ရွှေ့ပြောင်းအလုပ်သမားများကို လူသစ်စုဆောင်းမှုပုံစံမျိုးဖြစ်သည်။

အလုပ်သမားစုဆောင်းသည့် အေဂျင်စီများသည် စားပွဲထိုးလုပ်ရမည်၊ အရောင်းလက်ထောက်ကိုယ်စားလှယ်လုပ်ရမည်၊အရောင်းစာရေးလုပ်ရမည်၊သီချင်းဆိုရမည်စသဖြင့် ဖိလစ်ပိုင်နိုင်ငံသူ Abigail ကဲ့သို့ လိမ်လည်၍ လူစုဆောင်းကြသည်။ ထိုနိုင်ငံရောက်သည့်အခါမှသာ လုပ်ရသည့်အလုပ်သည် အခကြေးငွေယူ၍ လိင်လုပ်ငန်းလုပ်ခြင်းဖြစ်နေသည်။

ဖိလစ်ပိုင်နိုင်ငံသူ Abigail စင်ကာပူရောက်သည့်နေ့ကဆိုလျှင် စင်ကာပူအလုပ်သမားပွဲစားသည် အကောင်းစားဟိုတယ်တစ်ခုတွင် နေရာချထားပေးခဲ့သည်။ အပြင်ပန်းအားဖြင့် ကြည့်လျှင် အလုပ်ပေးမည့် လုပ်ငန်းရှင် သူဌေးနှင့်တွေ့ရန် နေရာချပေးသည့်ပုံစံမျိုးဖြစ်သည်။ သူမ ပထမဆုံးတွေ့ရသည့်သူသည် သီချင်းဆိုလုပ်ငန်းလုပ်ကိုင်ရမည့် စားသောက်ဆိုင်မှ မန်နေဂျာဖြစ်သည်။ သို့သော် ထိုသူသည် လိင်ပျော်ပါးလို၍ လိုက်လံရှာဖွေနေသော သူဖြစ်နေသည်ကို သူမသိလိုက်ရသည်။ နောက်ဆုံး ဟိုတယ်အခန်းတစ်ခန်းသို့ ခေါ်ဆောင်သွားသည်ကအစ မျက်ရည်စက်လက်ဖြင့် The Straits Times သတင်းစာသို့ သူမဖြစ်ရပ်အား ပြောပြခဲ့သည်။

သုတေသနစာတမ်းအတွက် မေးမြန်းခဲ့သည့် အင်ဒိုနီးရှားနိုင်ငံသူအများစုသည် သူတို့နိုင်ငံအတွင်းမှာပင် လူကုန်ကူးခံနေကြရသူများဖြစ်ကြသည်။ စင်ကာပူနိုင်ငံနှင့် အနီးဆုံးဖြစ်သည့် Batam ကျွန်းသို့ပို့ဆောင်ခြင်း ခံရပြီးနောက် စင်ကာပူနိုင်ငံတွင် လိင်လုပ်ငန်းလုပ်ရန် ထပ်မံပို့ဆောင်ခံရသူများဖြစ်သည်။ သူတို့ ကိုယ်သူတို့ ပြည့်တန်ဆာလုပ်ရန် သွားကြရမည်ကို သိသော်လည်း စင်ကာပူနိုင်ငံသို့ရောက်လျှင် သူတို့၏ နိုင်ငံကူးလက်မှတ်များ သိမ်းဆည်းခံရလိမ့်မည်။ အခန်းထဲမှာသော့ခတ်ခံထားရမည်၊

စာ(၂၅) သို့



# အချောင်စားကြသူများ

ခွန်းဆင့်သူသူ

လူ ဆိုတာက အစာစားတဲ့ သတ္တဝါဆိုတော့ အစာစားကြရတယ်။ ဆန်၊ ဂျုံ၊ အာလူးစသည်ဖြင့် အမျိုးမျိုးအထွေထွေစားကြပါတယ်။ ဒါပေမဲ့တစ်ခါတစ်ခါကျွန်မရဲ့ပတ်ဝန်းကျင်မှာ အချောင်စားကြသူတွေကို တွေ့ရပြန်တော့ ကျွန်မအံ့ဩမိပြန်ပါတယ်။ သူတို့ ဘာလို့ အချောင်စားကြတာလဲလို့တွေးရင်းနဲ့ကျွန်မမှာစိတ်မသက်မသာဖြစ်ရတာလည်း ခဏခဏပါပဲ။ မောင်စိုးက စက်ဘီးပြင်ဆရာပါ။ အသက် ၁၈နှစ်ရှိပါပြီ။ ဝါသနာပါလို့စက်ဘီးပညာကို သင်ယူခဲ့တာမို့ စက်ဘီးတစ်စီးရဲ့ သမိုင်းကြောင်းကိုနားလည်တတ်သိပြီးစက်ဘီးပြင်ရာမှာလည်းကျွမ်းကျင်ပိုင်နိုင်လှပါတယ်။ ဒါကြောင့်လည်း သူ့ရဲ့စက်ဘီးပြင်ဆိုင်လေးဟာ ခြောက်ကပ်မနေဘဲ အမြဲစည်ကားနေတတ်တယ်။ သူ့ရဲ့တစ်နေ့ဝင်ငွေဟာ ကျပ်လေးထောင်အထက်မှာပဲရှိတယ်။ သူ့ဆီမှာ စက်ဘီးပြင်ကြတဲ့ ဖောက်သည်တွေရဲ့ စိတ်ကျေနပ်မှုကိုရရှိစေတယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ ဖောက်သည်တွေ မသိတာတစ်ချက်က စက်ဘီးမှာပါတဲ့ ရှားပါးပစ္စည်း(တန်ဖိုးရှိတာ)ကို သူကလည်း ယူထားလိုက်တာပဲ။ ဥပမာ- ဂျပန်မူလီကို တရုတ်မူလီနဲ့ လဲထည့်ပေးလိုက်တာမျိုးပေါ့။

ဆံပင်ညှပ်ဆိုင်က ကောင်မလေးသုံးယောက်က ချောချောလှလှလေးတွေ။ သူတို့က ဆိုင်ဖွင့်တာကြာပြီဆိုတော့ မိတ်ဟောင်း၊ မိတ်သစ်တွေနဲ့ သူတို့ဆိုင်ကလူမပြတ်ဘူး။ နံနက် ၈ နာရီကနေ ည ၉နာရီအထိ ညှပ်၊ လျှော်၊ ပေါင်းတင်၊(ကြေး)ချေးချွတ်စတဲ့အလုပ်တွေကို မနားရအောင်လုပ်ရတယ်။ သူတို့ဆိုင်မှာ စက်ဘီးနှစ်စီးရှိတယ်။ သူတို့စက်ဘီးတွေ လေလျော့ရင် သူတို့ဆိုင်နဲ့မလှမ်းမကမ်းနားမှာရှိတဲ့စက်ဘီးပြင်ဆိုင်မှာ လေသွားထိုးတယ်။ လေထိုးတိုင်းလည်း "လေထိုးဦးမယ်" ပြောပြီး၊ ပြီးရင် ခပ်တည်တည်နဲ့ ထွက်သွားကြတယ်။ လေထိုးခကျပ်ငါးဆယ်ဆိုတာကိုသိလျက်နဲ့ ပေးမသွားဘူး။ ပြင်ဆရာလေးကတော့ငါးဆယ်လေးနဲ့ကျွန်တော်လည်းမပြောချင်ဘူးတဲ့လေ။

မြို့သစ်တစ်ခုရဲ့ အတွင်းကျကျ၊ ကားလမ်းမပေါ်မှာ ကောင်မလေးတစ်ယောက်က စတိုးဆိုင်ဖွင့်ထားတယ်။ သူ့ဆိုင်က အိမ်ရှင်လင်မယားနှစ်ယောက်ပဲနေတဲ့ခြံထဲမှာ။ သူက နံနက် ၈နာရီကနေ ည ၈နာရီအထိဆိုင်ဖွင့်တယ်။ သူဆိုင်သိမ်းပြီး ပြန်မှ အိမ်ရှင်လင်မယားက ခြံတံခါးကို သော့ခတ်နေကျ။ သူ့ဆိုင်လေးကကျဉ်းတော့ ရေသန့်ဘူးကို ဆိုင်ထဲ မထည့်တော့ဘဲ ဆိုင်နောက်က တံစက်မြိတ်အောက်မှာပဲထားတယ်။ တစ်နွေလုံး ဒီလိုပဲထားနေကျပါ။ အခုမိုးတွင်းကျမှ ပြဿနာကဖြစ်တယ်။ ပြဿနာက ရေဘူးထဲက ရေသန့်တွေကို မိုးရေနဲ့လဲထည့်ထားတာ။ ရေသန့်တစ်ဘူး သုံးရာပဲမို့ ကောင်မလေးက ဘာမှမပြောပါဘူး။ မသိသလိုပဲ နေလိုက်တယ်။ ခက်တာက ရေသန့်နဲ့ မိုးရေကို ကောင်မလေးက ကောင်းကောင်းခွဲခြားတတ်တယ်ဆိုတာကို အိမ်ရှင်လင်မယားမသိတာပဲ။

လူနဲ့ ပတ်ဝန်းကျင်တို့ရဲ့ အညမညသဘောထားတွေ၊ ဘာဘာညာညာဆိုတာတွေ အသာထား။ အဲဒီလို ပတ်ဝန်းကျင်မျိုးမှာတော့ ကျွန်မက သဟဇာတမဖြစ်တော့ပါဘူး။ အပြုံးကလေးတစ်ပွင့်ခြွေချဖို့ကို ကျွန်မအတွက် ခက်ခဲပင်ပန်းလှပါတယ်။ အဲဒီလို ပတ်ဝန်းကျင်မျိုးမှာ ကျွန်မ နေရတာ နေမထိထိုင်မထိနဲ့ (ကျွန်မကို ထိခိုက်ပတ်သက်သည်ဖြစ်စေ မပတ်သက်သည်ဖြစ်စေ) ရင်ထဲ မှာနွမ်းနယ်နေပြီးမပျော်ပိုက်လှတာအမှန်ပါပဲ။

ဘာမျှ တန်ဖိုးရှိလှသည် မဟုတ်သော အရာဝတ္ထုနဲ့ ငွေအနည်းငယ်တို့အတွက် ဂုဏ်သိက္ခာနဲ့ တန်ဖိုးများပဲကျခံနေရသော ကျွန်မဝန်းကျင်မှ လူအချို့ အတွက် စိတ်မကောင်းလည်းဖြစ်မိတယ်။ ကျွန်မကတော့ မြန်မာတွေရဲ့စိတ်ဓာတ်က ဒီလိုဟု လူတိုင်းနဲ့ ကမ္ဘာကိုဝင့်ကြွားနိုင် သောအမူအကျင့်နဲ့ မြင့်မြတ်သောစိတ်ဓာတ်တို့ကို မြန်မာတိုင်းရှိစေချင်တယ်။ ။

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.17 • JULY 14, 2011



ဗိုလ်တစ်ထောင်ဆိပ်ကမ်းတွင် နေရာချထားသော ကွန်တိန်နာများကို တွေ့ရစဉ်
ဓာတ်ပုံ - အောင်အောင်

# ဦးသိန်းစိန်အစိုးရ၏ ရက် ၁၀၀ စီးပွားရေး

**ခင်မောင်ညို(ဘောဂဗေဒ)**

အစိုးရသစ်၏ သက်တမ်း သုံးလကျော် ရက် ၁၀၀ ကာလအတွင်း စီးပွားရေးအရ ဆောင်ရွက်မှုများကို ရွေးကောက်ပွဲမဲဆွယ်စဉ်ကာလက ကြေညာစာတမ်းနှင့်လည်းကောင်း၊ သမ္မတကြီး ပထမဆုံး မိန့်ကြားသော မိန့်ခွန်းနှင့်လည်းကောင်း ယှဉ်ထိုးစဉ်းစားကြရန်ဖြစ်ပါသည်။

ထိုသို့ စဉ်းစားကြည့်သည့်အခါ ရုတ်တရက် ပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်လာမည်ဟု မျှော်လင့်တွက်ဆထားခဲ့လျှင်ကျေနပ်စရာဖြစ်မည်မဟုတ်ပါ။ တစ်ဖက်တွင် တဖြည်းဖြည်းချင်း အဆင့်လိုက် ဆောင်ရွက်နေရာမှ အရှိန်အဟုန်တိုးမြှင့်ရန် လိုအပ်သကဲ့သို့ ထိုသို့ အရှိန်မြှင့်ရန် စွမ်းအားအရင်းအမြစ်ရှိ မရှိကိုလည်း စဉ်းစားရန်လိုအပ်ပါသည်။

အစိုးရသစ်၏ လုပ်ဆောင်ချက်ကို အခင်းအကျင်းနှင့် လက်တွေ့ဆောင်ရွက်ချက်ဟု နှစ်ပိုင်းခွဲခြားနိုင်ပါသည်။

အခင်းအကျင်းပိုင်းတွင် ဆွေးနွေးပွဲများ၊ ဖွဲ့စည်းပုံလုပ်ငန်းများပါဝင်သည်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ဆန်စပါးမူဝါဒတို့နှင့်ပတ်သက်သော ဆွေးနွေးပွဲများကျင်းပကာ ရှေ့လုပ်ငန်းစဉ်များချမှတ်နိုင်ခဲ့သည်ကို တွေ့ရပါသည်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် ဆွေးနွေးမနေဘဲ ချက်ချင်း လုပ်ဆောင်စရာရှိသည်များကိုလုပ်ဆောင်ပေးပါဟူသော အကြံပြုချက်များ ပေါ်ထွက်ခဲ့ရာ ပြည်တွင်းပြည်ပသတင်းများအရ လယ်ယာမြေနှင့်ပတ်သက်သော အချို့ကိစ္စများကို ချက်ချင်းဖြေရှင်းပေးခဲ့သည်ဟု နားလည်ပါသည်။ ကော်မတီဖွဲ့စည်း၍ ဘက်ပေါင်းစုံဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ဥပမာ-စိုက်ပျိုးရေးကဲ့သို့သောလုပ်ငန်းမျိုး၊ မကြာမီအချိန်ကာလ သုံးလခန့်အတွင်း အကောင်အထည်ပေါ်လာမည်ဟု တွက်ဆပါသည်။

အစိုးရ၏ ဘတ်ဂျက်မူဝါဒနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းမသိမမြင်ခဲ့ရာမှ ဌာနဆိုင်ရာများ အသုံးစရိတ်လျှော့ချရေး၊ လိုငွေလျှော့ချရေးနှင့် ဘက်ညီဘတ်ဂျက်ဦးတည်ဆောင်ရွက်မည့်မူဝါဒကို ရှင်းရှင်းလင်းလင်းသိမြင်လာရပါသည်။

အခြားထင်ရှားသော သာဓကတစ်ခုမှာ မြန်မာကျပ်ငွေလဲလှယ်နှုန်းမူဝါဒနှင့်ပတ်သက်ပါသည်။ ယခင်က မြန်မာအစိုးရသည်မြန်မာကျပ်ငွေလဲလှယ်နှုန်းမြင့်မားသည်ကို အမျိုးသားဂုဏ်သိက္ခာတစ်ရပ်အနေဖြင့် ရှုမြင်လက်ခံခဲ့ပုံရသည်ဟု တွက်ဆကြပါသည်။ သို့သော် ယခုအခါ ထိုမူဝါဒကို စွန့်လွှတ်၍ အမျိုးသားအကျိုးစီးပွားကို ရှေ့ရှုသောလက်တွေ့ကျပြီး ပြည်ပကုန်သွယ်ရေးတွင် အထောက်အကူဖြစ်စေနိုင်သောမြန်မာကျပ်ငွေလဲလှယ်နှုန်းကျဆင်းမှုလိုလားသည့် မူဝါဒကိုဦးတည်ပြောင်းလဲရွေ့လျားလာသည်ဟုတွက်ဆပါသည်။ မြန်မာကျပ်ငွေ၏ လဲလှယ်နှုန်း အမြင့်မားဆုံးသို့ရောက်သွားပြီး နှစ်ပတ်အတွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းအဝန်းအဝိုင်းနှင့် စာနယ်ဇင်းများ ဝိုင်းဝန်းအကြံပြုသည်များကို လက်ခံအသိအမှတ်ပြုခဲ့သည်ဟုနားလည်ရပါသည်။ မြန်မာ့ပို့ကုန်လုပ်ငန်းကို အတိုင်းအတာတစ်ခုအထိ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ပို့ကုန်အပေါ် ကောက်ခံနေသောအခွန်ကို ၁၀ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းသို့ ဇူလိုင်လ ၁ရက်တွင် ချပေးခဲ့သည်ကိုတွေ့ရပါသည်။ ထိုဆောင်ရွက်ချက်ကြောင့် ပို့ကုန်လုပ်ငန်းများအနေဖြင့် မိမိတို့မျှော်မှန်းထားသည့်အတိုင်းအတာအထိ မဖြစ်ခဲ့သော်လည်း အတန်အသင့်အထောက်အကူဖြစ်မည်ဟုမျှော်လင့်ပါသည်။

ထိုသို့ဆောင်ရွက်ခြင်းမပြုမီကာလအတွင်း အစိုးရသည် ဥပေက္ခာပြုထားသည်၊ မည်သို့မျှဆောင်ရွက်ခြင်းပြုမည်မဟုတ်ဟူသောဝေဖန်ချက်များထွက်ပေါ်ခဲ့သည်။ အစိုးရအနေဖြင့် မြန်မာကျပ်ငွေလဲလှယ်နှုန်း ရုတ်တရက်တက်နေရာမှ ရုတ်တရက် ကျဆင်းမသွားစေရန် သတိကြီးစွာထားခဲ့သည်။ အချို့လေ့လာသူများ မျှော်လင့်ခဲ့ကြသကဲ့သို့ ရုတ်ခြည်းအပြောင်းအလဲမပြုလုပ်ဘဲ တစ်ဆင့်ချင်း ဆောင်ရွက်လေ့ရှိရာ နောက်ထပ် ပြုပြင်ပြောင်းလဲမှုများပေါ်ပေါက်လာနိုင်သည်ဟု မျှော်လင့်ပါသည်။

လဲလှယ်နှုန်းတစ်ခုတည်းရှိရေးကိုလည်း အစိုးရက လက်ခံအသိအမှတ်ပြုထားပြီးဖြစ်သည်။ ဤလဲလှယ်နှုန်းကိစ္စသည် အချို့ပုဂ္ဂိုလ်များ၊ စာနယ်ဇင်းများ ဆွေးနွေးကြသကဲ့သို့ အလွယ်တကူနှုန်းထားတစ်ခုသတ်မှတ်၍မရနိုင်ဘဲ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားတွက်ချက်ကာ နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ၏ နည်းပညာအကူအညီယူရမည့် ကိစ္စတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ယခုချက်ချင်း မပြောင်းလဲသေးသည့်တိုင် ဦးစားပေးအစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်မည်ဟု တွက်ဆပါသည်။

ပို့ကုန်အခွန်လျှော့ချမှုနှင့်ပတ်သက်၍ စီးပွားရေးအဝန်းအဝိုင်းအပေါ် အကျိုးသက်ရောက်မှုအတိုင်းအတာကို ယခုအချိန်တွင် မတွေ့မမြင်ရသေးပါ။

ထင်ရှားသော လုပ်ဆောင်ချက်တစ်ရပ်မှာ အငြိမ်းစားဝန်ထမ်းများ၏လစာကို ဇူလိုင်လမှစတင်၍ တိုးမြှင့်ရန်စီစဉ်ခဲ့ခြင်းဖြစ်ပါသည်။ အငြိမ်းစားများ၏လစာကို လက်ရှိလစာနှုန်းထားအပေါ်အခြေခံ၍ တွက်ချက်ပေးခြင်းသည် မိသားစုတစ်ခုလုံး၏ စားဝတ်နေရေးကို လုံးဝဖြေရှင်းမပေးနိုင်သည့်တိုင် အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုမည်ဟုတွက်ဆပါသည်။

ထိုအငြိမ်းစားလစာတိုးမြှင့်ပေးမှုအပေါ် စနစ်တစ်ခုလုံး ခြုံငုံစဉ်းစားထားသည့် ပြုပြင်ပြောင်းလဲရေးအစီအစဉ်ရေးဆွဲခြင်းမပြုဘဲ အများကြိုက် ပြည်သူလူထုအများ ကျေနပ်မှုရှိစေရန် ဆောင်ရွက်ချက်တစ်ခုအဖြစ် ရှုမြင်ဝေဖန်ချက်များ ပေါ်ထွက်ခဲ့ပါသည်။ ပြည်သူလူထုအကြိုက် ဆောင်ရွက်ချက်များကို အတိတ်က မတွေ့မမြင်ခဲ့ရရာမှ ပြည်သူလူထုလည်း ကြိုက်နှစ်သက်၊ အကျိုးလည်းရှိမည့်ဆောင်ရွက်ချက်များ ပေါ်ထွက်လာခြင်းကိုကြိုဆိုလက်ခံအပ်သည်ဟုယူဆပါသည်။ နောင်လည်း စီးပွားရေးအဆောက်အအုံတစ်ခုလုံး ပြုပြင်ပြောင်းလဲရေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်သကဲ့သို့ ပြည်သူလူထုအများစုအကျိုးရှိကာ ကြိုက်နှစ်သက်ကြမည့် လုပ်ဆောင်ချက်များ ဆက်လက်ဆောင်ရွက်မည်ဟုမျှော်လင့်ပါသည်။

အနာဂတ်ကာလတွင်လည်း အဖွဲ့အစည်းနှင့် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ၊ လက်တွေ့ဆောင်ရွက်မှုများ၊ တဖြည်းဖြည်းချင်း ပေါ်ထွက်လာမည်ဟုတွက်ဆပါသည်။ ရုတ်တရက်ပြောင်းလဲမှုမျိုးကို မျှော်လင့်တွက်ဆထားခြင်းမရှိပါ။ အတိတ်က အတွေ့အကြုံများအရလည်း ထိုသို့ ကြီးကြီးမားမားပြောင်းလဲမှုမျိုးကို မျှော်လင့်မထားခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ကြီးကြီးမားမား ရုတ်ခြည်းပြောင်းလဲမှုမျိုး မျှော်လင့်ကာ မျှော်လင့်ထားသည့်အတိုင်းမဖြစ်လာသည့်ဝေဒနာမျိုးကိုလည်း ခံစားရမည်မဟုတ်ပါ။

အနာဂတ်ကာလတွင် ဆွေးနွေးညှိနှိုင်းစရာကိစ္စများ၊ အဖွဲ့အစည်းနှင့် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ၊ ရေတိုရေရှည် လက်တွေ့လုပ်ဆောင်စရာများ များစွာကျန်ရှိနေသေးကြောင်း အားလုံး လက်ခံအသိအမှတ်ပြုမည်ဟု ယုံကြည်ပါသည်။ ဤနေရာတွင် ပြည်သူ့ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားရေး၊ လူနေမှုအဆင့်မြင့်မားရေးနှင့် ပြည်သူလူထုအပေါ်ထားရှိသော သဘောထားနှင့် ဆက်ဆံမှု ပြောင်းလဲရေးသည်လည်း အလေးထားပြုပြင်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

ဤနေရာတွင်ပြည်သူလူထု၏ နိုးကြားတက်ကြွမှုကိုလည်း အသိအမှတ်ပြုရန် လိုအပ်ပါသည်။ ပြည်သူလူထု၏ နိုးကြားတက်ကြွမှုသည် မကြုံစဖူးမြင့်မားလျက်ရှိရာ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု ကျယ်ကျယ်ပြန့်ပြန့်၊ ကြီးကြီးမားမားရရှိလျှင် လုပ်ငန်းများ အရှိန်အဟုန်ဖြင့် မြန်မြန်ဆန်ဆန်ပြောင်းလဲနိုင်ကြောင်း ထပ်လောင်းဖော်ပြလိုပါသည်။

## ICRC အဖွဲ့ အကျဉ်းထောင်များသို့ လေ့လာခွင့်ပြန်ရ

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ ဇူလိုင် - ၉**

မြန်မာနိုင်ငံတွင် အကျဉ်းထောင်များသို့သွားရောက်လေ့လာခွင့်ငါးနှစ်နီးပါးဆိုင်းငံ့ခံထားရသော အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ ICRC အား ယခုလပထမပတ်အတွင်းက ဝင်ရောက်လေ့လာခွင့်ပြန်ပြုလိုက်ပြီဖြစ်သည်။

ဇူလိုင် ၁ ရက်က မော်လမြိုင်အကျဉ်းထောင်သို့ICRC အဖွဲ့မှ အင်ဂျင်နီယာတစ်ဦးနှင့် ကွင်းဆင်းအရာရှိနှစ်ဦးအား ဝင်ရောက်ခွင့်ပြုခဲ့သည်။ အလားတူ မြောင်းမြနှင့် ဘားအံထောင်များသို့ပါ ဝင်ရောက်လေ့လာခွင့်ရရှိကာ မီး၊ ရေနှင့် မိလ္လာဆိုင်ရာ ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများအတွက် ကွင်းဆင်းလေ့လာခြင်းဖြစ်ကြောင်း ဇူလိုင် ၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ICRC အဖွဲ့သည် အကျဉ်းထောင်၊ အကျဉ်းသူများ အသုံးပြုရန်စက်ရေတွင်းဖော်မည့်နေရာ၊ လက်ရှိတူးဖော်ထားသော စက်ရေတွင်းနှင့် ရေသိုလှောင်ထားရှိမှုအခြေအနေ၊ အကျဉ်းသားအိပ်ဆောင်နှင့်တွဲလျက် အိမ်သာဆောက်လုပ်ပေးရန်နှင့် မိလ္လာကန်တည်ဆောက်မည့်အခြေအနေများကိုလေ့လာကြည့်ရှုခဲ့ကြောင်း သတင်းစာများတွင် ရေးသားဖော်ပြပြီးအကျဉ်းသားများနှင့်တွေ့ဆုံခြင်း ရှိ မရှိကိုမူ ဖော်ပြထားခြင်းမရှိပေ။

ICRCအဖွဲ့သည် ၂၀၀၅ခုနှစ်နိုဝင်ဘာလက အကျဉ်းထောင်များအတွင်း နောက်ဆုံးဝင်ရောက်ခွင့်ရရှိခဲ့ပြီး ၂၀၀၆ ခုနှစ် ဇန်နဝါရီမှ စတင်ကာ အကျဉ်းထောင်များအတွင်း လေ့လာခွင့်ဆိုင်းငံ့ခံခဲ့ရသည်။

မကြာသေးမီက မြန်မာနိုင်ငံသို့လာရောက်ခဲ့သော အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက ၎င်း၏ ခရီးစဉ်အပြီး ဇွန် ၃ ရက်က ကျင်းပပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတွင်းရှိ အကျဉ်းထောင်များသို့ ICRC အား သီတင်းပတ်အနည်းငယ်အတွင်း သွားရောက်ခွင့်ပြုမည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.17 · JULY 14, 2011

# ဦးသိန်းစိန်အစိုးရ၏ ပထမဆုံး ရက် ၁၀၀

**သတင်းအဖွဲ့**

၂၀၁၁ဂျူလိုင်၈ရက်တွင်နိုင်ငံတော်သမ္မတဦးသိန်းစိန်ခေါင်းဆောင်သည့် အစိုးရအဖွဲ့၏ သက်တမ်းရက်၁၀၀ပြည့်ပြီဖြစ်သည်။ သမ္မတဦးသိန်းစိန်၏ အစိုးရအဖွဲ့မှာ မတ် ၃၁ ရက်မှစတင်၍ နိုင်ငံကိုတာဝန်ယူအုပ်ချုပ်စီမံခဲ့သောကြောင့်ဖြစ်သည်။

မတ် ၃၀ ရက်မှစ၍ မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ စတင်ခဲ့ပြီဖြစ်ကြောင်း သမ္မတဦးသိန်းစိန်က သူ၏ ပထမဆုံးမိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။ စီးပွားရေးတွင် အစိုးရက အတိုင်းအတာတစ်ရပ်အထိဝင်ရောက်ထိန်းသိမ်းပံ့ပိုးပေးမည့် ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်မည့်အကြောင်း၊ နေရှင်ကြီးများ၏လက်ဝါးကြီးအုပ်မှုမျိုး မဖြစ်ရအောင် ဆောင်ရွက်ရန်ရည်ရွယ်ကြောင်း၊ လာဘ်ပေး၊ လာဘ်ယူကိစ္စရပ်များကို ထိရောက်စွာတားဆီးသွားမည့်အကြောင်းတို့ကို သမ္မတကပြောကြားခဲ့သည်။

ထို့အပြင် လူ့အခွင့်အရေးကို အခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ ဖော်ဆောင်ပေးမည်ဖြစ်ပြီး၊ စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းမီဒီယာများနှင့် ပတ်သက်၍လည်း အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ခေတ်နှင့်လျော်ညီသော စာပေနှင့် စာနယ်ဇင်းဆိုင်ရာ ဥပဒေအချို့ကို ပြင်ဆင်ပေးမည့်အကြောင်း ပြောကြားခဲ့သည်။

"ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံ တည်ဆောက်တဲ့ နေရာမှာ အခုပထမဆုံးငါးနှစ်ဟာ အရေးကြီးဆုံးဖြစ်တယ်၊ ဒီငါးနှစ်မှာ ကျွန်တော်တို့အနေနဲ့ ခိုင်မာမှန်ကန်တဲ့ခြေလှမ်းတွေကို လှမ်းနိုင်မယ်ဆိုရင် အနာဂတ်နိုင်ငံတော်ရဲ့ ရှေ့ခရီးဟာ ဖြောင့်ဖြူးနေပြီလို့ ဆိုနိုင်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် မိမိတို့ အစိုးရဟာ အုပ်ချုပ်မှုစနစ်ကောင်းမွန်တဲ့ (Good Governance) အစိုးရကောင်းတစ်ရပ် ဖြစ်ရပါမယ်။ သန့်ရှင်းတဲ့ (Clean Government) အစိုးရဖြစ်ဖို့လိုပါတယ်"ဟု နိုင်ငံတော်သမ္မတက မတ်လ ၃၁ ရက်တွင် ပြောကြားခဲ့သည့် ၎င်း၏ ဒုတိယမြောက်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ အစိုးရကောင်းတစ်ရပ်ဖြစ်ဖို့အတွက် စီမံခန့်ခွဲမှုကောင်းရန်၊ အုပ်ချုပ်မှုကောင်းရန်၊ ပြည်သူများအပေါ် စေတနာထားရန်၊ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်ရန်၊ ပြည်သူများကို အလုပ်အကျွေးပြုရန်လည်း ၎င်း၏ ဒုတိယမြောက်မိန့်ခွန်း၌ ပြောကြားခဲ့သည်။

ထိုမိန့်ခွန်းများကြောင့် ဦးသိန်းစိန်ခေါင်းဆောင်သော အစိုးရအပေါ် နိုင်ငံရေးလေ့လာသူများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများအပါအဝင် ပြည်သူအများစုက မျှော်လင့်ချက်များစွာထားရှိခဲ့ကြသည်။ နိုင်ငံတကာမှလည်း သမ္မတသစ်၏ မိန့်ခွန်းများကြောင့် အာရုံစိုက်မှုနှင့် အသိအမှတ်ပြုမှုများရရှိခဲ့သည်။

"သမ္မတရဲ့မိန့်ခွန်းကို အများကြီးမျှော်လင့်ပါတယ်။ Good Governance တို့Clean Government တို့ကိုလည်း သဘောကျပါတယ်။ ဒါပေမဲ့ လက်တွေ့မှာ နှောင့်နှေးတယ်လို့ထင်တယ်"ဟု မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီဥက္ကဋ္ဌ ဦးနိုင်ငွေသိန်းက အစိုးရသစ်၏ ရက် ၁၀၀ အတွင်း စွမ်းဆောင်မှုအပေါ် သူ၏အမြင်ကိုပြောသည်။

"အစိုးရသစ်က ရက်ပေါင်း ၁၀၀ ပဲရှိသေးတော့ သုံးသပ်ဖို့ကခက်တယ်။ အစက ပြောနေတာတွေက အများကြီးပဲ။ နောက်ကလိုက်လုပ်ဖို့ပဲ အဓိကလိုတယ်"ဟု စီးပွားရေးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခဒေါ်လှမြင့်ကလည်း သူ၏အမြင်ကိုပြောသည်။

ရက် ၁၀၀ အတွင်း အစိုးရ၏ ဆောင်ရွက်ခဲ့မှုများကိုကြည့်လျှင် စီးပွားရေးကဏ္ဍ၌ ထင်သာမြင်သာရှိသော အပြောင်းအလဲများမှာ ယခင်က အဖွဲ့အစည်းအချို့သာ တင်သွင်းခွင့်ပြုသော စားအုန်းဆီကို ဧပြီလကုန်ပိုင်းမှစတင်၍ ကုမ္ပဏီအများစု လုပ်ကိုင်နိုင်ရန် ခွင့်ပြုခဲ့ခြင်း၊

▶▶အချပ်ပိုသို့

ဒီမိုကရေစီနိုင်ငံများတွင် အစိုးရသစ် တက်လာပါက ၎င်းအစိုးရ၏ ပထမဆုံး ရက် ၁၀၀ စွမ်းဆောင်မှုအပေါ် နယ်ပယ်စုံမှ ပညာရှင်များ၏ အမြင်များဖြင့် မီဒီယာများက အကဲဖြတ် ဖော်ပြလေ့ရှိသည်။ ၂၀၁၁ မတ်လ ၃၀ ရက်မှစတင်၍ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ စတင်ခဲ့ပြီဖြစ်ကြောင်း နိုင်ငံတော်သမ္မတသစ် ဦးသိန်းစိန်က

**သတင်းအဖွဲ့**



## အစိုးရသစ်အ

သူ၏ ပထမဆုံးမိန့်ခွန်း၌ ပြောကြားခဲ့သည်။ ဒီမိုကရေစီနိုင်ငံသို့ အသွင်ကူးပြောင်းနေသည်ဆိုသော အစိုးရအဖွဲ့၏ ပထမဆုံး ရက် ၁၀၀ စွမ်းဆောင်မှု များကို နယ်ပယ်စုံမှ ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်းပုဂ္ဂိုလ် ၂၀ ဦးကို မေးမြန်းစစ်တမ်းကောက်ထားသောရလဒ်များအား စာဖတ်ပရိသတ်များအတွက် တင်ဆက်လိုက်ပါသည်။

ရက် ၁၀၀ အတွင်း အစိုးရသစ်၏ စွမ်းဆောင်မှုအပေါ် မည်သို့မြင်ပါသလဲဟူသောမေးခွန်းကို ဖြေဆိုသူထဲမှ ၁၅ ရာခိုင်နှုန်းဖြစ်သော ၃ ဦးက ကောင်းသည်ဟု ဖြေသည်။ ၆၀ ရာခိုင်နှုန်းဖြစ်သော ၁၂ ဦးက မဆိုးပါဟုမှတ်ချက်ပြုပြီး၊ ဖြေဆိုသူအားလုံး၏ ၂၅ ရာခိုင်နှုန်းဖြစ်သော ၅ဦးက ညံ့သည်ဟုဖြေသည်။



7 DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011


ဓာတ်ပုံ - MNA

# ပါ ရက် ၁၀၀ စစ်တမ်း

ဖြေဆိုသူအားလုံး၏ အရေးအကြီးဆုံးအဖြေဖြစ်သော အစိုးရအဖွဲ့အနေဖြင့် လက်ကျန်ကာလဖြစ်သည့် ရှေ့လေးနှစ်ကျော်တွင် ဆောင်ရွက်သင့်သည်များမှာ အောက်ပါအတိုင်းဖြစ်ကြောင်း အကြံပြုသည်။ စီးပွားရေး ပိုမိုအားကောင်းလာရန်ငွေကြေးမူဝါဒကိုစနစ်တကျဆောင်ရွက်ရန်၊ အခြေခံလူတန်းစားများဘဝ ပိုမိုအဆင်ပြေလာရေးဆောင်ရွက်ပေးရန်၊ ပုံစံမှန်သော အမျိုးသားစီးပွားရေး စနစ်တည်ထောင်ရန်၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်လုပ်ဆောင်သင့်ကြောင်း အကြံပြုသည်။ ထို့အပြင် တိုင်းရင်းသား အတိုက်အခံများနှင့်ငြိမ်းချမ်းရေးဆွေးနွေးရန်၊ အရပ်ဘက်အဖွဲ့အစည်းများ အားကောင်းလာရန်၊ပြည်သူ့အသံကိုနီးကပ်စွာနားထောင်ရန်၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုများပိုမိုရှိရန်၊ လွှတ်တော်နိုင်ငံရေးကိုပီပြင်စွာဆောင်ရွက်ရန်၊တရားဥပဒေစိုးမိုးရေးကို ပြည်သူလူထု ယုံကြည်လောက်အောင်မြှင့်တင်ပေးရန် လိုကြောင်းလည်း အကြံပြုကြသည်။

အစိုးရသစ်က စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ ကိုင်တွယ်ဆောင်ရွက်မှုအပေါ် အကဲဖြတ်သည့်မေးခွန်းကိုဖြေဆိုသူများထဲမှ ၁၅ ရာခိုင်နှုန်းဖြစ်သော ၃ ဦးက ကောင်းသည်ဟုဖြေသည်။ ပို့ကုန်သွင်းကုန်လိုင်စင်များ အချိန်တိုအတွင်း ချပေးခြင်း၊ ကုမ္ပဏီတည်ထောင်ရ လွယ်ကူလာခြင်း၊ လုပ်ထုံးလုပ်နည်းဖြေလျှော့မှုများ ပြုလုပ်ခဲ့ခြင်းတို့ကြောင့် ကောင်းသည်ဟုဖြေကြခြင်းဖြစ်သည်။

စီးပွားရေးနှင့်ပတ်သက်၍ ဖြေဆိုသူအားလုံး၏ ၃၅ ရာခိုင်နှုန်းဖြစ်သော ၇ ဦးက မဆိုးပါဟုဖြေသည်။ ပြောင်းလဲလိုသောဆန္ဒရှိသည်ဟု ထုတ်ပြခြင်း၊ စီးပွားရေးနှင့်ပတ်သက်၍ ပြောင်းလဲမှုအချို့ ရှိခဲ့ခြင်းကြောင့်ဟု ၎င်းတို့ကဖြေသည်။

ဖြေဆိုသူအားလုံး၏ ၄၅ ရာခိုင်နှုန်းဖြစ်သော ၉ဦးကမူ စီးပွားရေးနှင့်ပတ်သက်၍ ဆောင်ရွက်မှုမှာ ညံ့သည်ဟုဖြေသည်။ “ဈေးကွက်၏ လိုအပ်ချက်များကို တုံ့ပြန်မှုနှေးကွေးသည့်အတွက် ထင်သာမြင်သာရှိသည့်အရွေ့ကို မတွေ့ရသေးပါ”၊ “ပြည်သူ့လိုလားချက်များကိုသိသော်လည်း လက်တွေ့ဆောင်ရွက်ပေးရာတွင် တွေဝေခြင်း”၊ “အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သင့်၊ဆောင်ရွက်ထိုက်သည်များကိုတာဝန်ခံဆောင်ရွက်မှုနှောင့်နှေးခြင်း”တို့ကြောင့်ဖြစ်သည်ဟု ၎င်းတို့ကဖြေသည်။ မည်သည့်မှတ်ချက်မျှမပေးသူ တစ်ဦးရှိသည်။

နိုင်ငံရေးနှင့်ပတ်သက်၍ ရက် ၁၀၀ အတွင်း ဆောင်ရွက်မှုအပေါ် ၁၀ ရာခိုင်နှုန်းဖြစ်သော ၂ဦးက ကောင်းသည်ဟုဖြေသည်။ “အကျဉ်းသားများ လွှတ်ပေးခြင်း”၊ “မီဒီယာလွတ်လပ်ခွင့် ပိုပေးလာခြင်း”တို့ကြောင့်ဖြစ်သည်ဟု ထိုနှစ်ဦးကဖြေသည်။

၅၀ ရာခိုင်နှုန်းဖြစ်သော ၁၀ ဦးက မဆိုးပါဟုမှတ်ချက်ပြုသည်။ “အကျဉ်းသားများ လွှတ်ပေးခြင်း”၊ “အမေရိကန်၊ အနောက်ဥရောပတို့နှင့် ယခင်ကထက် ပိုမိုထိတွေ့လာခြင်း၊ အင်န်အယ်လ်ဒီကို အပြတ်ချေမှုန်းမည့် လက္ခဏာမပြသေးခြင်း”တို့ကြောင့်ဖြစ်ကြောင်း ၎င်းတို့ကဖြေသည်။

ဖြေဆိုသူထဲမှ ၃၀ ရာခိုင်နှုန်းဖြစ်သော ၆ ဦးက ညံ့သည်ဟုဖြေသည်။ လွှတ်တော်နိုင်ငံရေး မပီပြင်သေးခြင်းတို့ကြောင့်ဖြစ်သည်ဟု ၎င်းတို့ကဖြေသည်။

၁ ဦးက မည်သည့်မှတ်ချက်မျှ မပေးဘဲ ကျန် ၁ ဦးက နိုင်ငံရေးနှင့်ပတ်သက်၍ အများကြီးလုပ်ရန်လိုသေးသည်ဟုဖြေသည်။

အစိုးရသစ်၏ နိုင်ငံတကာဆက်ဆံရေးမူဝါဒနှင့် လက်တွေ့အကောင်အထည်ဖော်မှုအပေါ် ၂၀ ရာခိုင်နှုန်းဖြစ်သော ၄ ဦးက ကောင်းသည်ဟုဖြေသည်။ ၄၅ ရာခိုင်နှုန်းဖြစ်သော ၉ ဦးက မဆိုးပါဟုဖြေကာ၊ ၂၅ ရာခိုင်နှုန်းဖြစ်သော ၅ဦးက ညံ့သည်ဟုဖြေသည်။ သို့သော် ၂ဦးကမူ မည်သည့်မှတ်ချက်မျှမပေးပေ။ ကောင်းသည်ဟုဖြေသူများက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အတိုင်ပင်ခံပုဂ္ဂိုလ်လာရောက်ခြင်း၊ ဂျွန်မက်ကိန်းလာရောက်ခြင်းတို့ကြောင့်ဖြစ်သည်ဟု မှတ်ချက်ပြုသည်။ ညံ့သည်ဟုဆိုသူများက တရုတ်နိုင်ငံအပေါ် မှီခိုလွန်းနေသည်ကိုထောက်ပြသည်။

လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်စသောကဏ္ဍများနှင့်ပတ်သက်၍ ဆောင်ရွက်မှုအပေါ် ၁၅ ရာခိုင်နှုန်းဖြစ်သော ၃ ဦးက ကောင်းသည်ဟုဖြေသည်။ ၄၀ ရာခိုင်နှုန်းဖြစ်သော ၈ ဦးက မဆိုးပါဟုဖြေပြီး၊ ၃၀ ရာခိုင်နှုန်းဖြစ်သော ၆ဦးက ညံ့သည်ဟုဖြေသည်။ မည်သည့်မှတ်ချက်မျှ မပေးသူ ၁၅ ရာခိုင်နှုန်းဖြစ်သော ၃ ဦးရှိသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်လာခြင်း၊ ပင်စင်လစာတိုးမြှင့်ပေးခြင်း၊ အစိုးရတာဝန်ရှိသူများက လူထုနှင့် ပိုမိုထိတွေ့လာခြင်းတို့ကြောင့် ကောင်းသည်ဟုဖြေကြသည်။ မဆိုးပါဟုဖြေသူများက ပြင်သင့် ပြောင်းသင့်သည်များကို သိရှိပုံရ၍၊ ဆင်းရဲမွဲတေမှုလျှော့ချရေး ကိုစတင်လုပ်ဆောင်လာခြင်း၊ ပွင့်လင်းမှုပိုမိုရှိလာခြင်းတို့ကြောင့်ဟု မှတ်ချက်ပြုသည်။

ညံ့သည်ဟု ဖြေသူများက သိသာထင်ရှားသော ပြောင်းလဲမှုများမရှိခြင်း၊ ပြဿနာပေါ်မှ နောက်မှ လိုက်လံဖြေရှင်းခြင်းတို့ကြောင့်ဟု မှတ်ချက်ပြုကြသည်။



7DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

## ရွှေဘိုပေါ်ဆန်းမွှေး ဈေးမကောင်း လှောင်ထားသူအချို့အ ရှုံးပေါ်

**စိုင်းသာအောင်**

**ရန်ကုန်၊ ဇူလိုင် - ၁၀**

တက်ဈေးမျှော်၍ ရွှေဘိုပေါ်ဆန်းမွှေး(ရွှေဘိုဘေးကျား) ဝယ်ယူသိုလှောင်ထားကြသော ရွှေဘိုမြို့နယ်မှ ပွဲစားနှင့် ဆန်စက်ပိုင်များမှာ စပါးဈေး၊ ဆန်ဈေးမတက်သဖြင့် အရှုံးပေါ်နေကြောင်း ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာမှ တောင်သူကြီးတစ်ဦးကပြောသည်။

"နှစ်စဉ် ရွှေဘိုဘေးကျားစပါးကဈေးစွာတယ်။ နွေစပါးပေါ်ချိန်မှာ စပါး တင်း ၁၀၀ ကို ကျပ်ခုနစ်သိန်းကျော်ခဲ့တယ်။ အဲဒီပေါက်ဈေးက စပါးတင်း ၁၀၀ ကြိတ်ပြီး ဆန်ရောင်းရင် ရရှိတဲ့ ကုန်ချောဈေးထက်များပါတယ်။ အရင်နှစ်တွေက ရွှေဘိုဘေးကြား စပါးတင်း၁၀၀ကိုကျပ်ဆယ်သိန်းထိရောက်ခဲ့တယ်။ နှစ်စဉ် ရွှေဘိုဘေးကျားကို ရန်ကုန်က ဆန်ကုန်သည်ကြီးတွေက ရွှေဘိုအရောက်ဆယ်ဘီးကားတွေ၊ ၁၂ဘီးကားတွေနဲ့လာသယ်ကြတယ်။ ဒီနှစ်ဝယ်လက်အေးလို့ရွှေဘို ဆန်စပါးဈေးက ငြိမ်နေတယ်။ အခုတော့ ပေါက်ဈေးနဲ့ ထုတ်ရောင်းနေကြပြီ။ ဒီနှစ် ရွှေဘိုဘေးကျားစပါးတင်း ၁၀၀ ကို ကျပ်ဆယ်သိန်းထိမရောက်နိုင်တော့ဘူး။ အများဆုံး ကျပ်ခုနစ်သိန်းခွဲက ကျပ်ရှစ်သိန်းအထိလောက်ပဲရောက်နိုင်မယ်။ ဆန်စပါးဈေး ဒီထက်တော့ ပိုမတက်ချင်ပါဘူး။ ပေါက်ဈေးနဲ့ ဈေးကွက်မှာ တင်ရောင်းတော့မယ်"ဟု ရွှေဘိုမြို့မှ ဆန်ကုန်သည်တစ်ဦးကပြောသည်။

ရွှေဘိုဘေးကျားမှာ ၂၀၀၇ ခုနှစ်ခန့်က ရွှေဘိုမြို့နယ် တောင်သူလယ်သမားများ စမ်းသပ်စိုက်ပျိုးပြီး အောင်မြင်သော စပါးမျိုးသစ်ဖြစ်သည်။ ရောဝတီတိုင်းဒေသကြီးမှ နာမည်ကြီးသော ပုသိမ်ပေါ်ဆန်းမွှေးနှင့် ဖျာပုံပေါ်ဆန်းမွှေးတို့ကဲ့သို့ ဈေးကွက်တွင် လူကြိုက်များသောစပါးမျိုးဖြစ်သည်။

## ဆီးဂိမ်းအမှတ်တံဆိပ်နှင့် အထိမ်းအမှတ်လာဘ်ကောင် ဒီဇိုင်းများဖိတ်ခေါ်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင် - ၇**

၂၀၁၃ ခုနှစ်(၂၇)ကြိမ်မြောက် ဆီးဂိမ်း (အရှေ့တောင်အာရှအားကစားပြိုင်ပွဲ)တွင် အိမ်ရှင်မြန်မာနိုင်ငံအတွက် ကိုယ်စားပြုသတ်မှတ်အသုံးပြုမည့် အထိမ်းအမှတ်တံဆိပ် (Logo)နှင့် အထိမ်းအမှတ်လာဘ်ကောင်(Mascot)များ ဒီဇိုင်းရေးဆွဲပြိုင်ပွဲသို့ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

ပြိုင်ပွဲတွင် ရွေးချယ်ခြင်းခံရပါက ဆုကြေးငွေကျပ်သိန်း ၂၀ စီ ချီးမြှင့်မည့် အဆိုပါပြိုင်ပွဲကို ဇူလိုင် ၇ ရက်မှ စက်တင်ဘာ ၇ရက်အတွင်း ကျင်းပမည်ဖြစ်ပြီး၊ အထိမ်းအမှတ်တံဆိပ်(Logo)တွင် ပါဝင်ရမည့်အချက်ခြောက်ချက်နှင့်အထိမ်းအမှတ်လာဘ်ကောင်ရုပ် (Mascot)အတွက် ပါဝင်ရမည့် အချက်သုံးချက် သတ်မှတ်များကို ဇူလိုင်လ ၇ ရက်ထုတ်နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြထားသည်။

ပြိုင်ပွဲဝင်ပုံစံအား တစ်စောင်လျှင် ကျပ်တစ်ထောင်နှုန်းဖြင့် ဩဂုတ်၇ရက် နောက်ဆုံးထား၍ နေပြည်တော်အားကစားဝန်ကြီးဌာနရှိ လူထုအားကစားနှင့် ပညာပေးဌာနခွဲနှင့် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန လူထုအားကစားနှင့် ပညာပေးဌာနခွဲများသို့ လူကိုယ်တိုင် လာရောက်ဝယ်ယူရမည်ဖြစ်ကြောင်းသတင်းရရှိသည်။

အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပပြုလုပ်မည့် (၂၆)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲအထိမ်းအမှတ် လာဘ်ကောင်ရုပ်မှာ Modo နှင့် Modi အင်ဒို နီးရှားရိုးရာ ကိုမိုဒိုနဂါးမောင်နှံဖြစ်သည်။ ၂၅ကြိမ်မြောက် လာအိုဆီးဂိမ်းပြိုင်ပွဲ၏ အထိမ်းအမှတ်လာဘ်ကောင်ရုပ်မှာ ဆင်ရုပ်ဖြစ်သည်။

**-ပြင်ဆင်ချက်**

7Day News ဂျာနယ် အတွဲ(၁၀)၊အမှတ်(၁၅) မျက်နှာဖုံးမှ "မိုးကောင်းလွန်း၍ ပျိုးစပါးကေ သိန်းနှင့်ချီ၍ပျက်စီး" အစား "မိုးကောင်းလွန်း၍ စပါးကေ သိန်းနှင့်ချီပျက်စီး"ဟုလည်းကောင်း၊ အတွဲ(၁၀) အမှတ်(၁၆) "ပင်စင်လစာသစ်ခံစားဖို့ ဘယ်လိုဆောင်ရွက်မလဲ"သတင်းတွင် "တိုးမြှင့်ပင်စင်လစာမှာ ၂၀၁၀ ဇန်နဝါရီ၁ရက်မတိုင်မီ ပင်စင်ခံစားခွင့်ရရှိခဲ့တဲ့ ပင်စင်စားတွေအားလုံး အကျုံးဝင်ပါသည်"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

TRADEMARK CAUTION

TANCHO

TRADEMARK CAUTION

Big C Supercenter Public Co., Ltd.

7 DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011




# တက္ကသိုလ်ပညာရေးရဲ့ ပြန်လည်စဉ်းစားသင့်တဲ့ အရေးကြီးကဏ္ဍ

ဒေါ်ရှယ်လီနန်းဟွမ်လိတ်

ကျွန်မ မဟာ တက္ကသိုလ်ပညာရေးလောကကို ကျောခိုင်းခဲ့ရတာ ဆယ်စုနှစ်တစ်ခုကျော်လာခဲ့ပါပြီ။ နှစ်ပေါင်းသုံးဆယ်အတွင်း ကျောင်းသားလူငယ်များနဲ့ သင်ကြားရေးနဲ့ ကျင်လည်လာခဲ့ရတော့လည်း တက္ကသိုလ် ပတ်ဝန်းကျင်တစ်ဝိုက်ကို ပြန်လည်ခြေချမိတိုင်း လွမ်းဆွတ်တသတဲ့ ခံစားမှုတွေ ခံစားနေရဆဲပါ။

ဒါပေမဲ့ ဒီပြီးခဲ့တဲ့လေး၊ငါးနှစ်ကာလအတွင်းမှာတော့ ဒီလွမ်းဆွတ်တသတဲ့ ခံစားမှုမှာ ခံစားမှုအသစ်တစ်ခု ပူးတွဲပါဝင်လာတာကိုသတိပြုမိပါတယ်။ ဆွတ်ပျံ့ခံစားရတဲ့ ခံစားမှုက ရင်တွင်းမှာ တလှိုက်လှိုက်ဖြစ်စေပေမယ့် ဒီခံစားမှုအသစ်ကတော့ ဝမ်းနည်းမှုကြီးစိုးနေတော့စိတ်ထဲမှာ ဘဝင်မကျဖြစ်ရပါတယ်။

အဲဒီလို ခံစားမှုကိုဖြစ်ပေါ်စေတဲ့အကြောင်းကတော့ တစ်ခုလည်းမက၊ အမျိုးအစားအမျိုးမျိုးနဲ့ အကြိမ်အရေအတွက်များစွာပါပဲ။

အဖြစ်အပျက်တစ်ခုကတော့ နယ်တက္ကသိုလ်တစ်ခုမှာ တက်ရောက်သင်ကြားနေတဲ့ တူမတစ်ယောက်ကို အဆောင်ပြန်ပို့တဲ့အခါ ပထမဆုံး ကြုံခဲ့ရတာပါပဲ။ တက္ကသိုလ်ရဲ့ အဝင်ဝကို ကားကကျော်လွန်လာမှ ရုတ်တရက် အသိဝင်လာပါတယ်။ အရင်က ဒီပတ်ဝန်းကျင်ကို လာတိုင်း ကျောင်းက အဝင်ဝကို ဝင်လာပြီး ကျောင်းသူအဆောင်များရှိရာကို ကားနဲ့ဝင်လာရပါတယ်။ အဲဒီကျောင်းသူများအဆောင် အလွန်မှာတော့ ကျောင်းသားများအဆောင်ပေါ့။ ဩော်. . တက္ကသိုလ်မှာ ကျောင်းသူ၊ ကျောင်းသားများအဆောင်ကို အခက်အခဲအမျိုးမျိုးကြောင့် မထားတော့ဘဲ ပြင်ပပုဂ္ဂလိကအဆောင်မှာပဲ နေကြရတာကိုးဆိုတဲ့အသိ ဝင်လာတော့တယ်။

တူမလေးနေတဲ့ အဆောင်ရှေ့ကို ကားထိုးဆိုက်လိုက်ပြီး သူ ဆင်းသွားတော့ ဝါးခနဲ ဟားတိုက်ရယ်သံတွေကြားရပါတယ်။ ဘေးကပ်လျက် အိမ်ကနေ ထွက်ပေါ်လာတဲ့အသံတွေပေါ့။ ဘေးကပ်လျက်ခြံဆိုပေမယ့်လည်း ဆင်ခြေဖုံးရပ်ကွက်က အိမ်ဝိုင်းတွေရဲ့ သဘာဝအတိုင်းပဲ တစ်အိမ်က နှာချေသံကို တစ်အိမ်က အထင်းသားကြားရလောက်တဲ့အကွာအဝေး အတိုင်းအတာပဲရှိတာပါ။ ဒါနဲ့ ဘယ်သူတွေက ဘာတွေကို ဟားတိုက်နေတာလဲလို့ လှည့်အကဲခတ်လိုက်တော့ ကျွန်မတူမလေး ဆင်းသွားတာကို လူငယ်သဘာဝ လိုက်နောက်နေကြတာကိုတွေ့ရပါတယ်။ ဒါက အထူးအဆန်းတော့မဟုတ်ပါဘူး။ ထူးဆန်းတာက အဲဒီလူငယ်တွေ စုထိုင်နေတဲ့ နေရာဟာ အရက်၊ ဘီယာရောင်းတဲ့ ဆိုင်ဖြစ်နေတာပါပဲ။ အခြားဝိုင်းတွေကိုကြည့်ပြန်တော့ အတွဲတွေ၊ မိသားစုတွေ၊ အခြားထိုင်စရာ ညှော်ခန်းသပ်သပ်မရှိတော့ဝိုင်းဖွဲ့စကားပြောနေကြတာတွေ့ရပါတယ်။ အမျိုးသမီးတွေနေတဲ့ အဆောင်ကပ်လျက်မှာ အရက်၊ ဘီယာဆိုင်လာရှိနေတာ ဘယ်လိုမှ ဘဝင်ကျစရာမရှိပါဘူး။ ဒါပေမဲ့ ဒါက လူနေရပ်ကွက်လေ။ ဘယ်နေရာမှာ ဘာဆိုင်မဖွင့်ရ၊ မရှိရဆိုပြီး သတ်မှတ်လို့ရတဲ့နေရာမှမဟုတ်ဘဲ။ ကျွန်မတို့တက္ကသိုလ်ကျောင်းသူဘဝတုန်းကတော့ တက္ကသိုလ်အဆောင်ပရိဝုဏ်ပီပီ ပြင်ပြင်မို့ အဲဒီပတ်ဝန်းကျင်မှာ အရက်သေစာရောင်းချခွင့် လုံးဝမရှိပါဘူး။ အခု ဒီကိစ္စကို သက်ပြင်းလေးလေးသာ ချလိုက်ရပါတယ်။ အချိုရည်ပါ ရောင်းလို့ မိသားစုဝိုင်းထိုင်တဲ့အခါသောက်နိုင်လို့ တော်ပါသေးရဲ့လို့ တွေးမိလိုက်ပါတယ်။

ဒါပေမဲ့ ဒီ "တော်သေးရဲ့"က ဒီမှာ ရပ်မသွားပါဘူး။ နောက်နေ့မနက်မှာ သူငယ်ချင်း ဆရာဝန်မောင်နှံအိမ်ကို အလည်သွားခဲ့ပါတယ်။ တက္ကသိုလ်နဲ့ မနီးမဝေး မြို့ပတ်လမ်းပေါ်မှာ အိမ်နဲ့ ဆေးခန်းတွဲလျက်ဖွင့်ပြီး နေထိုင်ကြတာပါ။ တွေ့တာနဲ့ ရှေးဟောင်းနှောင်းဖြစ်တွေပြောပြီး ရယ်ကြမောကြ၊ စားကြသောက်ကြနဲ့ နေကြတုန်းမှာ အိမ်ရှေ့မှာ လူနာလာလို့ အစောင့်ကလေးမလေးက ဆရာဝန်ကို လာခေါ်ပါတယ်။ ဆရာဝန်ထွက်သွားပြီး မကြာမီမှာ ပြန်ဝင်လာပြီး သူ့ဇနီးသည်ဆရာဝန်မကိုပြန်လာခေါ်ပါတယ်။ ကျွန်မကို "ခဏနေဉ်"လို့ဆိုပြီး လက်ပြသွားခဲ့ပါတယ်။ ပြောတဲ့အတိုင်းမကြာပါဘူး။ ဇနီးမောင်နှံ နှစ်ယောက်လုံး ပြန်ဝင်လာကြပြီး လက်ဆေးရင်းနဲ့ ကျွန်မကို ရယ်ရယ်မောမောနဲ့ မေးပါတယ်။ "ဘယ်လိုလဲ၊ ပါမောက္ခကြီး ဒီကေ့စ်မျိုးကို မကြားဖူးရင် နားထောင်သွားပါဦး"တဲ့။ ကျွန်မက "အောင်မလေး၊ လောကမှာ ရောဂါအထူးအဆန်းများကြားရပေါင်းစုံလို့ မဆန်းတော့ပါဘူး"လို့ ပြန်ပြောလိုက်ပါတယ်။

ဒီအခါ သူငယ်ချင်း ဆရာဝန်မက "ဟေ့၊ ဒါက hangover (အရက်နာကျသောရောဂါ) ရတဲ့ကေ့စ်က ဘာမှမထူးဆန်းဘူး။ ဒါပေမဲ့ဆန်းတာကလူနာတွေက တက္ကသိုလ်ကျောင်းသူနှစ်ယောက် ဖြစ်နေလို့ပဲ" တဲ့။ ဒီတစ်ခါတော့ အရှိုက်ထိသွားတာက ကျွန်မပေါ့။ နွားမကြီး ပါးစပ်ဟပြီး အူတူတူဖြစ်သွားတဲ့ပုံပါ။ hangover ဆိုတာ အရက်နာကျတာလေ။ တက္ကသိုလ်ကျောင်းသူများ အရက်နာကျလို့ ဆေးခန်းမှာ ဆေးကုသမှုလာခံယူတာတဲ့။ နားရှိလို့သာ ကြားရတယ်။ ဘုရားတရမှာလား၊ သိကြားတရမှာလား ကျွန်မ မသိတော့ပါ။

ဒါဆို ကောင်းတဲ့ တော်တဲ့ လူငယ်တွေမရှိတော့ဘူးလား။ ရှားသွားပြီလားလို့မေးစရာရှိပါတယ်။ သူ့ပတ်ဝန်းကျင် သူ့အခြေအနေလိုက်ပြီး ပြုစုပျိုးထောင်မှုမှန်ကန်လို့အင်မတန်ထူးချွန်ထက်မြက်တဲ့ လူငယ်လေးတွေကိုလည်း တွေ့ရသေးတော့ ဩော်. . ဒါက ပြုပြင်ဖန်တီးမှုပေါ် မူတည်တာပဲဆိုတာ အသိတစ်ချက်ဝင်လာပါတယ်။

ကျွန်မတို့ဟာ ခေတ်အဆက်ဆက် မျက်စိအောက်က လူငယ်တွေပြောင်းလဲလာပုံကိုကြည့်ပြီး Change (အပြောင်းအလဲ)ကို လက်ခံလာသလို၊ ဒါဟာ သာမန် Change လား၊ Deterioration (အပျက်)ဘက်ကိုဦးတည်နေခြင်းလား ဆိုတာကိုတော့ ခွဲခြားသိပါတယ်။ ခေတ်အလိုက် အတွေးအခေါ် အသိအမြင်စွမ်းရည် စတာတွေပြောင်းလဲပြီး တိုးတက်ထူးချွန်လာတာ ကျွန်မတို့ ပညာရေးလောကက လူတွေ အစဉ်အမြဲကြိုဆိုရမှာပါ။ ဒီလိုမဟုတ်ဘဲ စွမ်းရည်တွေကျပြီး ကိုယ့်အားကိုယ်ကိုးလိုစိတ်ခေါင်းပါးလာမယ်၊ ဦးဆောင်နိုင်တဲ့စွမ်းရည်တွေ နည်းပါးလာမယ်ဆိုရင်တော့ တိုင်းပြည်ရဲ့အနာဂတ်အတွက်ဘဝင်မအေးစရာမို့ မနေ့မမြန် ပြုပြင်ပြောင်းလဲသင့်တာတွေကို စပြီး စဉ်းစားလုပ်ဆောင်ရမှာပါ။

ကျွန်မကို စိတ်သောကဖြစ်စေတဲ့ အထက်မှာ ဖော်ပြခဲ့တဲ့ဖြစ်ရပ်တွေအပြင် စိုးရိမ်စိတ်တွေဖြစ်စေတဲ့ အချက်လေးတွေ အနည်းငယ်ကိုလည်း ဖော်ပြပါရစေ။ ကျွန်မရဲ့ လုပ်သက်နှစ်လေးဆယ်ကျော်အတွင်းမှာ ကျောင်းသားလူငယ်အလွှာစုံ၊ အရွယ်စုံနဲ့ ကင်းကွာတဲ့နှစ်ဆိုတာ တစ်နှစ်မှ မရှိပါဘူး။ အဲဒီတော့ လူငယ်တွေရဲ့ ဖြစ်စဉ်နဲ့ ကျွန်မတို့အသက်နဲ့ကွာဟမှုဟာ Generation Gap (မျိုးဆက်ကွာဟမှု)ကြောင့်လို့ချည်း သက်သက်ဆိုလို့မရပါဘူး။ သူတို့ကိုက ထူးထူးခြားခြား အရည်အချင်းလျော့သွားတာလို့ပဲ ဆိုလိုက်ချင်ပါတယ်။ ဥပမာ-တက္ကသိုလ်တက်နေတဲ့ ကျောင်းသားတစ်ယောက်ကို ကျွန်မက ပါမောက္ခက ဘယ်သူလဲလို့မေးတာကို သူက တအံ့တဩနဲ့ သိဖို့လိုလို့လားဆိုတဲ့အကြည့်မျိုးနဲ့ ပြန်အကြည့်ခံရတယ်။ ဒါဆိုရင် ကထိကတို့၊ ပါမောက္ခချုပ်တို့ မေးဖို့ ကျွန်မနောက်တွန့်သွားပါပြီ။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေကို မသိခြင်း၊ မြန်မာနိုင်ငံနဲ့နယ်နိမိတ်ထိစပ်နေတဲ့ နိုင်ငံတွေကိုလည်း အကုန်မပြောနိုင်ခြင်း၊ ကမ္ဘာမှာ လတ်တလော နိုင်ငံရေးပြဿနာတွေနဲ့ ကြုံတွေ့နေရတဲ့နိုင်ငံ၊ ကပ်ဆိုးကြုံနေရတဲ့ဒေသ အို. . . ဒါတွေကို သိတဲ့ လူငယ်ရှားပါးသွားပါပြီ။ ကိုယ့်ပညာရေးဘာသာရပ်၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်ကမ္ဘာရဲ့ပြဿနာတွေကိုမသိတဲ့ ခေတ်လူငယ်တွေကို ဩချရလောက်အောင် အံ့ဩပါရဲ့။ စာမေးပွဲတွေလည်း အောင်နေပါရဲ့။ ဘာတွေကိုများ စိတ်ဝင်စားပြီး၊ ဘာတွေကို ကျွမ်းကျင်နေကြပါလိမ့်။ တီဗီဇာတ်လမ်းတွေကိုပဲလား၊ ဖက်ရှင်လား၊ ဂီတလား၊ ဂိမ်းအစီအစဉ်တွေကိုလား။ ဒါက ယခုလက်တွေ့ ဖြစ်ပျက်နေတဲ့ စိုးရိမ်စရာပြဿနာတွေပါ။ အဖြေကိုတွေ့ရအောင် အပြန်ပြန်အလှန်လှန်တွေးတောသုံးသပ်ကြည့်တော့ကျွန်မအတွေးပေါက်လာတာတော့ရှိပါတယ်။ ဘယ်ပုဂ္ဂိုလ်၊ ဘယ်စနစ်ကိုမျှ ပုတ်ခတ်ဝေဖန်လိုစိတ်ဆန္ဒမရှိရိုးအမှန်ပါ။ တိုင်းပြည်တိုးတက်ကောင်းမွန်အောင် ကျောင်းသားလူငယ်များကို ပြုပြင်ပေးလိုစိတ်စေတနာသက်သက်နဲ့ ရေးရခြင်းဖြစ်တာကို နားလည်လက်ခံပေးစေချင်ပါတယ်။ ခေတ်စနစ်အပြောင်းက ရှေ့အကောင်းဘက်ကို ဦးတည်နေတဲ့ အခုလိုကာလမှာ တိုင်းပြည်ရဲ့ ပညာရေးဦးဆောင်ပညာရှင်များရဲ့အတွေးထဲကို ကျွန်မတွေးတဲ့အတွေးလေးတွေ တစ်ထောင့်တစ်နေရာက ဝင်သွားပါစေ။ သင့်ရင်လည်းယူ၊ မသင့်ရင်လည်း ပယ်လိုက်ပါ။ ကျွန်မကတော့ မြန်မာနိုင်ငံရဲ့ ပညာရေးလောကကို ဒီထက်မက တိုးတက်စေချင်တဲ့စိတ်စေတနာ အပြည့်နဲ့ ရေးခြင်းသာဖြစ်တယ်ဆိုတာ နားလည်ရင်ပဲ ကျွန်မရေးရကျိုးနပ်ပါပြီ။

ကျွန်မ မြင်တာကတော့ ကျောင်းသားလူငယ်လေးတွေရဲ့ ဘဝဟာ သစ်ပင်ပျိုး ပျိုးပင်ပေါက်တွေလိုပါပဲ။ အဆင့်မြင့် ပတ်ဝန်းကျင်ကောင်းကိုဖန်တီးပြီး သဘာဝမြေဩဇာကောင်းထည့် ပေါင်းသင်ပေးရင် ကြီးထွားကြံ့ခိုင်တဲ့ အပင်ကြီးဘဝကိုရောက်လာမှာပါ။ ကျောင်းသားလူငယ်များ ပညာပြည့်ဝစွာ သင်နိုင်ဖို့လည်း လျော်ကန်သင့်မြတ်တဲ့ ပတ်ဝန်းကျင်၊ အဆောင်၊ စာသင်ခန်းတွေ ပြည့်ပြည့်စုံစုံထားပေးနိုင်ရင် မကောင်းတဲ့အဖျက်အမျိုးမျိုးက ကာကွယ်ပေးပြီးသားဖြစ်သွားမှာပါ။ တိုင်းပြည်ရဲ့ ပညာတတ်၊ ပညာရှိများ စုဝေးကျက်စားရာနေရာမှာ နေထိုင်စာသင်ရရင် အရက်သောက်၊ လောင်းကစားရန်က ဝေးနေမယ်။ အဆင့်မြင့်တဲ့ အသိုင်းအဝိုင်းမှာ ပညာအကြောင်း၊ ပါမောက္ခရဲ့ အသိအမြင်ပို့ချပုံအကြောင်းကိုပဲ စဉ်းစားဆွေးနွေးစရာရှိနေမယ်ဆိုရင် ရုပ်ရှင်မင်းသားမင်းသမီးတွေရဲ့ဝတ်စားဆင်ယင်ပုံအကြောင်း၊ ဘယ်သူက ဘယ်သူ့ကို ဘယ်လိုတစ်ပတ်ရိုက်ပြီး ထောသွားပုံ စသဖြင့်မိမိဘဝနှင့်မပတ်သက်တာကို အချိန်ကုန်ခံပြီး ပြောဆိုနေစရာအကြောင်းမရှိဘူးလို့ထင်ပါတယ်။

တက္ကသိုလ်ပရိဝုဏ်မှာတက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများရဲ့ဂုဏ်နဲ့လျော်ညီစွာ နေထိုင်လှုပ်ရှားနိုင်တဲ့ အဆောင်ရဲ့ ဂုဏ်အင်္ဂါနဲ့ကိုက်ညီတဲ့ကျောင်းဆောင်များကို ဖန်တီးပေးနိုင်မယ်ဆိုရင် အောက်ပါ Skills (အရည်အချင်းများ)ပြန်လည်ပျိုးထောင်ရန်လွယ်ကူသွားပါမယ်။

အဆောင်အတူနေ၊ကျောင်းနေဘက်၊ အဆောင်နီးချင်းသူငယ်ချင်း၊ အားကစားအတူတူလုပ်ဖက်တို့နဲ့ နောင် တစ်နယ်တစ်ကျေးမှာ အရွယ်စုံ၊ လောကအစုံမှာ Social Network အဖြစ် ပြန်ဆုံရတဲ့ အကျိုးကျေးဇူးတွေကိုပြန်ခံစားနိုင်တယ်။ ဒါဟာ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးမကျန် Social Networking တည်ဆောက်ပြီးသားဖြစ်တာပေါ့။

နောက်တစ်ခုက Time and Financial Management လို့ခေါ်တဲ့ အချိန်စီမံခန့်ခွဲခြင်း၊ မိမိ၏သုံးစွဲငွေ စီမံခန့်ခွဲခြင်းစွမ်းရည်များကိုမြှင့်တင်ဖို့ အကောင်းဆုံးနေရာဟာ မိဘအုပ်ထိန်းသူများနဲ့ကင်းကွာပြီး ကိုယ့်ကိစ္စ ကိုယ်ဖန်တီးဖို့တာဝန်ရှိတဲ့ အဆောင်နေဘဝပဲပေါ့။ မိဘမောင်ဖွားတွေနဲ့ ကြီးပြင်းနေရင် အစစအရာရာ လူကြီးတွေက စီမံပေးကြ၊ လိုအပ်တာကို ကျူရှင်ဆရာတွေနဲ့ ဖြည့်ဆည်းပေးကြ၊ သုံးငွေမလောက်ရင် မိဘဆီက လက်ဖြန့်လို့ရတဲ့ အခြေအနေမျိုးမှာ ကျောင်းသားလူငယ်တွေဟာ ဘယ်အချိန်မှာ စာကိုပြီးအောင်ဖတ်ရမယ်၊ ရေးရမယ်၊ နားမလည်ရင် ဘယ်သူ့ကို ဆည်းကပ်ရမယ်(စာမေးပွဲ အောင်ဖို့ သက်သက်မဟုတ်) တစ်လစာသုံးငွေကိုဘယ်လိုလောက်အောင် သုံးရမယ် စတဲ့ Management Skills တွေ ကွယ်ပျောက်ကုန်တာပေါ့။ ဘယ်လောက် ဦးနှောက်မသုံးတဲ့လူငယ်တွေတောင် တွေ့ဖူးသလဲဆိုတော့ ကိုယ့်အချိန်ဇယားကိုတောင် ကိုယ်နားလည်အောင် မကြည့်တတ်တော့ဘူး။ အများအတွက် ကူညီဆောင်ရွက်ဖို့ နေနေသာသာ၊ လိုအပ်တယ်ဆိုတာတောင်မသိတော့တဲ့အခြေအနေမျိုး၊ အစွမ်းအစတုံးတဲ့ လူငယ်မျိုးတွေ Produce လုပ်မိရက်သားဖြစ်သွားပါတော့တယ်။

ဒီလို အများအကျိုးဆောင်တတ်တဲ့စိတ်ဓာတ်(Community Welfare) ဟာ အဆောင်မှာနေရင်း အဆောင်သာယာရေးတို့၊ စားသောက်ရေးတာဝန်တို့လုပ်ရင်း အလေ့အကျင့်ရသွားတာပါ။ အချင်းချင်း ပဋိပက္ခရှိလာရင်လည်း ညှိနှိုင်းခြင်းစတဲ့(Negotiation Skills) ဟာ အချိန်နဲ့အမျှ လေ့ကျင့်သင်ကြားနေရသလိုပါပဲ။ အမှား၊ အမှန်ကိုချင့်ချိန်တွေးတောတတ်တဲ့စွမ်းရည် (Critical & Analytical Thinking Skills)ကိုလည်း အများနဲ့ နေရင်းထိုင်ရင်း၊ စားသောက်ရင်း၊ အားကစားလုပ်ရင်းနဲ့ လေ့ကျင့်ပြီးသားဖြစ်သွားတာပါ။ အိမ်မှာကိုယ့်မိသားစု အသိုင်းအဝိုင်းနဲ့သာနေရရင် အချို့ Skills တွေကလိုတောင် မလိုတော့ပါဘူး။ ယုတ်စွအဆုံး အဆောင်နေသူငယ်ချင်းများ ညဥ့်နက်သန်းခေါင်ထိုင်ပြီး ဆွေးနွေးတာကိုမေးရင်း၊ နားထောင်ရင်းနဲ့ဘဝဒဿနတွေ အတွေးအခေါ် တွေရင့်ကျက်လာနိုင်ပါတယ်။

ဘာကိစ္စပဲဖြစ်ဖြစ် အကောင်းအဆိုး ဒွန်တွဲနေတတ်တာကတော့ ကမ္ဘာ့နိယာမပါပဲ။ ဒါပေမဲ့ အကောင်းတွေကို ရွေးထုတ်ပြီး၊ အကျိုးရှိမယ့် လုပ်ရပ်ဆိုရင်တော့ လုပ်သင့်၊မလုပ်သင့်စဉ်းစားစေချင်ပါတယ်။ အထူးသဖြင့် တိုးတက်ဖို့အားယူနေတဲ့ကာလမှာ အသိအမြင်ကြွယ်ဝပြီး ဘယ်စုံထူးချွန်တဲ့လူငယ်လူရွယ်တွေကို ပြုစုပျိုးထောင်ထားမှသာ သာယာဝပြောတဲ့ခေတ်မီနိုင်ငံတော်ကြီးကို တည်ဆောက်အကောင်အထည်ဖော်နိုင်မယ်လို့ ယုံကြည်မိပါကြောင်း။ ။

7 DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

# နိုင်ငံခြားနှင့် အထည်ကြီးပျက်ဝေဒနာ

ခန့်ကျော်ထင်လှိုင်(လှိုင်ကော်)



တစ်လောက ပုသိမ်မှ တပည့်ဟောင်းနှစ်ယောက် ကျွန်တော့် အိမ်ကို လမ်းကြုံဝင်လာကြသည်။ ဆယ်တန်းအောင်ပြီး သူတို့တွေ စင်ကာပူသွားသည်ဟု ကြားမိသော ကျွန်တော်က "မင်းတို့ စင်ကာပူက ပြန်လာတာကြာပြီလား" မေးတော့ တစ်ယောက်က "တစ်နှစ်လောက်ရှိပြီဆရာ" ဟုဆိုသည်။ "ဘာတွေပါသလဲကွ" ဟု မေးတော့သူတို့တစ်ယောက်မျက်နှာတစ်ယောက်ကြည့်သည်။ ပြီးမှ ရှက်ပြုံးဖြင့် "ဘာမှမပါဘူးဆရာ" ဟု ပြောလေသည်။ "အခုရော ဘာလုပ်နေလဲ" မေးမိတော့ သူတို့ ခေါင်းခါပြန်သည်။ "ကျွန်တော်တို့ စင်ကာပူကိုပဲ ပြန်ထွက်ဖို့ကြိုးစားနေတယ်" ဟု တစ်ယောက်က ဖြေလေသည်။

သူတို့ စကားနားထောင်ပြီး "အထည်ကြီးပျက်" ဆိုသော စကားလေး ကျွန်တော့်ခေါင်းထဲ ဝင်လာသည်။ ကျွန်တော့်ပတ်ဝန်းကျင်မှာ မလေးပြန်၊ စင်ကာပူပြန်၊ ကိုရီးယားပြန်တွေ များစွာရှိသည်။ သူတို့ကိုကြည့်လိုက်လျှင် ယောင်ချာချာတွေများသည်။ အလုပ်ကို မိမိရရလုပ်သူ မရှိသလောက်ပင်။ "နိုင်ငံခြားပြန်" ဆိုသော ခေါင်းစဉ်အောက်မှာ ထိုသူများသည်က အလုပ်ကိုလည်း အလုပ်ဟုမထင်တော့။ သည်ကဝင်ငွေကိုလည်း ငွေဟု မထင်တော့။ တကယ့်ကို အထည်ကြီးပျက်တွေ ဖြစ်ကုန်ကြသည်။

ကိုယ့်တိုင်းပြည် အခြေအနေက ပါမောက္ခဒေါက်တာအောင်ထွန်းသက်ပြောခဲ့သလို ကြီးပွားလိုသော ဘဝတက်လမ်းရှာလိုသော လူငယ်များကို ပြည်ပသို့ တွန်းပို့သကဲ့သို့ အခြေအနေဖြစ်နေသည်ကို နားလည်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းနည်း၍ တက်လမ်းပိတ်နေသည်ဟု အစားရသူများ နိုင်ငံခြားသွားအလုပ်လုပ်သူများ ခံစားချက်ကို စာနာပါသည်။

ကိုယ့်ဘဝတိုးတက်ရေးအတွက် နိုင်ငံခြားသွားပြီးအလုပ်လုပ်ကြသည်။ ဟိုမှာလည်း ငွေ မိမိရရ မစုနိုင်။ သည်တော့ပြန်သာလာရ၏။ အဆိုးဆုံးက မည်သည့်အတတ်ပညာမှလည်းမရခဲ့။ ဆုပ်ဆုပ်ခဲခဲပါမလာ။ ငွေထုပ်ကြီးကြီးပါမလာသဖြင့် ငွေကြေးအများကြီး ရင်းနှီးမြှုပ်နှံရသည့်အလုပ်မျိုးလည်း လုပ်ဖို့မဓိကမ်း၊ တစ်သက်ထိုင်စားရလောက်အောင်လည်း မရှိ၊ ကိုယ့်နိုင်ငံက အလုပ်ကိုလည်း အလုပ်ဟု မထင်ဖြစ်ကာ နောက်ဆုံးတော့ စိတ်ဓာတ်ပျက်ရတာပဲ အဖတ်တင်တော့၏။

နိုင်ငံခြားပြန် အများစု၏ ဝေလေလေဖြစ်နေပုံကို ကြည့်ကာ သူတို့စိတ်ဓာတ်နှင့် ချဲသမား၊ နှစ်လုံးသမားတို့စိတ်ဓာတ်သဘာဝ ချင်းတူသည်ဟု ကျွန်တော်မြင်သည်။ ချဲသမား၊ နှစ်လုံးသမားကလည်း "တွက်ရေးကတော့ စက်သူဌေး" ပင်။ လေထဲတိုက်အိမ်ဆောက်စိတ်ကူးယဉ်ပြီး ရသည့်ဝင်ငွေထက် ပိုလွန်၍ အောတတ်ကြ၏။ တစ်ခါလောက် ပေါက်မိလျှင် ပိုဆိုးသည်။ အခြားအလုပ်ဘာတစ်ခုမှ အာရုံမရှိတော့။ အချိန်တိုင်း ဂဏန်းကိုစွပဲ တွေးသည်။ ပြောသည်။ တွက်သည်။ နောက်ဆုံးတော့ နိုင်ငံခြားပြန် အချို့လိုပင် သမ္မာအာဇီဝအလုပ်ကိုလည်း အလုပ်ဟုမထင်တော့။ လက်ကြောမတင်းတော့။ ပုံမှန်ဝင်ငွေလေးကိုလည်း ငွေဟုမထင်တော့။ စိတ်ဓာတ်ပျက်သွားလေသည်။

တစ်လောက ကိုရီးယားပြန် အသက်လေးဆယ်အရွယ်လူရွယ်တစ်ဦး၏ အသုဘကို ကြုံခဲ့ရသည်။ ဆန်းစစ်ကြည့်တော့ သည်လူရွယ်က လိမ္မာသူတစ်ယောက်ပါ။ ကိုရီးယားမှာ အလုပ်ကြိုးစားပြီး ရသမျှငွေကို မိဘဆီမှန်မှန်ပြန်ပို့ပေးသည်။ သူပြန်ပို့ပေးသည့်ငွေဖြင့် မိသားစုဝင်တွေက လောင်းကစားလုပ်၏။ ထို့ကြောင့် သူပို့သမျှအဖတ်မထင်။ "သမင်မွေးရင်းကျားစားရင်း" ဆိုသလို ဖြစ်နေသည်။ ခြင်းကြားနှင့် ရေသယ်သလို အရာမထင်။

ထိုလူရွယ်ပြန်လာတော့ သူ့မိသားစုက ကြွယ်ဝဖို့ဝေလာဝေး။ အကြွေးနွံမှာပင် နစ်နေသည်။ ထိုအဖြစ်ကို မြင်ရပြီး လူရွယ်စိတ်ဓာတ်ကျသွားသည်။ ထို့ကြောင့် အရက်ကိုအဖော်ပြုကာ သူ့ဘဝကို သူရာနွံထဲဆွဲနှစ်ပစ်သည်။ ဤနည်းဖြင့် "အသက်လေးဆယ်မှာ ဘဝစသည်" ဆိုသော အနောက်တိုင်းဆိုထုံးကို ပြောင်းပြန်လှန်ပစ်ကာ အသက်လေးဆယ်မှာ ဘဝဆုံးသွားခဲ့လေသည်။ ရင်နင့်ဖွယ်ရာပင်။

မြန်မာစကားမှာ "စီးတဲ့ရေ၊ ဆည်တဲ့ကန်သင်း" ဆိုသော စကားရှိ၏။ ယောကျ်ားဖြစ်သူက ရှာဖွေပေးသမျှ ဇနီးဖြစ်သူက မလေလွင့်ရအောင်စနစ်တကျထိန်းသိမ်းပေးရ၏။ သို့မှသာ ထိုမိသားစု ကြွယ်ဝချမ်းသာနိုင်လေသည်။ ယောကျ်ား၊ မိန်းမသဘောမသက်ဝင်သော်ငြား မိသားစုသဘာဝမှာလည်း ထိုအတိုင်းပင်။ ဦးစီးခေါင်းဆောင်သူက ရှာဖွေပေးသမျှကို မိသားစုဝင်များက တာဝန်သိသိဖြင့် ထိန်းသိမ်းစုဆောင်းသင့်သည်။ "သူ့ဝင်ငွေသည်လောက်ကောင်းနေတာ၊ တို့ကသည်လောက်ဖြုန်းရုံနဲ့ ဘာမှမဖြစ်နိုင်ပါဘူး" ဟူသော အတွေးများမရှိအပ်။ နိုင်ငံခြားသွားပြီး အလုပ်လုပ်နေသူတို့ကျန်ခဲ့သော မိသားစုများက လောင်းကစားအကြီးအကျယ်လုပ်နေကြကြောင်း သတင်းကို တစ်လောက ဂျာနယ်များမှာ ကျွန်တော်ဖတ်လိုက်ရသည်။

အချို့ဆိုလျှင် အမျိုးသားက နိုင်ငံခြားက ကြိုးစားငွေရှာပို့။ ဇနီးဖြစ်သူက မစုနိုင်ရုံမက နောက်မီးလင်း၍ အိမ်ထောင်ပြိုကွဲသွားကြသော ဖြစ်ရပ်များကိုလည်း မကြာခဏကြားရသည်။

သည်လိုနိုင်ငံခြားပြန် အများစု ဇာတ်ပျက်နေကြချိန်ရှားရှားပါးပါး အပေးအယူညီမျှသည့် မိသားစုတစ်စုကို ကျွန်တော်တွေ့ခဲ့ရသည်။ လှိုင်ကော်မြို့နှစ်ထပ်ဈေးအောက်မှာ နေ့စဉ်ဈေးရောင်းနေသော စံကားဝါအကြော်စုံဆိုတာရှိသည်။ အဓိက ပဲကြော်၊ ပဲလှော်ရောင်းသည်။

သူတို့မိသားစုက သာစည်နယ် သာဂရရွာဇာတိတွေ။ ရွာမှာ စီးပွားရေးအဆင်မပြေ၍ "တစ်ရွာမပြောင်းသူကောင်းမဖြစ်" ထုံးနှလုံးမူ၍ လှိုင်ကော်ရောက်လာကြခြင်းဖြစ်၏။ ဤသို့ရေးခြင်းမှာ နှိမ်လို၍မဟုတ်။ လူဆိုတာ "ဘဝနာမှ အသိသာ" ကြောင်းသိစေလို၍ ဖြစ်သည်။

သူတို့ မိသားစုအလုပ်က စံကားဝါပဲလှော်၊ ပဲကြော်၊ လက်ဖက်ရောင်းခြင်းအလုပ်ပါ။ ပစ္စည်းမှန်၊ ဈေးမှန်၊ ဖော်ရွေယဉ်ကျေးခြင်းကြောင့် စံကားဝါအမည်က အချိန်တိုအတွင်း နာမည်ရလာသည်။ အောင်မြင်လာသည်။ "စကားဝါဆိုတာ ကလေးလွှတ်ပြီး အဝယ်ခိုင်းလည်း စိတ်ချရတယ်။ ဈေးမမှားစေရဘူး" ဆိုတာမျိုးဖြစ်လာသည်။ ရိုးသားဖြောင့်မှန်ခြင်း၏ ရလဒ်ပင်။

ထိုစံကားဝါမှ မိသားစုဝင်ကိုလွင်အေးက ကိုရီးယားမှာ အလုပ်သွားလုပ်သည်။ သုံးနှစ်ခွဲခန့်ကြာသည်။ သူသွားလုပ်တာက ဟွန်ဒိုင်းကုမ္ပဏီ၊ ဆောက်လုပ်ရေးအလုပ်ခွင်။ ဝန်ထမ်းအင်အားသုံးသောင်းလောက်မှာ ကိုလွင်အေးက အလုပ်ကြိုးစားမှုအကောင်းဆုံး စံပြဆုရခဲ့သည်။ ကိုရီးယားသားအများစုကြားမှာ မြန်မာအလုပ်သမားတစ်ဦးက ဆုရခဲ့ခြင်းမှာ ချီးကျူးဖွယ်ကောင်းလှသည်။

အသောက်အစားကင်းသော ကိုလွင်အေးက သူ့လုပ်ခလစာကို အိမ်သို့မှန်မှန် ပို့ပေးသည်။ သူပို့ပေးသည့်ငွေကို မိသားစုခေါင်းဆောင်သဖွယ်ဖြစ်သော ညီဖြစ်သူ ကိုကျော်စိုးက စနစ်တကျ စုဆောင်းပေးသည်။ ထို့ကြောင့် ကိုလွင်အေးပြန်လာချိန်မှာ ခရီးသည်တင် လေအိတ်ကားကြီးတစ်စီးက အိမ်မှာ အဆင်သင့်ကြိုနေခဲ့သည်။

အပေးအယူမျှတ၍ မိသားစုအတွက် ဤမျှစုဆောင်းမိခြင်းကို သိသောအခါ လုပ်ဖော်ကိုင်ဖက်အချင်းချင်းကပင် ကိုလွင်အေးကို ချီးကျူးကြသည်။ အားကျကြသည်။ "ခင်ဗျားက လာလုပ်ရတာ တန်သလောက် ကျုပ်တို့ဘဝကတော့ သွားပါပြီဗျာ" ဟု ညည်းတွားသူများပင် ရှိသည်ဟု ဆိုလေသည်။

နိုင်ငံခြားသွားပြီး အလုပ်လုပ်ခြင်းကို ကျွန်တော်အပြစ်မပြောပါ။ "ရေကြည်ရာ မြက်နုရာ" ရှာကြတာသဘာဝ။ သို့သော် စိတ်ဓာတ်မပျက်ဖို့လိုသည်။ ငွေကောင်းစွာ မရှာနိုင်လျှင်သော်မှ အတတ်ပညာနှင့် အတွေ့အကြုံကောင်းများ ပြန်သယ်လာ၍ ကိုယ်နိုင်ငံတွင် အကျိုးရှိစွာ အသုံးချသူများ ဖြစ်စေလိုသည်။ ငွေများများရခြင်းအပေါ် ခုံမင်ခြင်းကို အပြစ်မပြောလိုသော်လည်း "များများရ၊ များများသုံး" တော့ မဖြစ်စေချင်။ ကိုယ့်ဝင်ငွေ အစဉ်ကောင်းနေမှာ မဟုတ်ဆိုတာကို သတိချပ်ဖို့ လိုသည်။

နိုင်ငံခြားထွက် အလုပ်လုပ်။ ပိုက်ဆံစုပြန်လာ။ ပြန်ရောက်တော့ စုထားငွေများ ထိုင်သုံး၊ ထိုင်ဖြုန်း။ ကုန်လျှင် ပြန်ထွက်။ ဤသို့ဆိုလျှင်တော့ ဘဝတိုးတက်မှု အစစ်အမှန်ကို ရမည်မဟုတ်ပေ။ ဒီတစ်ခေါက်ထွက်လည်း အထွေထွေလုပ်သား၊ အလုပ်ကြမ်းသမားရာထူး။ နောက်တစ်ခေါက်ထွက်လည်း ထိုရာထူးနှင့်ဆိုလျှင်တော့ မြန်မာနိုင်ငံက အထွေထွေလုပ်သားများသာ မွေးထုတ်ပေးသော နိုင်ငံဟု ကမ္ဘာက ထင်ကုန်လျှင်အခက်။ အားလုံးလေးလေးနက်နက် တွေးစေချင်ပါသည်။ နိုင်ငံခြားထွက်ပြီး ငွေ၊ အတတ်ပညာ၊ အတွေ့အကြုံကောင်းများ ရှာဖွေလာ၍ မိမိတို့၏ မူလဘဝထက်မြင့်သော အခြေအနေကိုဖန်တီးနိုင်ပါမှ တိုးတက်မှုရှိသည်ဟု ကျွန်တော်ယုံကြည်ပါသည်။ ။

## JOKE

### ကျောင်းမသွားချင်ဘူး

"ဖေဖေ သား ဒီနေ့ကျောင်းမသွားချင်ဘူး"

"ဟေ. . ဘာဖြစ်လို့လဲသားရဲ့"

"အရင်အပတ်တုန်းက ကျောင်းမှာ ကြက်တစ်ကောင်သေသွားတယ်။ အဲဒါနောက်နေ့ကျတော့ သားတို့ကျောင်းမှာ ကြက်သားဆန်ပြုတ်တိုက်တယ်။ နောက်သုံးရက်နေတော့ ကျောင်းက ဝက်တစ်ကောင်သေသွားတယ်။ နောက်တစ်နေ့လည်းကျရော သားတို့ ဝက်သားကင်တွေ စားရတယ်"

"အေး၊ အဲဒါနဲ့သားက ဘာလို့ ဒီနေ့ ကျောင်းမသွားချင်ရတာလဲ"

"မနေ့က ကျောင်းက ကျောင်းစောင့်ကြီးသေသွားတယ်လေ ဖေဖေ"

### ပျော်နေတာလား

ယောကျ်ားတစ်ယောက် တုပ်ကွေးမိပြီး အိမ်တွင် ငါးရက်ခန့် အနားယူရန်အကြောင်းဖန်လာသည်။ တစ်သက်လုံး အလုပ်လုပ်လာခဲ့၍လည်းအနားယူနေရခြင်းကို ယောကျ်ားက နှစ်သက်နေသလိုသူ့မိန်းမသူ့အပေါ် ဘယ်လောက်ဂရုစိုက်သလဲဆိုတာ သူအနားရှိနေ၍ ဘယ်လောက်ပျော်နေသလဲဆိုတာ သိလာရသည်။ အိမ်သို့စာပို့သမားလာသောအခါမိန်းမက အိမ်ထဲမှ ပျာပျာသလဲ ပြေးထွက်၍

"ငါ့ယောကျ်ားအိမ်မှာရှိတယ်"

"ငါ့ယောကျ်ားအိမ်မှာရှိတယ်" ဟု အော်ပြောလိုက်ပါသည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွင့်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနှစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွှန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

Business 7DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

# တစ်ဧက စပါးတင်း ၁၀၀ ထွက်ပါက ဈေးကောင်းပေးဝယ်မည်ဟု အထူးပြုကုမ္ပဏီ အာမခံ

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် – ၆**

လယ်တစ်ဧကလျှင် တင်း ၁၀၀ ထွက်ရှိအောင်စိုက်ပျိုးပါက အနိမ့်ဆုံး စပါးတစ်တင်း(၄၅ ပေါင်)လျှင် ၄,၀၀၀ ကျပ်ဖြင့် အာမခံ၍ ဝယ်ယူပေးမည်ဟု ကဋ္ဌနကျွန်းသာကုမ္ပဏီဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြောသည်။

"ကျွန်တော် ပံ့ပိုးနေတဲ့ ဓနုဖြူမြို့နယ်က တောင်သူ ၈၀၀ ကျော်နဲ့ သဘောတူညီချက်လုပ်ထားတာပါ။ တကယ်လို့ စပါးပေါ်တဲ့အချိန်မှာ ၄,၀၀၀ ကျပ်ကျော်ရင်လည်း ပေါက်ဈေးအတိုင်း ဝယ်ပေးမှာပါ"ဟု ဦးချစ်ခိုင်ကဆိုသည်။

ထိုကဲ့သို့ ဆောင်ရွက်ရခြင်းမှာ"ကျွန်တော်တို့အနေနဲ့ တောင်သူများကို တင်းတစ်ရာထွက်အောင် စိုက်လို့ရတယ်။ ခင်ဗျားတို့ ကြိုးစားရင်ဖြစ်တယ်ဆိုတာကို ဖြစ်စေချင်လွန်းလို့"ဟု ဦးချစ်ခိုင်က ရှင်းပြသည်။

ထိုကဲ့သို့ စနစ်တကျစိုက်ပျိုးနိုင်ရန်အတွက် ကုမ္ပဏီကလည်း လိုအပ်သော ငွေကြေးနှင့် သွင်းအားစုများကိုလည်း ထောက်ပံ့ပေးထားခဲ့သည်။

"ဒီဟာက တောင်သူအားလုံး ဖြစ်ချင်တဲ့ဆန္ဒပဲ။ အထူးပြုကုမ္ပဏီတွေအားလုံး လုပ်ပေးရင် သိပ်ကောင်းမှာပဲ။ ဒါကို ဝမ်းပန်းတသာကြိုဆိုပါတယ်"ဟု ဝေါမြို့ခံ တောင်သူကြီး ဦးကျော်တင့်ကဆိုသည်။

ယခုလက်ရှိတွင် စပါးဈေးမှာ တစ်တင်းလျှင် ၃,၂၀၀ ကျပ်ဝန်းကျင်သာရှိပြီး စပါးပေါ်ချိန်၌ အဆိုပါဈေးအတိုင်း ဆက်ရှိနေပါက ကျပ်သိန်း၁,၀၀၀ ခန့် ဆုံးရှုံးနိုင်သည်ဟု အဆိုပါကုမ္ပဏီမှ ဒါရိုက်တာတစ်ဦးကပြောသည်။



**လုပ်ငန်းခွင်ဝင်နေသော ဓနုဖြူမြို့နယ်မှ လယ်ယာလုပ်သားတစ်ဦးကို တွေ့ရစဉ်** ဓာတ်ပုံ - အောင်သူရ

# အသုံးပြုထားသော ပါရမီယာဉ်များ အိတ်ဖွင့်တင်ဒါဖြင့် ဈေးပြိုင်ရောင်းချ

**မေဝင်းမွန်**

**ရန်ကုန်၊ ဇူလိုင် –၆**

ဗန္ဓုလသယ်ယူပို့ဆောင်ရေးလီမိတက်၊ ပါရမီယာဉ်လိုင်းမှ အသုံးပြုထားပြီးသည့်ယာဉ်များကို အိတ်ဖွင့်တင်ဒါ ဈေးပြိုင်စနစ်ဖြင့် ရောင်းချလျက်ရှိပြီး အဆိုပါယာဉ်များနေရာတွင် တရုတ်နိုင်ငံထုတ် ကားသစ်များဖြင့် အစားထိုးပြေးဆွဲ သွားမည်ဖြစ်ကြောင်း သိရသည်။

ပါရမီယာဉ်လိုင်းတွင် ပြေးဆွဲလျက်ရှိသော အသုံးပြုသက်တမ်း ၅ နှစ်၊ ၇ နှစ်ရှိသည့် ဂျပန်နိုင်ငံ ထုတ်ခရီးသည်တင်ယာဉ် အစီးရေ၄၀ကို ကြမ်းခင်းဈေးများ သတ်မှတ်ကာ ဈေးပြိုင်စနစ်ဖြင့် ဇွန်လ ၂၆ရက်မှစတင် ရောင်းချခဲ့ရာ ယာဉ်စီးရေ ၃၀ ကျော် ရောင်းချပြီးဖြစ်ကြောင်းသိရသည်။

အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းကို ပြီးခဲ့သည့်လ ၂၆ ရက်မှစကာ စနေနေ့တိုင်း ပါရမီကားဝင်းတွင်ပြုလုပ်ခဲ့ပြီး ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းများက ဝယ်ယူကြသည်ဟုသိရသည်။



အဓိပတိယာဉ်လိုင်းတွင် ပြေးဆွဲလျက်ရှိသည့် တရုတ်နိုင်ငံလုပ် ယာဉ်သစ်တစ်စီး
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဗန္ဓုလသယ်ယူပို့ဆောင်ရေးလီမိတက်မှ ပြီးခဲ့သည့်မတ်လအတွင်းက တရုတ်နိုင်ငံလုပ်Original CNG ခရီးသည်တင်ယာဉ် အသစ်အစီး ၅၀ ကို အဓိပတိအထူးယာဉ်လိုင်းများတွင်ပြေးဆွဲခဲ့ပြီး ပါရမီယာဉ်လိုင်းတွင်လည်း အဆိုပါ တရုတ်နိုင်ငံထုတ် ယာဉ်သစ်များ ဝင်ရောက်ပြေးဆွဲတော့မည်ဖြစ်သည်။

ဗန္ဓုလသယ်ယူပို့ဆောင်ရေးတွင် အဓိပတိအထူးယာဉ်လိုင်း၊ ပါရမီယာဉ်လိုင်း၊ တက္ကသိုလ်ကြိုပို့ယာဉ်များအပါအဝင် ယာဉ်စီးရေ စုစုပေါင်း ၅၂၆ စီး ပြေးဆွဲလျက်ရှိသည်။

# ရန်ကုန်-မော်ကျွန်း သင်္ဘောခရီးစဉ် နေ့စဉ်ပြန်ဆွဲ၊ ပုဂလိကသင်္ဘောခများ ဈေးကျ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင် –၆**

ရေကြောင်းခရီးစဉ်ကိုသာ အဓိကထား သွားလာနေရသော မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့်ရန်ကုန်-မော်ကျွန်းခရီးစဉ်ရှိသင်္ဘောလိုင်းများ ယခုလဆန်းမှစ၍ နေ့စဉ်ပြန်လည်ပြေးဆွဲပေးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းကြောင်းတွင် ယခင်က နေ့စဉ်သင်္ဘောများ ပြေးဆွဲပေးခဲ့သော်လည်း ဇွန် ၁ ရက်မှစ၍ တစ်ပတ်လျှင် သုံးရက်သာ သင်္ဘောများ ပြေးဆွဲခဲ့ကြောင်း မော်ကျွန်းဒေသခံများက ပြောသည်။ ယင်းအချိန်၌ သင်္ဘောခနှုန်းထားများလည်း မြင့်တက်သွားခဲ့ကြောင်း ဒေသခံများကပြောသည်။

လက်ရှိကာလတွင် သင်္ဘောများနေ့စဉ်ပြန်လည်ပြေးဆွဲနေပြီဖြစ်သကဲ့သို့ သင်္ဘောခနှုန်းထားများမှာလည်း ယခင်နှုန်းထားများသို့ပြန်လည်ကျဆင်းလာခဲ့ကြောင်း ပုဂ္ဂလိက သင်္ဘောစီးသူများကပြောသည်။

"သင်္ဘောတွေက ဒီလတစ်ရက်နေ့ကစပြီး နေ့စဉ်ပြန်ဆွဲနေတာ။ တရားဝင်စာကပ်တာက ဇူလိုင် ၅ ရက်မှစကပ်တာပါ" ဟု မော်ကျွန်းဒေသခံတစ်ဦးကပြောသည်။

ယခုကဲ့သို့ သင်္ဘောများနေ့စဉ်ပြန်လည်ပြေးဆွဲနေသောကြောင့် မော်ကျွန်းဒေသခံများမှာ

စာ(၃၄)သို့

## ရွှေဈေးတက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင် –၆**

ပြည်တွင်း၌ ရွှေဈေးနှုန်းများမြင့်တက်သွားကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ရွှေဈေးနှုန်းများ ပြန်လည်မြင့်တက်လာသော်လည်း ဈေးကွက်အတွင်း၌ ရွှေဝယ်လိုအားများ မြင့်တက်လာပြီး ရွှေဆိုင်လုပ်ငန်းရှင်များ၏ ရွှေရောင်းအားမှာလည်း ယခင်ရက်များနှင့်ယှဉ်ပါက ယခုရက်ပိုင်းတွင်များစွာမြင့်တက်လာခဲ့ကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များကပြောသည်။

"ကမ္ဘာ့ရွှေဈေးမြင့်လာလို့ ရွှေဈေးတက်ရိပ်ပြနေတဲ့အချိန်မှာ ရွှေဈေးက တက်သွားတယ်။ ဈေးအတက်အကျဖြစ်ပြီဆိုတာနဲ့ အရောင်းအဝယ်လည်း သွက်လာတယ်။ ဒါကြောင့် အရင်အပတ်တွေနဲ့စာရင် ဒီရက်ပိုင်း ရောင်းအားကောင်းတယ်"ဟု ရွှေဆိုင်မန်နေဂျာတစ်ဦးကပြောသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁,၄၈၅ ဒေါ်လာဝန်းကျင်ထိ ကျဆင်းသွား၍ ပြည်တွင်း ရွှေဈေးမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၄၈,၀၀၀ ကျပ်ထိကျဆင်းသွားခဲ့သည်။

စာ(၃၄)သို့

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၈၀၂ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၇၃၂ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၅၂ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၆. ၀၅ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၂၃ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၈၀၅ | ကျပ် |

၂၀၁၁ ဇူလိုင် ၉ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၂၇ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၀၁၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၀. ၆၃၅၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၄၆၄၈ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၃၂၇၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၁၉၉ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၅၇. ၀၇ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၂. ၉၉၂၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၂၁၅၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၅၁၃. ၇၅ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၅၉၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၆၂၇ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၀. ၉၂၉၈ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၉၃၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၂၇. ၉၈၈ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၃ | ဒါရမ် | (ယူအေအီး) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၅၄၁. ၆၀၀ |
| ရေနံ | စည် | ၁၁၈. ၃၃၀ |
| ငွေ | ၁ အောင်စ | ၃၆. ၅၄၃ |
| ကြေးနီ | ပေါင် | ၄၄၁. ၂၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၂၀၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ ဇူလိုင် ၉ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

7 DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

# နိုင်ငံ့ဝန်ထမ်းများကို စားအုန်းဆီရောင်းချပေးရန်စီစဉ်နေ

**ပြည့်သိမ်း**

**ရန်ကုန်၊ ဇူလိုင် – ၂**

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC)နှင့်သမဝါယမဝန်ကြီးဌာန တို့က နိုင်ငံ့ဝန်ထမ်းများကို စားအုန်းဆီများ ရောင်းချပေးရန် စီစဉ်နေကြောင်း ပြည်ပမှ စားအုန်းဆီ တင်သွင်းနေသော လုပ်ငန်းရှင် အချို့ကပြောသည်။

ယင်းသို့ရောင်းချရာတွင် နိုင်ငံတော်ဝန်ထမ်းတစ်ဦးလျှင် အိမ်ထောင်သည်ဆိုပါက သုံးပိဿာနှုန်း၊ လူလွတ်ဆိုပါက တစ်ပိဿာနှုန်းသတ်မှတ်ထားကြောင်း ဈေးနှုန်းမှာလည်း တစ်ပိဿာလျှင် ကျပ်နှစ်ထောင်သတ်မှတ်ပြီး ဝယ်ယူမည့်သူများကို ဇွန်လ နောက်ဆုံးပတ်တွင် စာရင်းကောက်ယူမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှဝန်ထမ်းတစ်ဦးကဆိုသည်။

“အခုလို ရောင်းပေးတာက နိုင်ငံတော် အရန်ဆီအဖြစ် တင်သွင်းတဲ့ဆီတွေကနေ ရောင်းပေးတာပါ”ဟု ပြည်ပမှ စားအုန်းဆီ တင်သွင်းနေသောလုပ်ငန်းရှင်က ဆိုသည်။



ပြည်တွင်းဈေးကွက်၌ စားအုန်းဆီဈေးနှုန်းသည် ယခုရက်ပိုင်းတွင် လက်ကားဈေးကွက်၌ တစ်ပိဿာလျှင်ကျပ် ၁,၈၇၀ ဝန်းကျင်သာရှိပြီး လက်လီဈေးကွက်တွင် တစ်ပိဿာလျှင် ကျပ်နှစ်ထောင်ဝန်းကျင်ဈေးရှိသည်။ ပုဂ္ဂလိကစားအုန်းဆီတင်သွင်းသူများမှာလည်း နယ်မြို့များသို့ တိုက်ရိုက်သွားရောက်ရောင်းချပေးမှုများ ရှိနေသည်။




# အောင်ဘာလေထီ အကွ္ခရာ ၂၄လုံးဖြင့် ရောင်းချ

**မေဝင်းမွန်**

**ရန်ကုန်၊ ဇူလိုင်–၅**


ကမ္ဘာ့အထိအကွ္ခရာ ၂၃ လုံးဖြင့်သာ အချိန်ကာလအတန်ကြာအောင် ရောင်းချခဲ့သည့် ၂၀၀ ကျပ်တန် အောင်ဘာလေသိန်းထီကို ဈေးကွက်လိုအပ်ချက်အရ ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်သည့် (၂၇၁)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် အကွ္ခရာ ၂၄ လုံးဖြင့် ရောင်းချခဲ့ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲမှ သတင်းရရှိသည်။

အောင်ဘာလေထီဈေးကွက်မှာ ချဲထီနှင့် နှစ်လုံးထီများကိုစစ်ဆေးအရေးယူမှုကြောင့် ဈေးမကျဘဲ အရောင်းမှန်နေပြီး ၂၀၀ ကျပ်တန်အောင်ဘာလေထီတစ်စောင်လျှင် ၃၅၀၊ ၄၀၀ ကျပ် ရောင်းဈေးရှိနေသည်။

အရောင်းအေးတတ်သော မိုးရာသီတွင် အကွ္ခရာတိုးရောင်းချသော်လည်း ဈေးကွက်အနေအထားမှာ ပုံမှန်ရှိနေသည်ဟု ထီလုပ်ငန်းရှင်တစ်ဦးကပြောသည်။

အောင်ဘာလေထီကိုယခင်က အကွ္ခရာ ၂၆လုံးဖြင့် ရောင်းချပေးသော်လည်းဈေးကွက်အနေအထားကိုကြည့်၍ လစဉ်အကွ္ခရာအတိုးအလျှော့ဖြင့် ရောင်းချခြင်းဖြစ်သည်။ရောင်းဈေးမလျှော့သည့် အောင်ဘာလေထီကို အောင်ဘာလေသိန်းဆုဌာန သတ်မှတ်ဈေး ၂၀၀ ကျပ်ဖြင့် ဝယ်ယူနိုင်သည့်ဆိုင် ၄၀ ကျော်ရှိပြီး၊ ယင်း ၂၀၀ ကျပ်တန်ထီမှ ကျပ်သိန်း ၁,၀၀၀ ဆုပေါက်ပါက အပိုဆု ကျပ်သိန်း ၅၀၀ ခံစားခွင့်မရှိပေ။ ထီတစ်စောင် ၂၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်သည့် တစ်နိုင်ငံလုံးရှိ ထီဆိုင်စာရင်းကို အောင်ဘာလေသိန်းဆုဌာနထုတ် ထီပေါက်စဉ်တွင် ကြည့်ရှုနိုင်သည်။

## စာ(၃၃) - ရွှေဈေးတက် မှ



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ယခုတစ်ပတ်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁,၅၁၁ ဒေါ်လာထိမြင့်တက်လာသည့်အပြင် နိုင်ငံ့ဝန်ထမ်းများ၏ လစာတိုးမည်ဟူသော သတင်းကြောင့် တစ်ကျပ်သားလျှင် အခေါက်ရွှေဈေးမှာ ၆၅၅,၀၀၀ ကျပ်ရောက်လာသည်။

ရွှေဈေးနှုန်း ကစားလာပြီး ရွှေအပိုင်းဈေးကွက်၌ အရောင်းအဝယ်ပြုလုပ်သော လုပ်ငန်းရှင်များ ဝယ်ယူလာခြင်းနှင့် ရွှေဝယ်စုသူအချို့ကပါဝယ်ယူလာသဖြင့် ရွှေရောင်းအားများ ကောင်းလာခဲ့ကြောင်းသိရသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာ လက်ရှိဈေး၌ဆက်လက်ရှိနေပြီးရွှေဈေးနှုန်းများ ဆက်လက်မြင့်တက်လာနိုင်ကြောင်း လုပ်သက်ရင့် ရွှေလုပ်ငန်းရှင်တစ်ဦးက ခန့်မှန်းပြောသည်။

## စာ(၃၃) - ရန်ကုန်-မော်ကျွန်း သင်္ဘောခရီးစဉ် နေ့စဉ်ပြန်ဆွဲ၊ ပုဂလိကသင်္ဘောခများ ဈေးကျ မှ

အချိန်ကုန်သက်သာသည့်အပြင် သွားလာရေးမှာလည်း အဆင်ပြေသွားကြောင်း သိရသည်။

ရန်ကုန်-မော်ကျွန်းခရီးစဉ်အတွက် ပြည်တွင်းရေကြောင်းမှ ပြေးဆွဲသော သင်္ဘောခမှာ တစ်ဦးလျှင် ၅၀၀ ကျပ်ဖြစ်သည်။

ပုဂ္ဂလိကလူစီးသင်္ဘောခများမှာလည်း ယခင်က တစ်ဦးလျှင် ၂,၀၀၀–၂,၅၀၀ ကျပ် မြင့်တက်သွားရာမှ ၁,၅၀၀ ကျပ်သို့လည်းကောင်း၊ ပုဂ္ဂလိက ရှပ်ပြေးလူစီးသီးသန့်မှာ ၄,၀၀၀ ကျပ်မှ ၃,၅၀၀ ကျပ်သို့လည်းကောင်း၊ ရှပ်ပြေးနှစ်ထပ်ယာဉ်မှာ ၃,၀၀၀ ကျပ်မှ ၂,၅၀၀ ကျပ်သို့လည်းကောင်း အသီးသီးပြန်လည်ကျဆင်းသွားခဲ့ကြောင်းသတင်းရရှိသည်။

# 7DAY BOOK REVIEW



## အပျော်ဆုံးအချိန်နှင့် ဆေးလောကဇာတ်ခုံပေါ်က လူနာမျိုးစုံဇာတ်လမ်းအပုံပုံ (ဒေါက်တာစိုးလွင်)

ဆေးလောကတွင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသမျှအား ညက်ညောသောအရေးအသားများဖြင့်ပြန်လည်ဖောက်သည်ချရေးသားတင်ဆက်တတ်သည့် သားဖွားမီးယပ်အထူးကုဆရာဝန်ဒေါက်တာစိုးလွင်က အပျော်ဆုံးအချိန်နှင့် ဆေးလောကဇာတ်ခုံပေါ်က လူမျိုးစုံဇာတ်လမ်းအဖုံဖုံ စာအုပ်အားရေးသားဖြန့်ချိလိုက်ပြီဖြစ်သည်။

ကျောင်းဆရာတစ်ဦး၊ ဆရာဝန်တစ်ဦး၊ စာရေးဆရာတစ်ဦးဟုကိုယ်တိုင်မှတ်ချက်ပေးလေ့ရှိသည့်ဒေါက်တာစိုးလွင်ကယခုစာအုပ်တွင်လည်းယခင်စာအုပ်များကဲ့သို့ပင် လူနာနှင့် ဆရာဝန်များအကြား တွေ့ကြုံရသည့် အဖြစ်အပျက်များ၊တပည့်နှင့်ဆရာအကြား တွေ့ကြုံရသည့် အဖြစ်အပျက်များအား စာရေးဆရာ အတတ်ပညာဖြင့် ယခုစာအုပ်ကို ရေးဖွဲ့ထားသည်။

"အသံလှိုင်းမို့ အန္တရာယ်မရှိရဲရဲရိုက်ပါဘိ" ဝတ္ထုတိုလေးတွင် အာထရာဆောင်းရိုက်ခြင်းအား ရှေးလူကြီးများ အထင်အမြင် လွဲနေပုံကို ဟာသဆန်ဆန်လေး ရေးပြထားသည်။

"တစ်ဖန်မျက်လှည့်ပမာဘဝသံသရာ" ဝတ္ထုတိုလေးတွင်မူပင်ပန်းသော်လည်း ဆရာဝန်အလုပ်ကိုစွဲစွဲမြဲမြဲလုပ်နေသည့် ဆရာဝန်တစ်ဦး၏အကြောင်းများ. .

နောက်ဆုံးနှစ်ဆေးကျောင်းသားလေးများစာမေးပွဲဖြေဆိုရာတွင်မည်းမည်းမည်းမည့်ပါရမီဖြည့်ပေးတတ်သည့် လူနာများအကြောင်းကိုလည်း "ချစ်စရာကောင်းသည့် ထိုလူနာ" ဝတ္ထုတိုလေးဖြင့် ရေးဖွဲ့ပြထားသည်။

စာအုပ်တွင် ဂွဇင်း၊ ဂျာနယ်များ ပါဝင်ခဲ့သော ဝတ္ထုတို ၂၇ ပုဒ် ပါဝင်သည်။ စာအုပ်ကိုစိုးဇင်စာပေက ထုတ်ဝေဖြန့်ချိပြီး တန်ဖိုးမှာ ၃,၀၀၀ ကျပ်ဖြစ်သည်။



## ပြည်သူပါဝင်သော မြစ်ဝကျွန်းပေါ်စစ်ဆင်ရေးများ (သောင်းဝေဦး)

မြန်မာနိုင်ငံ၏ အဓိက စပါးကျီဖြစ်သောမြစ်ဝကျွန်းပေါ်ဒေသသည်ယခင်က ရောင်စုံသူပုန်များဖြစ်သည့် KNU,KNDO,ဗကပ အစရှိသည့်သောင်းကျန်းသူများ ခိုအောင်းရာ နေရာဖြစ်ခဲ့သည်ဆိုသည်မှာ ယခုလက်ရှိအချိန်နှင့် နှိုင်းယှဉ်ကြည့်ပါက ယုံနိုင်ဖွယ်ပင်မရှိချေ။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေ သတွင် လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်း လွတ်လပ်ရေးနှင့် အတူလက်ဆောင်ရရှိခဲ့သည့်သောင်းကျန်းသူများမှာ ကရင်သောင်းကျန်းသူများ၊အလံဖြူကွန်မြူနစ်များ၊ အလံနီကွန်မြူနစ်များအပြင် ရဲဘော်ဖြူ၊နီ၊ဝါ၊ အစရှိသည့် ရောင်စုံရဲဘော်များလည်း အနှစ် ၂၀ ကျော် ကျင်လည်ကျက်စားခဲ့ သည်။

ထိုသောင်းကျန်းသူများ အားနိုင်ငံတော်အစိုးရမှ မိုးဟိန်းစစ်ဆင်ရေး၊ ရွှေလင်းယုန်စစ်ဆင်ရေး၊ တိုင်းလုံးအောင်စစ်ဆင်ရေး၊ဧရာမင်းစစ်ဆင်ရေး၊ထော်ပိုင်စစ်ဆင်ရေးအစရှိသည့် စစ်ဆင်ရေးကြီးများဖြင့်အနှစ် ၂၀ ကျော်မင်းမူခဲ့သည့် သောင်းကျန်းသူများအား အမြစ်ဖြတ်ချေမှုန်းနိုင်ခဲ့သည်။

အဆိုပါစစ်ဆင်ရေးများအကြောင်းအား တပ်မတော်အကြောင်း စာပေများ ရေးသားလျက်ရှိသည့် စာရေးဆရာ သောင်းဝေဦး (ဗိုလ်မှူးကြီး သောင်းဝေ)ကပြည်သူပါဝင်သော မြစ်ဝကျွန်းပေါ်စစ်ဆင်ရေးများဆိုသည့် စာအုပ်တစ်အုပ် ရေးသားထုတ်ဝေကာ နှောင်းလူများအား ယင်းစစ်ဆင်ရေးများအကြောင်းအား သိရှိစေခဲ့သည်။ စာရေးသူက စာအုပ်တွင် ယခင်ရေးသားနေကျ စစ်သားဘဝ အမှတ်တရများ စာအုပ်များကဲ့သို့ ဝတ္ထုသဖွယ်ရေးသားထားခြင်းမဟုတ်ဘဲဖြစ်ပွားခဲ့ပုံများအား ပြန်လည်ပြောပြသည့်ပုံစံဖြင့်ရေးသားထားသဖြင့်ဖတ်ရှုရသည်မှာ အနည်းငယ်လေးလံသော်လည်း ဗဟုသုတရဖွယ်စာအုပ်တစ်အုပ်ဖြစ်သည်။ မြရတနာစာပေကထုတ်ဝေဖြန့်ချိပြီး ရောင်းဈေးမှာ ၂,၀၀၀ ကျပ်ဖြစ်သည်။

# Knowledge ဗဟုသုတ

## ဟာဝိုင်အီရေလွှာလှိုင်းစီး နည်းသစ်

နှစ်ပေါင်းများစွာကြာအောင် တိမ်မြုပ်ပျောက်ကွယ်နေသော ဟာဝိုင်အီအားကစားတစ်မျိုးဖြစ်သည့် လှော်တက်ဖြင့် ရေလွှာလှိုင်းစီး အားကစားနည်းမှာ အဆန်းသစ်ဆုံးနည်းတစ်ခုအဖြစ် ပြန်လည်ပေါ်ပေါက်လာပြီဖြစ်သည်။ ရေပေါ်ပေါ်နိုင်သည့်ဘုတ်ပြားပေါ် တွင်မတ်တပ်ရပ်ကာလှော်တက်ဖြင့်စီးရသည့် Stand-up Paddling ခေါ် Paddle Surfing လုပ်ရာ၌ အလျား ၃ မီတာမှ ၄ မီတာရှည်လျားရှိ ကျယ်ပြန့်ပြီးပုံမှန်ထက်ထူထဲသော အရွယ်လွန်ဘုတ်ပြားကို အသုံးပြုပြီး လှော်တက်ဖြင့်ဟန်ချက်ညီအောင် ပြုလုပ်ကာစီးရခြင်းဖြစ်သည်။

ကျွမ်းကျင်သူများက လှိုင်းလုံးကြီးများကြားတွင် စီးနိုင်သော်လည်း သင်ယူခါစအဆင့်ရှိသူများက ရေငြိမ်သောမြစ်များ၊ ရေကန်များ၊ ရေအိုင်ကြီးများတွင်စီးရသည်ကိုသဘောတွေ့ကြသည်။ ကင်မရွန်းဒိုင်ယာ့ဇ်၊ ကိတ်ဟတ်ဆန်နှင့် လန့်စ်အမ်းစထရောင်းကဲ့သို့သော နာမည်ကျော်များကလှော်တက်သုံးရေလွှာလှိုင်းစီးခြင်းကိုပြုလုပ်ပြီးဖြစ်သည်ဟုဆိုသည်။ SUP သည် ဟာဝိုင်အီမှကယ်လီဖိုးနီးယားသို့ လျင်မြန်စွာပျံ့နှံ့သွားခဲ့ပြီး ကမ်းခြေများတွင် တစ်ဦးချင်း၊ အဖွဲ့လိုက်ပြုလုပ်လာကြကာ ဩစတြေးလျ၊ နယူးဇီလန်နှင့်တောင်အာဖရိကတစ်လွှားတွင်ကျယ်စွာပြုလုပ်လာကြပြီဖြစ်သည်။ *—Source:Reader's Digest*

# တစ်ပတ်တာကံကြမ္မာ

ဇူလိုင် ၁၃ ရက် မှ ၁၉ ရက် အထိ

### ARIES မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

အကြံအစည်သစ်များအောင်မြင်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ငွေကြေးကံ၊ လာဘ်လာဘကံကောင်းမည်။ ဦးတည်ချက်သစ်နှင့် စနစ်တကျ ဆောင်ရွက်သောကိစ္စများမှ ထင်ရှားသောအောင်မြင်မှုများဖြစ်ထွန်းမည်။ အလုပ်နေရာ၊ နေအိမ်နေရာအပြောင်းအလဲများရှိမည်။ အတတ်ပညာနှင့်ပတ်သက်သည့် အောင်မြင်မှုများရရှိမည်။ ပညာရှာသူများ ထူးခြားစွာအောင်မြင်မှုရရှိမည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

ရန်အတိုက်အခံများကိုကျော်လွှားပြီး တိုးတက်မှုများဖန်တီးနိုင်မည်။ အရပ်ဝေးနှင့်ဆက်သွယ်ပြီး လုပ်သောကိစ္စများ အောင်မြင်မည်။ လူမျိုးခြားအကျိုးပေးမည်။ ငွေကြေးကိစ္စ၊ စီးပွားကိစ္စများတွင် ပြောဆိုအောင်မြင်မည်။ လက်လွှန်ထားသည်များပြန်ရမည်။ ခရီးသွားရန်ကြံစည်ထားပါက အောင်မြင်မည်။ ပြည်ပခရီးကြုံမည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

အဘက်ဘက်မှတိုးတက်သောအနေအထားရှိမည်။ ရည်မှန်းချက်အောင်မည်။ မူလအခြေအနေမှ ပိုမိုမြင့်မားသောအနေအထားသို့ရောက်ရှိမည်။ အလုပ်ကံကောင်းမည်။ ငွေကြေးလာဘ်ပွင့်မည်။ ကာလအတန်ကြာ ခက်ခက်ခဲခဲလုပ်ထားသည်များမှ ထူးခြားသောအောင်မြင်မှုကိုရရှိမည်။ ရန်အတိုက်အခံများ မနာလိုသူများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ ပညာတိုးတက်မည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

ပြောင်းလဲခြင်းနှင့်တိုးတက်မည်။ အခက်အခဲအားလုံးကိုကျော်လွှားနိုင်မည်။ ရည်မှန်းချက်အသစ်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ ရည်မှန်းချက်အသစ်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ လူမျိုးခြားနှင့်ဆက်ဆံ၍ ကောင်းသောအကျိုးဆက်များရရှိမည်။ ကိုယ်တိုင်တွင်လည်းကောင်း မိသားစုတွင်လည်းကောင်း တိုင်းတစ်ပါးနှင့်ပတ်သက်၍ အကျိုးထူးများရရှိမည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

အရာရာအဆင်ပြေမည်။ အခက်အခဲများကျော်လွှားနိုင်မည်။ လူမျိုးခြားအကျိုးပေးမည်။ အရပ်ဝေးနှင့်ဆက်စပ်လုပ်ကိုင်သောကိစ္စများမှ ထူးခြားသောအကျိုးဆက်များရရှိမည်။ ငွေကြေးကိစ္စပြောဆိုအောင်မြင်မည်။ မူလက လုပ်ဆောင်ခြင်းမရှိသေးသော အလုပ်သစ်၊ စီးပွားသစ်များ ဆောင်ရွက်အောင်မြင်ဖြစ်ထွန်းစေမည်။ မေတ္တာရေးကံကောင်းမည်။ အလှူမင်္ဂလာကိစ္စများဆောင်ရွက်ရမည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

အဘက်ဘက်မှတိုးတက်မည်။ ရည်မှန်းချက်များ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်။ ငွေကြေးစီးပွားရေးရာတွင် အလိုရှိသလောက်အောင်မြင်မည်။ မူလဆုံးဖြတ်ထားသောလမ်းကြောင်းနှင့်မတူသောဆုံးဖြတ်ချက်များဖြင့် မြင့်မားသောအောင်မြင်မှုများရရှိမည်။ လုပ်ငန်းခွင်ရှိသူများ ဝင်ငွေ၊ ရာထူးအဆင့်တိုးတက်မည်။ လူမျိုးခြားများနှင့် တိုက်ရိုက်လုပ်ကိုင်၍အောင်မြင်မှုများရရှိမည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

ငွေကုန်ကြေးကျများမည်။ တစ်ခုထက်ပိုသောလုပ်ငန်းများကို တစ်ပြိုင်နက်တည်း လုပ်ကိုင်ရခြင်းကြုံမည်။ ကိုယ်ရေးကိုယ်တာကိစ္စထက် တစ်ပါးသူရေးရာကိစ္စများ လိုက်လံဆောင်ရွက်ရခြင်းကြုံမည်။ မိဘအကြီးအကဲ ကျန်းမာရေးချူချာမည်။ အသုံးစရိတ်ကြီးမြင့်ခြင်း၊ အကုန်အကျများခြင်းများရှိမည်။ ပေါ့ပေါ့တန်တန်ဆောင်ရွက်ခြင်းကြောင့် ပညာရေး(သို့မဟုတ်)လုပ်ငန်းပိုင်း အခွင့်ကောင်းများလက်လွတ်မည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

အနှောင့်အယှက်၊ အတိုက်အခံများရှိမည်။ စိတ်အနှောင့်အယှက်များရှိမည်။ ဦးတည်ဖြတ်သန်းရာလမ်းကြောင်းတစ်လျှောက် တစ်ပါးသူအပေါ် ယုံစားခြင်းများမရှိသင့်။ အခက်အခဲများကြုံတတ်သည်။ ကိုယ်တိုင်ကလည်း တစ်ပါးသူကို လွယ်လွယ်နှင့် ကတိမပေးသင့်။ အရှုပ်အထွေးများမည်။ လူမှုရေး၊ အိမ်တွင်းရေးပဋိပက္ခများရှိမည်။ မောင်နှမသားချင်းများ၏ အမှုအခင်းပြဿနာများကြုံတွေ့ရမည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

စိတ်ချမ်းသာစရာများနှင့် ပျော်ရွှင်ဖွယ်ရာများကြုံမည်။ အခက်အခဲများကိုကျော်လွှားနိုင်မည်။ အတိုက်အခံကြားမှ တိုးတက်မည်။ မေတ္တာရေးကံကောင်းမည်။ အရွယ်ရောက်သောသူများ အိမ်ထောင်ရေး၊ မေတ္တာရေးရာများကို စနစ်တကျဆုံးဖြတ်နိုင်သည်။ မိသားစုအတွင်း အလှူကိစ္စများကြုံမည်။ ရပ်ဝေးသို့ရောက်နေသောသူများထံမှ ကောင်းသတင်းစကားများ ကြားသိရမည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

အပြောင်းအလဲနှင့်တိုးတက်မည်။ လူမျိုးခြားအကျိုးပေးမည်။ ရပ်ဝေးနှင့်ဆက်စပ်ပြီး လုပ်သောကိစ္စများမှ ထူးခြားသောတိုးတက်မှုရမည်။ လုပ်ငန်းခွင်ရှိသူများ အပြောင်းအလဲပေါ်ထွန်းမည်။ ကိုယ်တိုင် နေရာပြောင်းခြင်း၊ ကိုယ်နှင့်ဆက်ဆံသောသူများ အပြောင်းအလဲကြုံတွေ့ရမည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများ အဆက်အသွယ်သစ်များ၊ လုပ်ငန်းအကြံအစည်သစ်များ တိုးတက်မှုရှိမည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

အဘက်ဘက်မှကောင်းမည်။ ရည်မှန်းချက်အောင်မြင်မည်။ ငွေကြေးဥစ္စာတိုးပွားမည်။ အခက်အခဲအားလုံးကိုကျော်လွှား၍ မိမိလိုလားချက်များအား အကောင်အထည်ဖော်နိုင်မည်။ အတတ်ပညာနှင့်ပတ်သက်သောဆောင်ရွက်မှုများအောင်မြင်မည်။ မိသားစုစီးပွားရေးတိုးတက်မည်။ ရပ်ဝေးနှင့် လုပ်ငန်းလုပ်သူများ အလိုပြည့်မည်။ ငွေကြေးကံကောင်းမည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

ကျန်းမာရေးအထူးဂရုစိုက်ရမည်။ ရန်အတိုက်အခံများနှင့်ယှဉ်ပြီး လုပ်ငန်းများလုပ်ရမည်။ အလွယ်တကူဖြစ်ခြင်းမရှိ။ ရုတ်တရက်ပေါ်ပေါက်လာသော အနေအထားတို့ကို အသုံးချ၍ ဘဝအောင်မြင်မှုများကို အခိုင်အမာဖန်တီးနိုင်မည်။ ကြိုတင်ရည်မှန်းထားသည်နှင့် လက်တွေ့ဖြစ်ပေါ်မှုကွာဟနေမည်။ ပျိုရွယ်သောသူများ မေတ္တာရေးအလွန်ကောင်း၍ အိမ်ထောင်ကျကိန်းအထိကြုံနိုင်သည်။

7 DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

# စနစ်တစ်ခုပျက်ယွင်းချိန်

**ကြည်နေဝင်းမင်း**



**အေသင်မြို့၊ ဂရိနိုင်ငံ။**

လွန်ခဲ့သည့် ရက်သတ္တပတ်ကအေသင်မြို့ အိုမိုနီွင်အာရင်ပြင်နောက်ကွယ်ရှိ အိုးမဲ့အိမ်မဲ့များစောင့်ရှောက်ရေးစင်တာတွင် လူအများအပြားမြွေလိမ်မြွေကောက်တန်းစီနေကြသည်။ နေ့စဉ်နေ့တိုင်းပင် နေ့လယ်ထမင်းစားချိန်တွင် လူတန်းကြီးမှာ လမ်းမပေါ်အထိ အန်ကျနေသည်။ အငြိမ်းစားများ၊ အလုပ်လက်မဲ့များ၊ ကလေးတွဲလောင်းနှင့် မိခင်များ၊ အခြားနိုင်ငံမှလာရောက်နေထိုင်သူများသည် ဘုရားရှိခိုးကျောင်းမှလူများ သူတို့လက်ထဲသို့ စားစရာတစ်စုံတစ်ခု ထည့်ပေးလိုက်မည့်အချိန်ကို စောင့်ဆိုင်းနေကြသည်။

ထို့နေ့တွင် ဂျော်ဂျီယက်လီဗီဒိုဂျန်းနစ်(၃၈ နှစ်) တစ်ယောက်ပေါင်မုန့် သုံးချပ်၊ ဒိန်ချဉ်နှစ်ဘူး၊ သုံးဘူး၊ ဟင်းသီးဟင်းရွက်နှင့် အာလူးနှင့် ပဲစေ့အချို့ရလိုက်ပါသည်။ လီဗီဒိုဂျန်းနစ် ဤနေရာသို့ပုံမှန်လာနေသည်မှာ ကိုးလရှိပြီဖြစ်သည်။ “အသက်ရှင်ဖို့လေ” ဟုသူကပြောပါသည်။

လီဗီဒိုဂျန်းနစ်သည် အေသင်လေဆိပ် လုံခြုံရေးဌာနတွင် ၇ နှစ်ကြာ အလုပ်လုပ်ခဲ့ပါသည်။ သူမချမ်းသာပါ။ သို့သော်အဆင်ပြေသည်။ ၂၀၀၉ ခုနှစ်က အလုပ်ဖြုတ်ခံရချိန်အထိ အဆင်ပြေနေခဲ့သည်။ လောလောဆယ်တွင်လည်း သူ၏ ဆင်းရဲမွဲတေမှုမှာ မြင်သာထင်သာ မရှိသေး။ သန့်ရှင်းသော ရုပ်အင်္ကျီ၊ ဘောင်းဘီရှည် ပြောင်ပြောင်လက်လက်နှင့် သစ်လွင်ပုံပေါက်နေသော အိတ်တစ်လုံးလွယ်ထားသည်။ သူစိတ်ခိုင်ခိုင်ထားဖို့ အားထုတ်ပါသည်။ သို့သော် သူစကားပြောချိန်တွင်တော့ မျက်လုံးအိမ်တွင် မျက်ရည်များပြည့်လာသည်။ “ငါ့မှာအလုပ်သာရှိရင် ဒါမျိုးငါဘယ်တော့မှမလုပ်ဘူး”လက်ထဲတွင်ပိုက်ဆံတစ်ပြားမှမရှိ၊ ကြက်ခြေနီစင်တာတွင်အိပ်၊ ဘုရားကျောင်းမှာ စားရင်း လီဗီဒိုဂျန်းနစ်တစ်ယောက် ထူးခြားလာမည့် အချိန်တစ်ချိန်ကို အိပ်မက်မက်နေသည်။ လုပ်စရာအလုပ်ရှိမည့်အချိန်ကိုအိပ်မက်မက်နေသည်။

“မင်းမှာ အဆက်မသွယ်မရှိရင် ဘယ်သူမှ မင်းကို အလုပ်မခန့်ဘူး။ အခြေအနေက ပိုတောင်ဆိုးလာသေးတယ်”လီဗီဒိုဂျန်းနစ်ကပြောပြသည်။

အိုမိုနိုင်အာ ရင်ပြင်စင်တာအပါအဝင် ဂရိနိုင်ငံ၏ ဘုရားကျောင်းများရှိရာ ခရိုင်ဒေသ ၄၀၀ နီးပါးတွင် ဆင်းရဲသားများအတွက် အစားအစာဝေငှနေသည်။ “လိုအပ်ချက်ရှိတဲ့လူတွေတစ်နေ့တခြား ပိုပိုများလာတယ်။ ဒီပြဿနာဘယ်တော့အဆုံးသတ်မလဲဆိုတာတောင် ငါတို့မသိဘူး” ဟူ၍ဘုရားကျောင်းတွင် ကူညီလုပ်ကိုင်ပေးနေသူ တစ်ဦးကပြောသည်။

တကယ်တော့ ပြဿနာမှာ အဆုံးသတ်ဖွယ် မရှိပေ။ လွန်ခဲ့သည့် ဗုဒ္ဓဟူးနေ့ကပင် ဂရိပါလီမန်က ခြိုးခြံချွေတာရေး အစီအစဉ်တစ်ရပ်ကို ပွတ်ကာသီကာမဲအသာဖြင့် ဆိုရှယ်လစ်များအတွက် အတည်ပြုပေးခဲ့သည်။ ပြင်းထန်သောကန့်ကွက်မှုများကြားမှ အတည်ပြုပေးလိုက်ခြင်းဖြစ်သည်။ ဥရောပသမဂ္ဂနှင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ထံမှ အရေးပေါ်ချေးငွေများ ရရှိရန် လမ်းခင်းပေးလိုက်ခြင်းလည်းဖြစ်သည်။ ယူရို ၁၂ ဘီလီယံ ချေးငွေသာမရရှိပါက ဂရိနိုင်ငံသည် ရက်သတ္တပတ်နှစ်ပတ်အတွင်း ဒေဝါလီခံရတော့မည်ဖြစ်သည်။

နိုင်ငံ၏ အတိုက်အခံ ကွန်ဆာဗေးတစ်များ ကြိုးစားခဲ့သလိုယင်းခြိုးခြံချွေတာရေး အစီအစဉ်ကိုသာ တော်ပီဒိုဖြင့် ပစ်ချလိုက်ပါက ဂရိနိုင်ငံသည် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လိုက်သလို ဖြစ်သွားလိမ့်မည်ဟု ဂရိဗဟိုဘဏ်ဥက္ကဋ္ဌ ဂျော့ပရိုဗိုပိုးလော့စ်က ယုံကြည်ပါသည်။ ဂရိနိုင်ငံသည် နှာခေါင်းဝအထိ ရေမြုပ်နေပြီး လူထုထံမှလည်း ထပ်မံ၍ လည်ပင်းမညှစ်နိုင်တော့ဟုလည်း ပရိုဗိုပိုးလော့စ်က ယုံကြည်နေပါသည်။ “လက်ရှိကြုံတွေ့နေရသည့် ပြဿနာများအားရှောင်လွှဲနိုင်မည့်ပေါ်လစီများကို အကောင်အထည်ဖော်နိုင်ရန် (လက်ရှိလူမှုရေးနှင့် နိုင်ငံရေး) စနစ်ကျဆုံးမှုမှာ သံသယရှိစရာမလိုကြောင်း” ၎င်းကမှတ်ချက်ပေးပြီး “အတိတ်၏အမှားများအတွက် ပေးဆပ်နေရကြောင်း” ဗဟိုဘဏ်ဥက္ကဋ္ဌကပြောပါသည်။

အရေးပေါ်ချေးငွေများကြောင့် ဂရိနိုင်ငံ၊ ဥရောပသမဂ္ဂနှင့် ယူရိုငွေကြေးအတွက် အချိန်ဝယ်ယူထားသလို ဖြစ်နေသော်လည်း ဥရောပသမဂ္ဂသည် ဂရိနိုင်ငံကို ကယ်တင်နိုင်မည့် အလားအလာမရှိပေ။

လွန်ခဲ့သော ဆယ်စုနှစ်များတွင် ဂရိနိုင်ငံအား ပါပန်ဒရူး၊ ကာ ရာမန်းလစ်၊ မစ်တိုတားတစ်မိသားစုကြီးများကသာ ချုပ်ကိုင်ခဲ့သည်။ အထောက်အပံ့ပေး စီးပွားရေးစနစ်ကို ထူထောင်သည်။ အစိုးရက မပိုင်ဆိုင်သော ဒေါ်လာဘီလီယံပေါင်းများစွာကို ဆွေမျိုးညာတိများနှင့် မိတ်သင်္ဂဟများကို ပုံအော၍ပေးခဲ့သည်။ နိုင်ငံ၏ အုပ်ချုပ်ရေးလူတန်းစားအား ဖောင်းပွအောင်လုပ်ခဲ့သော အကျိုးဆက်အဖြစ် ဗျူရိုကရက်တစ်ဘီလူးကြီးကို ဖန်တီးခဲ့သည်။ နိုင်ငံရေးပါတီများ၏ စီးပွားရေးလုပ်ကိုင်မှုဆိုသည်မှာ ပေါ်လစီထက် မျက်နှာသာပေးမှုသာ ဖြစ်သည်။ အစိုးရရန်ပုံငွေများကို လက်လှမ်းမီသူမှန်သမျှ သူငယ်ချင်းမိတ်ဆွေများနှင့် မဲပေးမည့်သူများကို ဝယ်ယူခဲ့သည်။ ၎င်းတို့က ပါတီနှင့် နိုင်ငံရေးအာဏာ ချုပ်ကိုင်ထားသူမိသားစုကြီးများကို တစ်ဖန်ပြန်၍ကျေးဇူးပြုကြသည်။ ဂရိနိုင်ငံ၏ ဒီမိုကရေစီမှာ မြေရှင်ပဒေသရာဇ်ခေတ်ဒီမိုကရေစီသာ ဖြစ်သည်။

ဂရိနိုင်ငံတွင် နေထိုင်သူ လူဦးရေ တစ်ဆယ့်တစ်သန်းသာ ရှိပါသည်။ သံလွင်ပင်များ၊ ပြာလွင်သောကောင်းကင်နှင့် အပန်းဖြေကမ်းခြေများသာရှိသည့် ဥရောပအစွန်အဖျားဆင်းရဲသည့် နိုင်ငံလေးဖြစ်သည်။ သို့သော်နိုင်ငံရေးပါတီများက နိုင်ငံအား ဝိုင်းအုံ၍လှီးဖြတ်ကြသလို နိုင်ငံသားများကလည်း သူတို့အတွက် ရသလောက် ယူကြသည်။ ချမ်းသာသူများက ဒေါ်လာဘီလီယံနှင့်ချီ၍ အခွန်တိမ်းရှောင်ကြသည်။ ဆင်းရဲသားများက စားပွဲအောက်ပေးငွေဖြင့် အလုပ်ဖြစ်ခဲ့ကြသည်။ အစိုးရဝန်ထမ်းများကလည်း လာဘ်ပေးလာဘ်ယူလုပ်ရန် အမြဲတမ်းတံခါးဖွင့်ထားခဲ့သည်။

ယခုအခါတွင် ဝန်ကြီးချုပ် ဂျော်ဂျီးယက်ပါပန်ဒရူးက ၎င်း၏ဖခင်ကူညီဖန်တီးခဲ့သည့် ယင်းအမွေဆိုးစနစ်ကြီးကို ဆက်ခံ၍ ပြုပြင်ရပါတော့မည်။ အကြီးအကျယ် ပြောင်းလဲမှုများကို ကိုင်တွယ်ရတော့မည်။ “ငါတို့ပြောင်းရင်ပြောင်း၊ မပြောင်းရင်တော့ စုံးစုံးမြုပ်တော့မယ်” ဟု ဂရိဝန်ကြီးချုပ်က ပြောပါသည်။ ဆယ်စုနှစ်ပေါင်းများစွာမှားယွင်းခဲ့သည်များကို ပါပန်ဒရူးတစ်ယောက် ကောင်းကောင်း သဘောပေါက်ပါသည်။

ဂရိနိုင်ငံတွင် ပါပန်းဒရူးကဲ့သို့လူမျိုးအုပ်ချုပ်နေသည်မှာ အီးယူအတွက် ကံကောင်းသည်ဟုဆိုရပါမည်။ သို့သော်ပါပန်ဒရူးအတွက်မူ ကံမကောင်းပါ။ နိုင်ငံအား ကယ်တင်ရန်အတွက် ၎င်းကဲ့သို့ အထက်တန်းလွှာမိသားစုတွင် မွေးဖွားသူ အတိုက်အခံခေါင်းဆောင်ဆာမာရက်နှင့် ပူးပေါင်းဆောင်ရွက်ရန် တိုးတိုးကြိတ်ကြိတ်ဆွေးနွေးသည်။ ဝန်ကြီးချုပ်နေရာပင် ရလာနိုင်သည်ဟု ကမ်းလှမ်းသည်။ သို့သော် အတိုက်အခံခေါင်းဆောင် ဆာမာရက်က ယင်းကိစ္စကို ဂျာနယ်လစ်များအား အသိပေး၍ ပါပန်ဒရူးနောက်ကျောအား ဓားနှင့်ထိုးသည်။ နိုင်ငံအားပူးပေါင်းအုပ်ချုပ်ရန် ဆာမာရက်က စိတ်မဝင်စားသည်မှာ ထင်ရှားပါသည်။

အီးယူနှင့် ပထမတစ်ကြိမ်သဘောတူညီထားသော ခြိုးခြံချွေတာရေး အစီအစဉ်အရ ဂရိနိုင်ငံသည် နိုင်ငံ၏ ဘတ်ဂျက်လိုငွေအား စုစုပေါင်း ပြည်တွင်းထုတ်ကုန် ဂျီဒီပီ၏ ငါးရာခိုင်နှုန်းလျှော့ချခဲ့သည်။ အစိုးရလခစားများ၏ လစာငွေများ၊ ပင်စင်ခံစားခွင့်များ၊ လူမှုရေးခံစားခွင့်များကိုဖြတ်တောက်ခဲ့သည်။ ခြိုးခြံချွေတာရေး ပေါ်လစီကြောင့် ယမန်နှစ်အတွင်း အလုပ်သမား နှစ်သိန်းအလုပ်ပြုတ်ခဲ့သည်။ ပုဂ္ဂလိကကဏ္ဍ လစာငွေများ ၂၀ ရာခိုင်နှုန်း အထိလျှော့ကျလာသည်။ ယခုနောက်ဆုံး သဘောတူညီချက်အရ အခွန်ရှောင်သူများကို ထိထိရောက်ရောက် အရေးယူမည်ဟု ဆိုသော်လည်း မည်သို့မည်ပုံအရေးယူရမည်ကိုမည်သူကမျှတိတိကျကျမသိ။ ၂၀၁၅ခုနှစ်အရောက်တွင်အစိုးရကအလုပ်အကိုင်တစ်သိန်းခွဲလျှော့ချရမည်ဖြစ်သည်။ နိုင်ငံပိုင်ပစ္စည်းများကိုရောင်းချ၍ ယူရို ၅၀ ဘီလီယံ ရှာဖွေရမည်။ အစိုးရရောင်းချစရာများထဲတွင် ယိုယွင်းပျက်စီးနေပြီဖြစ်သော အိုလံပစ်အားကစားကွင်းများ၊ အဲယားဘတ်စ်လေယာဉ်ကြီးလေးစီးစသည်တို့ပါဝင်သည်။ အပန်းဖြေကမ်းခြေနေရာကောင်းများတော့အစိုးရကပိုင်ဆိုင်ပါသေးသည်။

ဂရိနိုင်ငံ၏ ကျရှုံးမှုကို အုပ်ချုပ်သူလူတန်းစားနိုင်ငံရေးနှင့် ငွေအရင်းအနှီးများကြောင့်ဟု အေသင်တက္ကသိုလ်မှ စီးပွားရေးပါမောက္ခ ဂျော်ဂျီယိုအာဂျစ်ကစ်ကအပြစ်ပုံပါသည်။ ‘ယိုယွင်းနေသောနိုင်ငံတော်ယန္တရား’ ကြောင့်ဟုရောင်းအကောင်းဆုံး စာရေးဆရာ ပီးထရော့စ်က ဆိုပါသည်။ ပြည်သူများကမူ နိုင်ငံရေး အီလစ်များအားလုံးကို ပစ်ပယ်ကြသည်။ မေလက ပြုလုပ်ခဲ့သည့် စစ်တမ်းတွင် ဂရိနိုင်ငံသား ၇၁ ရာခိုင်နှုန်းက အစိုးရအပေါ် အယုံအကြည်မရှိဟုပြန်ကြားကြသည်။ အတိုက်အခံကို မယုံကြည်ဟုဆိုသည်မှာလည်း ၇၆ ရာခိုင်နှုန်းရှိပါသည်။

—Ref: Speigel.de





Alexandre Christie
AC
collection
Available At: CHERRY OO




REALLY USEFUL DIRECTORY!
လုပ်ငန်းရှင်တွေရဲ့ အမှန်တကယ် လိုအပ်ချက်နဲ့ ကိုက်ညီပြီး
နယ်မြို့တွေက လုပ်ငန်းလိပ်စာ(၂)သိန်းကျော်ကို ပထမဦးဆုံးဖော်ပြခဲ့တဲ့လမ်းညွှန်
2011
YANGON
BUSINESS DIRECTORY
ရန်ကုန် စီးပွားရေး လမ်းညွှန်
တကယ် အသုံးတည့်တဲ့ လမ်းညွှန်
Contact us:
Naypyitaw - 067- 21190
Yangon - 01- 372504 ~ 506, Mandalay- 02- 72200
www.myanmarbusinessdirectory.com

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.17 · JULY 14, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) (775)Processor | 55,545 |
| Intel P4 Core 2 Duo 2.93 GHz (E7500) (775)Processor | 91,770 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 96,600 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 153,755 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 245,525 |
| **Motherboard** | |
| MSI G4 1M-P33/P23 (775) Motherboard | 49,105 |
| MSI H55M-E32 (1156) Motherboard | 76,475 |
| MSI P67A-GD55 (B3) (1155) Motherboard | 122,360 |
| ASUS P5G41T-MLX (775) Motherboard | 49,910 |
| ASUS P7H55-MLX (1156) Motherboard | 72,450 |
| ASUS P7H55M/USB3 (775) Motherboard | 96,600 |
| Gigabyte G41MT-S2P (775) Motherboard | 49,910 |
| Gigabyte H55M-S2V (1156) Motherboard | 80,500 |
| **Memory** | |
| 1 GB DDR (400) Kingston Memory | 37,835 |
| 1 GB DDR2 (800) Kingston Memory | 14,490 |
| 2 GB DDR2 (800) Kingston Memory | 23,345 |
| 4 GB DDR3 (1333) Kingston Memory | 29,785 |
| **Harddisk** | |
| 500 GB Seagate SATA | 37,835 |
| 1.5 TB Seagate SATA | 64,400 |
| 2 TB Seagate SATA | 78,085 |
| **PCI Express Card** | |
| MSI N210 1GB DDR3 PCI Express Card | 45,080 |
| MSI NX 8400GS 512MB PCI Express Card | 35,420 |
| MSI R5450 1GB DDR3 PCI Express Card | 44,275 |
| ASUS EAH 5750 Formula 1GB PCI Express Card | 115,115 |
| ASUS EN 430 1GB DDR3 PCI Express Card | 70,840 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 43,470 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 41,055 |
| **Memory Stick** | |
| Memory Stick Toshiba 4 GB | 9,500 |
| Memory Stick Adata 4 GB (C802) | 9,000 |
| Memory Stick Kingston 4 GB | 9,000 |
| Memory Stick HP 4 GB | 9,000 |
| Memory Stick Apacer 4 GB(C903) | 9,500 |
| Memory Stick Adata 8 GB (C003) | 14,000 |
| Memory Stick Adata 8 GB (S101) | 16,000 |
| Memory Stick HP 8 GB (V165W) | 14,000 |
| Memory Stick Imation 16 GB | 22,000 |
| **UPS** | |
| Power Pro (650 VA) | 33,000 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 27,000 |
| Allways (1.2 KVA) | 59,000 |
| Star (650 VA) | 28,980 |
| LNYX (600 VA) | 22,000 |
| Numeric (600 VA) | 30,590 |
| Numeric (1KVA) | 64,400 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 24,300 |
| ASUS DVD Writer (SATA) | 24,955 |
| HP DVD Writer (SATA) | 24,955 |
| **အိတ်ဆောင်တီဗီငှကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဇူလိုင် (၈) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0″ | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1″ | 229,425 |
| **Asus** | |
| Intel Atom 1.66 Ghz 1GB DDR2, 160GB HDD,10.2″ | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6″ | 515,000 |
| **Sony** | |
| Intel Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0″ | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0″ | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဇူလိုင် (၇) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (ယိုးဒယား ကျောက်ဆူး) | တစ်အိတ် | ၄,၈၅၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၂၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၉ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၉၀ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၅၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၂၈၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) အထူ | ၁ ပေနှုန်း | ၃၆၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇူလိုင်(၇) ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၆,၀၀၀-၆,၅၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၆၀၀-၇၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၅၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀-၁,၅၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀- ၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၀၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၁,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၆၀၀-၄,၀၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇူလိုင် (၉) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၉၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၅၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၃,၀၀၀-၃,၅၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀- ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၁၀၀-၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၃,၀၀၀-၆,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၃,၀၀၀-၄,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၂၀၀-၅,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၈၀၀-၂,၃၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၂၀၀-၃,၆၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၆၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၂၀၀-၂,၃၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၄,၅၀၀-၃၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၇၀၀-၂,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၈၀၀-၃,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၈၀၀-၅,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၇၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၂၀၀-၃,၆၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၄,၀၀၀- ၂၆,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |

ဇူလိုင်(၇)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။


## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/အ/သ | ၁၆၀ |
| စူဇူကီး ဝက်ဝွန် R+ | - | ၁၈/၂၈ | ၂၇၀ |
| တောင်းအေ့ ပစ်ကပ် (ပဇင်းခေါင်း) | ၂၀၀၀ | ၁စ/၈၈ | ၂၂၀ |
| စူဇူကီး R- (2Way) | - | ၂၈ | ၁၅၅ |
| တိုယိုတာ (လီမိတက်) | ၈၈ | လ/သ | ၂၃၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၂ | ၉က | ၄၀၀ |
| မတ်ခ်တူး(ခာတ်ဆီ) | ၉၉ | ၄၈ | ၇၇၅ |
| ဆပ် | ၉၇ | ၄၈/၅၈ | ၁၃၀၀ |
| ပါဂျဲရို | ၉၇ | ၅၈ | ၁,၀၂၀ |

ဇူလိုင် (၇) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ဓါတ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | July (2) | July (3) | July (4) | July (5) | July (6) | July (7) | July (8) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |




## Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ **PH: 557448 Ext (856), 09-8034582, 09-73037776**

**ဝန်ဆောင်မှု**

**Dynamic Computer Technical Services**

ကွန်ပျူတာပြုပြင်ခြင်းနှင့် Network ချိတ်ခြင်းများကို စိတ်တိုင်းကျဝန်ဆောင်မှုပေးပါသည်။

**ဖုန်း- ၀၉-၇၃၀၁၂၄၆၉၊ ၇၃၀၆၆၁၉၄**

**ရောင်းမည်**

Network Game ပြန်ဖွင့်နိုင်မည့်ဆိုင်တစ်ဆိုင်စာရောင်းမည်။ ကွန်ပျူတာ ၁၆ စုံပါသည်။ **ဖုန်း-၀၉-၅၁၂၈၇၉၁**

**MAGNETIC Music Training**

DJ သင်တန်းကို မကြာခင်ဖွင့်လှစ်တော့မှာနော်။ ရန်ကုန်က Club တော်တော်များများမှာ DJ လုပ်ဖူးသည့်ဆရာများသင်တန်းပို့ချမည်။ သင်တန်းတစ်ခုကို (၅)ဦးသာ လက်ခံပါသည်။

**ဖုန်း-၀၉-၂၂၂၈၃၈၀၊၀၉-၅၄၁၇၆၅၈**

**ကျက်စာသီးသန့် အိမ်လိုက်သင်သည်**

ဆရာဟန်ထွဋ်(L.L.B) မှ သူငယ်တန်းမှ ၁၀ တန်းထိ (ကျက်စာ) များအား သီးသန့်အိမ်အရောက်သင်ကြားပေးသည်။

**ဖုန်း- ၀၉-၇၃၀၇၉၅၈၆**

**စာသင်ခန်းသုံး ပစ္စည်းများရောင်းမည်**

စာသင်ခန်းသုံးစားပွဲ၊ ကုလားထိုင်၊ Projector, White Board နှင့်စာသင်ခန်းသုံးပစ္စည်းများရောင်းလိုပါသည်။

**ဖုန်း- ၀၁-၂၅၅၂၅၅(မချယ်ရီ)**

**ကားရောင်းမည်**

ဆန်နီပစ်ကက်84 Model 3/7 ထောင်ကျော် ရောင်းရန်ရှိသည်။ အရောင်(အဖြူရောင်)ညှိနှိုင်းဈေး၊

**ဖုန်း- ၀၁-၆၈၉၅၆၀၊ ၅၃၅၁၂**

**IGCSE**

Specification, SAMs, Teacher's Guide, Question and Mark Scheme.

**PH: 09-73146258**

**အမျိုးသမီးသီးသန့်ဘော်ဒါ**

တိုက်သစ်၊ ရေမီးအပြည့်အစုံ၊ တစ်လ ၁၅,၀၀၀ ကျပ်၊ ဒေါင့်ခန်း။ လေကောင်း၊ လေသန့်ရသည်။ **ဖုန်း- ၀၁-၂၉၇၂၃၀**

**ပညာဒါန**

အင်္ဂလိပ်သဒ္ဒါသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း။ ၁၇. ၇. ၁၁ မှ ၁၇. ၁၀. ၁၁ အထိ။ နေ့လယ် ၁ နာရီမှ ၄ နာရီအထိ။

**ဖုန်း- ၀၁-၃၈၁၆၈၀**

**Tr.Phyllis**

Conversation (Basic/Inter), Exam Preparations, Vocab+ Writing **Ph:09 5143165**

**Taxi အလိုရှိသည်**

CNG Taxi(Van) အိမ်ပေးကားသန့်ငှားလိုပါသည်။ ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါရန်။ **ဖုန်း-၀၉ ၅၁၇၃၆၈၅**

**သင်တန်း**

English 4 Skills ၊ တစ်ဦးချင်း၊ အုပ်စုလိုက် နီးနီးဝေးဝေး အိမ်အရောက်သင်ကြားပေးပါသည်။

**ဖုန်း-၀၉ ၄၃၀၆၄၉၇၅**

**ဝန်ဆောင်မှု**

**Equalink Travel & Tours**

ပြည်တွင်း၊ ပြည်ပလေယာဉ်လက်မှတ်များကို ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချပေးခြင်း၊ မြို့တွင်း/ပြင်ကားငှားရမ်းပေးခြင်းများကို ဆောင်ရွက်ပေးပါသည်။

**ဖုန်း- ၂၀၁၉၉၆၊ ၇၁၀၄၂၈**

**ဝန်ဆောင်မှု**

အိမ်၊ ဆိုင်၊ ရုံးများသို့ On call ၊ လချုပ်၊ နှစ်ချုပ်ဖြင့် ကွန်ပျူတာပြုပြင်ပေးပါသည်။ ကွန်ပျူတာပစ္စည်းမျိုးစုံလည်း ဝယ်ယူရရှိနိုင်ပါသည်။

**ဖုန်း-၀၉ ၇၃၁၄၂၉၃၉**

**သင်တန်း**

IGCSE, Maths & Accounting

**ဖုန်း-၀၉ ၅၀၉၇၆၈၀**

ဒေါ်အေးအေးကြည်

**သင်ကြားပေးသည်**

မူလတန်းမှစတုတ္ထတန်းအထိ ဘာသာစုံGuide နှင့် အိမ်လိုက်သင်ပေးသည်။

**ဖုန်း-၀၉ ၇၃၀၄၃၀၀၁၊ ၀၉- ၄၉၂၈၈၆၅၉**

**သင်တန်း**

မြန်မာအက(ကဗျာလွတ်) သင်လိုသူများ၊ K & Q Language & Arts Centre သို့ဆက်သွယ်နိုင်ပါသည်။

**ဖုန်း-၀၉ ၇၃၁၁၂၀၇၅**

**သင်ကြားပေးသည်**

Grade 10,11 အတွက် ဘာသာစုံမိမိကြိုက်နှစ်သက်ရာ ဘာသာများကို Study Guide နှင့် အင်္ဂလိပ်သီးသန့် သင်ကြားပေးပါသည်။

**ဖုန်း-၀၉ ၇၃၀၀၁၈၆၀**

**ကွန်ပျူတာသင်တန်း**

Practical A+ သင်တန်း -၃၅၀၀၀ ကျပ်၊ TLCC Computer Centre၊ သိမ်ဖြူကားမောင်းကွင်းရှေ့။

**ဖုန်း-၀၉ ၅၁၉၆၀၆၇**

**ကွန်ပျူတာပြုပြင်သည်**

Software, System, Network, Virus Clean စသည်တို့ကို အိမ်အရောက်ပြုပြင်ပေးပါသည်။ ၄၅၀၀ကျပ်၊

**ဖုန်း-၀၉ ၇၃၀ ၂၈၁၉၀**

**ရောင်းမည်**

သဃ်န်းကျွန်း၊ ပေ(၉၀×၈၀)၊2RC-5200 ၊ သုဝဏ္ဏ၊ ပေ(၈၀×၇၀) 2RC-4800 ၊

**ဖုန်း-၀၉ ၇၃၁၉၇၀၀၈**

**ရောင်းမည်**

မေတ္တာလမ်းပေ(၂၀×၆၀)2RC-1600၊ ကမာရွတ်၊ မြကန်သာ ပေ(၈၀×၈၀) 2RC-4500

**ဖုန်း-၀၉ ၇၃၁၉၇၀၀၈၊ ၀၉ ၇၃၀၉၄၈၄၅**

**ကွန်ဒိုရောင်းမည်**

၃ လွှာ၊ sqt 2350 အခန်းကျယ်၊ MGW တာဝါ၊ ဗိုလ်အောင်ကျော်လမ်း။

**ဖုန်း- ၀၉-၇၃၀၄၇၀၇၀**

**ကွန်ဒိုငှားမည်**

မြေညီ၊ ကမ္ဘာအေးဗီလာ၊ အခန်းကျယ်၊ ကမ္ဘာအေး၊ မရမ်းကုန်း။

**ဖုန်း- ၀၉-၇၃၀၄၇၀၉၀**

**ဆရာဦးမြင့်သန်း**

B.Sc (Maths.), B.Ed. ၇၊ ၈၊ ၉၊ ၁၀ တန်းများ၊ ထူးချွန်လိုသူများအတွက် သင်္ချာသီးသန့်အထူးဝိုင်းများအိမ်အရောက်သင်ကြားပေးပါသည်။

**ဖုန်း- ၀၉-၇၃၁၆၃၀၄၄**

**ဇီဝဗေဒအထူးသင်သည်**

၅တန်းမှ၁၀ တန်းအထိStudy Guide လုပ်ပေးသည်။ တက္ကသိုလ်ဝင်တန်း (ဇီဝဗေဒ) အထူးသင်သည်။

**ဖုန်း- ၀၁-၅၅၃၉၆၆၊ ၅၄၈၀၃၃**

**ခြံနှင့်အိမ်ရောင်းမည်**

ရခိုင်ပြည်နယ် (သံတွဲမြို့) ဟိုတယ်(သို့)ဘဏ်ဖွင့်ရန်သင့်တော်သည်။ ခြံနဲ့အိမ်ရောင်းမည်။ ဘို့ကုန်းအတက်၊ နေရာကောင်း၊ တိုက်ခံအိမ် ပေ ၄၀× ၅၀ ခြံ၊ ပေ ၉၀×၁၂၀။

**ဖုန်း- ၀၉-၈၀၂၄၅၅၀**

**အိမ်အရောက်သင်သည်**

ကွန်ပျူတာအခြေခံအိမ်အရောက်သင်ကြားပေးသည်။

**ဖုန်း- ၀၉-၅၄၀၃၆၄၂**

**အိမ်ရောင်းမည်**

အမှတ်-၁၉၉၊ စက္ကာဝတ်၄ လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပ။

**ဖုန်း- ၀၉-၅၀၆၇၉၁၆**

**ဆရာမင်းသုန္ဒြ (မန်းတက္ကသိုလ်)**

အဆင့်မြင့်လက္ခဏာနှင့်နက္ခတ်ဗေဒင်ပညာရှင်၊ အခန်း(၂)၊ မဟာဝိဇယဘုရားမြောက်ဘက်မုခ်(တံတားထိပ်)၊

**ဖုန်း-၃၇၅၈၄၅**

**ကားငှားမည်**

အလှူ၊ ဘုရားဖူး၊ ဘွဲ့ယူ၊ ညေ့ခံပွဲအတွက် ရန်ကုန်မြို့တွင်း/မြို့ပြင် (အချိန်ပိုင်း၊ တစ်ညအိပ်) Sunny Pickup/ Town Ace Light Truck.

**ဖုန်း- ၀၉-၅၁၄၈၅၂၄**

**ဘော်ဒါနှင့် နေ့တက်အထူး**

မိဘများ ရင်အေးစရာ(အာမခံဈေးနှုန်းသက်သာဘော်ဒါနှင့် နေ့တက်အထူး) တက္ကသိုလ်ဝင်တန်းအောင်ရန်တာဝန်ယူသည်။ **ဖုန်း- ၀၉-၇၃၀၀၅၉၄၆**

**ဈေးကောင်းပေးဝယ်မည်**

လေအေးပေးစက်(အဲကွန်း)တပတ်ရစ်များ၊ အဟောင်းအပျက်များကို ဈေးကောင်းပေးဝယ်မည်။

**ဖုန်း- ၀၉-၇၃၀၅၈၄၁၂**

**အိမ်အရောက်သင်သည်**

International School မှ KG to Grade 8 အထိ တစ်ဘာသာသော်လည်းကောင်း၊ ဘာသာစုံသော်လည်းကောင်းအိမ်လိုက်သင်သည်။

**ဖုန်း- ၀၉-၇၃၀၀၃၂၉၃**

**အိမ်ရောင်းမည်(ပွဲစားမလို)**

စမ်းချောင်း၊ အောင်ချမ်းသာလမ်း၊ ၂ ထပ်ပျဉ်ထောင်သွပ်မိုး၊ ရေ၊ မီး၊ ဂရန်အမည်ပေါက်၊ အရှေ့လှည့်။

**ဖုန်း- ၀၁-၅၁၄၀၄၈**

**သင်ကြားပေးသည်**

မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ (အခြေခံ)ကောင်းစေရန် သင်္ချာအထူးသင်ကြားပေးသည်။

**ဖုန်း- ၀၉-၄၉၃၁၅၀၄၅**

**ရောင်းမည်**

သောက်ရေသန့်စက်နှင့် ပလတ်စတစ်ဂါလန်ပုံးစက်(မိုအပါအဝင်)

**ဖုန်း-၀၁-၅၂၆၅၅၇**

7 DAY NEWS JOURNAL
Vol.10, No.17 · JULY 14, 2011

## ပြောတော့ရေမှုတ်၊ လုပ်တော့မီးစ

**ဦးဇော်(ဘားအံ)**

ဆင်းရဲဒုက္ခရောက်ခြင်း၊ ဆူပူလှုပ်ရှားထကြွခြင်း၊ နှောင့်ယှက်ဖျက်ဆီးခြင်း၊ စစ်မက် စသည်တို့ ကင်းမဲ့သောအဖြစ်ကိုငြိမ်းချမ်းရေးဟုဆိုသည်။ လူသားအားလုံးကငြိမ်းချမ်းမှုကိုလိုလားတောင့်တကြသည်။ ယခု ၂၁-ရာစုမှာပင် ကုလသမဂ္ဂက ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆော်ဩသည်။ အမေရိကန်နိုင်ငံအပါအဝင် ဥရောပနိုင်ငံများက ကမ္ဘာကြီးငြိမ်းချမ်းဖို့ကြွေးကြော်သည်။ တရုတ်အပါအဝင် အာရှနိုင်ငံများကလည်း ငြိမ်းချမ်းရေးဖြစ်စဉ်ကို အလိုရှိကြောင်း ဆန္ဒဖော်ထုတ်ကြသည်။ ကမ္ဘာ့နိုင်ငံများစွာရှိ ခေါင်းဆောင် များအားလုံးက ငြိမ်းချမ်းရေးအတွက်မျှော်မှန်းဆောင်ရွက်ကြရန်တိုက်တွန်းကြသည်။ သို့ဆိုလျှင် ကမ္ဘာကြီး ငြိမ်းချမ်းနေပြီလား။

၂၀၀၁ ခုနှစ်က စတင်ခဲ့သော အမေရိကန်တို့၏ အာဖဂန်စစ်ပွဲသည် အဆုံးမသတ်နိုင်သေး။ ၂၀၀၃ ခုနှစ် ဘဂ္ဂဒက်စစ်မြေပြင်ကလည်း အကြမ်းဖက်ဗုံးခွဲမှုများဖြင့် စစ်မီးတောက်လောင်နေဆဲ၊ အရှေ့အလယ်ပိုင်းက ပါလက်စတိုင်းနှင့် အစ္စရေးအရေးကိစ္စသည်လည်း လိပ်ခဲတည်းလည်း ဖြစ်နေဆဲ။ အာရပ်ကမ္ဘာနှင့် အာဖရိကနိုင်ငံအချို့မှ နိုင်ငံရေးမတည်ငြိမ်မှုနှင့် ရုန်းရင်းဆန်ခတ်မှုပြဿနာ၊ ထိုင်းနှင့် ကမ္ဘောဒီးယားကဲ့သို့သော နယ်စပ်အမွေအနှစ်ပိုင်ဆိုင်ခြင်း အငြင်းပွားမှုပြဿနာ၊ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီး ပေါ်ပေါက်လာခဲ့သော အာရှအလယ်ပိုင်း နိုင်ငံငယ်လေးများ၏ ရပ်တည်မှုပြဿနာ၊ တောင်တရုတ်ပင်လယ်အတွင်း စပရက်တလေကျွန်းပိုင်ဆိုင်မှု အငြင်းပွားခြင်းပြဿနာ စသည်တို့သည်လည်း ဖြစ်ပေါ်နေဆဲ။ နိုင်ငံအချင်းချင်း လက်နက်အားကိုးဖြင့် တိုက်ခိုက်ခြင်းအဆင့်မဟုတ်သည့်တိုင် ကမ္ဘာကြီး၌ ငြိမ်းချမ်းရေးဟူသောအသံနှင့် ဆန့်ကျင်ဘက်ဖြစ်ရပ်၊ ရလဒ်များကိုသာ မြင်သာထင်ရှားစွာတွေ့မြင်နေကြရသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် စစ်မက်ပြိုင်ဆိုင်ခြင်းကို အားမပေးဟူသော ရည်ရွယ်ချက်များဖြင့် ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များသည် စစ်အေးခေတ်တစ်လျှောက်လုံးတွင်လည်းကောင်း၊ လွန်ခဲ့သော နှစ် ၂၀ အတွင်းတွင်လည်းကောင်း စစ်မီးကို ပိုမိုတောက်လောင်ပေါက်ကွဲစေတတ်သည့် အကြီး၊ အလတ်၊ အငယ်မရွေး အသီးသီး အစားစားသော လက်နက်များလျှော့ချရေး၊ ဖျက်သိမ်းရေး၊ မသုံးစွဲရေး၊ တရားမဝင် ရောင်းဝယ်ဖောက်ကားမှုမပြုရေးနှင့် အားပေးထောက်ကူမှုမပြုရေး စသည်တို့အား စာချုပ်စာတမ်းများ၊ ကတိကဝတ်များ အမျိုးမျိုးရေးထိုးဝန်ခံကြပြီး ကြိုးပမ်းဆောင်ရွက်နေကြသော်ငြား ငြိမ်းချမ်းရေးစစ်စစ်ဆိုသည်ကိုတော့ ကမ္ဘာကြီးတွင် ယနေ့တိုင် မတွေ့ရသေးပေ။ နိုင်ငံရေးနည်းနှင့် ဖြေရှင်း၍မရသော နောက်ဆက်တွဲပြဿနာမျိုး ဖြစ်ပေါ်ပြီဆိုပါက စစ်ဆိုသည်မှာ မဖြစ်မနေရင်ဆိုင်ကြုံတွေ့ရမည်သာဖြစ်သည်။ မိမိ၏ လိုအင်ဆန္ဒများကို အလုံးစုံလိုက်လျှောလာသည်အထိ မိမိ၏ ဆန့်ကျင်ဘက်အပေါ် ပြုကျင့်ရမည့် အကြမ်းဖက်မှုတစ်ရပ်ဟူသော စစ်သမိုင်းပညာရှင်ကလော့စ်ဝိ၏ အဆိုအတိုင်း ယနေ့လူသားများ ကျင့်ကြံနေကြဆဲပါလား။

အမှန်တော့လည်း ကမ္ဘာပေါ်၌ စစ်ပွဲများ၊ ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားနေခြင်းသည် အဆန်းတကြယ်မဟုတ်လှပေ။ ခရစ်တော်မပေါ်မီ နှစ်ပေါင်း များစွာမှ ယနေ့အချိန်ကာလတိုင် ယင်းသို့သော အရေးကိစ္စများကရှိနေခဲ့သည်။ မျက်မှောက်ကာလတွင်မူ ပြဿနာဇစ်မြစ်များသည် စစ်ဖြစ်ရခြင်း အကြောင်းဆိုသည်ထက် တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်မှုအား ပိုမိုပြင်းထန်လာအောင် လှုံ့ဆော်ခြင်း၊ ရှည်ကြာအောင် ပဋိပက္ခကို ပိုမိုရှုပ်ထွေးစေခြင်း၊ အခြားသော အကျိုးစီးပွားနှင့် အမြတ်အစွန်းရရှိလိုမှုအတွက် အသုံးချခံရခြင်း စသည့်အကြောင်းရပ်များက ပိုမိုအရေးပါလာပြီဖြစ်သည်။ ထိုအခါ စစ်ပွဲတစ်ပွဲအဖြစ် အရေးအကြီးဆုံး အကြောင်းအချက်များဖြစ်သည့် မဟာဗျူဟာ၊ နည်းဗျူဟာနှင့် စစ်လက်နက်ပစ္စည်းတို့ကို စိတ်ဝင်စားလာကြရပြန်သည်။ ထို့ကြောင့်လည်း ကမ္ဘာပေါ်၌ စစ်လက်နက်ပစ္စည်းများအား ခေတ်မီအောင် အမျိုးမျိုးဖန်တီးပြုပြင်ထုတ်လုပ်နေသော လက်နက်ကုမ္ပဏီကြီးများ နေရာယူနေကြခြင်းဖြစ်ပါမည်။ ယင်းကုမ္ပဏီကြီးများ ရပ်တည်နေထိုင်ထုတ်လုပ်လျက်ရှိသော ကျောထောက်နောက်ခံပြုထားသည့်နိုင်ငံကြီးများကိုလည်း တွေ့မြင်ကြရပါမည်။ ကုမ္ပဏီကြီးများက နောက်ဆုံးပေါ်လက်နက်များ ထုတ်လုပ်ကြသည်။ ယင်းသို့ထုတ်လုပ်နိုင်ရန်အတွက်လည်းကောင်း၊ အမြတ်အစွန်းနှင့်ရောင်းချနိုင်ရန်အတွက်လည်းကောင်း၊ စမ်းသပ်နိုင်ရန်အတွက်လည်းကောင်း ယင်းကုမ္ပဏီကြီးများ တည်ရှိသည့် နိုင်ငံကြီးများက ၎င်းတို့၏ နိုင်ငံ ခြားရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စစ်ရေးမူဝါဒအမျိုးမျိုးကို ချမှတ်အကောင်အထည်ဖော်ပေးနေကြသည်။ နိုင်ငံအချင်းချင်း လက်နက်ရောင်းဝယ်ဖောက်ကားမှုများကို တရားဝင်ဖြင့် တစ်မျိုး၊ တရားမဝင်ဖြင့် တစ်ဖုံ၊ ဥပဒေမဲ့ဖြင့် တစ်နည်း အမျိုးမျိုးကြံဆောင်လုပ်ကိုင်ခွင့်ပြုထားကြသည်။ ကုလသမဂ္ဂအခြေစိုက်ရာ အမေရိကန်နိုင်ငံတွင် ကမ္ဘာ့အကြီးမားဆုံး လက်နက်ထုတ်လုပ်သည့် လော့ခ်ဟိမာတင်နှင့် ရေသီယွန်ကုမ္ပဏီကြီးများ အခြေစိုက်သည်။ ဥရောပတွင် အမ်ဘီဒီအေ၊ ကွန်းစဘတ်နှင့် ဒါးစ်စော့တ်ကဲ့သို့သော ကုမ္ပဏီကြီးများက စစ်ပစ္စည်းလက်နက်များ ထုတ်လုပ်နေကြသည်။ အံ့ဩဖွယ်ကောင်းလေစွ။ ငြိမ်းချမ်းရေးကိုလိုချင်လှပါသည်ဆိုသော နိုင်ငံခေါင်းဆောင်များနှင့် အစိုးရများ တည်ရှိသည့် အရပ်ဒေသများတွင်ပင် ယင်းသို့သော လက်နက်ကုမ္ပဏီကြီးများက လူအမြောက်အမြားကို သေကြေပျက်စီးစေနိုင်သည့် အမျိုးမျိုးသော စစ်လက်နက်ပစ္စည်းဆန်းများကို ထုတ်လုပ်ခွင့်ရှိနေသည်မှာ ဆန်းကြယ်ပေစွ။

ငြိမ်းချမ်းရေး၊ စစ်ပွဲနှင့် လက်နက်များအကြောင်းကို ယခုကဲ့သို့ အကျယ်ချဲ့ပြောပြနေရသည်မှာ အကြောင်းရှိပါသည်။ ယနေ့ မြန်မာနိုင်ငံတွင် ရည်ရွယ်ချက်အမျိုးမျိုးနှင့် ဆယ်စုနှစ်ခြောက်စုနီးပါး ထကြွသောင်းကျန်းနေသော လက်ကျန် တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူအချို့က တိုက်ခိုက်မှုနှင့်မိုင်းထောင်ဗုံးခွဲဖျက်ဆီးမှုအချို့တို့ကို ဆက်တိုက်ဆိုသလို လုပ်ဆောင်လာလျက်ရှိကြောင်း တွေ့မြင်နေရပါသည်။ အခြားတစ်ဖက်က အစိုးရနှင့် ငြိမ်းချမ်းရေးစကားပြောဆိုသော်ငြား ပြည်သူလူထု သွားလာနေထိုင်ရာအရပ်များတွင် ဗုံးခွဲခြင်း၊ တိုက်ပွဲငယ်များ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်ခြင်း စသည်တို့မှာ ဘာအတွက် ဖြစ်ပေါ်လာရသည်ကို စဉ်းစားသုံးသပ်အဖြေထုတ်ကြည့်ကြရန်လည်း လိုအပ်လာပါသည်။ နိုင်ငံတော်၏ ဒီမိုကရေစီအစိုးရသစ်အနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်လိုသော မည်သည့်လက်နက်ကိုင်နှင့် အဖွဲ့အစည်းမျိုးကိုမဆို ကြိုဆိုညှိနှိုင်း၍ တံခါးဖွင့်ထားကြောင်း အတိအလင်းကြေညာထားပြီးဖြစ်ပါလျက် အချို့ တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူတို့၏ ရုတ်တရက် အကြမ်းဖက်လာမှုများမှာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် အထူးဝမ်းနည်းကြေကွဲဖွယ်ပင်ဖြစ်သည်။ ထို့အပြင် အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံကြီးအချို့၏ စွပ်စွဲထုတ်ပြန်ချက်မှာကား ပို၍ပင်ဆိုးသေးတော့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ငြိမ်းချမ်းစွာတွေ့ဆုံအဖြေရှာခြင်းမပြုဘဲ တစ်ဖက်သတ် ထိုးစစ်ဆင်နေကြောင်း၊ လူနည်းစုတိုင်းရင်းသားများအပေါ် လူမျိုးတုံး သတ်ဖြတ်ခြင်းကို ပြုမူဆောင်ရွက်နေကြောင်း၊ သက်ဆိုင်ရာ ဒေသခံပြည်သူလူထုမှာလည်း စစ်ပြေးဒုက္ခသည်များအဖြစ် တိမ်းရှောင်ထွက်ပြေးနေကြရကြောင်း စသည်ဖြင့် ဝေဖန်ပြောကြားပြီး ငြိမ်းချမ်းရေးကိုသာ အကောင်အထည်ဖော်ဆောင်ရွက်ရန် အထူးတိုက်တွန်းပါကြောင်း အထပ်ထပ်အခါခါ ပြောဆိုဝါဒဖြန့်နေကြလေသည်။

အမှန်ဆိုရလျှင် မြန်မာ့လွတ်လပ်ရေး၏ အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးခဲ့ရသော အဓိကအကြောင်းရင်းများ၌ပင် အင်္ဂလိပ်စစ်ဗိုလ် ကပ္ပတိန်ဗီပြင်နှင့် မေဂျာယမ်းတို့၏ နောက်ကွယ်မှ လက်နက်များ ထောက်ပံ့ခဲ့မှုကို တွေ့မြင်ကြရပါမည်။ ၁၉၄၇ ခုနှစ်၊ မေလတွင် ဂဠုန်ဦးစောသည် ကပ္ပတိန်ဗီပြင်နှင့် တော့တော့ဆိုင်ဆိုင် လက်နက်ကိစ္စ စကားဆိုပြီး ဇွန်လ ၂၄ ရက်အရောက်၌ ဗိုလ်တထောင်လက်နက်တိုက်မှ ဘရင်းသေနတ် အလက် (၂၀၀)၊ ပြောင်းပို(၂၀၀)၊ ကျည်ကတ်(၈၀၀)တို့ကို ထုတ်ယူနိုင်ခဲ့ကာ ယင်းလက်နက်များဖြင့်ပင် ဗိုလ်ချုပ်တို့အား လုပ်ကြံခဲ့ကြခြင်းဖြစ်သည်။ လွန်ခဲ့သောနှစ် ၆၀ ကစ၍ နိုင်ငံတွင်း သောင်းကျန်းမှုစစ်မီးတောက်လောင်ခဲ့သည့်သမိုင်းကိုပြန်လည်ဆန်းစစ်ကြည့်လျှင်လည်း ဒုတိယကမ္ဘာစစ်မှ ကျန်ရှိခဲ့သော အကြွင်းအကျန် စစ်လက်နက်ပစ္စည်းများသည် အဓိက အကြောင်းအချက်တစ်ရပ်ဖြစ်သကဲ့သို့ လွတ်လပ်ရေးရစ နိုင်ငံတော်၏ တိုင်းရင်းသား သွေးစည်းညီညွတ်မှု လုံးဝပြိုကွဲပျက်စီးစေရန်အကြံဖြင့် စစ်လက်နက်ပစ္စည်းသစ်များ ထပ်မံပေးကမ်းထောက်ပံ့ခဲ့သော နယ်ချဲ့နိုင်ငံအချို့၏ လုပ်ရပ်သည်လည်း အရေးပါသောအကြောင်းတစ်ရပ်ဖြစ်သည်။ ထိုမျှသာမက စစ်မီးတောက်လောင်နေသော နှစ် ၆၀ အတွင်း၌လည်း ခေတ်မီလက်နက်ကြီး၊ လက်နက်ငယ်နှင့် စစ်ပစ္စည်းများ၊ ကားဖျက်မိုင်းနှင့် လူသတ်မိုင်းများ၊ စစ်ဝတ်တန်ဆာပလာများကို အထက်ပါ လက်နက်ကုမ္ပဏီကြီးများနှင့် ကျောထောက်နောက်ခံပြုနိုင်ငံကြီးများ၊ လက်နက်မှောင်ခိုသမားများက သောင်းကျန်းသူများထံသို့ နိုင်ငံသယံဇာတများနှင့် လဲလှယ်၍လည်းကောင်း၊ ထောက်ပံ့ပေးကမ်းခြင်းနည်းဖြင့်လည်းကောင်း၊ စမ်းသပ်အသုံးချရန် လက်တွေ့ကွင်းတစ်ခုအဖြစ်လည်းကောင်း ဆက်စပ်ဆောင်ရွက်ပေးပို့ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ယင်းလုပ်ရပ်မျိုးကို ယခုအချိန်တိုင်အောင်လည်း နည်းအမျိုးမျိုးဖြင့် ဆက်လက်ဆောင်ရွက်ပေးကြလျက်ပင် ရှိပါသေးသည်။ အနီးဆုံးဖြစ်စဉ်တစ်ခုကို ဖော်ပြရပါက ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၂ရက်နေ့က ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ United National Federal Council (UNFC) မှ KNLA စစ်ဦးစီးချုပ် မူတူးစေးဖိုးထံသို့ အမ်-၁၆ (၇၀) လက်၊ ကျည် ၄၂၀၀ တောင့်၊ အမ်-၇၉ (၂၅)လက်၊ ဗုံးသီး ၃၅၀ လုံး၊ အေကေ-၄၇ (၇၂)လက်နှင့် ကျည် (၂၇၀)တောင့်ပေးပို့ခဲ့ကြောင်း နယ်စပ်သတင်းရပ်ကွက်မှတစ်ဆင့်သိရှိရသည်။ အလားတူပင် ဇွန်လ ၂၃ရက်နေ့ကလည်း အမေရိကန်နိုင်ငံသား မစ္စတာလူးဝစ်နှင့် မစ္စတာဘုရှ်တို့က စူကိုထိုင်းမှတစ်ဆင့် မဲစရီယန်းမြို့ရှိ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ရုံးသို့ အမ်-၁၆ အေဝမ်း (၅၅)လက်၊ အမ်-၁၆ အေ-၁၄ (၃၅)လက်၊ အမ်-၁၆ အေအာ-၁၈ (၁၈၀)လက်၊ အေကေ-၄၇ (၃၀) လက်၊ အိတ်ချ်ကေ-၄၁၆ (၃၀)လက်၊ အိတ်ချ်ကေ ဂျီ-၄၁ စက်က လေး (၂၀) လက်နှင့် ဇက်အမ်-အယ်လ်အေ-၃၀၀ (၂၀)လက်၊ စုစုပေါင်းလက်နက် (၃၇၀) လက်အား ပေးပို့ထောက်ပံ့ခဲ့ကြောင်းသိရှိရပြန်သည်။ နယ်စပ်သောင်းကျန်းသူများနှင့် အကြမ်းဖက်သမားများထံသို့ တစ်ဖက်လှည့်အကူအညီဖြင့် ရောက်ရှိလာသော ဤလက်နက်များနှင့် မိမိတို့မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းဖို့ဆိုသည်မှာ မည်သို့ဖြစ်နိုင်မည်နည်း။ ငြိမ်းချမ်းရေးကိုသာ အလို ရှိပါကြောင်း တစ်စိုက်မတ်မတ်အသံပြုတောင်းဆိုပေးနေသော နိုင်ငံတကာ အပါအဝင် ပုဂ္ဂိုလ်အလုံးစုံအနေဖြင့်ယင်းသို့သောဖြစ်စဉ်များအတွက် မည်သို့တားဆီးဆောင်ရွက်ပေးကြပါမည်နည်း။

ငြိမ်းချမ်းရေးဟူသောအသံသည် လူသားအားလုံးအတွက် နားဝင်ချိုစေလှသကဲ့သို့ အမှန်တကယ်ရရှိလာအောင် ကြိုးစားဆောင်ရွက်နိုင်လျှင် နတ်လူအပေါင်း သာဓုခေါ်နိုင်သည့်လုပ်ငန်းစဉ်ကြီးဖြစ်သည်။ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန်အတွက် စိတ်ကူးယဉ်၍ မရသလို ရိုးသားပွင့်လင်းမှုမရှိသော၊ လက် တွေ့မကျသော၊ စိတ်ရင်းစေတနာမှန်မပါသော အပေါ်ယံကြွေးကြော်မှု အပြောဖြင့် မရရှိနိုင်ပေ။ ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံကြီးများနှင့် ခေါင်းဆောင်များ အနေဖြင့် မည်သို့သော လက်နက်ဖျက်သိမ်းရေး၊ ထိန်းချုပ်ရေး၊ မပြန့်ပွားရေးတို့ကိုဆောင်ရွက်နေပါသည်ပြောစေကာမူ တစ်ဖက်၌ မိမိအကျိုးစီးပွားအတွက်၊ မဟာဗျူဟာအတွက်၊ နိုင်ငံရေးအမြတ်ထုတ်လိုမှုအတွက်၊ စစ်ရေးအသာစီးရလိုမှုတို့အတွက် ကမ္ဘာ့လက်နက်ကုမ္ပဏီကြီးများနှင့် လက်နက်ရောင်းဝယ်ဖောက်ကားမှု၊ မိမိ မလိုလားသော အစိုးရတစ်ရပ်အား ဆန့်ကျင်နေသော သူပုန်သူကန်တို့အား နောက်ကွယ်မှ လက်နက်ခဲယမ်းထောက်ပံ့ပေးကမ်းမှုများကို မစွန့်လွှတ်နိုင်သေးသမျှ ကာလပတ်လုံး ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဒေသငြိမ်းချမ်းရေး၊ နိုင်ငံတစ်ခု၏ ငြိမ်းချမ်းရေးဆိုသည်တို့ကတော့ အလှမ်းဝေးနေဦးမည်သာဖြစ်ပါကြောင်း သုံးသပ်ရေးသားလိုက်ရပေသည်။

## စီအင်န်ဂျီအိုးများ ကြံ့ခိုင်မှု ပိုမိုစစ်ဆေးမည်

**မေဝင်းမွန်**

ရန်ကုန်၊ ဇူလိုင် - ၆

သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များတွင် အသုံးပြုလျက်ရှိသည့်စီအင်န်ဂျီအိုးများမှာအသုံးပြုမှုသက်တမ်း ၁၅ နှစ်သာ အာမခံချက်ရှိသဖြင့် လုံခြုံစိတ်ချစွာအသုံးပြုနိုင်ရေးအတွက် နှစ်ပတ်လည်စစ်ဆေးမှုအပြင် ငါးနှစ်တစ်ကြိမ် စီအင်န်ဂျီအိုးကြံ့ခိုင်မှု စစ်ဆေးမှုကို မကြာမီ အကောင်အထည်ဖော်မည်ဖြစ်ကြောင်းစီအင်န်ဂျီဌာနမှ သိရသည်။


စီအင်န်ဂျီအိုးများကိုသာကေတ ကမ်းလွန်အခြေစိုက်စခန်း၊ စီအင်န်ဂျီအလုပ်ရုံအနီးတွင် တည်ဆောက်ထားသော ကွန်ပျူတာစနစ်အသုံးပြု ကိုရီးယားနည်းပညာ ဓာတ်ငွေ့အိုးဖိအားစစ်ဆေးသည့် စက်ရုံတွင်စစ်ဆေးသွားမည်ဖြစ်ပြီး ယင်းစက်ရုံမှာ လက်ရှိတွင် စမ်းသပ်လည်ပတ်မှု ပြီးစီးပြီဖြစ်သော်လည်း၊ ဓာတ်ငွေ့အိုးစစ်ဆေးခများအတွက် စီစဉ်ဆောင် ရွက်နေဆဲဖြစ်သည်ဟုသိရသည်။

စီအင်န်ဂျီမော်တော်ယာဉ်များ၏ သက်တမ်းကုန်ဆုံးရက်ကို တစ်နှစ်သတ်မှတ်ထားပြီး စီအင်န်ဂျီ မော်တော်ယာဉ်များကို နှစ်စဉ်သက်တမ်းတိုး ဆောင်ရွက်ပေးလျက်ရှိသည်။

ဓာတ်ငွေ့ဝယ်ယူခွင့်စာအုပ်အား တစ်နှစ်တစ်ကြိမ်ယာဉ်နှစ်ပတ်လည်ယာဉ်ကြံ့ခိုင်မှုသတ်မှတ်ဓာတ်ငွေ့အိုး၊ အိုးပိုတပ်ဆင်ထားမှုရှိမရှိ စစ်ဆေးခြင်းပြီးမှ လဲလှယ်ထုတ်ပေးခြင်းဖြစ်သည်။

လက်ရှိတွင်ရန်ကုန်မြို့တွင်း သဘာဝဓာတ်ငွေ့(စီအင်န်ဂျီ) အသုံးပြုယာဉ်စီးရေမှာ ၂၆,၅၄၈ စီးရှိပြီး စီအင်န်ဂျီယာဉ်အဖြစ် ထပ်မံပြောင်းလဲပေးခြင်းမရှိသော်လည်း ယာဉ်လိုင်းများမှ နုတ်ထွက်သွားသည့်ယာဉ်များအစား စီအင်န်ဂျီသုံးစွဲခွင့်များ ပြုလုပ်ပေးလျက်ရှိသည်ဟု သိရသည်။





Environment

7 DAY NEWS JOURNAL

Vol.10, No.17 • JULY 14, 2011

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပိုမိုပီပြင်လာရန် မျှော်လင့်နေ

အိဖြူမွန်

ရန်ကုန်၊ ဇူလိုင် – ၉

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက်ဆောင်ရွက်မည့်လုပ်ငန်းရှစ်ရပ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုပါ ထည့်သွင်းထားကြောင်း၊ ထိန်းသိမ်းရေး အသက်ဝင်လာမှုရှိလာရန်မျှော်လင့်ကြောင်း ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသင်းအဖွဲ့အချို့နှင့် ပတ်ဝန်းကျင်ချစ်သူများက ဆိုသည်။

“ဆင်းရဲမွဲတေမှုနဲ့ သဘာဝပတ်ဝန်းကျင်ဆက်စပ်မှုကို ဝန်ခံလိုက်တဲ့ သဘောပဲ။ အခုလို လုပ်ငန်းစဉ်ရှစ်ရပ်ထဲမှာ ထည့်သွင်းလိုက်တာကို သဘာဝပတ်ဝန်းကျင်ချစ်တဲ့သူအတွက် ဝမ်းသာစရာတစ်ခုပဲ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးက အစိုးရကပါမှ ပိုအသက်ဝင်လာတာပေါ့။ အသက်ဝင်လာအောင် လုပ်ဖို့လည်းလိုတယ်”ဟု မန္တလေးမြို့ရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ ဦးဆောင်သူတစ်ဦးကပြောသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်ရှစ်ရပ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထည့်သွင်းထားသော်လည်း မူဝါဒရေးရာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေထွက်ရှိမှု မရှိသေးကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းအဖွဲ့အချို့ကပြောသည်။

“သမ္မတကြီးကိုယ်တိုင်က ဦးဆောင်ပြီး လုပ်မယ်ဆိုရင်တော့ လမ်းကြောင်းကောင်းမယ့်သဘောပေါ့။ အခုကက လူတွေအန္တရာယ်ကင်းတဲ့ဥပဒေ၊ သဘာဝပတ်ဝန်းကျင် အထိခိုက်တဲ့ဥပဒေကတော့ အခုထိ မထွက်သေးဘူး။ စက်မှုဇုန်နဲ့ပတ်သက်တဲ့ဥပဒေ၊ စီမံကိန်းကြီးတစ်ခုပေါ်လာရင် မဖြစ်မနေလုပ်ရတဲ့ EIA (Environmental Impact Assagement)မူဝါဒ၊ ပြီး ရင် Capacity buildings လိုတာတွေ အများကြီးပဲ။ သဘာဝပတ်ဝန်းကျင်ဆိုတာ ရေရှည်လုပ်ရမယ့်လုပ်ငန်းတစ်ခု၊ အကျိုးအမြတ်အမြန်ပေါ်လာမယ့် စီးပွားရေးလုပ်ငန်းနဲ့မတူဘူး။ နောက်တစ်ခုက ဆေးမြီးတိုနဲ့ကုသနေလို့လည်း မရဘူး။ ပြည်တွင်းမှာ ရှိနေတဲ့ ပညာရှင်တွေသာမက ပြည်ပက ပညာရှင်တွေနဲ့ပူးပေါင်းပြီး သေချာအစီအစဉ်တွေ ချရမယ်” ဟု သစ်တောသယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း(ဖရီဒါ)မှ ဒုတိယဥက္ကဋ္ဌဦးအုန်းက ပြောကြားသည်။

နိုင်ငံတော်သမ္မတက ကျမ်းသစ္စာကျိန်ဆိုပွဲအပြီး မိန့်ခွန်းတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်ကို ထည့်သွင်းပြောကြားပြီးသည့်နောက် (National Green Program) တစ်နိုင်ငံလုံး သစ်ပင်များ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်သန်း ၃၀ စိုက်ပျိုးရန် သစ်တောရေးရာဝန်ကြီးဌာနသို့ တစ်ဆင့်ညွှန်ကြားထားသည်။

ယင်းညွှန်ကြားချက်များ ထုတ်ပြန်ပြီးနောက် သဘာဝဘေးအန္တရာယ်အများဆုံးခံရသော ကမ်းရိုးတန်းတစ်လျှောက် ဒီရေတောစိုက်ပျိုးရန် အချက်အလက်များ ကောက်ယူခဲ့သည်။ ဆင်းရဲနွမ်းပါးမှုလျှော့ကျရေး လုပ်ငန်းစဉ်များတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထည့်သွင်းခဲ့သည်နှင့်ပတ်သက်၍ သစ်တောဝန်ထမ်းတစ်ဦးက “အမှန်အတိုင်းပြောရရင်ဆင်းရဲတဲ့လူတွေကသစ်တောကိုကိုယ်ပိုင်သုံးတာကလွဲရင် စီးပွားဖြစ်မခုတ်ဘူး။ပြန်းတီးအောင် မလုပ်ဘူး။ စီးပွားရေးသမားတွေဝင်လာတာပဲ။ သစ်တောဝန်ထမ်းစလုပ်ခါစက ငွေဆောင်တောင်ပေါ်တွေနဲ့ပတ်သက်ပြီး လေ့လာရေးဆင်းရတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီတုန်းက ငွေဆောင်တောတွေမှာ ရာဘာစိုက်ဖို့အတွက် စိုက်သင့်၊ မစိုက်သင့် ပုသိမ်က သစ်တောဦးစီးဌာနက လေ့လာရတာ။ အဲဒီတုန်းက အဲဒီတောတွေမှာ ကျားတို့ဘာတို့ရှိသေးတယ်။ တောတိုးရင် ကျားရန်ကြောက်ရတယ်။ အဲဒီတုန်းက လေ့လာပြီးပြန်လာတော့သက်ဆိုင်ရာတိုင်းမှူးဆီ စာတင်ပြရတယ်။ မလုပ်သင့်ဘူးလို့ ထင်တာပေါ့။ ဒါပေမဲ့ တင်တာပဲ အဖတ်တင်ပါတယ်။

အခုလိုမျိုး သဘာဝပတ်ဝန်းကျင်တို့၊ ရာသီဥတုဖောက်ပြန်မှုတို့ ဆိုတာလည်း ခေတ်မစားသေးဘူး။ အခုလိုမျိုး လွတ်လွတ်လပ်လပ်ပြောခွင့်ရသလို အထက်လူကြီးကလည်း ထောက်ခံမယ်ဆိုရင်တော့ လုပ်ရကိုင်ရတာအဆင်ပြေတယ်။ အခုတော့ ရယ်စရာပြောရရင် အဲဒီရာဘာစိုက်မယ်ဆိုတဲ့ကုမ္ပဏီကိုကျေးဇူးတင်ရမလိုပဲ။ ကျားရန် ကြောက်စရာမလိုတော့လို့။ သစ်ရိပ်ဝါးရိပ်လည်းသိပ်မတွေ့ရတော့ဘူး” ဟု ပြောသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ အကောင်အထည်ဖော်ပါက ရေရှည်ထုတ်ယူသုံးစွဲနိုင်သော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းသည့် နည်းလမ်းကို ထည့်သွင်းစဉ်းစားသင့်ကြောင်း ပြောကြားသည်။



## သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု ကာကွယ်ရေးနှင့် သက်ဆိုင်သော ဥပဒေ စည်းမျဉ်းစည်းကမ်းများ မရှိသေး

နေလင်းထွန်း

ရန်ကုန်၊ ဇူလိုင်–၁

မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများရှိနေသော်လည်း ၎င်းနှင့်ပတ်သက်သည့်ဥပဒေ (သို့မဟုတ်) စည်းမျဉ်းစည်းကမ်းဆိုင်ရာထုတ်ပြန်ချက်မှတ်ထားခြင်းမရှိသေးကြောင်း အမှတ် (၂) စက်မှုဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။

လေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ မော်တော်ယာဉ်များနှင့်စက်ရုံများမှ ဓာတ်ငွေ့ထုတ်လွှင့်မှု၊ အသံဆူညံညစ်ညမ်းမှုနှင့်ပတ်သက်၍ မော်တော်ယာဉ်များနှင့် စက်ရုံ၊ အလုပ်ရုံများမှ ဆူညံသံများ၊ ရေထုနှင့်မြေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ နေအိမ်များမှ စွန့်ပစ်အမှိုက်များ၊ ပြည်သူပိုင်နှင့် ပုဂ္ဂလိကလုပ်ငန်းများ၏ စက္ကူစက်ရုံ၊ အထည်စက်ရုံ၊ အချိုရည်နှင့် ယမကာစက်ရုံများကဲ့သို့စက်ရုံအလုပ်ရုံများမှစွန့်ပစ်အမှိုက်များ၊ ရေဆိုးများနှင့် ဆေးရုံများမှ စွန့်ပစ်အမှိုက်များ၊ ရေဆိုးများသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လျက်ရှိကြောင်းသိရသည်။

အထက်ပါ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများ၏ ပမာဏကို ထုတ်ပြန်ဖော်ပြခြင်းမရှိသေးသကဲ့သို့ လေထု၊ ရေထု၊ မြေထုနှင့်အသံညစ်ညမ်းမှုတို့ကို တရားဥပဒေဖြင့်သော်လည်းကောင်း၊ စည်းမျဉ်းစည်းကမ်းဖော်ပြခြင်းဖြင့်လည်းကောင်းထိန်းချုပ်နိုင်ခြင်းမရှိသေးကြောင်းမြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွင် ကျင်းပခဲ့သည့်အလုပ်ရုံဆွေးနွေးပွဲတစ်ခု၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက စာတမ်းဖော်ကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် အဖွဲ့အစည်းနှင့်လုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာ တာဝန်ရှိမှုများကို တားမြစ်ရန်အတွက် တိကျသေချာသည့် အနက်ဖွင့်ဆိုချက်များ မရှိသေးကြောင်း ယင်း၏စာတမ်းတွင် ဖော်ပြထားသည်။


## ငှက်ဓာတ်ပုံပြပွဲနှင့်တွဲဖက်ကာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဟောပြောပွဲပြုလုပ်

ရန်ကုန်–ဇူလိုင်၈

မြန်မာနိုင်ငံဒေသအနှံ့တွင်ကျက်စားသောငှက်မျိုးစိတ်ပေါင်း၁၀၀နီးပါး၏ပုံများကိုပြပွဲအဖြစ်ပြသသွားမည်ဖြစ်ပြီး ယင်းပြပွဲနှင့်အတူသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များ၏ဟောပြောပွဲများကို ဇူလိုင်လ၁၁ ရက်မှစတင်ကာ ၃ရက်ကြာပြုလုပ်ခဲ့သည်။

အဆိုပါ ဓာတ်ပုံပြပွဲကိုဇူလိုင်လ ၁၁၊ ၁၂ ၁၃ရက်များတွင်နံနက်၁၀နာရီ မှညနေ၆နာရီ၃၀မိနစ်အထိ ပြသကာ ပြပွဲကာလအတွင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များဖြစ်သော ဆရာမဂျူး၊ဆရာအော်ပီကျယ်နှင့်အခြားသောပညာရှင်များကသဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးဆိုင်ရာအကြောင်းအရာများကိုဟောပြောဆွေးနွေးခဲ့သည်။ ပြပွဲတွင် ဓာတ်ပုံနှင့်ငှက်ပညာရှင် ၅ ဦးဖြစ်သော ဦးစိုးညွှန့်၊ ဦးကျော်မျိုးနိုင်၊ဦးဇေမောင်သိန်း၊ဦးသိန်းအောင်နှင့် ဦးသက်ဇော်နိုင်တို့ရိုက်ကူးထားသည့် ငှက်ဓာတ်ပုံပေါင်း၁၀၀ကျော်ကို ပြသခဲ့သည်။ ပြပွဲ တွင်ပြသသည့်ငှက်ဓာတ်ပုံများ၌ မြန်မာနိုင်ငံတွင်ကချင်ပြည်နယ် မြောက်ဖျားပိုင်းပေတစ်သောင်းကျော်၌သာတွေ့နိုင်သော ငှက်မျိုးစိတ်များ၏ပုံများရိုက်ကူးရန် ခက်ခဲသောအခါကဲ့သို့ငှက်များ၏ပုံများအပြင်ပေါ်များစွာတွေ့ရှိရသောငှက်မျိုးစိတ်များ၏ပုံများကိုပြသခဲ့ကြောင်း သိရသည်။

အဆိုပါဓာတ်ပုံပြပွဲနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဟောပြောပွဲများကို Shoe Gallery ဖိနပ်



**မြန်မာနိုင်ငံမှ ဖုန်ကန်ရာဇီဒေသတွင် တွေ့ရှိရသည့် ငှက်မျိုးစိတ်တစ်မျိုး** ဓာတ်ပုံ – အင်တာနက်

အမှတ်တံဆိပ်နှင့်မြန်မာငှက်နှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးအသင်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

Environment Cartoon





Tourism
7DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

# ကမ္ဘာလှည့်ခရီးသည်တင်ယာဉ်ငှားရမ်းခ ဈေးတက်မည်

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် - ၉**

ပုဂံနှင့် မန္တလေးရှိ ကမ္ဘာလှည့်ခရီးသည်များအားပို့ဆောင်ပေးနေသောယာဉ်ကြီးများ၏ ငှားရမ်းခဈေးနှုန်းအား အောက်တိုဘာလမှစ၍ ၃၀ ရာခိုင်နှုန်းခန့် ဈေးတက်မည်ဖြစ်ကြောင်း ကုမ္ပဏီများထဲမှ သတင်းရရှိသည်။

"လမ်းတံတားကြေးနဲ့မကိုက်တော့လို့ ကားခကို ဈေးတက်ရတာပါ"ဟု ယာဉ်ငှားရမ်းခတက်ရခြင်းနှင့်ပတ်သက်၍ ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ထို့ကြောင့် ယခုရက်ပိုင်းထိ ၁၈ ယောက်စီး ကားတစ်စီး၏ တစ်နေ့ ငှားရမ်းအသုံးပြုခမှာ ကျပ်ခုနစ်သောင်းခန့်သာရှိသော်လည်း အောက်တိုဘာလတွင် ကျပ်တစ်သိန်းခန့် ကျသင့်တော့မည်ဖြစ်သည်။

ထို့အပြင် ပုဂံဒေသရှိ ကားကြီးများ၏ ငှားရမ်းခကိုလည်း လာမည့်အောက်တိုဘာလမှစ၍ ၁၂ ရာခိုင်နှုန်းထိ တိုးမြှင့်ရန်အစီအစဉ်ရှိကြောင်း ပုဂံဒေသခံ ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများက ဆိုသည်။

"ကားအသစ်တွေ ဝယ်ရတော့ ရင်းနှီးမြှုပ်နှံရတဲ့ငွေပမာဏက များသွားတဲ့အတွက် ကားကြီးတွေက ၁၂ ရာခိုင်နှုန်း၊ ကားလေးတွေက ၁၀ ရာခိုင်နှုန်း တက်လိုက်ကြတယ်"ဟု ပုဂံဒေသခံတစ်ဦးက ပြောသည်။

လာမည့် ခရီးသွားရာသီအတွက် ရန်ကုန်မြို့ရှိ ဟိုတယ်အခန်းခများမှာ ဈေးတက်လာခဲ့ပြီး၊ ကားခများပါ ထပ်မံ ဈေးတက်လာသဖြင့် ခရီးကုမ္ပဏီများ ခရီးစဉ်ရောင်းချရန် ခက်ခဲနေကြကြောင်းသတင်းရရှိသည်။



## ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ အကြံပြုချက်များ ဖိတ်ခေါ်

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် - ၉**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သော အကြံပြုစာနှင့် အကြံပြုစကားများပေးပို့ရန် ဖိတ်ခေါ်ကြောင်း သတင်းရရှိသည်။

အကြံပြုစာနှင့် အကြံပြုစကား ပေးပို့မည့်သူများအနေဖြင့် ဝန်ကြီးရုံးဖုန်းနံပါတ်နှင့် ဖက်စ်နံပါတ်များသို့ ပေးပို့နိုင်ပြီး အီးမေးလ်က တစ်ဆင့်ပေးပို့လိုပါက mo.moht@mptmail.net.mm နှင့် mohtmail@gmail.com သို့လည်း ပေးပို့နိုင်သည်။

"အကြံပြုစာတွေဖိတ်ခေါ်တာကောင်းပါတယ်။ လောလောဆယ် ဂိတ်ဝင်ပေါက်၊ ထွက်ပေါက်ကိစ္စလေးကို ပြေလည်အောင်ရှင်းပေးရင် လောလောဆယ်အဆင်ပြေသွားနိုင်တယ်"ဟု ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက အကြံပြုပြောဆိုသည်။

ယခင်ဝန်ကြီးလက်ထက်ကလည်း ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ဧည့်သည်များ၏ အကြံပြုစာများအား ဝန်ကြီးဌာနသို့ ပေးပို့ရန် တောင်းခံခဲ့သည်။

## ဧည့်လမ်းညွှန်များ လိုက်နာစောင့်ထိန်းရမည့် စည်းကမ်းချက်များ ထုတ်ပြန်

**နေလင်းအောင်**

**ရန်ကုန်၊**

**ဇွန် - ၃၀**

ဧည့်လမ်းညွှန်များ လိုက်နာရမည့် စည်းကမ်းချက်အသစ်များနှင့် ဧည့်လမ်းညွှန်များ စောင့်ထိန်းရမည့်ကျင့်ဝတ်များ၊ ကမ္ဘာလှည့်ခရီးသည်များနှင့်ပတ်သက်၍ သိရှိလိုက်နာရမည့်အချက်များကိုဇွန်လကုန်ပိုင်းတွင် သက်ဆိုင်ရာက ထုတ်ပြန်လိုက်ကြောင်း သတင်းရရှိသည်။

ယခုထုတ်ပြန်သော စည်းကမ်းချက်များမှာ ယခင်ရှိခဲ့သော စည်းကမ်းချက်များအပြင် စည်းကမ်းချက်အသစ်အချို့ ထပ်မံပါဝင်လာကြောင်း ဝါရင့်အမျိုးသမီးပြင်သစ်ဧည့်လမ်းညွှန်တစ်ဦးက ပြောကြားသည်။ အဆိုပါ စည်းကမ်းချက်များအား ဇွန်လ ကုန်ပိုင်းတွင် ထုတ်ပြန်ခဲ့ပြီး ဧည့်လမ်းညွှန်များအားလုံးသို့ အသိပေးပြီးဖြစ်သည်ဟုဆိုသည်။ ပူးတွဲထုတ်ပြန်သည့် ဧည့်လမ်းညွှန်ကျင့်ဝတ်များတွင် အချက်စုစုပေါင်း ၁၃ ချက်ပါရှိသည်။

ထိုစည်းကမ်းချက်များတွင်ကျင့်ဝတ်နှင့်အကျင့်စာရိတ္တ၊ ငွေကြေးဆိုင်ရာကိစ္စရပ်များ၊ နယ်မြေစည်းကမ်းများ၊ ဒေသန္တရဧည့်လမ်းညွှန်ဆိုင်ရာ စည်းကမ်းများစသည်တို့ ပါဝင်ပြီး ခေါင်းစဉ်တစ်ခုစီအား အသေးစိတ်ရှင်းလင်းမှုများ ထည့်သွင်းထုတ်ပြန်ထားသည်။


ယင်းစည်းကမ်းချက်များထဲတွင် ယခင်က ဧည့်လမ်းညွှန်များအားပြစ်ဒဏ်ချမှတ်ရာတွင် Myanmar Tourism Board အဖွဲ့မှ ချမှတ်သည့်အစား မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း MTGA မှ ပြောင်းလဲချမှတ်ရန် ဖော်ပြပါရှိကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒီအချက်က ဝန်ကြီးနဲ့တွေ့ပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်တို့အဖွဲ့ကိုလွှဲပေးဖို့ လမ်းညွှန်လို့ဖြစ်လာတာပါ။ အဓိကက ကျွန်တော်တို့က ပြစ်ဒဏ်နဲ့ပတ်သက်လို့ အရေးယူစရာရှိလာရင် ဂိုက်တွေရဲ့ အခွင့်အရေး၊ သူတို့အကျိုး စီးပွားကိုတော့ ငဲ့ညှာရမှာပါ"ဟု MTGA အဖွဲ့မှ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဦးသန်းထွန်းဦးကပြောသည်။

ထိုအချက်အပြင်ယခင်ကမပါဝင်သော'အသင်းဝင်များအနေဖြင့် နိုင်ငံတော် အကြည်ညိုပျက်စေမည့် အပြောအဆို၊ အရေးအသားများပြုလုပ်ခြင်းရှောင်ကြဉ်ရမည်' ဟူသော အချက်ပါဝင်လာကြောင်း သိရသည်။

"ဒီကျင့်ဝတ်တွေနဲ့ပတ်သက်ပြီး ရေးဖို့လုပ်တာက ဝန်ကြီးပြောတဲ့အကြံကို MTB နဲ့ ကျွန်တော်တို့ MTGA က ဧည့်လမ်းညွှန်တွေတိုင်ပင်ပြီးတော့ရေးထားတာပါ။ ကျင့်ဝတ်ဆိုတော့ ပြဋ္ဌာန်းတာတွေရှိတယ်ဆိုတာလောက်ပါပဲ။ ဒီကျင့်ဝတ်အတိုင်း စောင့်ထိန်း၊ မထိန်းကတော့ တစ်ယောက်ချင်းပေါ်ပဲ မူတည်ပါတယ်"ဟု ဦးသန်းထွန်းဦးကပြောသည်။



7 DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011























7DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

## နှစ်နိုင်ငံ အငြင်းပွားမှုများရှိသော်လည်း တရုတ်နိုင်ငံသို့ ဖိလစ်ပိုင်သမ္မတ သွားရောက်မည်

**မနီလာ၊ ဇူလိုင် – ၆**

တောင်တရုတ်ပင်လယ်အတွင်း ကျွန်းစုများ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အငြင်းပွားမှုများပေါ်ပေါက်နေသော်လည်း ဖိလစ်ပိုင်သမ္မတ ဘီနစ်နိုအကွီနိုသည် ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ အလည်အပတ်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။



သမ္မတ အကွီနိုက ၎င်းသည် တရုတ်ပြည်ခရီးစဉ်အတွင်း ပင်လယ်ရေပိုင်နက် အငြင်းပွားမှုများကို ဖြေရှင်းရန်ကြိုးစားသွားမည်ဟု ဆိုသည်။

မနီလာမြို့တော်တွင်သတင်းထောက်များအားအကွီနိုက "ခရီးစဉ်က ဒီနှစ်အတွင်း ဖြစ်မှာပါ။ လူတိုင်းနဲ့ ပြောဆိုဆွေးနွေးနိုင်ဖို့က ကျွန်တော့်အတွက် အရေးကြီးပါတယ်။ ကျွန်တော်တို့သဘောတူညီချက်တစ်ခုရရှိနိုင်မှာပါ" ဟု တရုတ်ခရီးစဉ်ကိုရည်ညွှန်းပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးကလည်း ၎င်းသည် သမ္မတ၏ တရုတ်ပြည်ခရီးစဉ်အတွက် ပြင်ဆင်နိုင်ရန် တရုတ်သို့ မကြာမီ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း၊ သို့သော် နေ့ရက်အချိန် မသတ်မှတ်ရသေးကြောင်း ပြောသည်။ ဖိလစ်ပိုင်နှင့် တရုတ်တို့အပြင် ဘရူနိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ ထိုင်ပေတို့သည် တောင်တရုတ်ပင်လယ်အတွင်း စပရက်လီကျွန်းစုများ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အငြင်းပွားနေကြသည်။

*—Ref: AFP*



## ထိုင်းရွေးကောက်ပွဲတွင် ပြူထိုင်းပါတီအနိုင်ရမှုကို ကမ္ဘောဒီးယားဝန်ကြီးချုပ် ကြိုဆို

**ကန်ဒယ်လ်၊ ဇူလိုင် – ၆**

ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်သည် မကြာမီက ထိုင်းရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော ပြူထိုင်းပါတီအား ဂုဏ်ယူဝမ်းမြောက်ကြောင်းထုတ်ဖော်ချီးကျူးခဲ့ပြီး ထိုင်းအစိုးရသစ်သည် နှစ်နိုင်ငံနယ်စပ်ပြဿနာအား ငြိမ်းချမ်းစွာဖြေရှင်းနိုင်မည်ဟုယုံကြည်ကြောင်း ပြောကြားလိုက်သည်။ ဝန်ကြီးချုပ်ဟွန်ဆန်၏ ကြေညာချက်၌ "ပြူထိုင်းပါတီရဲ့ ဝန်ကြီးချုပ်လောင်း မစ္စယင်လက်ခ်ရှင်နာဝပ်ထရာအတွက်ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ကျွန်တော်ပေးပို့ခဲ့ပါတယ်။ ဒ့ါအပြင် ထိုင်းရွေးကောက်ပွဲမှာ ပါဝင်ခဲ့တဲ့ ပါတီတွေ ကရလဒ်တွေကို အသိအမှတ်ပြုခဲ့တဲ့အတွက် ကောင်းသော ရွေးကောက်ပွဲတစ်ရပ်အဖြစ်ချီးကျူးလိုပါတယ်။ ကမ္ဘောဒီးယားဟာ ပြူထိုင်းပါတီဦးဆောင်တဲ့ ထိုင်းညွှန့်ပေါင်းအစိုးရနဲ့ လက်တွဲသွားဖို့ ပြင်ဆင်ထားပါတယ်" ဟုဖော်ပြခဲ့သည်။

ထို့ပြင် ၎င်းက နှစ်နိုင်ငံနယ်စပ်ပြဿနာများကိုလည်း ငြိမ်းချမ်းစွာဖြေရှင်းနိုင်မည်ဟု မျှော်လင့်ကြောင်းဆိုသည်။ ကမ္ဘောဒီးယားနှင့် ထိုင်းတို့သည် ပရီဗီဟာဘုရားကျောင်းအနီး နယ်စပ်မြေပိုင်ဆိုင်မှုဖြင့် နယ်စပ်တွင်အပြန်အလှန်ပစ်ခတ်မှုများ မကြာခဏဖြစ်ပွားလျက်ရှိသည်။ ယင်လက်ခ်ဦးဆောင်သော ပြူထိုင်းပါတီသည် တနင်္ဂနွေနေ့ရွေးကောက်ပွဲတွင်ပါလီမန်အမတ်နေရာ ၅၀၀ မှ ၂၆၈ နေရာကိုအနိုင်ရရှိခဲ့သည်။

*—Ref: AFP*



## စင်ကာပူတွင် ငွေပေးချေရေးကတ်များ အသုံးပြုမှု များလာ

**စင်ကာပူ၊ ဇူလိုင် – ၆**

စင်ကာပူနိုင်ငံသားများသည် ခရက်ဒစ်ကတ်ကဲ့သို့သော ငွေပေးချေရေးကတ်များကို အသုံးပြုမှုပိုမိုများပြားလာကြောင်း ဘိဇနတ်တိုင်းမ်သတင်းက ဖော်ပြလိုက်သည်။ ယင်းသတင်းစာ၏ မေးမြန်းချက်အရ ဗီဇာအကြွေးဝယ်ကတ်ကုမ္ပဏီ၏ စင်ကာပူ၊ ဘရူနိုင်းဆိုင်ရာ ဒေသခံမန်နေဂျာ မီရန်ဒါချန်းကလည်း စင်ကာပူနိုင်ငံသားများအကြား ၎င်းတို့၏ ဗီဇာကတ်အသုံးပြုမှု မြင့်တက်လာကြောင်းဆိုသည်။ ၎င်းက "၂၀၁၀ အတွင်းမှာပဲ စင်ကာပူမှာ ငွေပေးချေရေးကတ်သုံးစွဲမှုတွေ အလွန်များပြားလာပါတယ်" ဟုပြောသည်။

စင်ကာပူနိုင်ငံတွင် ၂၀၁၀ ၌ ၂၀၀၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ဗီဇာဒီဘစ်ကတ်သုံးစွဲမှု ၅၀ ရာခိုင်နှုန်းမြင့်တက်လာပြီး ခရက်ဒစ်ကတ်သုံးစွဲမှုမှာ ၁၀ ရာခိုင်နှုန်းမြင့်တက်လာသည်။ စင်ကာပူဈေးကွက်တွင် ဗီဇာ၏ ငွေပေးချေရေးကတ်ပေါင်း ၅ ဒသမ ၅ သန်းကျော်အသုံးပြုနေသည်။ စင်ကာပူနိုင်ငံသားများ ယခုကဲ့သို့ငွေစက္ကူများမကိုင်ဘဲ ငွေပေးချေရေးကတ်များ ကိုင်တွယ်လာခြင်းမှာ သုံးစွဲရအဆင်ပြေခြင်းသည်လည်းအကြောင်းတစ်ခုအဖြစ်ပါဝင်သည်ဟု ဆိုသည်။

*—Ref: Asia one*



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.17 · JULY 14, 2011



## Leader's Profile

### ထိုင်းနိုင်ငံ၏ ပထမဦးဆုံးအမျိုးသမီး ဝန်ကြီးချုပ်ဖြစ်လာမည့်သူ

# မစ္စယင်လက်ခ် ရှင်နာဝါထရာ

ရဲမင်း

ယင်လက်ခ်ရှင်နာဝါထရာသည် ထိုင်းနိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ပြူထိုင်းပါတီ၏ ခေါင်းဆောင်လည်းဖြစ်သည်။ ၂၀၁၁ ခုနှစ် ဇူလိုင် ၃ ရက် အထွေထွေရွေးကောက်ပွဲတွင် ပြူထိုင်းပါတီအနိုင်ရရှိခဲ့ပြီးနောက် ထိုင်းနိုင်ငံ၏ ပထမဦးဆုံး အမျိုးသမီးဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်ရန် ပြင်ဆင်နေသူဖြစ်သည်။

ယင်လက်ခ်၏အဘေးသည် တရုတ်နိုင်ငံ ဂွမ်ဒေါင်းဒေသမှ ထိုင်းနိုင်ငံ ချင်းမိုင်ဒေသသို့ လာရောက်အခြေချနေထိုင်ခဲ့သူ ဖြစ်သည်။ ယင်လက်ခ်၏ အဘိုးက ထိုင်းအမျိုးသမီးတစ်ဦးနှင့် လက်ထပ်ခဲ့ပြီး ထိုင်းအမည်ရှင်နာဝါထရာကို စတင်ခံယူခဲ့သည်။ ယင်လက်ခ်၏ ဖခင် လာ့တ်ရှင်နာဝါထရာသည် ချင်းမိုင်ဒေသအား ကိုယ်စားပြု၍ ပါလီမန်အမတ်ဖြစ်လာခဲ့သော်လည်းနောက်ပိုင်းတွင် နိုင်ငံရေးမှ နုတ်ထွက်ခဲ့သည်။

မွေးချင်း ကိုးယောက်အနက် အငယ်ဆုံးဖြစ်သည့် ယင်လက်ခ်ကို ၁၉၆၇ ခုနှစ် ဇွန်လ ၂၁ ရက်တွင် ချင်းမိုင်၌ မွေးဖွားခဲ့သည်။ ငယ်စဉ်က မိန်းကလေးကျောင်းတွင် တက်ရောက်၍ ချင်းမိုင်မြို့မှာပင် ကြီးပြင်းခဲ့သော ယင်လက်ခ်သည် ၁၉၈၈ ခုနှစ်တွင် နိုင်ငံရေးသိပ္ပံနှင့် ပြည်သူ့စီမံခန့်ခွဲရေး ဘာသာရပ်များဖြင့် ဘွဲ့ရရှိခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် အမေရိကန်နိုင်ငံ ကင်တပ်ကီပြည်နယ် တက္ကသိုလ်မှ ပြည်သူ့စီမံခန့်ခွဲရေး ဘာသာရပ်ဖြင့် မဟာဘွဲ့ရရှိခဲ့သည်။

အမေရိကန်နိုင်ငံမှ ပြန်လာပြီးနောက် မစ္စယင်လက်ခ်သည် ရှင်နာဝါထရာ တယ်လီဖုန်းလမ်းညွှန်စာအုပ်ကုမ္ပဏီတွင် စတင်ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့သည်။ အခြားကုမ္ပဏီများတွင်လည်း ရွှေ့ပြောင်းလုပ်ကိုင်ခဲ့သည့် မစ္စယင်လက်ခ်သည် ၂၀၀၂ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ အကြီးဆုံးမိုဘိုင်းဝန်ဆောင်မှု ကုမ္ပဏီကြီးဖြစ်သည့် Advanced Info Service (AIS) တွင်အမှုဆောင်အရာရှိချုပ်ဖြစ်လာသည်။ AIS ၏မိခင် ကုမ္ပဏီ Shin Corporation အားရောင်းချလိုက်ချိန်တွင် မစ္စယင်လက်ခ်သည် ၎င်းကုမ္ပဏီမှ နုတ်ထွက်ခဲ့သော်လည်း ရှင်နာဝါထရာ မိသားစုပိုင်ဆောက်လုပ်ရေး ကုမ္ပဏီ SC Asset Co.Ltd ၌ အမှုဆောင်ဒါရိုက်တာအဖြစ် ဆက်လက်တာဝန်ယူဆောင်ရွက်ခဲ့သည်။

ထိုအတောအတွင်း မစ္စယင်လက်ခ်၏ အစ်ကို သက်ဆင်ရှင်နာဝါထရာသည် ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ်မှ စစ်ဘက်အာဏာသိမ်းမှုဖြင့် ရာထူးမှ ဖြုတ်ချခံရပြီး နောက်ပိုင်း အာဏာအလွဲသုံးစားလုပ်မှုအတွက်ပြစ်ဒဏ်ချမှတ်ခဲ့ရာ နိုင်ငံမှ တိမ်းရှောင်ထွက်ပြေးနေခဲ့သည်။ အာဏာရ ပြည်သူ့စွမ်းအားပါတီ (PPP) ကိုလည်း နိုင်ငံရေးမှ ပိတ်ပင်ခံရရာ PPP ၏ပါလီမန်အမတ်များ စုစည်း၍ ပြူထိုင်းပါတီကို တည်ထောင်ခဲ့သည်။ ပါတီ၏ ခေါင်းဆောင်နေရာရယူရန်မစ္စယင်လက်ခ်အား ကမ်းလှမ်းခဲ့သော်လည်း သူမက ငြင်းဆန်ခဲ့ပြီး စီးပွားရေးကိုသာ အာရုံစိုက်မည်ဟု ပြောကြားခဲ့သည်။

၂၀၁၀ ပြည့်နှစ်နှောင်းပိုင်း ပြူထိုင်းပါတီ ခေါင်းဆောင် ဟောင်ယွတ်ဝီချိုင်ဒစ်က ရာထူးမှ နုတ်ထွက်ရန် ရည်ရွယ်ကြောင်းစတင်ပြောကြားခဲ့သည်။ ၂၀၁၁ ခုနှစ်အစောပိုင်းတွင် ရွေးကောက်ပွဲကျင်းပနိုင်သည်ဟု ခန့်မှန်းချက်များလည်း ထွက်ပေါ်လာရာ ပါတီခေါင်းဆောင်နေရာအတွက် ငြင်းခုံမှုများ ပြင်းထန်လာသည်။ မစ္စယင်လက်ခ်က ပါတီခေါင်းဆောင်ပိုင်းနေရာ ရယူရန်ဆက်လက်ငြင်းဆန်နေခဲ့သော်လည်း သူမအား ဝါရင့်နိုင်ငံရေးသမားကြီးချာလန်အူဘန်ရန်က ဆက်လက်အားပေးထောက်ခံခဲ့သည်။ နောက်ဆုံးတွင် ဇူလိုင် ၃ ရက်၌ ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲအတွက် ၂၀၁၁ ခုနှစ် မေလ ၁၆ ရက်တွင် ပြူထိုင်းပါတီက မစ္စယင်လက်ခ်အားခေါင်းဆောင်အဖြစ်ရွေးချယ်ခဲ့သည်။ မစ္စတာသက်ဆင်ကလည်းမစ္စယင်လက်ခ်အား ပါတီခေါင်းဆောင်အဖြစ်ရွေးချယ်ရန် အဆိုမပြုခဲ့သော်လည်း ယင်လက်ခ်အား သူ၏ကိုယ်ပွားအဖြစ် ယူဆနိုင်ကြောင်း၊ သူမ၏ညီမဖြစ်၍လည်း သူ့အတွက် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ကြောင်း ပြောကြားခဲ့သည်။

ရွေးကောက်ပွဲမဲဆွယ်ကာလအတွင်း မစ္စယင်လက်ခ်က ၂၀၁၀ ပြည့်နှစ်တွင် စစ်ဘက်က ကန့်ကွက်ဆန္ဒပြသူများအပေါ် နှိမ်နင်းမှုရှိခဲ့ပြီးနောက် ပြန်လည်ရင်ကြားစေ့ရေး၊ သင့်မြတ်ရေး လုပ်ဆောင်မည်ဟု ပြောကြားသည်။ ဆင်းရဲမွဲတေမှုကို တိုက်ဖျက်၍ ကော်ပိုရေးရှင်းများ၏ အခွန်အတုတ်ကို လျှော့ချမည်၊ အနည်းဆုံးဝင်ငွေကို အနည်းဆုံး တစ်နေ့ဘတ် ၃၀၀ ရရှိအောင် လုပ်မည်၊ တက္ကသိုလ်ဘွဲ့ရများအတွက် တစ်လလျှင် အနည်းဆုံး ဝင်ငွေဘတ် ၁၅,၀၀၀ ရရှိစေမည်၊ လယ်သမားများအတွက်လည်း ၇၀ ရာခိုင်နှုန်းအထိ ချေးငွေထုတ်ပေးမည် စသည်ဖြင့် မဲဆွယ်ခဲ့သည်။

ရွေးကောက်ပွဲမတိုင်မီ စစ်တမ်းများတွင်လည်း ပြူထိုင်းပါတီ အောင်ပွဲခံနိုင်ကြောင်း ဟောကိန်းထုတ်ခဲ့ကြပြီး အမှန်တကယ် ရွေးကောက်ပွဲကျင်းပသော အချိန်၌လည်း ပါလီမန်အမတ်နေရာ ၅၀၀ တွင် ပြူထိုင်းပါတီက အမတ် ၂၆၅ နေရာ အနိုင်ရရှိခဲ့ရာ မစ္စယင်လက်ခ်ရှင်နာဝါထရာသည် ထိုင်းနိုင်ငံ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ်ဖြစ်လာတော့မည်ဖြစ်သည်။

မစ္စယင်လက်ခ် (၄၄ နှစ်) သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားတစ်ယောက်ရှိသည်။

*—Ref: Wikipedia*

### နောက်ကျောဖုံး - ပါကစတန်စစ်ဘက်အား အကူအညီပေးရန် ကန်ဒေါ်လာ သန်း ၈၀၀ ကို အမေရိကန်ဆိုင်းငံ့ မှ

သို့သော် အချိန်ကြာလာသည်နှင့်အမျှ နှစ်နိုင်ငံဆက်ဆံရေးကို အလုပ်ဖြစ်အောင် စွမ်းဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုဆိုင်းငံ့လိုက်သည့်အမေရိကန်ဒေါ်လာ သန်း ၈၀၀ မှာ အမေရိကန်နိုင်ငံက ပါကစ္စတန်နိုင်ငံအတွက် ပေးအပ်သည့် လုံခြုံရေးဆိုင်ရာအထောက်အပံ့ငွေ၏ သုံးပုံတစ်ပုံရှိကြောင်း အမေရိကန်အရာရှိများက ပြောသည်။ ပြီးခဲ့သည့်နှစ်က နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)ထံ တင်ပြခဲ့သည့် အစီရင်ခံစာတွင် ပါကစ္စတန်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်မှာ ကန်ဒေါ်လာ ၆ ဒသမ ၄၁ ဘီလီယံရှိကြောင်း ဖော်ပြထားသည်။ ယင်းမှာ ပြီးခဲ့သည့်နှစ်ကထက် ကန်ဒေါ်လာ ၁ ဒသမ ၂၇ ဘီလီယံပိုများလာခဲ့သည်။

အမေရိကန်အကူအညီများ ဆိုင်းငံ့လိုက်ခြင်းမှာ အမေရိကန်စစ်ဘက်လေ့ကျင့်ရေးအရာရှိများအား ပါကစ္စတန်နိုင်ငံမှ နှင်ထုတ်ခဲ့ခြင်းအတွက် အမေရိကန်၏ ဒေါသကိုပြသခြင်းဖြစ်ပြီး စစ်သွေးကြွများ ပါကစ္စတန်နိုင်ငံက ပိုမိုနှိမ်နင်းမှုပြုလုပ်ရန် ဖိအားပေးခြင်းလည်းဖြစ်သည်ဟု နယူးယောက်တိုင်းမ်သတင်းတွင် ဖော်ပြခဲ့သည်။ *—Ref: BBC*

### နောက်ကျောဖုံး - နိုင်ငံသစ် တောင်ဆူဒန်က နိုင်ငံခြားဆက်ဆံရေးတွင် အားလုံးကို ကျေနပ်အောင်လုပ်ဆောင်ရမည်ဟု ပြောကြား မှ

တောင်ဆူဒန်နိုင်ငံသည် ဇူလိုင်လ ၉ ရက်တွင် ကမ္ဘာ့နိုင်ငံသစ်တစ်နိုင်ငံအဖြစ် ပေါ်ထွက်လာခဲ့ရာ ယင်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများ အပါအဝင် နိုင်ငံအများအပြားက အသိအမှတ်ပြုခဲ့သည်။ ယခုအချိန်ထိ အနည်းဆုံး နိုင်ငံပေါင်း ၁၅ နိုင်ငံက တောင်ဆူဒန်နိုင်ငံအား အသိအမှတ်ပြုခဲ့ကြောင်းဆူဒန်သတင်းစာ သည်ဆူဒန်ထရီဗြွန်းက ဖော်ပြသည်။

နိုင်ငံခြားဆက်ဆံရေးသည် တောင်ဆူဒန်အစိုးရအတွက် အဓိကစိန်ခေါ်မှုရှိနိုင်သည့် နယ်ပယ်ဖြစ်ပြီး အနောက်နိုင်ငံများ၊ အာဖရိကနိုင်ငံများနှင့် အာရပ်နိုင်ငံများအကြား ဆက်ဆံရေးတွင် ချိန်ခွင်လျှာညီရေးအတွက်တောင်ဆူဒန်နိုင်ငံအစိုးရက လုပ်ဆောင်ရမည်ဟု စိစစ်လေ့လာသူများက ယုံကြည်ကြသည်။

တောင်ဆူဒန်နိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးတွင် အမေရိကန်၊ ယူဂန်ဒါနှင့် ကင်ညာနိုင်ငံတို့နှင့် ဆက်ဆံရေးမှာ ဦးစားပေးကိစ္စများဖြစ်လာလိမ့်မည်ဟု ဆူဒန်နိုင်ငံရေးသိပ္ပံအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဟတ်ဆန်အယ်ဆော်ရီကဆင်ဟွာသတင်းဌာနအားပြောကြားသည်။ အမေရိကန်နိုင်ငံသည် ဆူဒန်အား တောင်၊ မြောက်မခွဲမီကတည်းကပင် ဆူဒန်ပြည်သူ့လွတ်မြောက်ရေးလှုပ်ရှားမှုကို မွေးစားခဲ့ရာ ယခုအချိန်တွင် ကျေးဇူးရှင်အပြည့်အဝဖြစ်လာခဲ့ကြောင်း၊ ယင်းအနေအထားကြောင့်တောင်ဆူဒန်နိုင်ငံအား အမေရိကန်ပြည်နယ်သစ်ဖြစ်လာစေလိမ့်မည်ဟု ပါမောက္ခဟတ်ဆန်က ပြောကြားခဲ့သည်။ *—Ref: Xinhua*

### နောက်ကျောဖုံး - ကန့်ကွက်မှုများအား နှိမ်နင်းခြင်းကို မလေးရှားဝန်ကြီးချုပ် ကာကွယ်ပြောဆို မှ

စစ်သားဟောင်းတစ်ဦးဖြစ်သူ ဘာဟာရူဒင်အာမက်သည် ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများနှင့် ပစ်ခတ်ခြင်းကို ထွက်ပြေးတိမ်းရှောင်ရင်း လဲကျသွားခဲ့ကြောင်း ၎င်း၏ညီဖြစ်သူ မိုဟာမက်ရှာရင်ကအေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ ၎င်းမှာ ဆေးရုံရောက်ချိန်တွင် သေဆုံးသွားခဲ့ကြောင်းသိရသည်။

မစ္စတာဘာဟာရူဒင် သေဆုံးခြင်းကို အတည်ပြုခဲ့သော်လည်း ၎င်းသည် ဘေးမှ ရပ်ကြည့်သူတစ်ဦးဖြစ်ပြီး နှလုံးရောဂါကြောင့် သေဆုံးသွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရမ်လီမိုဟာမက်ယူဆွတ်က ပြောကြားသည်။

မလေးရှားဝန်ကြီးချုပ် နာဂစ်ရာဇတ်က အစိုးရအခမ်းအနားတစ်ခုတွင်စကားပြောကြားရာ၌ အတိုက်အခံများက ကျောထောက်နောက်ခံပေးသည့် ကန့်ကွက်ဆန္ဒပြမှုများအား ပြစ်တင်ပြောကြားပြီး ၎င်းတို့သည် မလေးရှားနိုင်ငံအား ဖိနှိပ်ချုပ်ချယ်သည့်နိုင်ငံအဖြစ် မြင်လာအောင်လုပ်နေကြကြောင်းမလေးရှားသတင်းဌာန ဘာနားမားအားကိုးကား၍ သတင်းတွင်ဖော်ပြသည်။

*—Ref: AFP*

### နောက်ကျောဖုံး - မိုးခေါင်ရေရှားမှုကြောင့် ဆိုမာလီယာနိုင်ငံသား သန်းနှင့်ချီ ဒုက္ခတွေ့နေ မှ

အစိုးရအဆောက်အအုံပျက်များတွင် ခိုလှုံနေသောဒုက္ခသည်များကို သာမန်ပြည်သူများက တတ်နိုင်သလောက်ကူညီပေးနေကြသည်။ ဆိုမာလီယာနိုင်ငံ အပါအဝင် ကင်ညာ၊ အီသီယိုးပီးယားနှင့် ဂျီဘောက်တီနိုင်ငံများတွင်ဖြစ်ပေါ်နေသော မိုးခေါင်ရေရှားမှုကြောင့် လူပေါင်းဆယ်သန်းခန့် အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

မြို့တော်မိုဂါဒစ်ရှူးတွင် နေ့စဉ် လူအသေအပျောက်ရှိနေပြီး ဒုက္ခသည်စခန်းတစ်ခု၌ တစ်နေ့တည်း လူရှစ်ဦးသေဆုံးခဲ့သည်။ ယခုအခါ မိုးစတင်ရွာသွန်းလာပြီဖြစ်၍ အအေးပိုလာခဲ့ရာ ကလေးများနှင့် သက်ကြီးရွယ်အိုများ နာမကျန်းဖြစ်လာကြသည်။

မြို့တော်မိုဂါဒစ်ရှူးမှလွဲ၍ နိုင်ငံ၏နေရာအတော်များများကို ထိန်းချုပ်ထားသည့် အယ်လ်ရှာဘတ်အဖွဲ့က မြို့တော်ပြင်ပတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသော်လည်း လူအများရွှေ့ပြောင်းမှုကိုမူ ထိန်းချုပ်နေကြသည်။

ကုလသမဂ္ဂဒုက္ခသည်များအေဂျင်စီအကြီးအကဲ အန်တိုနီယိုဂူတာရက်စ်ကလည်း လုံခြုံရေးအခက်အခဲများကိုကျော်လွှားနိုင်ပါက ကုလသမဂ္ဂအေဂျင်စီများအနေဖြင့် ဒုက္ခသည်များအား အကူအညီပေးရန် ဆိုမာလီယာနိုင်ငံသို့ ဝင်ရောက်သင့်ကြောင်း ပြောကြားသည်။ ဒုက္ခသည်များကို အကူအညီပေးနိုင်ရန် အယ်လ်ရှာဘတ်အဖွဲ့နှင့် ဆက်ဆံရမည်ဖြစ်ပြီး အယ်လ်ရှာဘတ်အဖွဲ့အား အကြမ်းဖက်အဖွဲ့အစည်းအဖြစ် အမေရိကန်နိုင်ငံက သတ်မှတ်ထားသည်။


*—Ref: BBC*



7 DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

# နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ပထမဆုံးအမျိုးသမီး အကြီးအကဲသစ် ခရစ်စတင်းလာဂတ်နှင့် စကားစမြည်

ကျော်မျိုး



နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ကြီး အိုင်အမ်အက်ဖ်ဟာ ယခင်အကြီးအကဲဟောင်း မန်နေဂျင်းဒါရိုက်တာ ဒိုမိနစ်စထရောက်ခန်းလိင်ပိုင်းစော်ကားမှု ပြဿနာတစ်ရပ်နဲ့ ရာထူးက နုတ်ထွက်သွားပြီးနောက် ဦးဆောင်သူမဲ့နေခဲ့တာ အချိန်နှစ်လခန့်ကြာမြင့်သွားပြီဖြစ်ပါတယ်။ မစ္စတာစထရောက်ခန်းရဲ့လစ်လပ်သွားတဲ့ ရာထူးနေရာကိုဝင်ရောက်ယှဉ်ပြိုင်ရယူဖို့ ကြိုးစားကြသူတွေထဲမှာ ပြင်သစ်ဘဏ္ဍာရေးဝန်ကြီး မစ္စခရစ်စတင်လာဂတ်နဲ့ မက္ကဆီကို ဗဟိုဘဏ်ဥက္ကဋ္ဌ ဩဂတ်စတင်းကာစတင်တို့လည်း ပါဝင်ခဲ့ပါတယ်။ ဒါပေမဲ့နောက်ဆုံးမှာတော့ မစ္စလာဂတ်ဟာ အိုင်အမ်အက်ဖ်ရဲ့ အဓိကရန်ပုံငွေထည့်ဝင်သူ အမေရိကန်အပါအဝင် နိုင်ငံတော်တော်များများရဲ့ ထောက်ခံမှုနဲ့ အိုင်အမ်အက်ဖ်ဘုတ်အဖွဲ့ရဲ့ကြေညာချက်အရပါ အဖွဲ့ကြီးရဲ့ခေါင်းဆောင်သစ်အဖြစ် ရွေးချယ်ခံလိုက်ရပါတော့တယ်။ ဒါ့ကြောင့် ယခုဖော်ပြမယ့်တွေ့ဆုံခန်းကတော့ အဲဒီလို အိုင်အမ်အက်ဖ်အဖွဲ့ကြီးရဲ့ ဦးဆောင်ညွှန်ကြားရေးမှူး အသစ်ဖြစ်လာသူ မစ္စခရစ်စတင်းလာဂတ်နဲ့ NPR (National Public Radio) သတင်းဌာနတို့ရဲ့ တွေ့ဆုံဆွေးနွေးခန်း Talk Show တစ်ခုပဲဖြစ်ပါတယ်။ ဒီတွေ့ဆုံခန်းဟာ မစ္စလာဂတ်ရဲ့ အိုင်အမ်အက်ဖ်အကြီးအကဲ ရာထူးရယူအပြီး မီဒီယာနဲ့တွေ့ဆုံမှုများထဲကတစ်ခုဖြစ်သလို မေးမြန်းသူများရဲ့ ရှည်လျားတဲ့မေးခွန်း၊ အပြောတွေကို ခပ်တိုတို၊ ရှင်းရှင်းလင်းလင်းနဲ့ ပြန်လည်ပြောဆိုထားတဲ့ သူမရဲ့ နှုတ်မှုရေးရာကိုပါ စာဖတ်သူတွေအနေနဲ့ လေ့လာနိုင်ကြမှာ ဖြစ်ပါတယ်။ မစ္စလာဂတ်နဲ့ စကားပြောဆိုကြသူတွေကတော့ NPR ရဲ့မယ်လစ်ဆာဘလော့ခ်၊ ဂျွန်စတူးဝပ်တ်၊ ယူကီနိုဂူချီတို့အပြင် ပတ်တာဆန်နိုင်ငံတကာ ဘောဂဗေဒအင်စတီကျူဒ် (Peterson Institute for International Economcis) မှ ပညာရှင် အက်ဒွင်ထရူးမင်းတို့ပဲ ဖြစ်ပါတယ်။

**မယ်လစ်ဆာဘလော့ခ်** – ဟုတ်ကဲ့ ကျွန်မ မယ်လစ်ဆာဘလော့ခ်ပါ။ ပြင်သစ်ဘဏ္ဍာရေးဝန်ကြီး ခရစ်စတင်းလာဂတ်က နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ကြီးရဲ့ ဦးဆောင်သူ ရာထူး ကို ရရှိခဲ့ပါပြီ။ မစ္စလာဂတ်ဟာ ယခင်ညွှန်ကြားရေးမှူးဟောင်း ဒိုမိနစ်စထရောက်ခန်း အဖမ်းခံရကာ ရာထူးမှနုတ်ထွက်သွားပြီးနောက် ၎င်းရဲ့နေရာကို ဆက်ခံဖို့ ရေပန်းအစားဆုံး ပုဂ္ဂိုလ်လည်း ဖြစ်ခဲ့တာပါ။ အခု NPR ရဲ့ ယူကီနိုဂူချီက အိုင်အမ်အက်ဖ်ကို ဦးဆောင်မယ့် ပထမဆုံး အမျိုးသမီးခေါင်းဆောင်နဲ့ စတင်စကားပြောတော့မှာပါ။

**ယူကီနိုဂူချီ** – ဒီမနက်စောစော (ဇွန် ၂၈-၂၀၁၁) မှာပါပဲ။ အမေရိကန်အစိုးရကို ခရစ်စတင်းလာဂတ်ကို အိုင်အမ်အက်ဖ် အကြီးအကဲရာထူးအတွက် ထောက်ခံကြောင်း ကြေညာခဲ့ပါတယ်။ နာရီပေါင်းအတော်ကြာပြီးနောက် အိုင်အမ်အက်ဖ်ဘုတ်အဖွဲ့ကလည်း သူမကိုရွေးချယ်ကြောင်း ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ သူမဟာ ပြင်သစ်မှာ လူကြိုက်များပါတယ်။ ဒါပေမဲ့ သူ့ကိုတစ်ခါတလေမှာတော့ သူ့နိုင်ငံသားတွေက မစ္စလာဂတ်ဟာ အမေရိကန်ပဲလို့ ညွှန်းတတ်ကြပါတယ်။ (ရယ်သံများ)

**မစ္စခရစ်စတင်းလာဂတ်** – ဟုတ်ပါတယ်ရှင်။ အဲဒါအမှန်ပါပဲ။

**နိုဂူချီ** – ဒီနေရာမှာ သူမဟာ ၂၀၀၇ တုန်းကလည်း NPR နဲ့ စကားပြောဖူးပါတယ်။ အဲဒီနှစ်မှာပဲ သမ္မတဆာကိုဇီရဲ့ ဝန်ကြီးအဖွဲ့မှာ သူမကို ခန့်အပ်ခဲ့တာပါ။ သူမရဲ့ အမေရိကန်ဆန်မှုထဲမှာ ပြင်သစ်တွေရဲ့ အလုပ်လုပ်တဲ့ ဓလေ့နဲ့ယုံကြည်မှုကို အမေရိကန်စတိုင်အတိုင်းအလုပ်ကိုပြင်းပြင်းထန်ထန်လုပ်တဲ့အ လုပ်စွဲရောဂါပုံစံမျိုးဖြစ်အောင် ပြောင်းဖို့ကြိုးစားတာလည်း ပါဝင်ခဲ့ပါတယ်။

**မစ္စလာဂတ်** – ကျွန်မတို့ဆီမှာ ကွန်မြူနစ် အမတ်နည်းနည်း ရှိနေဆဲပါ။ အဲဒီထဲက ကွန်မြူနစ်အမတ်တစ်ဦးက ကျွန်မကို စကားပြောရင်အင်္ဂလိပ်လိုတကယ်ပြောပါတယ်။ အဲဒါ ကျွန်မကို ကြောချင်လို့လည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

**နိုဂူချီ** – မစ္စလာဂတ်ဟာ အမေရိကန်မှာ နှစ်ပေါင်းများစွာနေခဲ့ဖူးပြီး အမေရိကန်အာရုံခံစားမှုတွေ ရထားခဲ့တာပါ။ သူမဟာဝါရှင်တန်မြို့တော်အနီး ဟော်လ်တန်အမ်းစ် ပုဂ္ဂလိကကျောင်းမှာ အထက်တန်းတစ်နှစ်တက်ခဲ့ဖူးပါတယ်။ သူမဟာ အင်္ဂလိပ်လို စံချိန်မီပြောတတ်ပါတယ်။ သူ့သူငယ်ချင်းတွေထဲမှာချီကာဂိုမြို့တော်ဝန် ရစ်ချတ်ဒယ်လေလည်း ပါဝင်ခဲ့ပြီး သူမဟာ အမေရိကန်အခြေစိုက် ဥပဒေရေးရာအဖွဲ့ ဘိတ်ကာအင်မက်ကင်ဇီရဲ့ ပထမဆုံးသော အမျိုးသမီး ဥက္ကဋ္ဌလည်းအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ သူမဟာ အမေရိကန်မှာ ပေါ်ပြူလာဖြစ်ခဲ့တာမို့ ဂျွန်စတီးဝပ်ရဲ့ဆွေးနွေးခန်း (Daily Show) မှာတောင် ၂၀၀၉ က ပါဝင်ခဲ့ပါတယ်။ အခုဒီမှာ ဂျွန်စတီးဝပ်ကလည်းပြင်သစ်မှာ ဘဏ်တွေကို သူမကိုင်တွယ်ခဲ့ပုံတွေကို ချီးကျူးနေပါတယ်။

**ဂျွန်စတီးဝပ်** – လူကြီးမင်းဟာ ဘဏ္ဍာရေးလောကထဲဝင်ခဲ့ပြီး ဘဏ်အရာရှိနှစ်ဦးလောက်ကို အလုပ်ဖြုတ်ပစ်ခဲ့ဖူးတယ်နော်။

**မစ္စလာဂတ်** – ဟုတ်ကဲ့ပါ။ ကျွန်မလုပ်ခဲ့ပါတယ်။

**စတီးဝပ်** – ကျွန်တော်တို့ထဲက နှစ်ယောက်လောက်ကိုရော လူကြီးမင်းအလုပ်ဖြုတ်ပစ်နိုင်မလား။ (ပရိသတ်၏ ရယ်သံများ)

**နိုဂူချီ** – အသက် ၅၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မစ္စလာဂတ်ဟာ ဘရာဇီးနဲ့ အိန္ဒိယတို့လို ထွန်းသစ်စစီးပွားရေးနိုင်ငံတွေဆီ မဲဆွယ်ခရီး ထွက်စဉ်တွစ်တာလူမှုကွန်ရက်ဝက်ဘ်ဆိုက်ကို အမြဲသုံးခဲ့ပါတယ်။ ဒီနိုင်ငံတွေကလည်း အိုင်အမ်အက်ဖ်ရဲ့ ထိပ်တန်းရာထူးမှာ ဖွံ့ဖြိုးဆဲကမ္ဘာ့နိုင်ငံတွေထဲကတစ်ယောက်ယောက်ကို မြင်ချင်ခဲ့ကြတာပါ။

**မစ္စလာဂတ်** – ဟုတ်ပါတယ်။ ထွန်းသစ်စ စီးပွားရေးနိုင်ငံတွေဟာအိုင်အမ်အက်ဖ်မှာ သင့်တော်တဲ့ကိုယ်စားပြုမှု ရရှိကြရမှာပါ။

**နိုဂူချီ** – မစ္စလာဂတ်ဟာ ရာထူးအတွက် ကမ္ဘာ့လှည့်ခရီးစဉ်ထွက်ခဲ့တုန်းက အွန်လိုင်းကွန်ဖရင့်တွေလုပ်ခဲ့ပါတယ်။ ဖေ့စ်ဘွတ်ခ်ဝက်ဘ်ဆိုက်က မိတ်ဆွေတွေ၊ အွန်လိုင်းကလူတွေနဲ့အမေးအဖြေတွေ လုပ်ခဲ့တယ်။ အဲဒီမှာ လူတွေဆီက မေးခွန်းတစ်ခုကတော့ "လူမှုမီဒီယာကို အသုံးပြုပြီး အိုင်အမ်အက်ဖ်ရဲ့ အလုပ်တွေကို ပွင့်လင်းမြင်သာမှုရှိအောင် ဆက်လုပ်သွားမှာလား"တဲ့။ နောက်သုံးမိနစ်ကြာတော့ မစ္စလာဂတ်က အွန်လိုင်းကပြန်ဖြေတယ်။ "ဘာ့ကြောင့် မလုပ်နိုင်ရမှာလဲ။ အဖွဲ့ရဲ့ စည်းမျဉ်းတွေနဲ့လည်း ကိုက်ညီမှာပါပဲ။ ရှင်ရော၊ ကျွန်မတို့နောက်လိုက်မလား"တဲ့။

**မစ္စလာဂတ်** – ဟုတ်ပါတယ်။ ပွင့်လင်းမြင်သာမှုရှိဖို့နဲ့ တိုးတက်ရေးဟာဦးစားပေးဖြစ်သင့်ပါတယ်။

**နိုင်ဂူချီ** – လူကြီးမင်းဟာ စီးပွားရေးဆိုင်ရာ ဘွဲ့တစ်ခုမှလည်း ရမထားပါဘူး။ ဒါပေမဲ့ပြီးခဲ့တဲ့ လေးနှစ်အတွင်း ကိုယ့်တိုင်းပြည်ကို ဘဏ္ဍာရေးအကျပ်အတည်းက ထွက်အောင်ဦး ဆောင်နိုင်ခဲ့တယ်နော်။

**မစ္စလာဂတ်** – ကျွန်မမှာ ဘွဲ့ဒီဂရီမရှိတာ မှန်ပါတယ်။ ဒါပေမဲ့ စီးပွားရေးရာကိစ္စတွေကို အတွေ့အကြုံနဲ့ ကိုင်တွယ်ခဲ့ပါတယ်။

**အက်ဒွင်ထရူးမင်း** – မစ္စလာဂတ်ဟာ အမျိုးသမီးတွေရဲ့ အောင်မြင်မှုအတွက် တကယ့်ပြောရေးဆိုခွင့်ရှိသူ တစ်ဦးဖြစ်လာခဲ့ပါတယ်။ တကယ်တော့ သူမဟာ စီးပွားရေးနဲ့ ဘဏ္ဍာရေးနယ်ပယ်မှာ မိန်းမတွေကို ကိုယ်စားပြုနိုင်ခဲ့တာပါ။ *—Ref: Meet the IMF New Leader: Transcript*

## အာဖဂန်နစ္စတန်တွင် နှစ်ပတ်အတွင်း တာလီဘန် ၂၇၆ ဦးကို သုတ်သင်နိုင်ခဲ့

**ကဘူးလ်၊ ဇူလိုင် – ၆**

နေတိုးဦးဆောင်သော မဟာမိတ် တပ်ဖွဲ့များသည် ပြီးခဲ့သည့်နှစ်ပတ်အတွင်းပြုလုပ်ခဲ့သည့်စစ်ဆင်ရေးများ၌ တာလီဘန်စစ်သွေးကြွ ၂၇၆ ဦးကို သုတ်သင်နိုင်ခဲ့ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ် ကပြောကြားသည်။

ဗိုလ်ချုပ် ဇာဟီရာအဇီမီက "အာဖဂန်အမျိုးသားတပ်မတော်တပ်ဖွဲ့တွေဟာ နေတိုးတပ်ဖွဲ့တွေနဲ့ ပူးပေါင်းစစ်ဆင်ရေးနဲ့ သီးခြား စစ်ဆင်ရေးတွေပြုလုပ်ခဲ့ပြီး ပြီးခဲ့တဲ့ နှစ်ပတ်တာကာလအတွင်း တာလီဘန်ရန်သူ ၂၇၆ ဦးကိုသုတ်သင်ခဲ့ပါတယ်။ ဒါ့အပြင် သူပုန် ၂၃၇ ဦးကိုလည်း ထိန်းသိမ်းနိုင်ခဲ့ပါတယ်" ဟု ပြောသည်။

ဗိုလ်ချုပ်အဇီမီ၏အဆိုအရ တာလီဘန်သူပုန်များ၏ ကျဆုံးမှုစာရင်းကို ဇွန် ၂၂ မှ ဇူလိုင်လ၅ရက်တာကာလအတွင်း ရယူရေတွက်ထားခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် အာဖဂန်တပ်မတော်၏အဆိုအရ တာလီဘန်များထံမှ ယာဉ်နှင့် မော်တော်ဆိုင်ကယ်စီး ရေ ၁၁ စီးကို ၁၄ ရက်အတွင်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆင်ရေးများအတွင်းနေတိုးစစ်သား ၅၉ ဦး သေဆုံးကာ ၁၀၈ ဦးဒဏ်ရာရခဲ့ကြောင်း သိရသည်။ *—Ref: Xinhua*

7DAY NEWS JOURNAL

# Entertainment


Vol.10, No.17 · JULY 14, 2011

## ပရိသတ်တစ်ဦး ဒကာခံတဲ့ရေခဲမုန့်ကို စားခဲ့တဲ့ ဘီဘာတို့စုံတွဲ

**လော့စ်အန်ဂျလိစ်၊ ဇူလိုင် – ၆**

ကနေဒါနိုင်ငံမှနာမည်ကျော်လူငယ်ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာနှင့် ဆယ်လီနာဂိုမက်ဇ်တို့ စုံတွဲသည် နယူးယောက်မြို့၌ ရေခဲမုန့်ဝယ်စားစဉ်ပိုက်ဆံမပါ၍ ပရိသတ်တစ်ဦး၏ မေတ္တာဖြင့် ငွေရှင်းပေးခြင်းကိုခံယူခဲ့ရကြောင်း သိရသည်။ အဆိုပါ လူငယ်စုံတွဲသည် ပြီးခဲ့သည့် ဇူလိုင် ၃ ရက်က နယူးယောက်ရှိ ဘရစ်ချ်ဟမ်ပ်တန်ရပ်ကွက်မှ မုန့်ဆိုင်တစ်ဆိုင်တွင် ရေခဲမုန့်ဝယ်စားစဉ် ပါလာသောပိုက်ဆံများကုန်သွား၍ ရှင်းစရာ ငွေမရှိဘဲ အကြံအိုက်ခဲ့ရသည်။ သို့သော် ၎င်းတို့ကို စောင့်ကြည့်နေသောပရိသတ်တစ်ဦးက ဖြစ်စဉ်ကိုတွေ့ရှိပြီးနောက် ဘီဘာတို့စုံတွဲအတွက် ရေခဲမုန့်ဖိုးကျသင့်ငွေ ဝင်ရှင်းပေးခဲ့ခြင်းဖြစ်သည်။

အသက် ၁၇ နှစ်အရွယ်ရှိပေါ့ပ်စတားဂျက်စတင်ဘီဘာသည်ဆယ်လင်နာနှင့်နယူးယောက်တွင်လည်ပတ်နေစဉ် ပါလာသော ဒေါ်လာ ၇၀၀ ကိုအနီးရှိ အားကစားပစ္စည်းစတိုးဆိုင်တစ်ခုတွင် အကုန်သုံးပစ်ခဲ့ပြီးနောက် ငွေမကျန်တော့သည်ကိုမေ့ကာရေခဲမုန့်ဝယ်စားစဉ်အခက်ကြုံရခြင်းဖြစ်သည်။ ဂျက်စတင်ဘီဘာသည်ယခုအခါ၎င်း၏ အယ်လ်ဘမ်အသစ်အတွက် အသံသွင်းလုပ်ငန်းစဉ်များကို ခေတ္တရပ်နားထားကြောင်း သိရသည်။ —Ref: Showbizspy




## တစ်ကိုယ်တော် အခွေထွက်ဖို့ အသင့်ဖြစ်နေတဲ့ ကော်ဒီ


**နယူးယောက် – ဇူလိုင် ၈**

ယခုနှစ်ပိုင်းများတွင်အောင်မြင်မှုများ တဖြည်းဖြည်းရရှိလာပြီး ဆယ်ကျော်သက်စတားဂျက်စတင်ဘီဘာနှင့်ပင် တင်စားပြောဆိုခံလာရသော ဆယ်ကျော်သက်အဆိုတော်လေး ကော်ဒီဆင်မ်စင်၏ တစ်ကိုယ်တော် အယ်လ်ဘမ်ကိုလာမည့်စက်တင်ဘာလတွင် ထွက်ရှိသွားမည်ဟု သူကိုယ်တိုင်ပြောကြားလိုက်သည်။

သူ၏ပရိသတ်များကစက်တင်ဘာမှဆိုလျှင်ကြာလွန်းလှသည်ဟုမှတ်ချက်များပေးခဲ့သည်။ ကော်ဒီကသူ၏တစ်ကိုယ်တော် အယ်လ်ဘမ်မှာ၉၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ပရိသတ်ကို အမြန်ဆုံးနားဆင်စေလိုပြီဟု အသိပေးခဲ့သည်။ ၁၄နှစ်အရွယ်သာရှိသေးသောကော်ဒီသည် ဩစတြေးလျလူမျိုးလူငယ် အဆိုတော်ဖြစ်ပြီး On My Mind သီချင်းဖြင့် ထိပ်တန်းရောက်လာကာဆယ်ကျော်သက်ကောင်မလေးများ၏ အသည်းကျော်တစ်ဦးဖြစ်လာပြန်သည်။ Ref ; BSC



## လေဆိပ်သံတမန် 4 minute



Mirror သီချင်းဖြင့်ကျော်ကြားလာသော 4 Minute အဖွဲ့ကို အခြားတောင်ကိုရီးယားဂီတအဖွဲ့နှစ်ဖွဲ့နှင့်အတူ တောင်ကိုရီးယားသို့ ခရီးသည်ပိုမိုလာရောက်ရန် ကိုရီးယားလေဆိပ်များ၏သံတမန်အဖြစ် ကိုရီးယားလေဆိပ် များကော်ပိုရေးရှင်းက ဇူလိုင်လ၆ရက်တွင် ခန့်အပ်ခဲ့သည်။ Ref; Hancinema

မိဘရဲ့အရိပ်က သားသမီးတွေအတွက် အမြဲတမ်းအေးမြပါတယ်။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် မိဘအေးရိပ်မှာ မနေရဘဲ ခွဲခွာနေထိုင်ရသူတွေ ဒီကမ္ဘာမှာ အများကြီးပဲရှိကြပါတယ်။ သရုပ်ဆောင် မိုးအောင်ရင်ဟာလည်း သူချစ်တဲ့ အဖေ၊ အမေ၊ ညီမငယ်တို့နဲ့ ဝေးခြားမြေခြားနေထိုင်နေရပြီး မြန်မာနိုင်ငံမှာ တစ်ယောက်တည်းရပ်တည်ကျန်ခဲ့တဲ့သူ့ဘဝကိုအောင်မြင်အောင်၊ မယိုင်လဲအောင်၊ တည့်မတ်အောင် ထိန်းသိမ်းနေထိုင်နေတဲ့အကြောင်းကို ဒီကဏ္ဍကနေ ပြောပြခဲ့ပါတယ်။ မိသားစုနဲ့ တကွဲတပြားစီ နေရပေမယ့် ကိုယ့်အားကိုယ်ကိုးပြီး ရပ်တည်နေတဲ့ မိုးအောင်ရင်ရဲ့လတ်တလောခံစားချက်လေးကို နားထောင်ကြည့်ရအောင်လား။

C TALK

## မိုးအောင်ရင် ပြောပြတဲ့ မိသားစုဘဝ

**ချမ်းခိုက်ခိုက်**



ဓာတ်ပုံ – ဇေယျာမောင်မောင်(အမရပူရ)

ကိုယ်တစ်ယောက်တည်း ကျန်ခဲ့တယ်ဆိုတာက သုံးကြိမ်လောက် ခံစားခဲ့ရတာကိုး။ ပထမဆုံး ထွက်သွားတာက ညီမ။ ညီမပြီးတော့ အဖေ။ အဖေပြီးတော့ အမေ။ အရင် မိသားစုနဲ့နေကတည်းက ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်းပဲ နေတတ်ခဲ့တော့ ဒီလို အထီးကျန်တဲ့ ခံစားချက်မျိုးကို ခံစားရလိမ့်မယ်လို့ မထင်မိခဲ့ဘူး။ အမေမရှိတော့တာကြာလာတဲ့အချိန်မှာ တစ်ယောက်တည်း နေရတဲ့ ခံစားချက်ကြီးက သိသာလာတယ်။ စိတ်ထဲမှာ ဟာလာဟင်းလင်းကြီး ဖြစ်လာတယ်။

ကျွန်တော့်ညီတစ်ယောက် ရေးထားတဲ့ကဗျာတစ်ပုဒ်ကို အဲဒီအချိန်မှာ သွားတွေးမိတယ်။ 'ငါ့အကျီမှာ ကြယ်သီးမရှိဘူး' တဲ့။ အဲဒီတစ်ကြောင်းပဲပါတယ်။ မင်းဟာက ကဗျာမှမဟုတ်တာဘဲလို့ လှောင်ခဲ့ဖူးတယ်။ ရေးတဲ့သူက ကျွန်တော့်ကိုရှင်းပြတယ်။ လူတစ်ယောက်က ရှပ်အကျီဝတ်ထားတဲ့အခါကြယ်သီး တစ်လုံး မရှိရင်တောင် ဟာတာတာနဲ့ ချက်ပဲပေါ်နေပြီလားပေါ့။ ဘာမှမဖြစ်ပါဘူးဆိုတာတောင်မှ လေနည်းနည်းတိုးရင်အေးခနဲဖြစ်သွားသေးတာပဲ။ ဒါကြောင့် အခုချိန်မှာ မိသားစုနဲ့ဝေးကွာနေတဲ့ ခံစားချက်က အဲဒီကဗျာလေး အတိုင်းပဲ။

ဘာပဲဖြစ်ဖြစ်အနားမှာတစ်ယောက်ယောက်ရှိနေရင်တော့ အကောင်းဆုံးပဲပေါ့။ အနားမှာ တစ်ယောက်ယောက် မရှိတော့တဲ့အခါ အဆင်မပြေမှုတွေကြုံလာရင် တမ်းတမိမှာပဲ။

စာ(၄၉)သို့

# Entertainment

7 DAY NEWS JOURNAL
Vol.10, No.17 · JULY 14, 2011

## အာဒမ်ရယ် ဧဝရယ် ဒသရယ် ရုပ်ရှင်ကား ရုံပြည့်သွားခြင်းကြောင့် ရုံခွဲပြသရ

**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင် - ၇**

ဇူလိုင်လ ၁ ရက်က စတင်ရုံတင်ပြသခဲ့သော 'အာဒမ်ရယ် ဧဝရယ် ဒသရယ်' ရုပ်ရှင်ကားကြီးမှာ ရုံတင်ပြသသည့်နေ့မှစ၍ သီတင်းတစ်ပတ်အတွင်းစနေ၊ တနင်္ဂနွေပိတ်ရက်များသာမက ကြားရက်များတွင်ပါ ရုံပြည့်ရုံလျှံပြသရသောကြောင့် သမ္မတရုပ်ရှင်ရုံမှ မင်္ဂလာ အဆင့်မြင့်ရုံသို့ ပရိသတ်များကို ရုံခွဲ ပို့ဆောင်ပြသခဲ့ရကြောင်း သမ္မတရုပ်ရှင်ရုံမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ရုံပြည့်သွားတဲ့အတွက် လာရောက်ကြည့်ရှုကြတဲ့ ပရိသတ်တွေ အဆင်ပြေအောင်၊ ကြည့်လို့လည်းရအောင်လို့ ကျွန်တော်တို့ သမ္မတ ရုံကနေမင်္ဂလာရုံကို ကြိုပို့ကား စီစဉ်ပြီး အခမဲ့လိုက်လံပို့ဆောင်ပေးနေပါတယ်။ အရင်ကလည်း ရုံပြည့်ရုံလျှံဖြစ်တဲ့ကားတွေ ရှိဖူးပါတယ်။ အဲဒီကားတွေတုန်းကလည်း ကြိုပို့ကို ဒီလိုပဲ စီစဉ်ပေးခဲ့ဖူးပါတယ်"ဟု သမ္မတရုပ်ရှင်ရုံ မန်နေဂျာကပြောသည်။

တစ်ကြိမ်လျှင် ကားသုံးစီးခန့်ဖြင့် ပို့ဆောင်ပေးနေရပြီး ဟာသကားများသာ လူဝင်နေသည့် ယနေ့အချိန်တွင် ယခုကဲ့သို့ လူငယ်အချစ်ဇာတ်ကားမှာ ရုံပြည့်ရုံလျှံအားပေးခံရခြင်းဖြစ်သည်။ ယင်းဇာတ်ကားထုတ်လုပ်သူ Heart N Soul ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒေါ်ခင်စန္ဒာမြင့်က "တချို့ကြားရက်တွေနဲ့ စနေ၊ တနင်္ဂနွေတွေမှာ ရုံပြည့်တယ်လို့ ကြားတယ်။ အခုအတိုင်းဆို အစ်မကားက ရုံတင်ရက် လေးပတ်လောက်တော့သွားမယ်ထင်တယ်။ တနင်္လာ၊ အင်္ဂါလိုနေ့မျိုးမှာပါ ရုံပြည့်တယ်လို့လည်း သိရတယ်။ ဒီနေ့



ဆို (ဇူလိုင် ၆ရက်နေ့) ဂျန်းရှင်းမော်တင်မှာ အစ်မကိုယ်တိုင် ၁၂ နာရီခွဲပွဲ သွားကြည့်တာ။ ရုံပြည့်သွားတယ်။ ဘာပဲဖြစ်ဖြစ် သူများလုပ်ထားတဲ့လမ်းကြောင်းအတိုင်း မလိုက်ဘဲ လမ်းကြောင်းအသစ်ကလေး လုပ်ကြည့်လိုက်တာဖြစ်သွားတော့ဝမ်းသာပါတယ်။ နောက်ထပ်လည်းဇာတ်ကားအသစ်တွေ ထပ်ရိုက်ဖို့စီစဉ်နေပါပြီ"ဟု ပြောသည်။

ယင်းဇာတ်ကားသည် ပုညခင်၏ ဝတ္ထုကို ဒါရိုက်တာဝိုင်းကဇာတ်ညွှန်းရေးသားရိုက်ကူးပြီး စိုင်းစိုင်းခမ်းလှိုင်၊ ပြေတီဦးနှင့် သက်မွန်မြင့်တို့ အဓိက သရုပ်ဆောင်ထားကြသည်။ "ဒီကားက ကြည့်နေကျ ဟာသကားတွေလိုမျိုးလည်း မဟုတ်ဘူး။ လူငယ်ကြိုက် သရုပ်ဆောင်တွေလည်းဖြစ်တယ်။ အချစ်ကားလေးကိုမှ ဖန်စီကျကျလေး ရိုက်ထားတဲ့ အတွက် ဇာတ်ကားအစ ကြော်ငြာကတည်းက စိတ်ဝင်စားနေမိတယ်။ သွားကြည့်တော့လည်းတကယ်ကြိုက်ပါတယ်"ဟု ယင်းဇာတ်ကားကို ကြည့်ရှုသည့် ပရိသတ်တစ်ဦးက ပြောသည်။

စာ(၄၉)သို့








7 DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011



## စာ – ၄၇၊ မိုးအောင်ရင်နှင့်အင်တာဗျူးမှ

ဒါပေမဲ့လည်း ဘယ်အရာပဲဖြစ်ဖြစ် ကျွန်တော်က အဆိုးထဲက အကောင်းကိုတွေးပါတယ်။ မိဘတွေ အနားမှာမရှိပေမယ့် တခြားကိုယ်ခင်တွယ်ရမယ့်သူတွေ ရှိသေးတာပဲလို့။ နောက်ဆုံး ကိုယ့်ကိုယ်ကိုယ်တစ်ယောက်တည်းပဲ နေတတ်အောင် နေတယ်။ ဒါပေမဲ့ ခေါင်းထဲမှာဘာတစ်ခုသိလာလည်းဆိုတော့ ငါ့အရင်က ဆိုးခဲ့မိုက်ခဲ့တယ်။ အလိုလိုက်ခံခဲ့တယ်။ အခုချိန်မှာကျတော့ ကိုယ်မိုက်လို့ ဆိုးလို့ ရမယ့်သူ အနားမှာမရှိတော့ဘူး။ ကိုယ့်ကို သူတို့ တစ်ချိန်လုံး ကာကွယ်ပေးခဲ့တယ်။ ခုကျတော့ ကာကွယ်ပေးမယ့်လူတွေလည်း မရှိတော့ဘူး။ ကိုယ့်ဟာကိုယ် ကာကွယ်ရတော့မယ်။ ကောလာဟလဒဏ်ကအစ ကိုယ်ပဲ ခံရတော့မယ်။ ကိုယ် တလွဲလုပ်ရင် ဘဝကပိုဆိုးသွားနိုင်တယ်။ မြောင်းထဲလည်း ရောက်သွားနိုင်တယ်။ အဖတ်ဆယ်လို့မရတော့တဲ့အထိ ဖြစ်သွားနိုင်တယ်လေ။ မိဘအဝေးမှာနေတဲ့အတွက်ကိုယ့်ကိုယ်ကိုယ် ဆုံးမလိုက်တဲ့သဘောပဲ။

အဖေနဲ့အမေကို ဘယ်လိုအချိန်တွေမှာ သတိရဖြစ်လဲဆိုတော့ ရှုတင်သွားခါနီးဆို အမေက အဝတ်အစားတွေဝယ်ပေးတယ်။ ဇာတ်လမ်းဇာတ်ကောင်နဲ့ လိုက်ဖက်တဲ့အဝတ်အစားတွေကို စဉ်းစားပေးတယ်။ အဖေဆို ဓာတ်ပုံတွေ၊ ဗီဒီယိုတွေကြည့်ပြီးတော့ဝေဖန်ပေးတယ်။ ကိုယ် အင်္ကျီဝယ်လို့ အဆင်မပြေတဲ့အခါ ကိုယ့်အက်တင် ကိုယ်ပြန်ကြည့်ပြီး ငါတော်တော်အသုံးမကျတာဘဲ ဖြစ်တဲ့ အချိန်တွေမှာပေါ့။

ကျွန်တော့်မှာ အရင်က အဖေနဲ့အမေဆိုတဲ့သံချပ်ကာကြီး ဝတ်ထားတယ်။ အဲဒီသံချပ်ကာကြီး မရှိတဲ့အချိန်မှာ ကိုယ့်ကို ခဲနဲ့ပေါက်လည်း ထိမှာပဲ။ လေနဲ့မှုတ် လည်းထိမှာပဲ။ အရာအားလုံးကို ကိုယ်ကရှောင်နေရတယ်။ အရင်တုန်းကတော့ ပစ်စမ်းပါစေ၊ ထိမှာကျနေတာပဲ လုပ်လို့ရတယ်။ ပြဿနာတိုင်းကို ကိုယ်ရှင်းရမယ်။ ကိုယ်ရှာတဲ့ ပြဿနာဖြစ်ချင်ဖြစ်မယ်။ သူငယ်ချင်းရှာတဲ့ပြဿနာ ဖြစ်ချင်ဖြစ်မယ်။ ကိုယ့်အနားပတ်ဝန်းကျင်မှာ သူ့ဟာသူဖြစ်သွားတဲ့ကိစ္စတွေရှိတာတောင် ကိုယ်နဲ့တစ်နည်းနည်း လာပတ်သက်နိုင်တယ်။ နောက်ဆုံး သူငယ်ချင်းကို အိမ်ခေါ်တဲ့ကိစ္စတောင်မှ ကိုယ်နဲ့ မသိတဲ့သူတွေပါလာရင် ကိုယ့်သူငယ်ချင်းတွေကို ပြောထားရတယ်။ တချို့တွေဆို "ဟာ အိမ်မှာ လူကြီးတွေမရှိဘူးလား" ဆိုပြီး လုပ်ချင်ရာလုပ်လို့ရတဲ့သဘောနဲ့ ပျော်သွားကြတယ်။ လူဆိုတာတစ်ယောက်တည်းနေရင် ပိုပြီးလွတ်လပ်တယ်ဆိုတဲ့ခံစားချက်ကြောင့် ပိုဆိုးသွားတယ်။ အဲဒါမျိုး အဖြစ်မခံနိုင်ဘူး။

မိသားစုနဲ့ အရင်လို စုံစုံလင်လင်ပြန်နေချင်လားဆိုတော့ ညီမကတော့ ကျောင်းပြီး ရင်ခဏတဖြုတ်ပြန်လာချင် လာမှာပေါ့။ ဒါပေမဲ့ အဲဒီလို ပြန်လာရင် ကုန်မယ့်ပိုက်ဆံကို ကျွန်တော်က ကျွန်တော့်အတွက် အင်္ကျီတွေဝယ်ဖို့ပဲပြော လိုက်မယ်။ သူ့ကိုအဓိက ကျောင်းစရိတ် ထောက်ပံ့ရတာ ကျွန်တော်ကိုး။(ရယ်လျက်) အစ်ကိုနဲ့ ညီမပြန်တွေ့လည်း တစ်ရက်ပေါ့။ သိပ်အစေးကပ်မှာ မဟုတ်ဘူး။ အဖေနဲ့အမေဆိုလည်းအဲဒီလိုပဲ။ သူတို့မရှိတုန်းမို့သာ ဒီလို သတိရတယ်ဘာညာ ပြောဖြစ်နေတာ။ သူတို့ပြန်လာရင် ကျွန်တော် အဲဒီလိုဖြစ်တော့မှာမဟုတ်ဘူး။ မိသားစုဆိုတာ အတူတူတစ်အိမ်တည်း ပြန်တွေ့နေရမယ်ဆိုရင်တော့ ဟီးဟီးဟားဟားပြန်ဖြစ်လည်း ခဏပဲ။ ခုတောင် နိုင်ငံခြားက နေတောင်ဖုန်းထဲကနေ ခဏခဏ လှမ်းရန်ဖြစ်နေတာ။

ကျွန်တော်အဓိက ဖြစ်စေချင်တာတစ်ခုက သူများတွေကို ကျွန်တော့်လို မခံစားစေချင်ပေမယ့်လည်း ကျွန်တော့်လိုရင့်ကျက်မှုတွေကိုတော့ ရစေချင်တယ်။ ခုထိအဖေအမေတွေနဲ့ အတူနေခွင့်ရနေရင် ကျွန်တော့်စိတ်ဓာတ်က ရင့်ကျက်မှာမဟုတ်ဘူး။

## အနုပညာသတင်းတိုများ

**အေးသူစံ**

■စင်ကာပူနိုင်ငံသို့ ဖျော်ဖြေရေးသွားရောက်ခဲ့သော သက်မွန်မြင့်သည် ဒါရိုက်တာကိုဇော်(အရုဏ်ဦး)နှင့် ဒီဗီဒီဇာတ်ကားနှစ်ကားကိုပါ စင်ကာပူနိုင်ငံတွင်ရိုက်ကူးမည်ဖြစ်ကြောင်းသိရသည်။ ယင်းဖျော်ဖြေပွဲသို့ သက်မွန်မြင့်နှင့်အတူ ဖိုးချစ်၊ မေသန်းနု၊ စိုးပြည့်သဇင်၊ ချောရတနာ၊ မိုးပြည့်ပြည့်မောင်၊ မင်းမော်ကွန်း စသည့်အနုပညာရှင်များလည်း သွားရောက်ခဲ့ကြသည်ဟု သိရသည်။

■ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်)ရိုက်ကူးပြီး ပြေတီဦး၊ အိန္ဒြာကျော်ဇင်နှင့်ဂျွှဲဝင်တို့သရုပ်ဆောင်ထားသော 'မိန်းမယူခါနီးရင် စဉ်းစားဖို့လိုတယ်' ဒီဗီဒီဇာတ်ကားမှာ ဗီဒီယိုဇာတ်ကားအဖြစ် ပြန်လည်ထွက်ရှိတော့မည်ဖြစ်သည်။ အိမ်ထောင်ကျပြီးနောက် လင်နှင့်မယား သဘောထားချင်းမတိုက်ဆိုင်မှုများပြားလာရာတွင် အပြင်၌ အပျော်ရှာသည့် လင်ယောကျ်ားကြောင့် အဆင်မပြေဖြစ်ရခြင်းများကို အခြေခံတင်ပြထားသည့် အိမ်ထောင်ရေးအခြေခံဇာတ်ကားဖြစ်သည်။

■ဒါရိုက်တာမီးပွားရိုက်ကူးပြီး မိုးအောင်ရင်နှင့် သက်မွန်မြင့်တို့ သရုပ် ဆောင်ထားသည့် 'အပြတ်ရှင်းမယ်' ဗီဒီယိုဇာတ်ကားကို ရန်ကုန်မြို့တွင် ရိုက်ကူးနေကြောင်း သိရသည်။ ယင်းဇာတ်ကားတွင် လူငယ်အိမ်ထောင်သည်တစ်ဦး၏ ဇနီးအပေါ် စိတ်အလိုမကျမှုများကို ရိုက်ကူးထားခြင်းဖြစ်ပြီး ယင်းဇာတ်ကောင်စရိုက်မျိုး ယခင်က သရုပ်မဆောင်ဖူးသေးကြောင်း မိုးအောင်ရင်က ပြောသည်။

## ဟောလိဝုဒ်သရုပ်ဆောင်ကြေး အမြင့်ဆုံး မင်းသမီးများမှာ ဂျူလီနှင့် ဂျက်ဆီကာပါကား ဖြစ်လာ





**လန်ဒန်၊ ဇူလိုင် – ၆**

ကမ္ဘာကျော် Forbes မဂ္ဂဇင်းကြီးသည် ဟောလိဝုဒ်၏ သရုပ်ဆောင်ကြေး အမြင့်မားဆုံး မင်းသမီးများစာရင်းကို ထုတ်ပြန်လိုက်ရာ မင်းသမီးအန်ဂျလီနာဂျိုလီမှာ ဆာရာဂျက်ဆီကာပါကားနှင့်အတူ ကြေးအမြင့်ဆုံးကန်ဒေါ်လာသန်း ၃၀ဖြင့် ထိပ်ဆုံး၌ ရပ်တည်ခဲ့ကြောင်း သိရသည်။ ဂျိုလီနှင့် ဂျက်ဆီကာပါကားတို့နောက်တွင် မင်းသမီးဂျင်နီဖာအင်နစ္စတန်နှင့် ရီးစ်ဝစ်သာစပွန်းတို့မှာ ကန်ဒေါ်လာ ၂၈သန်းဖြင့်ဒုတိယနေရာမှလည်းကောင်း၊ နာမည်ကျော် Pretty Woman ဇာတ်ကား၏ မင်းသမီး ဂျူလီယာရောဘတ်မှာ မင်းသမီးငယ် ခရစ်စတင်စတီးဝပ်နှင့်တွဲလျက် တတိယနေရာ၌ကန်ဒေါ်လာသန်း ၂၀ဖြင့်လည်းကောင်း အသီးသီးရပ်တည်ခဲ့သည်။ Forbes ၏ယခုစာရင်းတွင် နံပါတ် ၇နေရာ၌ မင်းသမီးကြီး မယ်ရီစထရိမှာ သရုပ်ဆောင်ကြေးကန်ဒေါ်လာ၁၀သန်းဖြင့်ရပ်တည်ခဲ့သည်။ မဂ္ဂဇင်း၏ စာရင်းအပြည့်စုံမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| ၁။ | အန်ဂျလီနာဂျိုလီ၊ ဆာရာဂျက် ဆီကာပါကား | - ဒေါ်လာ သန်း ၃၀ |
| ၂။ | ဂျင်နီဖာ အင်နစ္စတန်၊ ရီးစ်ဝစ် သာစပွန်း | - ဒေါ်လာ ၂၈ သန်း၊ |
| ၃။ | ဂျူလီယာရောဘတ်၊ ခရစ်စ တင်းစတီးဝပ် | - ဒေါ်လာသန်း ၂၀၊ |
| ၄။ | ကတ်သရင်းဟိုက်ဂယ် | - ဒေါ် လာ ၁၉ သန်း၊ |
| ၅။ | ကင်မရွန်းဒိုင်ယက်ဇ် | - ဒေါ် လာ ၁၈ သန်း |
| ၆။ | ဆန်ဒရာဘူးလော့ခ် | - ဒေါ် လာ ၁၅ သန်း |
| ၇။ | မယ်ရီစထရိပ် | - ဒေါ်လာ ၁၀ သန်း |

Ref: Telegraph

## စာ-၄၇၊ အာဒမ်ရယ် ဧဝရယ် ဒသရယ် ႇပ်ရှင်ကား ႆပြည့်သွားခြင်းကြောင့် ႆခွဲပြသရမှ

ပါဝင်ကြသည့် အဓိက သရုပ်ဆောင်သုံးဦးလုံး၏ သရုပ်ဆောင်ချက်များ ကောင်းမွန်သည်ဟု မှတ်ချက်ပြုမှုများလည်း ရှိနေပြီး ပြေတီဦးနှင့် သက်မွန်မြင့် တို့၏ နောက်ဆုံးဇာတ်ဝင်ခန်း၊ စိုင်းစိုင်းခမ်းလှိုင်နှင့် ပြေတီဦးတို့ ဖုန်းဖြင့် အချီအချပြောသည့် ဇာတ်ဝင်ခန်း၊ သက်မွန်မြင့် ရေထဲခုန်ချသည်ကို စိုင်းစိုင်းခမ်းလှိုင်က ကယ်တင်သည့်ဇာတ်ဝင်ခန်းတို့မှာ ပရိသတ်များကြား ရေပန်းစား သောဇာတ်ဝင်ခန်းများဖြစ်သည်ဟုသိရသည်။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Transformers:Dark of the Moon | Paramount Pic. | ၁၆၂,၀၈၀,၃၂၉ | ၁ |
| ၂။ | Cars 2 | Walt Disney | ၁၁၆,၀၄၃,၀၀၀ | ၂ |
| ၃။ | Bad Teacher | N/A | ၅၉,၅၄၆,၀၀၀ | ၂ |
| ၄။ | Larry Crowne | N/A | ၁၃,၀၀၆,၈၇၅ | ၁ |
| ၅။ | Monte Carlo | Fox 2000 | ၇,၆၀၀,၀၀၀ | ၁ |
| ၆။ | Super 8 | Paramount Pic. | ၁၀၈,၀၃၆,၀၀၀ | ၄ |
| ၇။ | Green Lantern | Warner Bors. Pic. | ၁၀၁,၉၆၂,၀၀၀ | ၃ |
| ၈။ | Mr. Popper's Penguins | 20th Century Fox: | ၅၀,၁၂၄,၇၂၂ | ၃ |
| ၉။ | Bridesmaids | University Pic: | ၁၅၂,၈၉၅,၄၈၀ | ၈ |
| ၁၀။ | Midnight in Paris | Sony Pic. | ၃၃,၆၃၇,၈၃၃ | ၇ |

## Movie Review

### Friends with Benefits



သူငယ်ချင်းများအဖြစ်မှ ချစ်သူများအဖြစ် ပြောင်းလဲခြင်းမှာ အခက်အခဲမရှိဟု ဒိုင်လင်နှင့် ဂျာမီတို့က ယူဆသည်။ လိင်မှုဆက်ဆံရေးကိုစာရင်းထဲထည့်သွင်းလိုက်ရုံဖြင့် သူတို့၏မိတ်ဆွေအဆင့်မှာ ထူးထူးခြားခြားပြောင်းလဲမသွားနိုင်ဟုယူဆသည်။ ဟောလိဝုဒ်မှ အချစ်နှင့်ဟာသဇာတ်လမ်းတွေက လက်တွေ့မဆန်ဟု သူတို့ထင်သည်။ သူတို့နည်းသူတို့ဟန်နှင့် မိတ်ဆွေချစ်ဆိုသည်ကိုဖွင့်ဆိုရန်ကြိုးစားသည်။ သို့သော် တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ်ဆက်ဆံခြင်းမှ ပြဿနာများ ပေါ်လာတတ်သည်ကို သူတို့လည်း သိရှိလာပြီး. . . ။

Justin Timberlake နှင့် Mila Kunis တို့ဦးဆောင်ရိုက်ကူးထားသည့် အချစ်နှင့် ဟာသဇာတ်ကားအား Will Gluck က ရိုက်ကူးထားပြီး Screen Gems က ဇူလိုင် ၂၂ရက်နေ့တွင်ဖြန့်ချိမည်ဖြစ်သည်။

Sports
7 DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ (အာရှဇုန်) ပထမအဆင့် ခြေစစ်ပွဲအပြီးမှာတော့ မြန်မာအပါအဝင် အသင်း ရှစ်သင်းသည် ဒုတိယအဆင့်ပြိုင်ပွဲကို တက်ရောက်သွားပြီဖြစ်သည်။

မြန်မာအသင်း ပထမအဆင့်ခြေစစ်ပွဲတွင် မွန်ဂိုလီးယားအသင်းအား (အိမ်ကွင်း)၌ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိပြီးနောက် လက်ရွေးစင်အသင်း အတွက် တစ်နှစ်ကျော်ကြာပျောက်ဆုံးနေသော ပထမဆုံးနိုင်ပွဲအတွက် ပရိသတ်များက "ဘာရာဇီးသွားမယ်၊ အိမ်ပေါင်ထားတယ်"ဟု ကြွေးကြော်ခဲ့ကြသည်။

# ဘာရာဇီးအိပ်မက် ဝေးလွန်း

**ဗိုလ်ဗိုလ်ဝင်း**

ပရိသတ်များက နိုင်ငံချစ်စိတ်ဖြင့် ထိုသို့ကြွေးကြော်သော်လည်း အာရှအဆင့်ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ အမှန်တကယ်ခက်ခဲကြမ်းတမ်းသည့် ခရီးရှည်ကြီးဖြစ်သည်။ အိုမန်ကိုနိုင်၍ နောက်တစ်ဆင့်တက်လျှင်ပင် အာရှထိပ်သီးများနှင့် ယှဉ်ပြိုင်ရမည့်အုပ်စု အဆင့် ၂ဆင့်ရှိသည်။ ထိုငါးသင်းအုပ်စု အဆင့် ၂ခု၌ ပထမ နှင့် ဒုတိယချိတ်မှ ဘာရာဇီးရောက်နိုင်သည်။

ပွဲစဉ်အရေအတွက်နှင့်ပြောလျှင် အိုမန်အပါအဝင် အာရှထိပ်သီးများနှင့်၁၆ပွဲကန်ပြီးပွဲအများစုနိုင်မှထိုအိပ်မက်လက်တွေ့ဖြစ်မည်။ လက်ရှိမြန်မာအသင်း၏ခြေစွမ်းနှင့်စိတ်ဓာတ်ဖြင့်ဆိုလျှင်ပွင့်လင်းစွာပြောရမည်ဆိုပါက နောက်ဆုံး ဆယ်သင်းအဆင့်သို့ပင်မရောက်နိုင်ပါ။ ယခုရှုံးထွက်အဆင့်တွင် အိုမန်ကိုနိုင်၍ နောက်တစ်ဆင့်တက်လျှင်ပင် မြန်မာအသင်း များစွာတိုးတက်လာသည်ဟု မှတ်ယူရမည်ဖြစ်သည်။

စာဖတ်ပရိသတ်များသိရှိရန် အာရှတိုက်၏ ကမ္ဘာ့ဖလားခြေစစ်ပွဲအဆင့်ဆင့်ကိုဖော်ပြလိုက်ပါသည်။

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အာရှဇုန်ခြေစစ်ပွဲကို အဆင့် ၃ ဆင့်ခွဲခြားကာ ကျင်းပပြုလုပ်ခြင်းဖြစ်သည်။ ၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲက ရလဒ်တွေအပေါ် မူတည်၍ အဆင့်ခွဲခြားသတ်မှတ်ခဲ့ရာပထမအဆင့်တွင်မြန်မာအပါအဝင်၁၆သင်းစတင်ယှဉ်ပြိုင်ကြရသည်။

ပထမအဆင့်မှ အနိုင်ရရှိခဲ့သည့် အသင်းရှစ်သင်း(ယခုပေါ်ထွက်ပြီး)သည် ဒုတိယအဆင့်တွင် စောင့်နေသည့်အသင်း ၂၂သင်းဖြင့် (စုစုပေါင်းအသင်း၃၀)ဂျူလိုင်လ ၂၃နှင့် ၂၈ရက်တွင်အိမ်ကွင်း၊အဝေးကွင်း ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ထိုအဆင့်တွင် အိုမန်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဒုတိယအဆင့်တွင် အနိုင်ရရှိသည့် အသင်း ၁၅ သင်းအနေဖြင့် အုပ်စုအဆင့်ပြိုင်ပွဲကို တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ မြောက်ကိုရီးယားနှင့် ဘာရိန်းအသင်းတို့သည် အုပ်စုအဆင့်ပြိုင်ပွဲမှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အုပ်စုအဆင့်ပြိုင်ပွဲကို အသင်းလေးသင်းစီပါဝင်သော အုပ်စု ၅ စုခွဲခြားကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်စုစီမှ ပထမ၊ ဒုတိယရရှိသော စုစုပေါင်းအသင်း ၁၀ သင်းကို နောက်ဆုံးအဆင့်အဖြစ် ၅ သင်းနှစ်အုပ်စု ထပ်မံခွဲခြားယှဉ်ပြိုင် စေမည်ဖြစ်သည်။

၎င်းအုပ်စုတစ်စုစီမှ ပထမ၊ ဒုတိယရရှိသော အသင်း ၄ သင်း တိုက်ရိုက်ခြေစစ်ပွဲအောင်မည်ဖြစ်ပြီး အုပ်စု တတိယရရှိသည့် အသင်းနှစ်သင်းသည် Play Off ယှဉ်ပြိုင်ကာ အနိုင်ရရှိသည့်အသင်းအနေဖြင့် ကွန်ကာကပ်ဖ်ဒေသမှ အသင်းတစ်သင်းနှင့် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း လက်ရှိနည်းပြချုပ်ဦးဆန်းဝင်းက "ကျွန်တော့်ဆန္ဒအပြင်းထန်ဆုံးကတော့ အိုမန်ကိုနိုင်ပြီးတော့ အာရှဇုန်နောက်ဆုံးအုပ်စုအဆင့် ရောက်ချင်တယ်။ မြန်မာဘောလုံးစကတည်းက ခုချိန်ထိ အဲဒီအဆင့်ကို မရောက်ဖူးသေးဘူး။ အိုမန်အသင်းဟာ အာရှအဆင့်ရှိပြီး မြန်မာအသင်းထက် နည်းနည်းမဟုတ်ဘူး၊ များများ အဆင့်မြင့်တဲ့ အသင်းပါ"ဟု ပြောကြားခဲ့သည်။



**မြန်မာနှင့် မွန်ဂိုလီးယားအသင်းတို့ ဒုတိယအကျော့ယှဉ်ပြိုင်စဉ်** ဓာတ်ပုံ - အောင်အောင်

★★★အားကစားကြယ်ပွင့်★★★

# အငြင်းပွားဖွယ်ရာမရှိသော ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ

**ကိုထိုက်**



ယူကရိန်းနိုင်ငံသား ကမ္ဘာ့ ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ ဝလာဒီမီယာကလစ်ရှ်ကိုဟာ ကမ္ဘာ့လက်ဝှေ့အားကစားလောကမှာတော့ မသိသူမရှိအောင်ပါပဲ။ ကလစ်ရှ်ကိုညီနောင်နှစ်ဦးထဲက အငယ်ဖြစ်တဲ့ ဝလာဒီမီယာက WBA၊ IBF၊ IBO၊ WBO နဲ့ The Ring Magazine တို့ရဲ့ လက်ရှိဟဲဗီးဝိတ်သရဖူများပိုင်ရှင်ဖြစ်သလို၊ အစ်ကိုဖြစ်သူ ဗစ်တာလီ ကလစ်ရှ်ကိုဟာလည်း WBC ရဲ့ လက်ရှိ ဟဲဗီးဝိတ်ချန်ပီယံဖြစ်တာကြောင့် ဒီညီအစ်ကိုနှစ်ဦးကပဲ လက်ရှိကမ္ဘာ့ဟဲဗီးဝိတ်လောကရဲ့ သရဖူအားလုံးကို စိုးမိုးထားတယ်ဆိုရမှာပါ။ ဒါကြောင့် ယူကရိန်းလက်ဝှေ့ညီနောင်နှစ်ဦးအနက်မှ IBF၊ WBO နဲ့ IBO ဟဲဗီးဝိတ်သရဖူသုံးခုကို သမိုင်းမှာ အချိန်အကြာဆုံးကာကွယ်ထိန်းသိမ်းထားနိုင်တဲ့ ဝလာဒီမီယာကလစ်ရှ်ကိုအကြောင်းကိုရေးသားတင်ဆက်လိုက်ရပါတယ်။

**အစောပိုင်းဘဝ**

ဝလာဒီမီယာကလစ်ရှ်ကိုကို ယခုအခါ ကာဇက်စတန်နိုင်ငံအတွင်းက ဆမ်မေးမြို့မှာ ၁၉၇၆၊ မတ် ၂၅ မှာမွေးခဲ့ပါတယ်။ ၎င်းရဲ့ဖခင် ဗိုလ်ဒီမာ ရှိဒီယိုနိုဗစ်ကတော့ ယခင်ဆိုဗီယက်လေတပ်ရဲ့ ဗိုလ်မှူးဟောင်းတစ်ဦးဖြစ်ပြီး မိခင်ကတော့ နာဒတ်ဇဒါယူယန် နေ့ဗ်နာဖြစ်ပါတယ်။ ကလစ်ရှ်ကိုဟာ ပညာရေးထူးချွန်သူတစ်ဦးဖြစ်ပြီး၊ ယူကရိန်းရှိ ကိယက်ဗ်တက္ကသိုလ်မှ အားကစားသိပ္ပံပညာရပ်နဲ့ ဒေါက်တာဘွဲ့ရထားသူဖြစ်ပါတယ်။ ပညာတော်တဲ့အပြင် ဘာသာစကားကျွမ်းကျင်တဲ့ ဝလာဒီမီယာဟာ မိခင် ယူကရိန်းဘာသာအပြင် ရုရှား၊ ပိုလန်၊ ဂျာမန်နှင့် အင်္ဂလိပ်စကားတွေကိုလည်း ကျွမ်းကျင်စွာပြောတတ်ပါတယ်။

ဝလာဒီမီယာဟာ ၁၉၉၃ ခုနှစ်ကစလို့ အပျော်တမ်းလက်ဝှေ့လောကကို ဝင်ရောက်ခဲ့ပြီး၊ ဥရောပ အငယ်တန်းဟဲဗီးဝိတ်သရဖူကို အဲဒီနှစ်မှာ စတင်ရရှိခဲ့ပါတယ်။ ဒီနောက် ၁၉၉၄ မှာ ကမ္ဘာ့အငယ်တန်း ဟဲဗီးဝိတ်ချန်ပီယံရှစ်ပြိုင်ပွဲမှာလည်း ဒုတိယရခဲ့ပြီး၊ ၁၉၉၆ မှာတော့ ဥရောပချန်ပီယံရှစ်ပြိုင်ပွဲ စူပါဟဲဗီးဝိတ်တန်းမှာ ဒုတိယရခဲ့ပြန်ပါတယ်။ ၎င်းဟာ အပျော်တမ်းလက်ဝှေ့သမားဘဝ မှတ်တမ်းအနေနဲ့ ၁၃၄ ပွဲနိုင်၊ ၆ ပွဲရှုံးခဲ့ပြီး၊ ၁၉၉၆ အတ္တလန္တာအိုလံပစ်မှာတော့ စူပါဟဲဗီးဝိတ်တန်း ရွှေတံဆိပ်ဆုရခဲ့ပြီးနောက် အပျော်တမ်းကနေ ပရော်ဖက်ရှင်နယ်ကစားသမားဘဝကိုပြောင်းလဲခဲ့ပါတယ်။ စာ(၅၁)သို့

# လက်ရွေးစင်ဘောလုံးအသင်း အပြီးသတ် လူရွေး

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင် – ၉**

ထိုင်းလက်ရွေးစင်အသင်းနှင့်ခြေစမ်းပွဲသွားရောက်ယှဉ်ပြိုင်ကစားမည့်မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ အပြီးသတ် ကစားသမား ၂၃ ဦးစာရင်းအား ရွေးချယ်လိုက်ပြီဖြစ်သည်။

မွန်ဂိုးလီးယားနှင့် ကမ္ဘာ့ဖလား ပထမအဆင့် ခြေစစ်ပွဲအပြီးတွင် လက်ရွေးစင်အသင်းအား ရောဝတီယူနိုက်တက် ဂိုးသမား သီဟစည်သူ၊ ဥဿာယူနိုက်တက် ဂိုးသမား ဟိန်းကျော်သူ၊ မကွေးအသင်း ရှေ့တန်းတိုက်စစ်မှူး စည်သူဝင်းနှင့် နေပြည်တော် နောက်တန်းကစားသမား မိုးဝင်းတို့အား ထပ်မံအားဖြည့်ခဲ့သည်။

အိုမန်နှင့် ကစားမည့် ပွဲမတိုင်မီ အကြိုပြင်ဆင်မှုအဖြစ် မြန်မာအသင်းသည် ယခုလ ၁၄ နှင့် ၁၅ရက်တွင် ထိုင်းလက်ရွေးစင်ဘောလုံးအသင်းနှင့် ဘန်ကောက်မြို့၌ ခြေစမ်းပွဲနှစ်ပွဲ သွားရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ပဏာမ ၂၇ ဦးမှ ၂၃ ဦး စာရင်းသို့လျှော့ချခဲ့ပြီး၊ လူငယ်ကစားသမားများဖြစ်သည့် ဟိန်းကျော်သူ(ဂိုး)၊ အောင်ဟိန်းကျော်၊ မင်းကိုကိုနှင့် နိုင်စိုးဝေတို့ကျန်ရစ်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် (ဂိုး)ကျော်ဇင်ထက်၊ ပြည့်ဖြိုးအောင်၊ သီဟစည်သူ၊ (နောက်) ဇော်မင်းထွန်း၊ ရန်အောင်ဝင်း၊ ရွှေလှိုင်ဝင်း၊ ဇော်ဇော်ဦး၊ ခင်မောင်လွင်၊ မိုးဝင်း၊ (လယ်) ရန်အောင်ကျော်၊ မင်းမင်းသူ၊ ကြည်လင်း၊ ဒေးဗစ်ထန်၊ ပိုင်စိုး၊ ကျော်ဇေယျာဝင်း၊ သိန်းသန်းဝင်း၊ ဇော်လင်း၊ (ရှေ့) ရန်ပိုင်၊ စိုးမင်းဦး၊ ကျော်ကိုကို၊ မိုင်အိုက်နိုင်၊ စည်သူဝင်း၊ သုထက်ပိုင်တို့ပါဝင်ကြောင်း ဘောလုံးအဖွဲ့ချုပ်ကထုတ်ပြန်ခဲ့သည်။

# ကွင်းလယ်ဒိုင်လူကြီး ဦးထွန်းကြည်အား အရန်အသင်းဘောလုံးပြိုင်ပွဲတွင် တာဝန်ယူခွင့်မပြုတော့

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင် – ၇**

မြန်မာနေရှင်နယ်လိဂ် အရန်အသင်းပွဲစဉ်တစ်ခုတွင် တာဝန်ယူခဲ့သော ဒိုင်လူကြီးဦးထွန်းကြည်၏ လုပ်ဆောင်ချက်သည် ဥပဒေကြောင်းအရ အားနည်းကြောင်း စိစစ်တွေ့ရှိရသဖြင့် ၎င်းအား အရန်အသင်းပြိုင်ပွဲများတွင် ကွင်းလယ်ဒိုင်လူကြီးအဖြစ် တာဝန်ပေးအပ်ခြင်းမပြုရန် စည်းကမ်းထိန်းသိမ်းရေးကော်မတီက အရေးယူဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့် ဇွန်လ ၃၀ရက်က စလင်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် အရန်အသင်းပြိုင်ပွဲဖြစ်သော မကွေးအသင်းနှင့် ဇေယျာရွှေမြေတို့ပွဲစဉ်တွင် မကွေးအသင်းမှ နည်းပြဆရာဦးချစ်နိုင်က ဒိုင်လူကြီးအား မဖွယ်မရာပြောဆိုခဲ့ခြင်းအတွက် အရေးယူပေးပါရန် ပြိုင်ပွဲကျင်းပရေးမှ စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ တင်ပြခဲ့သည်။

အထက်ပါဖြစ်စဉ်များနှင့်ပတ်သက်၍ စည်းကမ်းထိန်းသိမ်းရေးကော်မတီက အစည်းအဝေးပြုလုပ်၍ ပြိုင်ပွဲကြီးကြပ်၊ ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးတို့၏ အစီရင်ခံစာများအား ဖတ်ကြားတင်ပြခြင်း၊ တာဝန်ရှိသူများကို ခေါ်ယူမေးမြန်း၍ မကွေးအသင်းမှ နည်းပြဆရာဦးချစ်နိုင်အား အရန်အသင်းပြိုင်ပွဲများ၌ အနီးစပ်ဆုံး နှစ်ပွဲတွင် ကွင်းအတွင်းဝင်ရောက်ကြီးကြပ်ခွင့်မပြုရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ထို့အပြင် ယင်းပွဲကို တာဝန်ယူခဲ့သည့် ဒိုင်လူကြီး ဦးထွန်းကြည်၏ လုပ်ဆောင်ချက်သည် ဥပဒေကြောင်းအရ အားနည်းကြောင်း စိစစ်တွေ့ရှိရသဖြင့် ၎င်းအား အရန်အသင်းပြိုင်ပွဲများတွင် ကွင်းလယ်ဒိုင်လူကြီးအဖြစ် တာဝန်ပေးအပ်ခြင်းမပြုရန် အရေးယူခြင်းဖြစ်ကြောင်း စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ထုတ်ပြန်ချက်တွင်ပါရှိသည်။

# ဉာဏ်ရည်မမီသူများအားကစားပြိုင်ပွဲတွင် မြန်မာ ဆုတံဆိပ်၁၅ဆုရ

**မေဝင်းမွန်**

**ရန်ကုန်၊ ဇူလိုင် –၆**

ဇွန်လ ၂၅ ရက်မှ ဇူလိုင် ၅ ရက်အထိ အေသင်မြို့၌ကျင်းပသည့် ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ(Special Olympic World Summer Games Athens 2011)တွင်ယှဉ်ပြိုင်ခဲ့သည့်မြန်မာနိုင်ငံမှ ဉာဏ်ရည်မမီကလေးငယ်အဖွဲ့သည် ရွှေတံဆိပ် ၅ ခု၊ ငွေတံဆိပ် ၃ ခုနှင့် ကြေးတံဆိပ် ၇ ခု ဆွတ်ခူးနိုင်ခဲ့ကြောင်း ဉာဏ်ရည်မမီသူများအားကစားအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)က ပြောကြားသည်။

ဉာဏ်ရည်မမီအားကစားပြိုင်ပွဲတွင် အိုလံပစ်ကစား၂၂မျိုးအနက်မှပြေးခုန်ပစ်၊ အပြေးပြိုင်ပွဲ၊ လမ်းလျှောက်ပြိုင်ပွဲ၊ ဘောလုံးပစ်နှင့် သံလုံးပစ်အားကစားကို မြန်မာနိုင်ငံမှယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ သွားရောက်သည့် ဉာဏ်ရည်မမီအားကစားအဖွဲ့တွင် ပြိုင်ပွဲဝင်ကလေးငယ် ၁၂ဦးနှင့်အုပ်ချုပ်သူများ အပါအဝင်အဖွဲ့ဝင် ၁၈ ဦးသွားရောက်ခဲ့ကြသည်။

အဆိုပါအားကစားပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၅၀ ကျော်မှ အားကစားသမားပေါင်း ၇၅၀၀ ခန့် လာရောက်ယှဉ်ပြိုင်ခဲ့ကြကာ မြို့တွင်း လေ့လာရေးခရီးစဉ်များပါဝင်သည်ဟုသိရသည်။

နိုင်ငံတကာတွင် ကျင်းပသည့် ဉာဏ်ရည်မမီအားကစားပြိုင်ပွဲများတွင်လည်း မြန်မာနိုင်ငံမှ ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်များဆွတ်ခူးမြဲဖြစ်ကြောင်း ဉာဏ်ရည်မမီသူများအားကစားအဖွဲ့မှ တာဝန်ရှိသူကပြောကြားသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ဉာဏ်ရည်မမီအားကစားပြိုင်ပွဲဝင် ကလေး ၃၀၀ ခန့်ရှိသည်ဟုသိရသည်။

# စင်ကာပူဖလား ကွာတားအဆင့်ရောက် ဥဿာယူနိုက်တက်၏ အိမ်ကွင်းအဖြစ် ဂျာလန်ဘီဆာကွင်းသတ်မှတ်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင် –၆**

စင်ကာပူဖလားပြိုင်ပွဲကွာတားဖိုင်နယ်အဆင့် ရောက်ရှိနေသော ဥဿာယူနိုက်တက်အသင်း၏ အိမ်ကွင်းအဖြစ် ဂျာလန်ဘီဆာကွင်းအား စင်ကာပူဘောလုံးအဖွဲ့ချုပ်က သတ်မှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ဥဿာယူနိုက်တက်အသင်းသည် အဆိုပါ စင်ကာပူဖလားရှုံးထွက် ဘောလုံးပြိုင်ပွဲ ပထမအဆင့်တွင် ထိုင်းကလပ် ပတ္တရားယူနိုက်တက်အသင်းကို ၂-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဒုတိယအဆင့် ကွာတားဖိုင်နယ်တွင် စင်ကာပူကလပ်ဟောင်ဂန်ယူနိုက်တက်အသင်းနှင့် စင်ကာပူနိုင်ငံ၌ အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

"နှစ်ကျော့ယှဉ်ပြိုင်ကစားရမယ့် ကွာတားဖိုင်နယ်ပွဲစဉ်မှာ ဥဿာယူနိုက်တက်အသင်းရဲ့ အိမ်ကွင်းအဖြစ် ဂျာလန်ဘီဆာကွင်းကို သတ်မှတ်ပေးထားပါတယ်။ ဒီကွင်းဟာ ပရိသတ်နှစ်ထောင်ဝန်းကျင်ဝင်ဆံ့ပြီးမြက်ခင်းတုကွင်းဖြစ်တယ်လို့သိရပါတယ်" ဟု ဥဿာယူနိုက်တက်အသင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဥဿာယူနိုက်တက် နည်းပြချုပ် စင်ကာပူနိုင်ငံသား မစ္စတာဆီဗာဂျီသည် ပြီးခဲ့သည့် ဇွန်လ ၂၅ ရက်က စင်ကာပူနိုင်ငံသို့ ခေတ္တပြန်သွားခဲ့ပြီး ဟောင်ဂန်ယူနိုက်တက်အသင်း၏ လေ့ကျင့်ပြင်ဆင်မှုများကို လေ့လာမည်ဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ဆက်ပြောသည်။

ဥဿာယူနိုက်တက်အသင်းသည် ၎င်းပြိုင်ပွဲ၏ ကွာတားဖိုင်နယ် ပထမအကျော့အဖြစ် လာမည့် ဩဂုတ်လ ၁၆ ရက်တွင် ဟောင်ဂန်ယူနိုက်တက်ကွင်း (အဝေးကွင်း) နှင့် ဩဂုတ်လ ၁၉ ရက်တွင် ဂျာလန်ဘီဆာကွင်း (အိမ်ကွင်း)၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စာ(၅၀) - အားကစားကြယ်ပွင့် မှ

**ပရော်ဖက်ရှင်နယ် ကစားသမားဘဝ**

ဝလာဒီမီယာဟာ ၂၀၀၀ ပြည့်နှစ် အောက်တိုဘာ ၁၄ မှာ ၎င်းရဲ့ ပထမဆုံးသော ကမ္ဘာ့ချန်ပီယံဘွဲ့အဖြစ် အမေရိကန်မှ ခရစ်ဘတ်ကို အနိုင်ထိုးသတ်ကာ WBO ရဲ့ ဟဲဗီးဝိတ်ချန်ပီယံသရဖူ ိုစတင်ရရှိခဲ့ပါတယ်။ ဒီနောက် င်းဟာ သရဖူကို ပြိုင်ဘက်ငါးဦး ခထိ အောင်မြင်စွာထိုးသတ်ကာ ကွယ်နိုင်ခဲ့ပြီးတဲ့နောက် စိန်ခေါ်သူ ကော်ရီဆန်းဒါးစ်ကို ၂၀၀၃ မတ် ၃ ရက်မှာ ရှုံးနိမ့်ပြီးနောက် သရဖူကို ပြန်လက်လွှတ်ခဲ့ရပါတယ်။

ဒီနောက်ပိုင်းမှာတော့ဝလာဒီမီယာဟာ နာမည်ကျော်လေ့ကျင့်ရေးမှူး အီမန်နျူရယ်လ်စတီးဝပ်နဲ့ လေ့ကျင့်ပြီးနောက် WBO သရဖူကိုပြန်ရဖို့ လာမွန်ဘရူးစတားနဲ့ ထိုးသတ်ခဲ့ပြန်ပါတယ်။ ဒါပေမဲ့ ရှုံးနိမ့်ခဲ့ပြန်ပါတယ်။

**IBF၊ WBO သရဖူများ ရယူခြင်း**

ဝလာဒီမီယာဟာ ရှုံးနိမ့်မှုတွေကြုံတွေ့ခဲ့ရပေမယ့် စိတ်မပျက်ဘဲ ပြင်းပြင်းထန်ထန်လေ့ကျင့်ခဲ့တာကြောင့် ၂၀၀၆၊ ဧပြီ ၂၂ မှာ ခရစ်ဘတ်ကို တစ်ခါ အနိုင်ပြန်ထိုးကာ IBF ဟဲဗီးဝိတ်သရဖူကိုရယူခဲ့ပါတယ်။ ဒီနောက် ရေးအော်စတင်၊ လာမွန်ဘရူးစတားတို့နဲ့ ဆက်လက်ထိုးသတ်ပြီး သရဖူကိုကာကွယ်နိုင်ခဲ့ပါတယ်။

ဝလာဒီမီယာဟာ ၂၀၀၈ ဖေဖော်ဝါရီ ၂၃ မှာတော့ IBF၊ IBOနဲ့ WBO ဟဲဗီးဝိတ်သရဖူတွေအပြင် လစ်လပ်နေတဲ့ Ring Magazine ရဲ့ ဟဲဗီးဝိတ်သရဖူကိုပါ ရပ်ဆလန်ချာဂေယက်ဗ်ကို အနိုင်ထိုးသတ်ကာ ရယူနိုင်ခဲ့လို့ သရဖူလေးခုပိုင်ရှင် ဖြစ်လာပါတော့တယ်။

**ကလစ်ရှ်ကိုနဲ့ ဒေးဗစ်ဟေး**

ဝလာဒီမီယာကလစ်ရှ်ကိုဟာ ဒေးဗစ်ဟေးနဲ့ ထိုးသတ်ပြီး သရဖူအားလုံး ပေါင်းစည်းမယ့်ပွဲကို ၂၀၁၀ ပတ်ဝန်းကျင်ကစလို့ ပြင်ဆင်လာခဲ့တာပါ။ ဒီလိုနဲ့ ကလစ်ရှ်ကိုဟာ ဟေးနဲ့မထိုးသတ်ခင် စိန်ခေါ်သူ အလက်ဇန္ဒားပို



**ဗလာဒီမီယာကလစ်ရှ်ကို၏ ကိုယ်ရေးအကျဉ်း**

| | | |
|---|---|---|
| နာမည်ရင်း | - | ဗလာဒီမီယာဗလာမီယိုဗစ်ကလစ်ရှ်ကို |
| နာမည်ပြောင် | - | Dr. Steelhammer (ဒေါက်တာသံမဏိတူ) |
| ဇာတိ | - | ဆမ်မေး၊ ကာဇက်စတန်။ |
| အရပ်အမြင့် | - | ၆ ပေ ၆ လက်မ |
| ပရော်ဖက်ရှင်နယ် | - | စုစုပေါင်း ၅၉ ပွဲ (နိုင်-၅၆ပွဲ၊ အလဲထိုး-၄၉ပွဲ၊ လက်ဝှေ့မှတ်တမ်း ရှုံး-၃ပွဲ) |
| နိုင်ငံသား | - | ယူကရိန်း |
| လက်ရှိသရဖူများ | - | WBA၊ IBF၊ IBO၊ WBO၊ The Ring Magazine |

ဗတ်ကင်ကို ပြီးခဲ့တဲ့နှစ် မေ ၁၇ မှာ ထိုးသတ်ဖို့ပြင်ဆင်ခဲ့ပါတယ်။ ဒါပေမဲ့ အဆင်မပြေခဲ့တာမို့ ပိုဗတ်ကင်အစား ဆန်မြူရယ်ပေတာနဲ့ထိုးသတ်ကာ ၎င်းရဲ့ အဓိကသရဖူသုံးခုဖြစ်တဲ့ IBF၊ IBOနဲ့ WBO တို့ကို ကာကွယ်နိုင်ခဲ့ပါတယ်။ ဒီနောက်မှာတော့ ၎င်းဟာ ဒဲရက်စီဆိုရာနဲ့ ထိုးသတ်ဖို့ ပြင်ဆင်ခဲ့ပေမယ့် ဒဏ်ရာပြဿနာကြောင့် ပွဲကိုဖျက်ပြီးနောက်မှာတော့ အားလုံး စောင့်စားနေခဲ့ကြတဲ့အတိုင်း ဒီနှစ် ဇူလိုင် ၂ ရက်မှာတော့ ဒေးဗစ်ဟေးနဲ့ထိုးသတ်ဖြစ်ခဲ့ပါတော့တယ်။ ဝလာဒီမီယာကလစ်ရှ်ကိုဟာ ဒေးဗစ်ဟေးနဲ့ထိုးသတ်ဖို့ ကျန်းမာရေးအပြည့်အဝမကောင်းခဲ့ရင် သူ့အစ်ကို ဗစ်တာလီနဲ့ထိုးသတ်စေကာ WBA နဲ့ WBC သရဖူပေါင်းစည်းပွဲကိုလက်ခံပေးဖို့စာချုပ်ချုပ်ဆိုခဲ့ရပါတယ်။ ဒါပေမဲ့ ထုံးစံအတိုင်း ဝလာဒီမီယာကလစ်ရှ်ကိုကပဲ ဒေးဗစ်ဟေးကို ဒိုင်တွေရဲ့ တညီတညွတ်တည်း ဆုံးဖြတ်ချက်အရ အမှတ်အသာနဲ့ အနိုင်ရခဲ့ပြီး၊ နောက်ဆုံးမှာတော့ အားလုံးက စောင့်မျှော်နေတဲ့အတိုင်း ဝလာဒီမီယာဟာ ဗစ်တာလီ ရရှိထားတဲ့ WBC သရဖူကလွဲရင် ကျန်သရဖူများဖြစ်တဲ့ WBA၊ WBO၊ IBF၊ IBO နဲ့ Ring Magazine တို့ရဲ့ ဟဲဗီးဝိတ်သရဖူများအပါအဝင် စုစုပေါင်း သရဖူငါးခုရရှိကာ အငြင်းပွားဖွယ်ရာမရှိတဲ့ ကမ္ဘာ့ထိပ်တန်းဟဲဗီးဝိတ်ချန်ပီယံဖြစ်လာခဲ့ပါတော့တယ်။

**ဝလာဒီမီယာရဲ့ အခြားဝါသနာများ**

ဝလာဒီမီယာဟာ လက်ဝှေ့ကျော် လင်းနော့လူးလစ်နဲ့အတူ Ocean's Eleven ဇာတ်ကားမှာ ပါဝင်ဖူးပါတယ်။ ၎င်းဟာ လက်ဝှေ့အပြင် စစ်တုရင်၊ ရေလွှာလျှောစီး၊ ဂေါက်သီးအားကစားနည်းတွေကို ဝါသနာပါသူဖြစ်ပြီး အစ်ကိုဖြစ်သူ ဗစ်တာလီနဲ့တွဲကာ လူမှုရေးလုပ်ငန်းများကို တွဲဖက်လုပ်ဆောင်နေသူဖြစ်ပါတယ်။ ၎င်းတို့ညီအစ်ကိုဟာ အာဖရိကနဲ့ တောင်အမေရိကတိုက်ကကလေးငယ်များအတွက် ကိုယ်ပိုင်ရန်ပုံငွေဖောင်ဒေးရှင်းတွေ တည်ထောင်ထားပြီး ၂၀၀၂ ကစလို့ ယူနက်စကို အဖွဲ့ကြီးနဲ့တွဲကာ လူမှုရေးလုပ်ငန်းတွေ လုပ်ဆောင်လျက်ရှိနေပါတယ်။ ဝလာဒီမီယာဟာ ၂၀၀၈ က အဆိုတော် ခရစ်ကော်နယ်လ်ရဲ့ ဂီတဗီဒီယိုမှ သီချင်း Part of Me မှာလည်း သရုပ်ဆောင်ပေးခဲ့ပါတယ်။ ဝလာဒီမီယာရဲ့ ပုဂ္ဂိုလ်ရေးဘဝအနေနဲ့ကတော့ ၎င်းဟာ ယခင်က ရုရှားမော်ဒယ်ကာရိုလိုင်နာကာကို ဗာနဲ့တွဲခဲ့ပြီး ၂၀၀၉ ကစလို့ အမေရိကန် ဟောလိဝုဒ်မင်းသမီး ဟေဒင်ပန်နက်တိုင်ယာနဲ့တွဲခဲ့ပါတယ်။ ၎င်းတို့ဟာ ပြီးခဲ့တဲ့ မေလမှာတော့ လမ်းခွဲခဲ့တယ်လို့ သိရပါတယ်။

7 DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011



# ပြစ်ဒဏ်ကိုရှောင်ရှားရန် အင်ဒိုနီးရှားဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌသစ်ရွေးချယ်

**ဂျကာတာ၊ ဇူလိုင် - ၉**

အင်ဒိုနီးရှားဘောလုံးအဖွဲ့ချုပ်သည် ဖီဖာ၏ ပြစ်ဒဏ်ချမှတ်မှုကို ရှောင်လွှဲနိုင်ရန် ဥက္ကဋ္ဌသစ်အဖြစ် ဂျိုဟာအရီဖင်ဟူဆင်ကိုခန့်အပ်လိုက်ကြောင်း သိရသည်။

မစ္စတာဟူဆင်သည် ယခင်က အမျိုးသားအားကစားကောင်စီ၏ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ယခု ဥက္ကဋ္ဌသစ် ရွေးချယ်ပွဲတွင် စုစုပေါင်း ၉၉ မဲမှ ထောက်ခံမဲ ၆၁ မဲရရှိကာ အင်ဒိုနီးရှားဘောလုံးအဖွဲ့ချုပ်၏ ဥက္ကဋ္ဌသစ်ဖြစ်လာသည်။

အင်ဒိုနီးရှားဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သောမေလ ၂၀ ရက်တွင် ဥက္ကဋ္ဌရွေးချယ်ပွဲပြုလုပ်ခဲ့သော်လည်း ပြိုင်ဘက်များအကြား ကန့်ကွက်မှုများဖြစ်ပေါ်ခဲ့၍ ဖီဖာက ရွေးချယ်ပွဲပြန်လည်ပြုလုပ်ရန်ဖိအားပေးခြင်းခံခဲ့ရသည်။

ဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်ခံခဲ့ရသောမစ္စတာဟူဆင်က "သန့်ရှင်းပြီး စီမံခန့်ခွဲမှုကောင်းမွန်တဲ့ ဘောလုံးပြိုင်ပွဲတွေကို ကျွန်တော်တို့ကျင်းပသွားမှာပါ။ ဒါမှ ကမ္ဘာကလည်း ကျွန်တော်တို့ဟာ ကောင်းမွန်စွာလုပ်ဆောင်နေတယ်ဆိုတာ သတိထားမိလာမှာပါ"ဟု ပြောသည်။

အင်ဒိုနီးရှားဘောလုံးအသင်းသည် ပြီးခဲ့သော ဒီဇင်ဘာလက အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် မလေးရှားအသင်းကိုရှုံးနိမ့်ကာ ဒုတိယရထားသည်။ အင်ဒိုလက်ရွေးစင်အသင်းသည် ကမ္ဘာ့အဆင့် ၁၃၂ နေရာတွင်ရပ်တည်နေသောအသင်းလည်းဖြစ်သည်။

—*Ref: AFP*

# ၂၀၁၈ ဆောင်းရာသီအိုလံပစ်အိမ်ရှင်ဖြစ်လာ၍ ပြုံချန်းမြို့သားများ အောင်ပွဲခံ

**ပြုံချန်း၊ ဇူလိုင် - ၉**

၂၀၁၈ ဆောင်းရာသီအိုလံပစ်ပွဲ အိမ်ရှင်အဖြစ် တောင်ကိုရီးယားနိုင်ငံ ပြုံချန်းမြို့ကို နိုင်ငံတကာအိုလံပစ်ကော်မတီက ရွေးချယ်လိုက်သဖြင့် ပြုံချန်းမြို့သူ၊ မြို့သားများသည် မြို့တော်တွင် ဇူလိုင်လ ၈ ရက်က ပျော်ရွှင်စွာ အောင်ပွဲခံခဲ့ကြကြောင်း သိရသည်။





ပြုံချန်းမြို့သည် အိမ်ရှင်အဖြစ် တောင်အာဖရိက ဆိပ်ကမ်းမြို့ ဒါဘန်နှင့် ဂျာမနီနိုင်ငံ မြူးနစ်မြို့တို့နှင့် ယှဉ်ပြိုင်ခဲ့ရာမှ ရွေးချယ်ခံရခြင်းဖြစ်သည်။ ဇူလိုင်လ ၇ ရက်က ပြုံချန်းမြို့အား အိုလံပစ်အိမ်ရှင်အဖြစ် ရွေးချယ်ကြောင်း နိုင်ငံတကာအိုလံပစ်ကော်မတီဥက္ကဋ္ဌ ယက်ရိုဂေးက ကြေညာခဲ့ပြီးနောက် မြို့တော်တွင် လူအများက မီးရှူးမီးပန်းများ၊ အကအခုန်များဖြင့် ပျော်ရွှင်စွာအောင်ပွဲခံခဲ့ကြသည်။

ပြုံချန်းမြို့သည် အိမ်ရှင်ရွေးချယ်ပွဲတွင် မဲအရေအတွက် စုစုပေါင်း ၉၅ မဲမှ ၆၃ မဲရရှိခဲ့ပြီး မြူးနစ်မြို့မှာ ၂၅ မဲ၊ ဆွစ်ဇာလန်နိုင်ငံမှ အန်နက်စီမြို့မှာ ခုနစ်မဲ၊ ဒါဘန်မြို့မှာ ငါးမဲရရှိခဲ့သည်။ ပြုံချန်းမြို့ အရွေးချယ်ခံခဲ့ရသည့်အတွက် တောင်ကိုရီးယားဝန်ကြီးချုပ် ကင်မ်ဟွမ်ဆစ်ကလည်း ဂုဏ်ယူဝမ်းမြောက်ကြောင်းပြောကြားသည်။

ပြုံချန်းမြို့သည် ၂၀၁၀ နှင့် ၂၀၁၄ ဆောင်းရာသီအိုလံပစ်ပွဲများကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရေး လျှောက်ထားခဲ့သော်လည်း မဲအနည်းငယ်လျော့ဖြင့် အရေးနိမ့်ခဲ့ဖူးသည်။ ပြုံချန်းမြို့သည် ယခုအခါ ၂၀၁၈ ဆောင်းရာသီအိုလံပစ်ပွဲ ကျင်းပခွင့်ရခဲ့သည့်အတွက် ဂျပန်နိုင်ငံပြီးလျှင် ဆောင်းရာသီအိုလံပစ်ပွဲကို ဒုတိယအကြိမ်ကျင်းပခွင့်ရသော အာရှနိုင်ငံဖြစ်လာသည်။ —*Ref: Xinhua*



## သတ္တုတင်ပို့မှုကို တရုတ်ထိန်းချုပ်ခြင်းမှာ WTO စည်းကမ်းချိုးဖောက်ခြင်းဟုဆို

**ဝါရှင်တန်၊ ဇူလိုင် – ၅**

တရုတ်နိုင်ငံက အချို့သော သတ္တုပစ္စည်းများအား နိုင်ငံခြားသို့ တင်ပို့မှုထိန်းချုပ်ခြင်းမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ နိုင်ငံတကာ စည်းကမ်းများကို ချိုးဖောက်ခြင်းဖြစ်ကြောင်း WTO က ဆုံးဖြတ်ခဲ့သည်။

မဂ္ဂနီစီယမ်နှင့် အခြားနိုင်ငံခြားသို့ တင်ပို့သည့်သတ္တုများကို ရေရှည်အတွက် ထိန်းသိမ်းရမည်ဟု တရုတ်နိုင်ငံက ပြောကြားပြီး အချိုးကျခွဲဝေပေးခြင်း(quota) စနစ်ကို စတင်ကျင့်သုံးခဲ့ပြီးနောက် ၂၀၀၉ ခုနှစ်တွင် ယခုပြဿနာစတင်ခဲ့ခြင်းဖြစ်သည်။

ယင်းအတွက် တရုတ်နိုင်ငံမဟုတ်သော ကုန်ပစ္စည်းထုတ်လုပ်သူများအတွက်သတ္တုပစ္စည်းများ လိုအပ်ချက်ဖြစ်ပေါ်စေခဲ့သည်ဟု အမေရိကန်နိုင်ငံကပြောကြားခဲ့သည်။ အမေရိကန်၏အရေးဆိုမှုကို ဥရောပသမဂ္ဂနှင့် မက္ကစီကိုနိုင်ငံတို့က ထောက်ခံခဲ့သည်။

သွပ်နှင့် မဂ္ဂနီဆီယမ်အပါအဝင် တွင်းထွက်သတ္တုကိုးမျိုးအား နိုင်ငံခြားသို့တင်ပို့မှုကန့်သတ်ခြင်းမှာ နိုင်ငံခြားကုန်ထုတ်လုပ်သူများအပေါ် ခွဲခြားဆက်ဆံရာရောက်ပြီး တရုတ်ပြည်တွင်း ကုန်ထုတ်လုပ်သူများအတွက် တရားမျှတမှုမရှိသည့်အသာစီးရမှုကိုဖြစ်ပေါ်စေသည်ဟု အမေရိကန်နိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) အား တိုင်ကြားခဲ့သည်။

ယင်းသတ္တုပစ္စည်းများအားလုံးသည် သံမဏိ၊ အလူမီနီယမ် ထုတ်လုပ်ခြင်းနှင့် ဓာတုဆေးဝါးကဏ္ဍတွင် အရေးပါသောသတ္တုများ ဖြစ်ကြသည်။ တရုတ်နိုင်ငံ၏ နိုင်ငံခြားတင်ပို့မှုအခွန်နှုန်းထားများသည်တရုတ်နိုင်ငံက ၂၀၀၁ခုနှစ်တွင်WTOသို့ဝင်ရောက်စဉ်ကလျှော့ပေါ့ပေးမှုများနှင့် ကိုက်ညီမှုမရှိကြောင်း ခုံသမာဓိအဖွဲ့က တွေ့ရှိခဲ့သည်ဟု WTO ၏ အစီရင်ခံစာတွင် ဖော်ပြသည်။ *—Ref: BBC*

## အီးယူက မြောက်ကိုရီးယားသို့ စားနပ်ရိက္ခာအကူအညီပေးပို့မည်



**ဘရပ်ဆဲလ်၊ ဇူလိုင် – ၅**

မြောက်ကိုရီးယားနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုအကျပ်အတည်း ဖြစ်ပေါ်နေမှုကို တုံ့ပြန်၍ မြောက်ကိုရီးယားနိုင်ငံသားခြောက်သိန်းခွဲ အား ကျွေးမွေးနိုင်ရန် ကန်ဒေါ်လာ ၁၄ဒသမ ၅သန်း အရေးပေါ်ထောက်ပံ့မှု ပေးသွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂကကြေညာသည်။

ပြီးခဲ့သည့်လအတွင်းမြောက်ကိုရီးယားနိုင်ငံသို့ ရောက်ရှိခဲ့စဉ် ၎င်းတို့အဖွဲ့မှ ကိုယ်စားလှယ်များသည် အကျပ်အတည်းဖြစ်ပေါ်နေသည်ကို မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရကြောင်း အီးယူ၏ အာဏာပိုင်အဖွဲ့ ဥရောပကော်မရှင်၏အစီရင်ခံစာတွင် ဖော်ပြသည်။

“အစာရေစာရှားပါးလို့ သေဆုံးသွားနိုင်တဲ့ လူပေါင်း ၆၅၀,၀၀၀ ရဲ့အသက်ကို ကယ်တင်ဖို့ ဒီအကူအညီပေးတာပါ” ဟု ဥရောပကော်မရှင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ခရစ်တာလီနာက ပြောကြားသည်။ “ကျွန်မတို့ရဲ့ ကျွမ်းကျင်သူတွေဟာ အာစာရေစာပြတ်လပ်နေတဲ့ ကလေးတွေ၊ ဆေးကုသမှုမရှိတဲ့ကလေးတွေကို ဆေးရုံတွေနဲ့ ကလေးထိန်းဌာနတွေမှာ မြင်တွေ့ခဲ့ရပါတယ်”ဟု ဥရောပအရာရှိက ဆက်လက်ပြောကြားသည်။


အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာ၊ အိုင်ယာလန်သမ္မတဟောင်း မေရီရော်ဘင်ဆင်၊ ဖင်လန်သမ္မတဟောင်းမာတီအာတီဆာရီနှင့် နော်ဝေးဝန်ကြီးချုပ်ဟောင်း ဂရိုဟာလန်တို့သည် ဧပြီလတွင် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်ခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံ၏ စားနပ်ရိက္ခာအခြေအနေကို စိုးရိမ်သော သတိပေးချက်များ ထုတ်ပြန်ခဲ့သည်။

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က စားနပ်ရိက္ခာအကူအညီများပေးရန် ငြင်းဆန်ခြင်းမှာ လူ့အခွင့်အရေးချိုးဖောက်မှုဟုပင် ဆိုနိုင်ကြောင်း မစ္စတာကာတာကပြောကြားသည်။

*—Ref: NY Time*

## အိန္ဒိယတွင် ရထားနှင့် ကားတိုက်မိ လူ ၃၀ ကျော် သေဆုံး

**နယူးဒေလီ၊ ဇူလိုင် – ၇**



အိန္ဒိယနိုင်ငံ ဥတ္တရပရာဒက်ရှ်ပြည်နယ်တွင် မင်္ဂလာဆောင်ပွဲမှ ပြန်လာသောလူများစွာပါဝင်သည့်ဘတ်စ်ကားနှင့် ရထားတိုက်မိခဲ့ရာ အနည်းဆုံးလူပေါင်း ၃၁ ဦး သေဆုံးသွားသည်။

နယူးဒေလီမြို့ တောင်ဘက် ၂၅၀ ကီလိုမီတာအကွာ ပါတီယားပီဒေသတွင် အစောင့်မရှိသော ရထားလမ်းကူးတစ်ခု၌ အမြန်ရထားက ဘတ်စ်ကားအားဝင်တိုက်ခဲ့သည်။ ခရီးသည်အပြည့်တင်ဆောင်ထားသော ဘတ်စ်ကားအားရထားက တိုက်မိပြီးအနည်း ဆုံးမီတာ ၅၀၀ ခန့် တရွတ်တိုက် ဆွဲခေါ်သွားခဲ့ကြောင်းဒေသခံဂျာနယ်လစ်တစ်ဦးက ပြောကြားသည်။

ဒေသစံတော်ချိန် ည ၂ နာရီခန့်တွင် ဖြစ်ပွားသော အဖြစ်အပျက်တွင် အမိုးပေါ်၌စီး နင်းလိုက်ပါလာသော ခရီးသည်များလွင့်စဉ်သွားခဲ့ပြီး ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိကာ ဘတ်စ်ကားအတွင်းမှ လူများကြေမွသွားခဲ့ကြောင်း ဘီဘီစီသတင်းထောက်က သတင်းပေးပို့သည်။

ဘတ်စ်ကားအမိုးပေါ်တွင် လိုက်ပါလာသော ခရီးသည်တစ်ဦးက ကားမောင်းသူအား ရထားလာနေကြောင်းပြောရန်ကြိုးစားခဲ့သော်လည်း ယာဉ်မောင်းသူက ကြားပုံမရကြောင်း ၎င်းခရီးသည်က ဒေသခံဂျာနယ်လစ်တစ်ဦးအား ပြောကြားသည်။ *—Ref: BBC*






7DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

# သက်ဆင်အား အလုပ်ခန့်မည်ဆိုခြင်းကို ယင်လက်ခ်ငြင်းဆို

**ဘန်ကောက်၊ ဇူလိုင် – ၇**

၂၀၀၆ ခုနှစ် စစ်ဘက်အာဏာသိမ်းမှုတွင် ရာထူးမှ ဖြုတ်ချခံခဲ့ရသည့် ၎င်း၏ အစ်ကို သက်ဆင်ရှင်နာဝါထရာအား သူမ၏ အစိုးရလက်ထက်တွင် တရားဝင်အလုပ်နေရာ ပေးအပ်နိုင်ဖွယ်ရှိသည်ဟူသော မီဒီယာများ၏ ခန့်မှန်းပြောဆိုမှုများကို ထိုင်းနိုင်ငံ၏ ခေါင်းဆောင်သစ် မစ္စယင်လက်ခ်ရှင်နာဝါထာက ငြင်းဆိုလိုက်ကြောင်း သိရသည်။

ထိုင်းရွေးကောက်ပွဲတွင် အတိုက်အခံ ပြူထိုင်းပါတီခေါင်းဆောင်အဖြစ် သူမအစ်ကို၏ နေရာဝင်ရောက်ယူခဲ့ပြီးနောက် ဇူလိုင်လ ၃ ရက်ရွေးကောက်ပွဲ၌ အောင်ပွဲခံပြီးနောက် မစ္စယင်လက်ခ်သည် ငါးပါတီညွန့်ပေါင်းကိုဖွဲ့စည်းခဲ့သည်။



သို့ရာတွင် သက်ဆင်သည် နိုင်ငံ၏ ကုန်သွယ်ရေးအထူးကိုယ်စားလှယ် ဖြစ်လာနိုင်သည်ဟူသော မီဒီယာသတင်းများကို မစ္စယင်လက်ခ်က ငြင်းပယ်ခဲ့သည်။ မစ္စတာသက်ဆင်မှာ လာဘ်စားမှုများအတွက် ထောင်ဒဏ်ချမှတ်ခံထားရခြင်းကို ရှောင်တိမ်း၍ ယူအေးအီးနိုင်ငံ ဒူဘိုင်းမြို့တွင် နေထိုင်လျက်ရှိသည်။

“ဒါမမှန်ပါဘူး။ ဒီလိုရာထူးမျိုးခန့်အပ်တာ မရှိပါဘူး” ဟုစီးပွားရေးအကြံပေးများနှင့် အစည်းအဝေးတစ်ရပ်ပြုလုပ်ပြီးနောက် ပါတီရုံးချုပ်သို့ ရောက်ရှိလာသော မစ္စယင်လက်ခ်က သတင်းထောက်များအား ပြောကြားသည်။

“သက်ဆင်အတွက် အခန်းကဏ္ဍမရှိပါဘူး။ သူက စိတ်ဓာတ်ရေးရာအားပေးမှု၊ အကြံပေးမှုပဲ လုပ်နေတာပါ။ သူနိုင်ငံခြားမှာ အဆင်ပြေပါတယ်။ နိုင်ငံရေးရာထူးရရှိဖို့လည်း စိတ်ကူးမနေပါဘူး။ သူက အမျိုးသားပြန်လည်စည်းလုံးမှုကိုပဲ လိုချင်တာပါ” ဟုရွေးကောက်ခံ ဝန်ကြီးချုပ်မစ္စယင်လက်ခ်ရှင်နာဝါထရာက ပြောကြားသည်။

—Ref: AFP

# ဂျပန် နျူကလီးယားစက်ရုံများ ကြံ့ခိုင်မှုစစ်ဆေးမည်

**တိုကျို၊ ဇူလိုင် – ၅**

ဂျပန် နျူကလီးယားစက်ရုံများ၏ ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုကို ထပ်မံစစ်ဆေးသွားမည်ဖြစ်ကြောင်း နိုင်ငံ၏ ထိပ်တန်းစွမ်းအင်အရာရှိကြီးက ပြောကြားသည်။ ယင်းသို့စမ်းသပ်မှုများကြောင့် လောလောဆယ် ရပ်ထားရသော နျူဓာတ်ပေါင်းဖိုများ ပြန်လည်လည်ပတ်ရေးမှာ ရက်သတ္တပတ်ပေါင်းများစွာ (သို့မဟုတ်) လပေါင်းများစွာ ကြာမြင့်မည်ဖြစ်သည်။

ကြံ့ခိုင်မှု စစ်ဆေးရာတွင် မတ်လအတွင်း ဖူကူရှီးမား ဒိုင်အိချိနျူစက်ရုံတွင် ကြုံတွေ့ခဲ့သကဲ့သို့ မျှော်လင့်ထားသည်ထက်ပြင်းထန်သော မြေငလျင်များနှင့် ဆူနာမီဒဏ်ခံနိုင်ရည် ရှိမရှိကိုလည်း ထည့်သွင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ဂျပန်ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး ဘန်ရီကိုင်အီဒါက ပြောကြားသည်။

ဥရောပသမဂ္ဂက ၎င်း၏ နျူစက်ရုံများ စမ်းသပ်ခဲ့ပုံများကို စံနမူနာထား၍ပြုလုပ်သည့် စမ်းသပ်လေ့လာမှုများမှနေ၍ ဒေသခံများအတွက် လုံခြုံစိတ်ချရမှု ခံစားချက်ဖြစ်ပေါ်လာစေရန် ရည်ရွယ်ကြောင်း ဝန်ကြီးကပြောကြားသည်။

စစ်ဆေးစမ်းသပ်မှုများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဂျပန်အရာရှိများက မပြောကြားသော်လည်း စစ်ဆေးမှုများမှာ လပေါင်းများစွာကြာမြင့်နိုင်ကြောင်း ဂျပန်သတင်းစာများက ခန့်မှန်းကြသည်။

ဂျပန်နိုင်ငံ၏ နျူကလီးယားဓာတ်ပေါင်းဖို ၅၄ လုံးတွင် ၃၅ လုံးမှာ ပိတ်ထားရဆဲဖြစ်ပြီး ၎င်းတို့ထဲမှ အချို့ကို မတ်လမြေငလျင်၊ ဆူနာမီနှင့်ဆက်စပ်၍ ပိတ်ထားခြင်းဖြစ်သော်လည်း အများအပြားမှာ ပုံမှန်ကြံ့ခိုင်မှု ထိန်းသိမ်းရေးအတွက် ပိတ်ထားခြင်းဖြစ်သည်။ သို့သော် မတ်လမြေငလျင်နှင့်ဆူနာမီဖြစ်ပေါ်ပြီးနောက်ပိုင်း ဒေသခံများ၏ စိုးရိမ်မှုများအရ ၎င်းစက်ရုံများကိုပြန်လည်၍ မလည်ပတ်နိုင်သေးကြောင်း သိရသည်။

*—Ref: NY Times*






7 DAY NEWS JOURNAL
Vol.10, No.17 • JULY 14, 2011

## ရုရှားက လစ်ဗျားသို့ လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးပို့



**မော်စကို၊ ဇူလိုင် – ၇**

လစ်ဗျားနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးပို့သည့် နောက်ထပ် လေယာဉ်တစ်စီးသည် မော်စကိုမြို့မှ ထရီပိုလီမြို့သို့ ဇူလိုင်လ ၇ ရက်တွင် ထွက်ခွာမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ဇူလိုင်လ ၆ ရက်တွင်လည်း ရုရှားအရေးပေါ် ဝန်ကြီးဌာနမှ အီလူရှင်(၇၆)လေယာဉ်တစ်စီးသည် လူသားချင်းစာနာထောက်ထားမှု အကူအညီစားနပ်ရိက္ခာ ၃၆ တန်တင်ဆောင်၍လစ်ဗျားနိုင်ငံ၏ ဒုတိယမြို့တော် ဘင်ဂါဇီသို့ ရောက်ရှိခဲ့သည်။ ယင်းအကူအညီများတွင် ဆန်၊ သကြား၊ နို့ဆီဘူးနှင့် ငါးဆီသွတ်ဘူးများ ပါဝင်သည်။

"အလားတူ ကုန်တင်ထားတဲ့လေယာဉ်တစ်စီး ဇူလိုင်လ ၇ ရက်မှာ ထရီပိုလီမြို့ကို သွားရောက်ဖို့ စီစဉ်ထားပါတယ်" ဟု ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြသည်။

လစ်ဗျားနိုင်ငံတွင် ကဒါဖီကို လိုလားသော တပ်ဖွဲ့များနှင့် ဆန့်ကျင်သော တပ်ဖွဲ့များအကြား ဖေဖော်ဝါရီလမှစ၍ တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။ လစ်ဗျား အရပ်သားများအား ကဒါဖီ၏ တပ်ဖွဲ့များက တိုက်ခိုက်ခြင်းမှ ကာကွယ် ပေးရန် လိုအပ်သော အရေးယူမှုဆောင်ရွက်မှုများပြုလုပ်ရေး ကုလသမဂ္ဂကဆုံးဖြတ်ခဲ့ပြီးနောက် မတ်လ ၁၉ ရက်တွင် နိုင်ငံတကာစစ်ဆင်ရေးများ စတင်ခဲ့သည်။ လစ်ဗျားစစ်ဆင်ရေးကိုစက်တင်ဘာလအထိ ဆက်လက်လုပ်ဆောင်ရန် လစ်ဗျားတိုက်ခိုက်မှုများဦးဆောင်သည့် နေတိုးအဖွဲ့က ဆုံးဖြတ်ထားသည်။

—*Ref: RIA Novosti*

## သဘော်ဖျက် ဒုံးကျည်များ အီရန် စမ်းသပ်ပစ်ခတ်



**တီဟီရန်၊ ဇူလိုင် – ၇**

ပါရှန်းပင်လယ်ကွေ့၌ နှစ်စဉ်ပြုလုပ်သည့် အကြီးစားစစ်ရေးလေ့ကျင့်မှုတွင် အီရန်နိုင်ငံက ပြည်တွင်း၌ပင် ပုံစံပြု ထုတ်လုပ်ထားသည့် သဘော်ဖျက်ဆီးရေး ဒုံးကျည်များ စမ်းသပ်ခဲ့ကြောင်း အီရန်မီဒီယာက ပြောကြားသည်။



ဟောမုဒ်ဇ်ရေလက်ကြားအနီးရှိ စစ်စခန်းမှ ပစ်လွှတ်လိုက်သော ကာလစ်ဂျ်ဖားစ်ဒုံးကျည် နှစ်စင်းသည် ရည်မှန်းချက်ထားရာပစ်မှတ်များကိုထိမှန်ခဲ့ကြောင်း အယ်လ်အာလမ်တယ်လီဗေးရှင်းကပြောကြားသည်။

ကာလစ်ဂျ်ဖားစ်ဒုံးကျည်များသည် လောင်စာခဲသုံး၊ တစ်ဆင့်ပေါက်ကွဲသည့်ပဲ့ထိန်းဒုံးကျည် အမျိုးအစားဖြစ်ပြီး ကီလိုမီတာ ၃၀၀ အကွာအဝေးအထိပစ်ခတ်နိုင်သည်။ ၂၀၁၁ ခုနှစ်ဖေဖော်ဝါရီလတွင် ၎င်းဒုံးကျည်များကို အီရန်က စတင်ပြသခဲ့သည်။

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့များ၏ မြေပြင်နှင့်ရေပြင်ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ဇွန်လ ၂၇ ရက်တွင် စတင်ခဲ့ပြီး ၁၀ ရက် ကြာမြင့်မည်ဖြစ်သည်။ ယင်းစစ်ရေးလေ့ကျင့်မှုအတွင်းအီရန်သည် ၎င်း၏ ဒုံးကျည်အများအပြားအား စမ်းသပ်ပစ်ခတ်ခဲ့ပြီး ရေဒါအသစ်တစ်မျိုးကိုလည်းစမ်းသပ်ခဲ့သည်။

နှစ်စဉ်ပြုလုပ်သည့် ဂရိတ်ပရောဖက် စစ်ရေးလေ့ကျင့်မှုများမှာအီရန်နိုင်ငံ၏ ကာကွယ်ရေးနှင့် ဟန့်တားရေး စွမ်းရည်များကို ပြသရန်နှင့် ဒေသတွင်း နိုင်ငံများအတွက် ငြိမ်းချမ်းရေးနှင့် ခင်မင်ရင်းနှီးမှု သတင်းစကားပေးပို့ရန်ဖြစ်ကြောင်း အီရန်က ထပ်ခါတလဲလဲ ပြောကြားခဲ့သည်။

—*Ref: RIA Novosit*




7DAY NEWS JOURNAL

# International

Vol.10, No.17 • JULY 14, 2011


**Interview**



## နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ပထမဆုံးအမျိုးသမီး အကြီးအကဲသစ် ခရစ်စတင်းလာဂတ်နှင့် စကားစမြည်

စာ- ၄၆

**News Analysis**



## စနစ်တစ်ခု ပျက်ယွင်းချိန်

စာ- ၃၆

# နိုင်ငံသစ် တောင်ဆူဒန်က နိုင်ငံခြားဆက်ဆံရေးတွင် အားလုံးကို ကျေနပ်အောင်လုပ်ဆောင်ရမည်ဟု ပြောကြား





**ခါတွန်၊ ဇူလိုင် - ၁၁**

နိုင်ငံကြီးများ၏ အလျင်အမြန် အသိအမှတ်ပြုမှုရရှိနေသည့် အသစ်မွေးဖွားလာသော တောင်ဆူဒန်နိုင်ငံသည် နိုင်ငံခြားသြဇာလွှမ်းမိုးမှုများ၊ ရေကိစ္စများ၊ စီးပွားရေးရာအကျိုးစီးပွားနှင့် လူဦးရေဆိုင်ရာကိစ္စရပ်များကြုံတွေ့နေသည့်ဒေသတွင် ဘက်ပေါင်းစုံအား ကျေနပ်စေရန် ညီမျှခြင်းချရမည်ဟု စိစစ်လေ့လာသူများက ပြောကြားသည်။ စာ(၄၅)သို့

## မိုးခေါင်ရေရှားမှုကြောင့် ဆိုမာလီယာနိုင်ငံသား သန်းနှင့်ချီ၍ ဒုက္ခတွေ့နေ



**မိုဂါဒစ်ရှူး၊ ဇူလိုင် - ၁၀**

ဆိုမာလီယာနိုင်ငံတွင် ပိုမိုဆိုးရွားလာနေသော မိုးခေါင်ရေရှားမှုကြောင့် လူအများအပြားသည် ၎င်းတို့ဒေသများမှထွက်ပြေးကာ မြို့တော် မိုဂါဒစ်ရှူးနှင့် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ခိုလှုံနေကြကြောင်း သိရသည်။

မြို့တော်မိုဂါဒစ်ရှူးသည် နှစ်ပေါင်းများစွာဖြစ်ပေါ်ခဲ့သည့်တိုက်ပွဲများကြောင့် ပျက်စီးနေပြီဖြစ်သော်လည်း တစ်နေ့လျှင် ဒုက္ခသည်ပေါင်း ၁,၅၀၀ ခန့် ရောက်ရှိလာနေကြောင်း အစိုးရကပြောကြားပြီး ၎င်းတို့ကို အစိုးရက အကူအညီမပေးနိုင်ကြောင်း သိရသည်။ စာ(၄၅)သို့

## ပါကစတန်စစ်ဘက်အားအကူအညီပေးရန် ကန်ဒေါ်လာ သန်း ၈၀၀ ကို အမေရိကန်ဆိုင်းငံ့

**ဝါရှင်တန်၊ ဇူလိုင် - ၁၁**

ပါကစ္စတန်နိုင်ငံအတွက် စစ်ဘက်အကူအညီ ကန်ဒေါ်လာသန်း ၈၀၀ ကို အမေရိကန်နိုင်ငံကဆိုင်းငံ့ထားကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။

အကူအညီအချို့ ရပ်ဆိုင်းထားရန် အကြောင်းဖြစ်ပေါ်လာသည့် အရေးယူဖွယ်ရာကိစ္စအချို့ကို ပါကစ္စတန်နိုင်ငံက ပြုလုပ်ခဲ့ကြောင်း အမေရိကန်အိမ်ဖြူတော်အရာရှိချုပ် ဘီလ်ဒေလီက အေဘီစီတယ်လီဗေးရှင်းအားပြောကြားသည်။

အမေရိကန်က အိုစမာဘင်လာဒင်အား ပြီးခဲ့သည့်မေလက ဝင်ရောက်စီးနင်းသတ်ဖြတ်ခဲ့ခြင်းက နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေခဲ့ကြောင်း မစ္စတာဒေလီကပြောသည်။ စာ(၄၅)သို့



## ကန့်ကွက်မှုများအား နှိမ်နင်းခြင်းကို မလေးရှားဝန်ကြီးချုပ် ကာကွယ်ပြောဆို

**ကွာလာလမ်ပူ၊ ဇူလိုင် - ၁၁**

ဆန္ဒပြသူတစ်ဦးသေဆုံးကြောင်းသတင်းများထွက်ပေါ်၍ ဝေဖန်မှုများမြင့်တက်လာစဉ် လမ်းပေါ်ထွက် ကန့်ကွက်ဆန္ဒပြမှုများအပေါ် အစိုးရ၏ကိုင်တွယ်ပုံကို မလေးရှားဝန်ကြီးချုပ် နာဂစ်ရာဇတ်က ကာကွယ်ပြောဆိုခဲ့သည်။

ဇူလိုင်လ ၉ ရက်က ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ တောင်းဆိုသည့် ထောင်ပေါင်းများစွာသော ဆန္ဒပြသူများအား မလေးရှားအဓိကရုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့များက မျက်ရည်ယိုဗုံးများ၊ မီးသတ်ပိုက်များအသုံးပြု၍ နှိမ်နင်းခဲ့ရာ မြို့တော်ကွာလာလမ်ပူတွင် ဝရုန်းသုန်းကားအခြေအနေများဖြစ်ပေါ်ခဲ့ပြီး လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များ၏ ဝေဖန်မှုများလည်း ထွက်ပေါ်ခဲ့သည်။

ရဲတပ်ဖွဲ့က လူပေါင်း ၁,၆၀၀ ကျော်အား ဖမ်းဆီးခဲ့သော်လည်း ယင်းနေ့ သန်းခေါင်ယံအချိန်တွင် ပြန်လွှတ်ပေးခဲ့သည်။ မျက်ရည်ယိုဗုံးကို ရှောင်ပြေးရင်း အသက် ၅၉ နှစ်အရွယ် တက္ကစီယာဉ်မောင်းတစ်ဦး သေဆုံးခဲ့ရခြင်းအတွက်လည်း အစိုးရဆန့်ကျင်ရေးခံစားချက်များပိုမိုတိုးပွားလာနိုင်ကြောင်း လေ့လာသူများကပြောကြားသည်။ စာ(၄၅)သို့



၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

အချပ်ပို

Vol.10, No.17 • JULY 14, 2011

စာမျက်နှာ ၂၈ မှ အဆက်

# ဦးသိန်းစိန်အစိုးရ၏ ပထမဆုံး ရက် ၁၀၀

ကုန်သွယ်ရေးမူဝါဒကောင်စီဖျက်သိမ်းလိုက်ခြင်းကြောင့် ပို့ကုန်သွင်းကုန်လိုင်စင်ချထားပေးမှုများ ပိုမိုမြန်ဆန်လာခြင်း၊ ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်းကို တစ်ကြိမ်တည်း တစ်နေရာတည်းအပြီး ဝန်ဆောင်မှုပေးခြင်း၊ ဇူလိုင် ၁ရက်မှစတင်၍ ပို့ကုန်ပေါ်မှ အခွန်ကောက်ခံမှုကို ၃ ရာခိုင်နှုန်းလျှော့ချလိုက်ခြင်းတို့ဖြစ်သည်။ ထိုအပြောင်းအလဲများကို စီးပွားရေးလုပ်ငန်းရှင်များ ကြိုက်နှစ်သက်ခဲ့ကြသည်။

"ပဲကွန်တိန်နာ ၅ ပုံးစာပို့မယ်ဆိုရင် ပစ္စည်းအစစ်ခံစရာမလိုတော့တာ၊ ငွေဈေးတွေငြိမ်တာ၊ ပို့ကုန် မှာ ၃ ရာခိုင်နှုန်းလျှော့တာတွေက ကောင်းတယ်။ လုပ်ငန်းရှင်တွေအတွက် အဆင်ပြေလာတယ်"ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သူ၏အမြင်ကိုပြောသည်။

သို့သော်မေလနောက်ဆုံးအပတ်မှစတင်၍ အမေရိကန်ဒေါ်လာ၊ပို့ကုန်ရငွေအပါအဝင်နိုင်ငံခြားငွေဈေးအားလုံးတန်ဘိုးထိုးကျပြီး မြန်မာငွေတန်ဖိုး ရှိသင့်သည့်နှုန်းထက် မာနေခြင်းကြောင့် ပြည်တွင်းလုပ်ငန်းရှင်အများစု အထိနာခဲ့ကြောင်း စီးပွားရေးလုပ်ငန်းရှင်များကပြောသည်။ ထို့အပြင် အစိုးရက လောလောဆယ်မလိုအပ်သော အသုံးစရိတ်များကို လျှော့ချခဲ့ပြီး၊ ဘတ်ဂျက်ကို မူလချထားပေးရန် လျာထားခဲ့သည်မှ များစွာလျှော့ချခဲ့ခြင်းကြောင့် ငွေကြေးလည်ပတ်မှုတွင် အစိုးရ၏ အသုံးလျှော့ချခဲ့သဖြင့် ကျပ်ငွေတန်ဘိုး ပိုမာလာခဲ့ခြင်းကိုလည်း စီးပွားရေးပညာရှင်များနှင့် လုပ်ငန်းရှင်များက ဝေဖန်သည်။

လူမှုရေးကဏ္ဍတွင် အစိုးရသစ်က ဇူလိုင်လမှစ၍ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာကိုတိုးမြှင့်ပေးခဲ့ခြင်းမှာ ကောင်းမွန်သောဆုံးဖြတ်ချက်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက တညီတညွတ်တည်းသုံးသပ်သည်။ ထို့အပြင် နေပြည်တော်တွင် မေလ ၂၀ မှ ၂၂ ရက်အထိ ပြုလုပ်ခဲ့သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအလုပ်ရုံဆွေးနွေးပွဲမှာ အရေးကြီးသောခြေလှမ်းတစ်ရပ်ဖြစ်ကြောင်းလည်း ၎င်းတို့ကပြောသည်။ သို့သော် ခေတ်အဆက်ဆက်တွင် မအောင်မြင်ခဲ့သော



မေလ ၂၀ ရက်က နေပြည်တော်တွင် ပထမဆုံးကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲမြင်ကွင်း။ ဓာတ်ပုံ - အားမာန်

သမဝါယမစနစ်ကို ပြန်လည်အသက်သွင်းရန် ကြိုးစားခဲ့ခြင်းကိုမူ စီးပွားရေးပညာရှင်နှင့်လုပ်ငန်းရှင်အများစုကမကြိုက်ဟုပြောကြသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ယခင်ထက်ပို၍ အလေးထားလာခြင်းကိုလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက အသိအမှတ်ပြုကြသည်။ စတုတ္ထမဏ္ဍိုင်ဖြစ်သော စာနယ်ဇင်းလွတ်လပ်ခွင့်မှာ ယခင်အစိုးရလက်ထက်ကထက် ပိုရှိလာခဲ့သည်ကိုလည်းတွေ့ရသည်။ သို့သော် ဒီမိုကရေစီနိုင်ငံများတွင်ရှိသော မီဒီယာလွတ်လပ်ခွင့်မျိုးရဖို့ကိုမူ များစွာပြုပြင်ပြောင်းလဲရန် လိုနေသေးသည်။

နိုင်ငံရေးတွင်ရွေးကောက်ပွဲ၌ကန့်ကွက်ခံရသော လွှတ်တော်ကိုယ်စားလှယ်အများစုမှာ အနိုင်ရရှိခဲ့ခြင်းမှာလည်း ထူးခြားမှုတစ်ခုဖြစ်သည်။ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကန့်ကွက်မှု ၂၉ ခု ရှိရာတွင် ၂၆ ခုမှာ ပြည်ခိုင်ဖြိုးပါတီမှ ကန့်ကွက်ခဲ့ခြင်းဖြစ်ပြီး၊ ကန့်ကွက်သူအများစု ရှုံးခဲ့ကာ၊ ကန့်ကွက်ခံရသော ကျန်ပါတီများမှ ကိုယ်စားလှယ်များ အနိုင်ရရှိခဲ့၍ဖြစ်သည်။ အစိုးရ၏ပထမဆုံးရက် ၁၀၀ ကာလအတွင်းပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်သို့ ပါတီသစ်ထူထောင်ရန် လျှောက်ထားသောပါတီ ၂ ခုမှာ မေ ၁၃ရက်က လျှောက်ထားသည့် လူပုဂ္ဂိုလ် ၁၇ ဦးပါဝင်သောပြည်သူ့ဒီမိုကရေစီပါတီနှင့် ဇူလိုင် ၄ ရက်တွင် ဦးကျော်နှင့် ပုဂ္ဂိုလ် ၂၀ ဦးပါသော အမျိုးသားဒီမိုကရေစီသစ်ပါတီတို့ဖြစ်သည်။

"နိုင်ငံတော်သမ္မတနဲ့ အစိုးရ သစ်ဟာ ရက် ၁၀၀ ကာလအတွင်းမှာ နိုင်ငံနဲ့ပတ်သက်ပြီး အခွင့်အရေးကောင်းတွေကို အသုံးမချနိုင်ခဲ့တာရှိတယ်"ဟု နိုင်ငံရေးလေ့လာသူတစ်ဦးကလည်း ပြောသည်။ ဇွန်လဒုတိယပတ်အတွင်း မြန်မာတပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)တို့အကြား တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဆောင်ရွက်ရေးတွင် လိုအပ်ချက်များရှိနေခြင်းပင်ဖြစ်ကြောင်းလည်း လေ့လာသူများက ဆက်ပြောသည်။ သို့သော် မိမိတို့ထက် အစစအရာရာအင်အားသေးငယ်သော ကချင်လွတ်မြောက်ရေးတပ်မတော်ကို အပြီးတိုင် မတိုက်ခိုက်ခဲ့ခြင်းမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအား ဆက်လက်လုပ်ကိုင်ရန် အခြေအနေကောင်းဖြစ်နိုင်ကြောင်းလည်း ၎င်းတို့ကဆိုသည်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည် ပုဂံသို့ဘုရားဖူးထွက်သောခရီးစဉ်ကို လွတ်လပ်စွာသွားလာခွင့်ပြုခဲ့ခြင်းမှာလည်း ကောင်းမွန်သောအပြုအမူဖြစ်ကြောင်း ၎င်းတို့ကသုံးသပ်သည်။ ထောင်ဒဏ်ကျခံနေရသူများအား တစ်နှစ်လျှော့ပေါ့ပေးသဖြင့် အကျဉ်းသား ၁၄,၀၀၀ ကျော်သည် မေ ၁၇ ရက်နေ့က လွတ်မြောက်လာခဲ့သည်။ သေဒဏ်ချမှတ်ခံရသူများအား ထောင်ဒဏ်တစ်သက်သို့ လျှော့ပေါ့ပေးလိုက်သည်။

"ဒီအစိုးရက အခြေခံဥပဒေအပေါ် လိုက်နာမှုက အရင်က ထက်ပိုလာတယ်။ ဒါကိုတော့

7 DAY NEWS JOURNAL
Vol.10, No.17 · JULY 14, 2011

ကြို ဆိုသင့်တယ်လို့ထင်တယ်”ဟု နိုင်ငံရေးလေ့လာသူတစ်ဦးက သူ၏အမြင်ကိုပြောသည်။

စာရေးဆရာကျော်ဝင်းကလည်း နိုင်ငံရေးနှင့်ပတ်သက်၍ အစိုးရအနေဖြင့် ရှေ့ကာလများတွင် ဆောင်ရွက်သင့်သည်များကို အောက်ပါအတိုင်းပြောသည်။ “တည်ငြိမ်တဲ့ နိုင်ငံရေးအခြေအနေတစ်ခု ဖန်တီးပေးဖို့လိုတယ်။ တည်ငြိမ်မှုဆိုတာ နှစ်မျိုးရှိတာပေါ့။ ရေတိုတည်ငြိမ်မှုနဲ့ ရေရှည်တည်ငြိမ်မှု။ ရေတိုတည်ငြိမ်မှုဆိုတာတော့ အစိုးရက အာဏာသုံးပြီးလုပ်လို့ရတယ်။ မြန်ပါတယ်၊ မခက်ပါဘူး။ ဒါပေမဲ့ အဲဒါမကောင်းဘူး။ ရေရှည်တည်ငြိမ်မှုအတွက်တော့ အမျိုးသားပြန်လည်သွေးစည်းညီညွတ်ရေး။ ဒီဟာကလုပ်ဖို့ အခက်အခဲတွေ အများကြီးရှိတယ်ဆိုတာလည်း သဘောပေါက်ပါတယ်။ ဒါကြောင့်ဘာမှလည်းမတောင်းဆိုချင်ဘူး။ ဘာမှလည်း အကြံမပေးချင်ဘူး။ ဖြစ်စေချင်တဲ့ဆန္ဒပြောမယ်ဆိုရင်တော့ မြန်မာနိုင်ငံမှာ စစ်အေးတိုက်ပွဲ(အယူဝါဒတိုက်ပွဲများ)ပြီးစေချင်ပြီ။ ကျွန်တော်တို့ဆီမှာ အခုထိမပြီးသေးဘူး”။

ပြည်ထောင်စုအစိုးရက တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ ကို လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေပေးခဲ့ခြင်းကြောင့် အပြောင်းအလဲ အချို့ကိုလည်းတွေ့ရသည်။ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တစ်နိုင်ငံလုံးတွင် လောင်းကစားမှုများပပျောက်ရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခြင်း၊ အနှိပ်ခန်းများ၊ ကေတီဗီများကို အင်နှင့်အား နှင့် ဖမ်းဆီးခြင်း၊ ကျောင်းအပ်နှံရာတွင် အပိုကြေးတောင်းခံခြင်းများမပြုရန် ဆောင်ရွက်ခြင်း စသည်တို့ဖြစ်သည်။ သို့သော် ရန်ကုန်တိုင်းဒေသကြီးတွင်ဆောင်ရွက်သော အနှိပ်ခန်းများဖမ်းဆီးခြင်းနှင့် လမ်းဘေးဈေးသည်များကို တင်းကျပ်သောစည်းကမ်းများဖြင့် ရောင်းချခွင့်ပြုခြင်းတို့မှာ ပြဿနာ၏အရင်းအမြစ်ကိုရှာဖွေ၍ စနစ်တကျကိုင်တွယ်ဖြေရှင်းသော ရေရှည်အတွက်အဖြေကောင်းမဟုတ်ကြောင်းလည်း စီးပွားရေးပညာရှင်များနှင့် ပြည်သူအများ စုက သုံးသပ်သည်။

“အစိုးရကို ရက် ၁၀၀လောက်နဲ့ကောက်ချက် ချရင်တော့ စောတယ်လို့ထင်တယ်။ မြန်မာနိုင်ငံက နှစ်အကြာကြီးနေမှပြောင်းလဲခဲ့လို့ အချိန်ပေးဖို့လိုတယ်။ ခြုံပြောရရင်တော့ လူတွေအားလုံး မျှော်လင့်ထားတာက များတော့ မျှော်လင့်ထားတာလောက်တော့ မရသေးဘူး”ဟု စီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ဦးကလည်းပြောသည်။

## အမေရိကန်သမ္မတ အိုဘားမားလက်ထက် ပထမဆုံးရက် ၁၀၀ အပေါ် သုံးသပ်ချက်

- ကျဆင်းနေသော နိုင်ငံ့စီးပွားရေးကိုကယ်တင်ရန် ကန်ဒေါ်လာ ၇၈၇ ဘီလီယံ စီးပွားရေးနှိုးဆွမှုအစီအစဉ်ကို အတည်ပြုခဲ့
- ကလေးများအတွက် နိုင်ငံတော်ကျန်းမာရေးအာမခံအစီအစဉ်ကိုတိုးချဲ့ခဲ့
- အမျိုးသမီးများ တန်းတူလစာရရေးဥပဒေပြဋ္ဌာန်း
- တစ်နိုင်ငံလုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှုဥပဒေပြဋ္ဌာန်းရေး လွှတ်တော်အတည်ပြုချက်ရယူခဲ့
- ဂွာတာနာမို အကျဉ်းစခန်းအား ပိတ်ရန်အမိန့်ပေးခဲ့
- ရက် ၁၀၀ ပြည့်ချိန်တွင် နိုင်ငံသား ၆၅ ရာခိုင်နှုန်း အိုဘားမား၏ လုပ်ရပ်များကို ထောက်ခံခဲ့ရာ သမိုင်းတွင် စတုတ္ထအမြင့်ဆုံးထောက်ခံမှုဖြစ်

## အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းလက်ထက် ပထမဆုံးရက် ၁၀၀ အပေါ် သုံးသပ်ချက်

- အတိုက်အခံပါတီအဖြစ် ၈ နှစ်ကြာမြင့်ခဲ့ပြီး အစိုးရဖြစ်လာခြင်းအတွက် ကနဦးစိုးရိမ်မှုများရှိခဲ့၍ အစိုးရသစ်၏ ပထမဦးဆုံးနေ့တွင် စတော့ရှယ်ယာဈေးနှုန်းများကျဆင်းခဲ့
- စီးပွားရေးပြုပြင်ပြောင်းလဲမှုတွင် အားရစရာဟု ပြောခဲ့ကြသော်လည်း နှေးကွေးသည်ဟု ဝေဖန်ခံရ
- လေကြောင်း၊ ဆက်သွယ်ရေးနှင့် အာမခံကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ပေးခဲ့
- ဘတ်ဂျက်လိုငွေပြမှု မြင့်မားနေခြင်းအတွက် စိုးရိမ်မှုများရှိခဲ့
- ၂၀၀၉ ခုနှစ် ဒုတိယအကြိမ်ပြန်လည်ရွေးကောက်ခံရချိန်တွင်မူ အစိုးရသစ်၏ ရက် ၁၀၀ အတွင်း လုပ်ဆောင်မည့် အစီအစဉ်များကို ကျွမ်းကျင်သူများနှင့် အသင့်ပြင်ဆင်ထားခဲ့

## အင်ဒိုနီးရှားသမ္မတ ယူဒိုယိုနို၏ ဒုတိယသမ္မတသက်တမ်း ပထမဆုံးရက် ၁၀၀ အပေါ်သုံးသပ်ချက်

- ပထမရက် ၁၀၀ တွင် လုပ်ဆောင်မည့် လုပ်ငန်းများတွင် အစီအစဉ် ၆၅ ခုပါဝင်ပြီး ဦးစားပေးအစီအစဉ် ၁၅ ခုပါဝင်ခဲ့
- ရင်းနှီးမြှုပ်နှံမှု၊ အခြေခံအဆောက်အဦစီမံကိန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်များကို အရေးတကြီးကိုင်တွယ်မည်ဟု အစီအစဉ်ချမှတ်ခဲ့
- အစီအစဉ်များကို အကောင်အထည်မဖော်နိုင်သေးသော်လည်း အစီအစဉ်များ စနစ်တကျရေးဆွဲထားခဲ့
- အစိုးရရက် ၁၀၀ ပြည့်ချိန်တွင် မြို့တော်ဂျာကာတာနှင့် နိုင်ငံတစ်ဝန်းမြို့ကြီးအများအပြားတွင် ကန့်ကွက်ဆန္ဒပြမှုများနှင့်ကြုံတွေ့ခဲ့
- ၎င်းအားဝေဖန်သူများသည် ရက် ၁၀၀ အစီအစဉ်အပေါ် အလွန်မျှော်လင့်ထားကြသည် (သို့မဟုတ်) ယင်းအစီအစဉ်အကြောင်းမသိကြဟု သမ္မတယူဒိုယိုနိုက ပြောကြားပြီး ၎င်းအစီအစဉ်မှ သေးငယ်သောခြေလှမ်းစလှမ်းခြင်းဖြစ်ကြောင်း ပြောကြားသည်။